www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။


## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၉၉၀၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၅၁၀၅၀၈

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊၅၅၂၁၀၃၊၅၅၂၁၀၄၊ ၀၉ ၈၀ ၃၄၅၈၁ ၊၀၉ ၅၀ ၂၁၃၅၄ ။
ဒုတိယအကြိမ် - ၂၀၀၈ ခုနှစ်၊ (မေလ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၂၀၀)ကျပ်





# အပိုင်း

သူသည် ညင်သာတိတ်ဆိတ်အေးချမ်းစွာ ပြုံးရင်း လမ်းလျှောက်လာ ခဲ့သည်။

ညီမလေးက သူ့ကို တမင်တကာ ပြဿနာရှာနေမှန်း သူသိပါသည်။ သို့သော် ညီမလေးအလိုကျ သူဘာတစ်ခုကိုမှ မငြင်းဆန်ပါဘဲ လမ်းထိပ်သို့ ထွက်လာခဲ့သည်။ သူတို့လမ်းထိပ်မှာ ရှိသော ကိုလူဝ၏ဝက်ခေါင်းသုပ်ဆိုင်သည် အခုလိုအချိန် နံနက်ရှစ်နာရီခွဲလောက်မှာ မထွက်တတ်မှန်း သူတင်မဟုတ်၊ တစ်ရပ်ကွက်လုံးက သိ၏။ အခုချိန်ဆို ကိုလူဝက သူ့ဝက်ခေါင်းကြီးကို ပြုတ်ကောင်းတုန်းပဲ ရှိလိမ့်ဦးမည်။ ဒါပေမယ့် ညီမလေးက မရ။

ဝက်ခေါင်းသုပ်မှ ဝက်ခေါင်းသုပ် လုပ်နေ၏။ တက္ကသိုလ်ကျောင်းမတက်ခင် အဆာပြေ စားသွားဖို့ကြက်သား၊ ဆိတ်သားတွေ မပူဆာတာ တော်



www.burmeseclassic.com

ပါသေးရဲ့…ဟု သူအလိုက်သိစွာ လမ်းထိပ်သို့ ထွက်လာရခြင်းဖြစ်သည်။ သူ့မှာ ဖြစ်နိုင်ခြေရှိတာကို ချိန်၍ ပူဆာခြင်းမို့ သူမလွန်ဆန်နိုင်။ ပြီးတော့ မိဘနှစ်ပါး စလုံးမရှိတော့ဘဲ သူ့သာ အမိ၊ သူ့သာ အဖလုပ်နေရသော ညီမလေး၏လိုရာကို ဖြည့်ဆည်းဖို့ သူမလွန်ဆန်နိုင်။ သူညင်သာတိတ်ဆိတ် အေးချမ်းစွာ ပြုံးမိပြန်သည်။ "ကိုကို နားလည်ပါတယ် ညီမလေးရာ…အမှန်တော့ ပဲပြုတ်ဆီဆမ်း ဘဲဥကြော်နဲ့ မင်းထမင်းကို စားထားနှင့်မယ်။ ကိုကိုပြန်လာတော့မှ ကျောင်းကားချိန် မမီတော့ဘူးဆိုပြီး ကိုလူဝ ဝက်ခေါင်းသုပ်ကို ထမင်းချိုင့်ထဲ ထည့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းက ပုံမှန်အချိန်ထွက်ပြီး ဝက်ခေါင်းသုပ် ဝယ်ရင် ကျောင်းကားပေါ်က ကျောင်းသားတွေ တွေ့မှာစိုးလို့ မဟုတ်လား။ ဟား…ဟား…ဟား…ကိုကိုလည်း ဒီလိုပဲ ကျောင်းတက်ခဲ့…"

သူရုတ်တရက် သတိရကာ လမ်းလျှောက်ရင်း အားရပါးရ ပြောနေတာတွေကို အထိတ်တလန့်နဲ့ ရပ်လိုက်ရသည်။ သူက ဒီလိုပဲ လမ်းလျှောက်ရင်း ပြုံးပြုံးနေတတ်၊ စကားပြောတတ်တာကို တစ်လမ်းလုံးက သိကြသည်။ ဒီအတွက် လူတွေက သူ့ကို ခပ်အူအူဟု မှတ်ချက်ပေးကြ၏။ ညီမလေးကလည်း ထိုအတွက် ရှက်တတ်ပါသည်။

"ကိုကိုနော်…လမ်းလျှောက်ရင် ပြုံးပြုံးနေတတ်တာ၊ စကားပြောတာကို ရပ်၊ သိလား…မြင်တဲ့လူတွေက ပြန်ပြောရင် ညီမလေး သိပ်ရှက်တာပဲ"

"ညီမလေးရာ…ကိုကို့ဘာသာ ပြောတာ ဘာဖြစ်လဲ"

ညီမလေးက နှုတ်ခမ်းကို စုံမဲ့ကာ အံကို ကြိတ်သည်။

"စကားဆိုတာ လူနှစ်ယောက်ရှိမှ ပြောလို့ရတာ ကိုကိုရဲ့"

"မဟုတ်ဘူး ညီမလေးရဲ့ လူဆိုတာ ကိုယ်ကလွဲပြီး တခြားလူမရှိရင် စကားပြောတယ်၊ ဘယ်သူမှ မရှိလဲ တစ်ယောက်ယောက်နဲ့ စိတ်ကူးထဲမှာ စကားပြောနေတတ်တာပဲ၊ ဘာသာစကားကို မသိသေးတဲ့ ကလေးဘဝနဲ့ အိပ်နေတဲ့အချိန်ကလွဲပြီး အဲဒါကို ဘယ်သူမှ လွန်ဆန်လို့မရဘူး"

ညီမလေးက နှုတ်ခမ်းကို "ကျွတ်" ခနဲ မြည်အောင် စုပ်ကာ ခေါင်းကို ခါယမ်းသည်။ စိတ်ပျက်လက်ပျက်လည်း ရှိနေပုံပေါ်၏။

"တော်ပါတော့ ကိုကိုရာ…အဲဒီလိုဟာမျိုးတွေ မတွေးပါနဲ့၊ ဟိုလူပြော





ဒီလူပြောနဲ့ မကောင်းပါဘူး…သိလား"

သူပြန်မဖြေရှင်းရသေးခင် ညီမလေးက ထကာ ထွက်သွား ခဲ့သည်။

"မဟုတ်ဘူး ညီမလေး၊ ကဲ…ညီမလေး အခု ဘာမှမပြောဘဲ တိတ်တိတ်ကလေးနေကြည့်စမ်း၊ ညီမလေးစိတ်ထဲမှာ တိတ်လို့ရသလား၊ ဘယ်သူနဲ့မှ စကားမပြောဖြစ်ရင်တောင် ကိုယ့်ဘာသာကိုယ် ပြောနေမှာပဲ၊ ကိုကိုက အဲဒါကို နှုတ်က ဖွင့်ပြော…"

သူ ဒုတိယအကြိမ် ထိတ်လန့်တုန်လှုပ်စွာ စကားများကို ရပ်ပစ်လိုက်ရပြန်ပြီ။ သူလက်ဟန်ခြေဟန်နှင့်ကို ညီမလေးကို ပြောနေမိခြင်းဖြစ်၏။ ကမန်းကတန်း ဘယ်သူကများ သူ့အဖြစ်ကို တွေ့သွားလေမလဲဟု ရှာတော့ လမ်းထိပ်လက်ဖက်ရည်ဆိုင်က လူတွေက သူ့ကို ပြုံးကာ ကြည့်နေကြတာ တွေ့ရသည်။ ပြီးတော့ သူ့ကို ပြုံးကာ ခန့်ခန့်ကြီး ကြည့်နေသော သိန်းမြင့်တို့ဝိုင်း…။

သွား…ပြီ။

"ဟော့ကောင်…မိုးဆွေ"

သူစကားပြောတာကို ဒီကောင်တွေ သိသွားကြပြီဆိုတာ သေချာ၏။ သူဖိန်းခနဲ ရှက်သွားကာ ယောင်တောင်တောင်နှင့် သိန်းမြင့်တို့ဝိုင်းရှိရာသို့ သွားမိသည်။

"တစ်ယောက်တည်း လက်ညှိုးထောင်လိုက်၊ ပြုံးလိုက်၊ ခေါင်းညိတ်လိုက်နဲ့ ဘာတွေ ပြောလာပြန်တာတုံး"

သိန်းမြင့်စကားအဆုံး ဝိုင်းရယ်လိုက်ကြသော အသံတွေကြောင့် သူ့စက္ကန့်တော်တော်များများ ဘာစကားမှ ပြန်မပြောနိုင်ခဲ့။

"ဘာတွေ ပြောလာတာတုန်းလို့…"

သိန်းမြင့်နှမက ညီမလေးနှင့် သူငယ်ချင်းဖြစ်၏။ ထိုအဖြစ်က ညီမလေးထံ ကျိန်းသေပြန်ရောက်ဦးမည်။

"ဒီလိုပါပဲကွာ…"

"ဘာလဲ…ညက တရုတ်ကားထဲက ဒိုင်ယာလော့ခ်တွေ ကျက်နေတာလား"

"………."



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမှာ ရှိတဲ့လူတွေအားလုံးက ဝိုင်းရယ်ကြသည်။ သူ မည်သူ့ကိုမှ စိတ်မဆိုးပါ။ ဦးလူဝဆိုင်ကို လှမ်းကြည့်တော့ လူတစ်ယောက်မှ မရှိ။ ဆိုင်ခုံလည်း မခင်းရသေး။

"ဘယ်လိုဖြစ်လာရတာတုံး မိုးဆွေရာ၊ လက်ညှိုးတထောင်ထောင် မျက်နှာက စပ်ဖြဲဖြဲနဲ့ ဘာတွေပြောလာတာတုံး"

"ဒီလိုပါပဲကွာ..."

"ငါ့ညီမလေးအကြောင်းပြောလာတာကွ" ဟု ဘယ်တော့မှမပြောပါ။ သူ့ကြောင့် ညီမလေးသိက္ခာ မထိခိုက်ချင်တာ ငယ်စဉ်ကတည်းက ဖြစ်သည်။ ဒီအကျင့်ကို ရအောင်ဖျောက်ဖို့ သူ့အကြီးအကျယ် ဆုံးဖြတ်မိသည်။ နောက်ဆုံး သူ လက်ဖက်ရည်ချိုကျတစ်ခွက် မှာပစ်လိုက်သည်။ ဦးလူဝဆိုင်ကအခုထိ မဖွင့်သေးဘူး မဟုတ်လား။

BURMESE CLASSIC .com

卐 卐 卐 卐

ချမ်းမြမြကြိုင် လမ်းချိုးကလေးကို ကွေ့လိုက်စဉ် သူ့ကို ကွက်ကြည့်ကွက်ကြည့်နှင့် ပုဆိုးကို သုံးခါလောက် ပြန်ဝတ်နေသူကို တွေ့လိုက်ကတည်းက စိတ်ဓါတ်တော်တော်ကျကာသွား၏။ ဒီနေ့လည်း ရန်ဖြစ်ကာ ကားမှတ်တိုင်ကို သွားရဦးမည်ဆိုတာ ကျိန်းသေနေ၏။





"အလှအပသည် မိန်းကလေးတို့၏ကျက်သရေ" ဟူသော စကားရှိသည်။

သို့သော် ဒီခေတ်မှာ လှပခြင်းကတော့ မိန်းကလေးတို့၏အန္တရာယ်သာ ဖြစ်သည်။ "အလှအပ" ဆိုတာကို အလွယ်တကူ ရချင်သူများ၊ အူကြောင်ကြောင်နှင့် ပိုင်ဆိုင်ချင်သူများ၊ ခပ်တည်တည် လိုချင်သူများ တော်တော်ပေါများသည့်ခေတ်မှာ လှသော မိန်းကလေးသည် ခေတ်ပေါ်ပစ္စည်းတွေနှင့် တော်တော်လေး အလုပ်ရှုပ်စွာ အလှအပကို ထိန်းသိမ်းရသည်က တစ်ကြောင်း၊ ခေတ်ပေါ် စကားလုံးပေါင်းများစွာနှင့် အလှအပကို တော်တော်ကာကွယ်ရသည်က တစ်ကြောင်းနှင့် သာမန်မိန်းကလေးတွေထက် ပို၍ပင်ပန်းလေသည်။

အမေက လှလှပပ မွေးပေးထားပြီး အဖေက ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားကလေးနဲ့ မွေးပေးထားရင်တော့ တစ်မျိုးပေါ့လေ။ အခုတော့ ဖခင်ကရာထူးရာခံ မရှိတော့၊ ပျဉ်ထောင်အိမ်ကလေးတစ်လုံးနဲ့ Company ကိုဘတ်(စ်)ကား စီးသွားရသည်။ အဖေ့သမီးချောချောလှလှအတွက်တော့ လှပခြင်းသည် ဝန်ထုပ်ဝန်ပိုးတစ်ခုလိုသာ ဖြစ်နေခဲ့သည်။

တစ်ခါတစ်ရံ ငါသာ ရုပ်ဆိုးဆိုး၊ အကျည်းတန်တန် ဖြစ်လိုက်ပါတော့ ဟု ဆုတောင်းရင်း ချုံးပွဲချငိုချင်စိတ်ကို တားရသည်။ အခုလည်း ငနဲတစ်ကောင်တော့ အယောင်ပြနေပြန်ပြီ။

ချမ်းမြမြကြိုင်က နှုတ်ခမ်းတွေကို ဆွဲဆန့်ပစ်လိုက်၏။ မျက်ဝန်းတွေကို မာထားလိုက်သည်။ ဤသို့ဆိုလျှင် သူမခန္ဓာကိုယ်က အရာရာကို ရင်ဆိုင်ဖို့ အသင့်ရှိပြီဖြစ်လေသည်။

ထို Style ဖြင့် ရှေ့မှ ခပ်တည်တည်ဖြတ်လျှောက်စဉ် ထိုငနဲသား ကပ်လိုက်မလာရဲကတည်းက "တော်ပါသေးရဲ့" ဟု သက်သာရသောစိတ်သည် သုံးမိနစ်အတွင်း ပျက်သွားလေသည်။

"မြလေး...ကိုယ်က ဟို...ဟိုဘက်လမ်းကပါ"

ပြဿနာမရှိသေး၊ နှုတ်ဆိတ်ကာ နေလိုက်၏။

"မနက်ကိုးနာရီခွဲနဲ့ ညနေငါးနာရီဟာ ကိုယ့်အတွက် ကြယ်ရွှေကြွေ



www.burmeseclassic.com

www.burmeseclassic.com



ချိန်တွေပါကွာ၊ ရင်ဘတ်ပေါ်ကို အဲဒီကြယ်တွေ ကြွေခဲ့တာ အလင်းနှစ်တစ်သန်းလောက် ရှိခဲ့ပြီ၊ သိရဲ့လား မြလေး..."

တာရာမင်းဝေ ဝတ္ထုထဲကလား၊ မင်းခိုက်စိုးစန် ဝတ္ထုထဲကလားဟု သွားစဉ်းစားနေမိသေး၏။ အရေးထဲ ဒီစာရေးဆရာတွေကလည်း တစ်မှောင့်။ သူတို့ဝတ္ထုထဲက မင်းသားတွေဆိုရင်တော့ ဟုတ်တာပေါ့။ သက်ရှိမိန်းကလေးတစ်ယောက်ကို နားမလည်နိုင်တဲ့စကားတွေနဲ့ ရည်းစားစကား အပြောခံရတာတော့ နည်းနည်းခံပြင်းစရာကောင်းသည်။

"အဲဒီကြယ်ကြွေတွေက ကိုယ့်ရင်ဘတ်ပေါ်ကို ကြွေတာလေ၊ အဲဒါတွေအားလုံး သိမ်းထုပ်၊ စကားလုံးကလေးတွေ လုပ်ထားတယ်၊ မြလေး... ဖတ်ကြည့်ပါလားဟင်"

လမ်းထိပ်ကို ရောက်တော့မည်။ လမ်းထိပ်မှာ ဆိုင်တွေ စုံသည်၊ လူတွေစုံသည်။ သူက ဒီရပ်ကွက်မှာ အစကတည်းက နေ လာသူဆိုလျှင်တော့ အရေးမကြီးလှ။ သို့သော် ပြောင်းလာတာ လပိုင်းသာသာ ရှိသေးသည်၊ ရုက်စရာ တော်တော်ကောင်းပြီး ဒီလိုအခွင့်အရေးယူတတ်သော ယောကျ်ားဦးရေကလည်း သိသိသာသာ တိုးလာနိုင်သည်။

ဒီပုဂ္ဂိုလ်ကို နှစ်မိနစ်အတွင်း စာရင်းရှင်းမှ ရတော့မည်။

တစ်ခါတစ်ရံ လူတစ်ယောက်ကို နှစ်မိနစ်အတွင်း နောက်ကောက်ကျအောင် ထိုးနိုင်သော မိုက်တိုင်စန်၏လက်သီးမျိုးကို သူမလိုချင်ခဲ့တာကြာပြီ။

"မြလေး...ကိုယ့်ရဲ့ကြယ်စုစာအိတ်ကလေးကို တဆိတ်လောက်..."

"ဒီမှာ...ရှင် မိကောင်းဖခင် သားသမီး မဟုတ်လား"

"ခင်ဗျာ..."

သူ့မျက်လုံးတွေက စူးရှပြီး လေသံက မာတော့ ငနဲသား လန့်သွားပုံပေါ်၏။

"မေးနေတယ်လေ..."

"ဟုတ်...ဟုတ်ပါတယ်"

"ဟုတ်တယ်ဆိုရင် ရှင် ဒီက လှည့်ပြန်တော့၊ မပြန်ရင် ရှင်ဟာ ရှင့်မိဘရဲ့ဂုဏ်ကို ဖျက်တဲ့ သားတစ်ယောက် ဖြစ်သွားလိမ့်မယ်၊ ဒါပဲ..."





အရင်အောင်မြင်နေကျစကားလုံးတွေနှင့်ပင် မနက်ခင်းပြဿနာကို ရှင်းနိုင်ပြီဟု ယူဆကာ ချမ်းမြမြကြိုင် လှည့်ထွက်လာခဲ့၏။ တစ်ခါတလေလည်း လှပသောမိန်းကလေးတွေမှာ ကိုယ့်ကို ဒုက္ခပေးနေသော၊ ကိုယ်က မကြည်ဖြူနိုင်သည့်ယောကျ်ားတစ်ယောက်ကိုစကားလုံးနှင့် နောက်ကောက်ထိုးထားနိုင်ခဲ့သော ပီတိမျိုးက မိုက်တိုင်စန်နှင့် တူလိမ့်မည်ထင်သည်။

သို့သော် ထိုပီတိက ကြာကြာမခံစားရ။

"မြလေး...အဲဒီလိုမလုပ်နဲ့ကွာ၊ ကိုယ်ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘူး၊ ဟောဒီကိုယ့်ရင်ထဲကိုကြွေကျထားတဲ့ကြယ်စုစာအိတ်ကလေးကိုမှ မြလေးကို မပေးရရင် ကိုယ်ဘာကိုမှ ဂရုမစိုက်ဘူး"

အမူအယာနှင့် မျက်လုံးက ရိုင်းလွန်းသည်။ ပုံစံက ကမူးရှူးထိုးနိုင်သည်၊ ခက်တာက လမ်းထိပ်နဲ့ တော်တော်နီးနေပြီ။ လက်ဖက်ရည်ဆိုင်တွေနားကို ရောက်နေပြီဖြစ်၏။ အခြေအနေအရ သူမ နှုတ်ခမ်းထောင့်စွန်းက မဲ့ကလေးကို "ဖျတ်"ခနဲ အပေါ် တက်သွားအောင် ပြုံးပြလိုက်သည်။ မေမေကတော့ သူမ ဒီလိုပြုံးရင် အရမ်းကို လှတာပဲဟု အကြိမ်တစ်သန်းလောက် ပြောဖူးတာကို ယုံကြည်စွာပြုံးခြင်းပင် ဖြစ်ပါသည်၊

"ကောင်းပြီလေ...ကျွန်မသိက္ခာကိုတော့ ရှင် ချပစ်ဖို့ ရည်ရွယ်ချက် မရှိဘူးမဟုတ်လား"

"မရှိပါဘူး...ဒါပေမယ့် ကိုယ့်စာကိုတော့ မင်းယူကို ယူရမယ်၊ မရဘူး"

ခပ်ထန်ထန် ခပ်ကျယ်ကျယ်အသံကြောင့် အနီးအပါး လျှောက်သွားကြသူတချို့နှင့် လက်ဖက်ရည်ဆိုင်မှ လူတချို့၏မျက်လုံးများ ဝုန်းခနဲ ရောက်လာကြ၏။ ဒီထက်ပိုပြီး သူမ အရှက်ကွဲမခံနိုင်ပါ။ ဆုံးဖြတ်စရာကလည်း တစ်ခုသာရှိပါသည်။

သူမ ထပ်ကာပြုံးသည်။

"ကောင်းပြီ...ကောင်းပြီ၊ ကျွန်မ စာကို ယူသွားမယ်၊ ရှင် ကျွန်မနောက်ကိုတော့ လုံးဝ ဆက်မလိုက်ပါနဲ့...ဒါပဲ"

သူမ အောင်မြင်သည်ဟု ပြောရမည်။ စာကို လက်ညှိုး လက်ခလယ်နှစ်ချောင်းနှင့် "ဆတ်"ခနဲ ဆွဲကာ ယူလာခဲ့သည်၊ ပြီးတော့ ကြော့ကြော့ကလေး



www.burmeseclassic.com

www.burmeseclassic.com



လူမြင်ကွင်းမှ ပျောက်လာခဲ့၏။ ထို "ကြောင်" ၏စာကို ခန္ဓာကိုယ်နှင့် ကွယ်ထားဖို့ကိုလည်း သူမ မမေ့ခဲ့ပါ။

ယူသွားမလို့လား...။

ဝေးသေး...။ မှတ်တိုင်မရောက်ခင် လမ်းထိပ်မှာ လက်ညှိုးနှင့် လက်ခလယ်ကို အားဖော့ပစ်လိုက်၏။ သူ လှည့်ပင် မကြည့်။ ကိစ္စတစ်ခုပြီးပြီ။

ၛ ၛ ၛ ၛ

ညီမလေးအတွက်ဟု ပြောလိုက်ကတည်းက ကိုလူဝသည် နားရွက်ကိုလည်း လိုးသည်၊ နှုတ်ခမ်းသားကလေးတွေကိုလည်း လိုးသည်။ လျှာကိုလည်း လိုးသည်။ ပြီးတော့...အူချို၊ အူပိတ်။

"မင်းညီမက အမယ်စုံမှကွ၊ အမယ်မစုံရင် ဆိုင်ဝင်လာပြီး ရန်တွေ့ချင်တွေ့တာ...မလွယ်ဘူး"

သူကျေနပ်စွာပြုံးနေလိုက်သည်။ ညီမကလေးကတော့ တစ်လောကလုံးက လူတွေကို သူ့အစ်ကိုလိုပဲ အောက်မေ့နေပုံရ၏။ ဒါပေမယ့် ညီမလေးကို သူက သိပ်အလိုလိုက်မှန်း၊ ချစ်မှန်း သိထားကြသူတွေကတော့ သူ့ကို နားလည်ခြင်းအားဖြင့် ညီမလေးကို သည်းခံကြရှာပါသည်။

"ညီမလေးက ဒီလိုပဲ ဦးလူဝရေ...စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော့်





အတွက်တော့ ဘဲဥတစ်လုံးပဲ ထည့်လိုက်တော့"

ဝက်သားနှင့် အတူတူ ပြုတ်ထားသော ဘဲဥကို သူကြိုက်သည်။ ဝက်သား၏အဆီနှင့်အရသာက ဘဲဥထဲတွင် ဝင်နေသဖြင့် တော်တော်အရသာရှိသည်၊ မြိုးမြိုးမြက်ချတာခြင်းလည်း မည်၏။ ဒီနေ့မနက်တော့ ထိုဟင်းနှင့်ပင် ပြီးရတော့မည်၊

ဦးလူဝထံမှ အိတ်ကလေး ဆွဲကာ အထွက်တွင် သူလှမ်းတွေ့ရသည့် မြင်ကွင်းက မိန်းကလေးတစ်ယောက် စာအိတ်တစ်အိတ် ကျသွားခြင်းပင်ဖြစ်၏၊ ပထမ သူကြောင်ကာ ကြည့်နေမိသေးသည်၊ ထိုမိန်းကလေးက စာအိတ်ကျသွားတာကို သိပုံမပေါ်၊ သူလှမ်းခေါ်ရရင် ကောင်းမလား ကြည့်နေချိန်တွင် ထိုမိန်းကလေးက ကားမှတ်တိုင်ရှိရာသို့ လျှောက်သွားနေသည်၊

သူခပ်သွက်သွက် လှမ်းကာ စာအိတ်နားရောက်တော့ ဟိုဒီကြည့်သည်၊ ဘယ်သူမှ စာအိတ်ကျသွားတာကို သိဟန်မတူ၊ သူစာအိတ်ကို ငုံ့ကောက်ကာ ကြည့်တော့ စာအိတ်က တော်တော်ထူသည်၊ BY AIR MAIL စာအိတ်အရှည်၊ သို့...ချမ်းမြမြကြိုင်တဲ့၊

ကားမှတ်တိုင်ကို လှမ်းကြည့်တော့ ထိုမိန်းကလေးကို တွေ့ရသည်၊ ထိုစဉ် AIR CON ဘတ်(စ်)တစ်စင်း ထိုးကာရပ်သည်။ မိန်းကလေးက ရှေ့ပေါက်မှ ကားပေါ် တက်ရန် စောင့်နေ၏။ သူစာအိတ်ကိုင်ကာ ကမန်းကတန်း အပြေးလှမ်းရင်း...

"ဒီမှာ စာ...စာခင်ဗျ၊ စာ...စာ"

မိန်းကလေးက မကြား။ ကားပေါ်သို့ရောက်သွားပြီ။ သူအပြေးအလွှားလိုက်ကာ...

"စာ...စာ...စာကျခဲ့ပြီ၊ ဒီမှာ...စာ"

သူနောက်ပေါက်နားအရောက်မှာ ကားက ဘီးလှည့်စ ပြုနေပြီ၊

"လာ...လာ...တက်တက်"

ကားနောက်ပေါက်မှ အရေးတကြီး ကမ်းပေးနေသော လက်တစ်ဖက်ကို သူ ဘာလုပ်ရမှန်းမသိဘဲ လှမ်းကာ ကိုင်လိုက်သည်။ သူဘာဆုံးဖြတ်ရမှန်း မသိသေးခင်မှာပင် AIR CON ဘတ်(စ်)ကားပေါ်သို့ သူပါသွားပြီဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ၏ပထမအမှားမှာ ကားစပါယ်ယာက အတင်းအထဲသို့ တိုးခိုင်းခြင်းကို ယောင်နနနှင့် တိုးမိခြင်းနှင့် ဒုတိယအမှားက ရှေ့ပေါက်မှ တက်သွားသော မိန်းကလေးထံသို့ ကျပ်သပ်ညပ်နေသော လူအုပ်ကို တိုးကာသွားဖို့ ကြိုးစားမိခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူအုပ်အလယ်လောက်တွင် သူရှေ့တိုးနောက်ဆုတ်၍ မရတော့ဘဲ ညပ်ကာနေ၏။ ထိုအချိန်ရောက်မှ သူစဉ်းစားမိသည်။ အမှန်ဆိုလျှင် သူနှင့် ဘာဆိုင်သနည်း။ ညီမလေးအတွက် စားစရာ ထွက်ဝယ်သူသာဖြစ်သည်။

"တောက်...ဒုက္ခပါပဲကွာ၊ ငါကလည်း ငါပဲ၊ မေ့ပြီး ကားပေါ်တက်လာမိတာ မှားတာပဲ၊ ညီမလေးအတွက် နောက်ကျပြီ၊ ဒီကိစ္စက ငါနဲ့ ဘာဆိုင်လို့လဲ၊ ဒုက္ခပါပဲကွာ...ပြန်ဆင်းရင် ကောင်းမလား မသိဘူး...ငါ့နဲ့ကွာ"

သူ့အနီးဝန်းကျင်က သူ့လိုပဲ ကျပ်ညပ်နေသည့် ယောက်ျားမိန်းမတွေက သူ့ကို လှည့်ကာကြည့်ကြ၏။ သူတော်တော် ရှက်ကာသွားသည်။ မေ့ပြီး နှုတ်က ထွက်ပြောမိပြန်ပြီ။ ရှက်ရက်နှင့် သူခေါင်းကို ငုံ့ကာ ခဏပြုံးနေလိုက်သည်။

နံနက်ခင်း ဘတ်(စ်)ကားတွေ ထုံးစံအတိုင်း ကားက ပြည့်ကာကျပ်နေသဖြင့် မှတ်တိုင်တွေမှာ မရပ်တော့၊ ခရီးသည်အားလုံးကလည်း ဆင်းမည့်သူမရှိ။ အားလုံး မြို့ထဲသမားတွေကသာ များသည်။ သူဘာလုပ်ရရင် ကောင်းမလဲ၊ သူမှတ်မိလိုက်သော အင်္ကျီအရောင်နှင့် မိန်းကလေးကို ခေါင်းငုံ့ကာ ကိုယ်လှည့်ကာ ကွယ်နေသောလက်များကို အတင်းတိုးကာရှာ၏။ မတွေ့...။

"တောက်...ဘယ်လိုဖြစ်နေတာလဲ မသိဘူး၊ အတင်းတိုး အတင်းကပ်နဲ့...မပြောလိုက်ချင်ဘူး၊ နမချင်း စာနာနော်၊ မရိုင်းစိုင်းနဲ့၊ သည်းခံနေလို့ အကောင်းမှတ်မနေနဲ့"

သူ့ရှေ့မှ အမျိုးသမီးတစ်ယောက်၏အသံကြောင့် သူလန့်ကာသွား၏။ ဘုရား...။ ဘေးနားမှ ယောက်ျားသုံးလေးယောက်က သူ့ကိုမိုက်ကြည့်ကြည့်ကြသည်။ သူရုတ်တရက် အသည်းအေးကာ လန့်သွား၏။ သူဘာဖြစ်လို့ ကားပေါ်ရောက်လာရတာ၊ ဘာဖြစ်လို့ တိုးဝှေ့နေရတာကို နံဘေးက လူတွေ သိကြပုံမပေါ်။ အေးလေ...ဒီကားပေါ်ကို ဒီလူတွေ ဘာအကြောင်းကြောင့် ရောက်နေကြ





တယ်ဆိုတာကိုလည်း သူမှ မသိဘဲနဲ့။

သူပြုံးနေလိုက်သည်။

"မှတ်တိုင်ပါတယ်" ဟု အော်ကာ ကားပေါ်က ဆင်းပြီး အိမ်ကို ပြန်ဖို့ အစီအစဉ်ကိုလည်း စွန့်လွှတ်လိုက်ရ၏။ အခုနေ ထအော်လျှင် ခုနက အမျိုးသမီးက သူ့ကို အကြံသမား၊ ကြံလို့မရလို့ ဆင်းသွားတာဟု ထင်သွားလိမ့်မည်ဟု သူ့စိတ်ထဲမှာ စွဲကာနေသည်။ သူ တုတ်တုတ်မျှ မလှုပ်အောင် ငြိမ်နေပြီး ရင်ထဲမှာ စကားပြောနေမိသည်။ ထိုစကားကိုတော့ နှုတ်က မထွက်နိုင်အောင် သူ ထိန်းနိုင်ပါသည်။

"မင်း ကျောင်းအမီ ထမင်းချိုင့်အတွက် ကိုကိုပြန်မလာနိုင်တော့ဘူး ညီမလေးရယ်...ကိုကို့ကို ခွင့်လွှတ်ပါ"

ꩤ ꩤ ꩤ ꩤ

ဘတ်(စ်)ကားပေါ်က ဆင်းလိုက်သည့်အချိန်တွင် ချမ်းမြမြကြိုင်သည် ဆီပူနေသည့် ဒယ်အိုးထဲကို ထည့်လိုက်သော ငါးမုန့်တစ်ချပ်ကို သတိရလိုက်သည်။ ချက်ချင်း ရှန်းကန်ကာ ပွတက်လာသော ငါးမုန့်တစ်ခုလိုပင် ချမ်းမြမြကြိုင် ပွင့်လန်းကာ ကားပေါ်မှ ဆင်းခဲ့သည်။

စလင်းဘက်(ခ)ကို ပြင်ကာလွယ်သည်။ အသက်ကို ဝအောင်ရှူကာ



www.burmeseclassic.com

www.burmeseclassic.com



မာန်ကိုတင်းသည်။ ကားပေါ်မှာ ပိညပ်၍ ချောင်ကုပ်ရင်းကျခဲ့ရသောမာန်သည် ချက်ချင်းပြန်ကာ ရောက်လာ၏။ လမ်းကို ချိုးကွေ့လိုက်တော့ Company တံခါးကို ဘွားခနဲ တွေ့ရစဉ်မှာပင်....

"မချမ်းမြမြကြိုင်...မချမ်းမြမြကြိုင်၊ စာခင်ဗျ...စာ...စာ"

တအံ့တသြ လှည့်ကာကြည့်တော့ လူတစ်ယောက်ကို တွေ့ရ၏။ စာပို့သမားလည်းမဟုတ်။ လက်ထဲမှာ စာတစ်စောင် ကိုင်ကာ သူ့ကို စာအတင်းထိုးကာ ပေးနေသည်။ ရက်စိတ်နှင့်မာနသည် အင်ပြိုင်အားပြိုင်ပင် ရင်ထဲသို့ တိုးဆောင့်ကာ တက်လာသည်။

"ရှင်...ရှင် စော်ကားလှချည်လား"

"ခင်ဗျာ..."

"ရှင် ဘယ်ကလူလဲ...ဘယ်သူလဲ၊ ဒါ ကျွန်မ Company ရှေ့နော်၊ နောက်ဆုံး သည်းခံလိုက်မယ်၊ ချက်ချင်းထွက်သွားပါ"

မှန်ထူတစ်ဝက်နှင့် မြလေး ကြုံးကာအော်တော့ ထိုလူက မြလေးကို မျက်လုံးပြူးကာ ကြည့်နေသည်။ အကျီအဝတ်အစားက အိမ်နေရင်း အဝတ်အစားမျိုး၊ လက်ထဲမှာက အသုပ်နှင့်တူသော အထုပ်ကလေးနှစ်ထုပ်နှင့်၊ ဒီလို အခြေအနေမျိုးနှင့် မြလေးကို Company အရှေ့ထိ လိုက်နှောင့်ယှက်ရဲတာကို မြလေး နားလည်း မလည်နိုင်၊ ရက်လိုက်တာလည်း မပြောပါနှင့်တော့။

"မဟုတ်ဘူးခင်ဗျာ...ကျွန်တော် ဒီစာကို..."

"ရှင် လွန်လွန်းပြီနော်...ထွက်မသွားသေးဘူးလား၊ ငါ..."

မြလေး မြောက်တက်သွားသောလက်ကို အသိနှင့် အတင်းထိန်းကာ ထားလိုက်ရပြီး လှည့်အထွက်မှာ...

"မဟုတ်ဘူးခင်ဗျ...မဟုတ်ဘူး၊ ဒီ...ဒီစာက..."

ရုတ်တရက် မြလေးလက်ကို လုံးဝမထင်မှတ်စွာ လှမ်းဆွဲခြင်းခံလိုက်ရသည်။

"ဟာ...ရှင်...ရှင်"

မြလေး ထိုသူ့ကို ပစ်တွန်းမိသလား၊ ဆွဲဆောင့်လိုက်မိသလား မမှတ်မိတော့၊ မြလေးတို့လှေကားထိပ်မှာ ဝရန်းသုန်းကား ဖြစ်နေကြတာကို Com-





pany အတွင်းက ဝန်ထမ်းတွေ တွေ့သွားကာ ပြေးထွက်လာကြလေသည်။

"မြလေး ဘာဖြစ်တာလဲ၊ မြလေး...မြလေး"

"ဟေ့ကောင်...မင်းဘာလုပ်တာလဲကွ...ဘာလုပ်တာလဲ"

"ဘယ်ကကောင်လဲ မြလေး၊ ဒီကောင် ဘယ်ကကောင်လဲ"

"ဟာ...မလုပ်ကြပါနဲ့၊ ကျွန်တော်...ကျွန်တော် ဘာမှမသိဘူးနော်၊ ဘာမှမလုပ်ဘူး၊ စာ...စာလိုက်ပေးတာပါ"

မိုးဆွေ ထိတ်လန့်ကာ ကြုံးအော်ရ၏။ စာကိုလည်း လက်က ကိုင်မြှောက်ကာ ပြရသည်။

"ဟာ...ဒီလောက်ပြောနေတာတောင်မှ စာတုန်းပဲ၊ Company ရှေ့မှာတောင် ဒီလောက်ရမ်းကားတဲ့ကောင်၊ ကဲ...ကဲ...ကဲ..."

လက်သီးချက်တွေ၊ တွန်းထိုးမှုတွေ၊ ဆောင့်ဆွဲတာတွေကြားမှာ မိုးဆွေ ပါချင်သလို ပါကာသွား၏။ "ဝုန်း" ဆို လူတွေအားလုံး စုအုံကာ လာကြသည်။ မိန်းကလေးအော်သံ သုံးလေးသံကိုလည်း ကြားရ၏။ ထို့နောက် မိုးဆွေ ဘာကိုမှ မသိတော့တာထက် ဘာတွေဖြစ်မှန်းမသိတော့ဟု ဆိုလျှင် ပိုမှန်လိမ့်မည်ထင်ပါသည်။

*

တသိမ့်သိမ့် ရှိုက်ကာငိုနေသော ချမ်းမြမြကြိုင်ဆိုသည့် မိန်းကလေးကို ဦးသန့်ဇင်ကို ဘာမှမပြောဘဲ တမင်အချိန်ပေးထားလိုက်ပါသည်။ ရက်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



သူမကလေးတစ်ယောက်ကို ဘာစကားမှ မပြော
ဝမ်းနည်းခြင်းတို့ဖြင့် ငိုနေသော မိန်းကလေးတစ်ယောက်ကို ဘာစကားမှ ပြော
လို့မရဘူးဆိုတာ ဦးသန့်ဇင်ကို နားလည်ပါသည်။ ဒီလိုအချိန်ပေးပြီး ကြည့်တော့
မှ ဒီကောင်မလေး တော်တော်လှတာပဲဆိုတာကို သူစတင်သတိထားမိလာ၏။

ငိုနေတာတောင် ဒီလောက်လှသည်ဆိုလျှင်...

တင်းကျပ်နေသည်ဟု စိတ်ထဲမှာ ထင်နေသော လည်စည်းကို ပြေ
လျော့အောင် လုပ်ရင်း ဦးသန့်ဇင်ကို ခေါင်းကို ခါရမ်းလိုက်သည်။ အခုလို
ပြဿနာတက်နေချိန်မျိုးမှာ ဒီအတွေးမျိုး မဝင်သင့်ဘူးဟု သူ့ကိုယ်သူလည်း
ဆုံးမလိုက်၏။

သူသည် Company မှာ မိန်းကလေး ဘယ်နှစ်ယောက်ရှိသည်၊
ဘယ်သူတွေက လှသည်ဆိုတာကို အစကတည်းက သိခဲ့၊ လေ့လာခဲ့သူ
မဟုတ်ပါ။ ဒါတွေက သူ့အားအကိုးရဆုံး သူငယ်ချင်း ဇော်မြင့်၏အလုပ်သာဖြစ်
သည်။ သူ Company သို့ အကြောင်းကိစ္စရှိ၍ လာသည့်အခါ အားလုံးကို
မျက်ဝန်းတစ်ချက် ရှန်းကြည့်တတ်ပြီး ပြန်ထွက်သည့်အခါ ထိုအတိုင်းကြည့်
ရင်း အားလုံးကိုပြုံးပြတတ်သူသာဖြစ်သည်။ အရေးအကြောင်းမရှိပါဘဲ ဘယ်
ဝန်ထမ်းတစ်ဦးကိုမျှ ခေါ်မတွေ့တတ်။ မည်သည့်ဝန်ထမ်းနှင့်မှ မိတ်ဆွေမဖွဲ့၊
ဒါက သူ Company ထောင်မည်ဆိုကတည်းက ဆုံးဖြတ်ထားသော သူ့
စည်းကမ်းသာဖြစ်၏။

အင်းလေ...ဒီလောက်လှမှတော့ ရည်းစားစာ လိုက်ပေးတာလည်း
မဆန်းဘူးပေါ့။ ထိုအတွေးကို တွေးနေစဉ်မှာပင် ကောင်မလေးက ရုတ်တရက်
ခေါင်းကို မော့ပစ်လိုက်သဖြင့် ဦးသန့်ဇင်ကို ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။
ယောင်ယမ်းကာ ရှေ့က စက္ကူဖိ ဖန်တုံးကို နေရာရွှေ့လိုက်သည်၊ ဖန်တုံးက
အောက်ပြုတ်ကျကာသွား၏။

"ဗုဒ္ဓေါ...သန့်ဇင်ကို မင်းကိုယ်မင်းထိန်းစမ်း"

ကောင်မလေးက လိမ့်ကျသွားသော ဖန်တုံးကို လိုက်ရာကောက်ကာ
ပြန်တင်ပေးသည်။ ကောင်မလေးနှာခေါင်းတွေက နီရဲကာနေ၏။

"အင်းလေ...ဒီလိုဆိုတော့လည်း ခက်တာက၊ ကဲ...ကဲ...မင်းပဲ ပြော
ပါဦး"





"ကျွန်မမှာ အပြစ်ရှိပါတယ် ဆရာ...ကျွန်မကို အလုပ်က ထုတ်မယ်
ဆိုရင်လည်း..."

"ဟာ...မဟုတ်သေးဘူးလေ၊ ကျွန်တော်...ဒီလိုဗျာ၊ ကျွန်တော်ဆိုလို
တာက ဟိုလူဒီလူ ပြောကြလို့ အကြမ်းဖျင်းတော့ သိထားပြီးပါပြီ၊ ဒါပေမယ့်
ကိုယ်တိုင်ပြောတာ ကြားချင်တာပါ"

ကောင်မလေး ခဏတိတ်ကာသွား၏။ အံကိုကြိတ်ကာ မျက်ဝန်းတွေ
ကို တစ်ချက်စွေပြီး စဉ်းစားသည်။

"ဒီလိုပါ ဆရာ...အဲဒီလူက ကျွန်မကို Company တံခါးဝရှေ့မှာ ရုတ်
တရက် ရည်းစားစာ ပေးပါတယ်၊ ကျွန်မ အကြိမ်ကြိမ် ငြင်းပြီးလှည့်ထွက်တဲ့
အချိန်မှာ ကျွန်မလက်ကို သူဆွဲတာနဲ့ ကျွန်မက သူ့မျက်နှာကို ကုတ်လိုက်မိပါ
တယ်၊ အဲဒီအချိန်မှာ Company ထဲက လူတွေ ထွက်လာပြီး ရှန်းရင်းဆန်ခတ်
ဖြစ်ကြတာပါပဲ၊ ကျွန်မ ရက်ပြီးကုတ်မိတာပါ။ ကျွန်မအပြစ်ကြောင့် ဒီလိုဖြစ်ရတဲ့
အတွက် ကျွန်မကို အလုပ်က ဖြုတ်မယ်ဆိုရင်လဲ..."

"အို...အဲဒါ မပါပါဘူး၊ ကျွန်တော်က အဖြစ်အပျက်ကိုပဲ သိချင်တာပါ၊
ဒါဆိုရင် ဒီလူလွန်တာပဲ၊ မိန်းကလေးတစ်ယောက်မှာ ကိုယ့်ကိုယ်ကို ခုခံ
ကာကွယ်ခွင့်ဆိုတာ ရှိတာပဲ၊ မင်းမမှားပါဘူး...ဒါ ကိုယ့် Company က လူကို
စော်ကားတာပဲ၊ ကိုယ်မင်းဘက်ကပဲ ရပ်တည်ရမယ်"

ကောင်မလေးက တွေကာ သူ့ရှေ့မှ စားပွဲကို စိုက်ကာကြည့်နေ၏။
သတိပေးထားသည့်ကြားထဲက "ကျွန်တော်" တွေရော၊ "ကိုယ်" တွေပါ ရှုပ်ကုန်
သည်။ "ဟော့ကောင်...မင်းဘာဖြစ်နေတာလဲ၊ တစ်ခုခု ရွေးစမ်းကွာ"။

"အခု...အဲဒီလူဘယ်မှာလဲ"

"ရဲစခန်းမှာတဲ့"

"ကောင်းပြီ...ဒီအတိုင်းပဲ မှန်တယ်ဆိုရင်တော့ ကိုယ် သူ့ကိုတရားစွဲပြီး
အမှုလုပ်မယ်၊ ကိုယ့်လက်အောက်မှာရှိတဲ့ ဘယ်ဝန်ထမ်းကိုမှ စော်ကားတာ
ကိုယ်မကြိုက်ဘူး၊ အဲဒါ ကိုယ့်စည်းကမ်းပဲ၊ ဒီတော့ မင်းစခန်းကို လိုက်ခဲ့ဖို့ပြင်ပါ၊
မင်းအလုပ်မှာ အရေးကြီးတာ ရှိနေရင် တခြားတစ်ယောက်ကို လွှဲခဲ့၊ အခု
သုံးနာရီလေးဆယ်ဆိုတော့ လေးနာရီမှာ ထွက်မယ်၊ ဘာမှ အားငယ်စရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး၊ မင်းကိုလည်း အရေးမယူဘူး...ဟုတ်ပြီလား"

"ဟုတ်...ဟုတ်ကဲ့...ဆရာ"

"OK... အဆင်သင့်ဖြစ်အောင် ပြင်ထား၊ ဟုတ်လား..."

"ဟုတ်ကဲ့..."

ကောင်မလေး ထွက်ကာသွား၏။ ဒေါသနှင့် စိတ်လှုပ်ရှားမှုများစွာနှင့် စကားပြောလိုက်ရလို့လားမသိ၊ သူ့နှလုံးခုန်သံတွေ မြန်နေသည်။ ဘယ်လို ရွေးချယ်မိမှန်းတော့မသိ။ နာမခေါင်းနီမကလေးနှင့် သူ့အကြားက အသုံးအနှုန်းက ကိုယ်ဖြစ်ကာသွား၏။ အရင်ဆို ဝန်ထမ်းတွေကို "ကျွန်တော်..." သို့မဟုတ် "ဆရာ..." ဟု သုံးနှုန်းနေကျဖြစ်သည်။

"အင်းလေ...သူ့ကိုအားပေးချင်စိတ်ကြောင့် ရင်းရင်းနှီးနှီး ပြောလိုက်မိတယ် ထင်တာပဲ" ဟု စိတ်ကို ဖြေရသည်။

"ဇော်မြင့်...မင်းရှိရင် သိပ်ကောင်းမှာပဲကွာ"

ဒီကောင်က ခရီးလွန်နေ၏။





## အခန်း(၁)

မျက်နှာ၊ ကျော၊ ရင်ဘတ် စသည့် ခန္ဓာကိုယ်က နာကျင်ရခြင်း ဝေဒနာ၊ နံနက်ကတည်းက လက်ဖက်ရည်တစ်ခွက်ကလွဲ၍ ဘာမှမစားရသေးသော ဆာလောင်မှုထက် ညီမလေးအတွက် စိတ်နှလုံး ပူပင်ရခြင်း ဝေဒနာက ပို၍ကြီးသည်ဟု မိုးဆွေထင်သည်။

သူ့အိမ်ပြန်မရောက်သဖြင့် ညီမလေး ထမင်းချိုင့် ထည့်မသွားရ၊ သူ အခုချိန်ထိ အိမ်ပြန်မရောက်သေးသဖြင့် ညီမလေး အမျိုးမျိုး တွေးကာ ပူပန်နေရမည့် စိတ်သောကတို့ကို စဉ်းစားမိသောအခါ မိုးဆွေ နံရံတွေကို ဖောက်ကာ ထွက်ပင်ပြေးချင်နေမိသည်။

သူ့စိမ်း၊ လူစိမ်းတို့အလယ်မှာ ဖြစ်သောပြဿနာမို့ သူနှင့် ပတ်သက်သူ တစ်ဦးတစ်ယောက်မှ သိမည်မထင်။ စာ...စာ...ဒီစာကို သူ့ဘာကြောင့် လိုက်ပေးရန် စဉ်းစားမိသနည်း။ အမှန်တော့ လူတစ်ယောက်ကို ကူညီချင်ခြင်းသာ ဖြစ်သည်။ ထိုစာများအရေးတကြီးစာဆိုလျှင် ဒုက္ခဟု သူတွေးကာ လိုက်ပေးခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်၏။

ပြီးတော့ မထင်မှတ်တာတွေဖြစ်ကုန်သည်။ သူ့အထိုးအကြိတ်လည်း ခံရ၏။ ပြီးတော့ အချုပ်ခန်းထဲလည်း ရောက်နေသည်၊ ရှေ့ဆက်၍လည်း ဘာဖြစ်ဦးမည်မသိ။

"ငါ့စေတနာဟာ ငါနဲ့ မတန်ပါကလား" ဟု သူတွေးမိကာ မျက်စိကို စုံမှိတ်လိုက်ချိန်တွင် "မိုးဆွေ...မိုးဆွေရှိသလား" ဟူသော ခေါ်သံကို ကြားရလေသည်။

ပြီးတော့ စခန်းမှူးကြီး မေးသမျှကို သူ့စာကျတာ တွေ့ပုံကအစ ကားပေါ်မှာ အလယ်၊ Company ရှေ့မှာအဆုံး အရိုးသားဆုံး အဖြေပေးခဲ့သည်။

"ဒါဆိုရင် မင်းသူ့ကို စာလိုက်ပေးတာ မဟုတ်ဘူးပေါ့"

"ကျွန်တော် သူကျသွားတဲ့စာကို လိုက်ပေးတာပါ၊ သူ့ကို စာပေးတာ တော့ မဟုတ်ပါဘူး၊ ဒီစာဟာ သူ့လက်က ကျသွားတာကို သေသေချာချာ မြင်လိုက်ရတော့ သူ့အတွက် အရေးကြီးတဲ့စာလို့ ထင်ပြီး စေတနာနဲ့ လိုက်ပေးမိတာပါ"

စခန်းမှူးကြီးက ရှေ့က သက်သေစာအိတ်ကို ကောက်ကိုင်ကာ လက်ဝါးနှင့် တဖျပ်ဖျပ်ရိုက်ရင်း ခဏစဉ်းစားကာနေ၏။ အခုမှ ချမ်းမြမြကြိုင် ချွေးတွေပြန်ကာလာသည်၊ ကိစ္စအားလုံးကို သူ ရှင်းသွားပြီဖြစ်သည်။ ဦးသန့်ဇင် ကိုနံဘေးက ခေါင်းကိုငုံ့ချထားသောသူ့ကို တစ်ချက်လှမ်းကာကြည့်ရင်း ဒေါသ တွေ ထွက်ကာလာ၏။ သူက ဘာ့အတွက် ဒီစာကို ဘာမဆိုင်ညာမဆိုင်နှင့် တာဝန်ကျေစွာ Company အထိ လိုက်ကာပေးရသနည်း။

အမှန်ဆို အေးအေးဆေးဆေး ပြီးသွားရမည့်ကိစ္စ၊ အခုတော့ Company ပိုင်ရှင်ကပါ သူ့ဘက်က အမှန်ဟု ထင်ကာ ရဲစခန်းအထိ ရောက်ပြီးမှ သူ့ ဘက်က အမှားဖြစ်ကာသွား၏။ ဦးသန့်ဇင်ကို ဘယ်လောက်အထိ ရက်တတ် သည်ဆိုတာကို သူသိသည်၊ သေချာပြီ...သူ့အလုပ်ပြုတ်ပြီ၊

"ဒီစာဟာ...ရည်းစားစာ မဟုတ်ဘူးဆိုတာ သေချာသလား"

"သေချာပါတယ်...သူကျသွားတဲ့စာကို ကျွန်တော် လိုက်ပေးတာပါ"

"ကိုင်း...ဒါဆိုရင် အားလုံးရဲ့ရှေ့မှာ ဖောက်ဖတ်မယ်၊ ဒီစာဟာ ရည်းစား





စာဆိုရင်..."

"မဖွင့်ပါနဲ့...မဖွင့်ပါနဲ့၊ အဲဒါ ကျွန်မစာပါ၊ ကျသွားတာကို ကျွန်မလည်း မသိပါဘူး၊ သူက အတင်း Company ရှေ့အထိ လိုက်ပေးတော့ ကျွန်မက လည်း ကျွန်မစာမှန်း မသိဘဲ သူပေးတယ် ထင်မိတာပါ"

ထိုစကားများကြောင့် မျက်လုံးပြူးသွားသူက ဦးသန့်ဇင်ကိုသာ ဖြစ် သည်။ ဒီကလေးမ ဘယ်နယ့်လုပ်တာလဲဆိုတာကို သူမတွေးနိုင်၊ ရက်ခြင်းက ခဏသာ သူ့ကို ဆုံးရှုံးစေနိုင်သော်လည်း ဒီကလေးမဘက်က ယုံကြည်စွာဖြင့် သူမသိက္ခာကို ကာကွယ်ရန် စေတနာထားမိသော အကြောင်းအရာအားလုံး လွဲချော်သွားရခြင်းက ပို၍ သူ့ကို နှိပ်စက်လေသည်။

"ကိုင်း...ဒါဆိုရင်တော့ အဖြေက ရှင်းပါပြီ၊ မင်းတို့က မျက်နှာချင်းဆိုင် ရပ်ကွက်ကလည်းဖြစ်၊ လူချင်းကလည်း မသိကြ၊ အင်း...ကလေးမက ဝန်ခံပြီ ဆိုရင်တော့ ပြီးပါပြီ၊ နေစမ်းပါဦး...မင်းက စေတနာ့ဝန်ထမ်းကောင်း ပီသလှ ချည်လား၊ ငါတို့လို ယောက်ျားတွေ စာကျသွားရင်ကော ဒီလိုပဲ လိုက်ပေးမှာ လား"

"ဟုတ်ကဲ့...ပေးမှာပါပဲ"

"ဟား...ဟား...ဟားဟား...ဟား..."

"ဟား...ဟား...ဟား...ဟား"

စခန်းမှူးကြီးက ထိုလူ ရင်ကော့ဖြေသည့်အဖြေကို ကြားတော့ ပွင့်လင်းလွတ်လပ်စွာ ရယ်သည့်အခါ ဘာလုပ်ရမှန်းမသိသော ဦးသန့်ဇင်ကို လည်း လိုက်ရယ်မိလေသည်၊ ပြီးမှ အရှိန်သတ်ကာ ငုံ့ကြည့်တော့ ကြေကွဲ ငေးရီသော မျက်ဝန်းများနှင့် ရှေ့ကို ငေးစိုက်ကာကြည့်နေသော သူတရားစွဲမည် ဆိုသည့်သူကို တွေ့ရသည်။

ပုံစံက ရိုးသားပုံရသည်၊ မျက်နှာက ဖူးယောင်ကာနေ၏။ သူ့ Company လူတွေကလည်း ဘာရယ်ညာရယ်မသိ။ လုသည့်မိန်းကလေးအတွက် ဆိုလျှင် တော်တော်တာဝန်ကျေကြပုံ ရသည်။

"ကဲ...ဒီတော့ ဦးသန့်ဇင်ကို ပြဿနာက ရှင်းပါပြီ၊ သူက စေတနာခွန် တယ်၊ ဒီဘက်က အတွေးမှားတယ်...ဒါပါပဲ၊ အဲဒီတော့ ညီလေးက မင်းအဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့အတွက် ဘာများ နစ်နာကြေး တောင်းချင်သလဲ"

သူတရားစွဲမည့်လူ ငြိမ်ကာသွား၏။ အခုတော့ အခြေအနေက သူ့ဘက်က ပြန်တရားစွဲခံရမည့်ပုံ ဖြစ်ကာနေသည်၊ တရားများ အစွဲခံလိုက်ရလို့ကတော့ သူဆယ်နှစ်လောက် အဘက်ဘက်က သိက္ခာထိန်းခဲ့ရသော Company နာမည်လည်း သွားပြီ။ ဘုရား... သူ ဒီနေ့ ဘာတွေဖြစ်ခဲ့ပါလိမ့်။

"ကျွန်တော်...အိမ်ပြန်ပါရစေ"

ထိုစကားကြောင့် အားလုံး အံ့အားသင့်ကာ သွားကြ၏။

မိုးဆွေကို အားလုံးက ဝိုင်းကာငေးကြသည်၊ သန့်ဇင်ကို မနေနိုင်တော့ဘဲ ဝင်ကာပြောရသည်၊

"မဟုတ်ဘူးညီလေး၊ မင်းအခုလို အထိုးအကြိတ်ခံလိုက်ရတဲ့အတွက် နစ်နာကြေးအနေနဲ့ ဘာများ..."

"ဘာမှမလိုချင်ဘူးဗျာ...ကျွန်တော် ညီမလေးအတွက် အသုပ်ထွက်ဝယ်ရင်း အခုလိုဖြစ်တာပါ၊ ညီမလေး ဘာမှမစားရသေးဘူး၊ ပြီးတော့ အရမ်းစိတ်ပူနေလိမ့်မယ်၊ ကိစ္စပြီးရင် ကျွန်တော် အိမ်ပြန်ပါရစေ"

卐 卐 卐 卐

နှင်းဖြူ စောင်ကို ခေါင်းမြီးခြုံကာ အိပ်ယာထဲမှာ လှဲနေလိုက်သည်။

ထိုအပြုအမူသည် အစ်ကိုဖြစ်သူ မိုးဆွေကို စိတ်အရမ်းဆိုးကြောင်းပြသသည့် အမူအယာတစ်ခုလည်းဖြစ်သည်၊ မနက်က သူ့အတွက် ကိုလူဝ





အသုပ်ထွက်ဝယ်သော ကိုကိုပြန်မလာနိုင်သည့်အဆုံး ထမင်းချိုင့်ထဲ ထမင်းချည်း ထည့်ကာ လမ်းထိပ်ထွက်လာတော့ ကိုလူဝက စာတစ်စောင်ကိုင်ကာ ကောင်မလေးတစ်ယောက်နောက် အပြေးလိုက်သွားသော ကိုကို့ကို တွေ့သည်တဲ့။

နှင်းဖြူ ဘယ်လိုမှ မတွေးတတ်အောင် ဖြစ်ကာသွားသည်။ ကိုကိုသည် သူနှင့် ပတ်သက်၍ ထိုသို့အပြုအမူမျိုး တစ်ကြိမ်တစ်ခါမျှ မလုပ်ခဲ့ဖူးပါ။ သူစိတ်တိုတိုနှင့် ကျောင်းသို့ ထွက်လာခဲ့သည်၊ မထွက်လို့လည်း မဖြစ်။ လက်တွေ့အချိန်က နီးနေပြီမဟုတ်လား။

ကိုကိုပေးသောဒုက္ခက လက်တွေ့ပြီးချိန်တွင် စလေသည်၊

လက်တွေ့အပြီးတွင် နှင်းဖြူအချစ်ဆုံး သူငယ်ချင်းနှစ်ယောက်ဖြစ်သည့် အေးနှင့်မိဇင်တို့ အနက် မိဇင်ကို ကြိုးစားနေသူတစ်ဦးနှင့် ကဲင်တင်းတွင် မိတ်ဆက်ပွဲရှိသည်။

"သူတို့က တစ်ကြိမ်ကလေး ခေါ်ရုံနဲ့ မိဇင်က မိတ်ဆက်ဖို့ လက်ခံလိုက်သည်ဆိုတာကြီးက ကိုယ့်ဘက်က နည်းနည်းဈေးမကျလွန်းဘူးလား"

"အံမယ်...တစ်ကြိမ်မဟုတ်ပါဘူးနော်၊ ကိုထူးသီဟက သူ့အတွက် လေးငါးခါ ပြောပြီးမှ ခွင့်ပေးလိုက်တာပါ... အေးမရာ"

"သူ့ဘာသာ ဘယ်နှစ်ကြိမ်ပြောပြောပေါ့၊ မိတ်ဆက်တာကို လက်ခံတယ်ဆိုကတည်းက ကိုယ့်ဘက်က စိတ်ဝင်စားတာကို ပြတာပဲပေါ့...မမိုက်ဘူး"

"နောက်က တကောက်ကောက် လိုက်နေတာထက်စာရင်တော့ ဒါက ဣန္ဒြေရှိပါသေးတယ်နှင်းရာ..."

"အင်းပေါ့လေ...ကောက်ချက်ဆိုတာတော့ ကိုယ်ဆွဲချင်သလို ဆွဲလို့ရတာပဲ"

သူတို့ မိဇင်ကို စရင်းနောက်ရင်း ကဲင်တင်းထဲသို့ ရောက်သွားကြသည်။ ကဲင်တင်းရောက်တော့ ထူးသီဟက ဦးဆောင်ကာ မိတ်ဆက်ပေးသည်၊ မိဇင်ကို စိတ်ဝင်စားနေသည့်ကောင်လေးက မြတ်သူတဲ့၊ နောက်တစ်ယောက်က မင်းဟန်ဟုခေါ်ကြသည်။ မိတ်ဆက်ပွဲက နစ်ဖက်စကြနောက်ကြိုးနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာကောင်းနေသည်။ မိဇင်ကတော့ မျက်နှာနီရဲကာ သူတို့ကို လက်သီးကလေး ဆုပ်ဆုပ်ပြရင်း "နေနှင့်ဦးပေါ့" ဟု ကျိန်း၏။

"ကဲ...မိတ်ဆက်ပွဲပြီးရင် ကိုယ့်ဘာသာ မိတ်ဆုံစားပွဲ လုပ်ရဦးမယ်၊ တို့ကတော့ ထမင်းဆာနေပြီ...စားကြမယ်"

အေးက ပြောပြောဆိုဆို ထမင်းချိုင့်ကို ဖွင့်သည်၊ ဒီတော့မှ နှင်းဖြူ ရင်ထဲ ထိတ်ကာသွား၏။ သူ့ထမင်းချိုင့်ထဲမှာက ဘာဟင်းမှမပါ။ ထမင်းချည်းသာ ပါ၏။

"မိတ်ဆုံစားပွဲ လုပ်ချင်ရင်လည်း ရပါတယ်ဗျာ...ဘာစားမလဲ၊ ကျွန်တော်တို့ ကျွေးပါ့မယ်၊ မှာလေ..."

"အံမာ...အခွင့်အရေးနှစ်ခု ထပ်မလိုချင်စမ်းပါနဲ့၊ မိတ်ဆက်ခွင့်ရတာပဲ ကံကောင်း၊ ကိုယ်တို့က အပြည့်အစုံ ပါပြီးသား၊ မလိုပါဘူး....ကျွေးစရာ"

နှင်းဖြူ၏ပထမစိတ်ကူးက လက်တွေ့ပြီးလျှင် သူငယ်ချင်းတွေနှင့် လမ်းခွဲကာ အမေဖွေးဆိုင်မှာ အသုပ်ကလေးတစ်ပွဲနှင့် ထမင်းသွားစားရန်ဖြစ်သည်။ မိဇင်ကိစ္စ ဝင်လာသဖြင့် သူမှာ ဟင်းမပါတာကို မေ့ကာ ကဲင်တင်းသို့ လိုက်လာမိခဲ့ခြင်းသာ ဖြစ်သည်။

"ဟော့ကောင်နှင်း...ဖွင့်လေကွာ...စားကြရအောင်"

"ဟို...ဟင့်အင်း၊ နှင်းမဆာသေးလို့"

"အမလေး...မရှေချောရယ်၊ ဒီမှာ တစ်နာရီတောင် ထိုးနေပြီ၊ ဒီအချိန်ထိ မဆာရအောင် အာဟာရသိဒ္ဓိ မြောက်နေလို့လား"

"နှင်းကလည်းကွာ...စားပါ၊ အားလုံး အတူတူပေါ့"

"နှင်းမနက်က မုန့်ဟင်းခါး စားလာလို့၊ အဲဒါ..."

မိဇင်က ဘာမှမပြောဘဲ အံကြိတ်ကာ မျက်လုံးကို ပြူးပြ၏။ ကဲင်တင်းကို မရောက်ခင်ကတည်းက တစ်ခုခု လုပ်မည်ဆိုလျှင် သုံးယောက်စလုံး တက်ညီလက်ညီဖြစ်ရမည်ဟု ကတိထားခဲ့ကြတာလည်း ရှိသည်။ ဘာကိစ္စပဲဖြစ်ဖြစ် သူငယ်ချင်းသုံးဦး စိတ်တူကိုယ်တူရှိသည်ဆိုတာကို ပြသရန်ဖြစ်၏။ သို့သော်... ဟင်းလုံးဝမပါသော ထမင်းချိုင့်ကို အခုမှသိသည့် ယောကျ်ားလေး သုံးဦးရှေ့မှာ ဖွင့်ပြရဲလောက်အောင်လည်း နှင်း သတ္တိမရှိပါ။ ထိုသို့ နှင်း တွေဝေနေချိန်တွင်





စကားသံကို ကြားရ၏။

"သူက ဟင်းကောင်း ကျွေးကောင်းတွေနဲ့ဆိုတော့ တို့စားမှာစိုးလို့ မစားတာ ထင်တယ်ကွ"

ထိုစကားသံဆုံးတော့ ယောကျ်ားလေး ရယ်သံများကို နှင်းကြားရသည်။

မျက်နှာတစ်ချက် အမ်းတက်သွားကာ နှင်းမျက်ဝန်းမှာ အမြင်တစ်ချက် ပျောက်သွားပြီး သတိရရချင်း ပြန်ကြည့်တော့ အေးက နှင်းဖြူကို မကြည့်ဘဲ ခေါင်းတစ်ချက် ယမ်းသည်။ မိဇင်က စိတ်ပျက်သွားသလို "ကျွတ်" ခနဲ စုတ်သပ်သံကို ကြားရ၏။

ထိုအဓိပ္ပါယ်တွေကို နှင်း နားလည်ပါသည်။

တကယ်တော့ ဒီနေရာ၊ ဒီပွဲဟာ မိဇင် Hero ဖြစ်ရမည့်ပွဲ။ ဒီနေရာမျိုးမှာ နှင်းက ထမင်းချိုင့်ကို တမင်မဖွင့်ဘဲ အားလုံးက စိတ်ဝင်စားမှုကို ယူနေသည်ဟု သူတို့ထင်သွားကြသည်။ နှင်းက သူတို့ထက် လူတော မှန်ပါသည်။ သူတို့လောက် အဖေအမေရော၊ ငွေကြေးရော မပြည့်စုံတာလည်း မှန်ပါသည်၊ သူငယ်ချင်းတွေကို စော်ကားချင်စိတ်နှင့် တမင် Hero လုပ်ချင်စိတ် မရှိမှန်းလည်း မှန်ပါသည်။

နှင်း မျက်ဝန်းတွေကို မှိတ်ပစ်လိုက်သည်၊

ပြီးတော့...Mickey Mouse ကာတွန်းရုပ်ကလေး ပါသော လက်သုတ်ပုဝါနှင့် ချည်ထားသည့် ထမင်းချိုင့်ကို ဖွင့်ပစ်လိုက် သည်။

ကဲင်တင်းသည် ခဏတိတ်သွားသလို ထင်ရ၏။ ခဏမှ တကယ့်ခဏပါ။ နှင်းမျက်ဝန်းတွေကို ဖွင့်ကာ အေးနှင့်မိဇင်ကို ကြည့်လိုက်တော့ သူတို့ ကြောင်ကာနေကြ၏။ နှင်း မနက်ခင်းက ကိုကိုနှင့် အဖြစ်ကို ရှင်းပြဖို့ ကြိုးစားပါသေးသည်၊ သို့သော် နှင်း ဘာစကားတစ်ခွန်းကိုမျှ ပြောပြဖို့မထွက်ခဲ့။

"ဟာ...Sorry ဗျာ၊ ကျွန်တော်တို့က ဟို...ဟိုလေ၊ ထုံးစံအတိုင်းဆိုပြီးတော့ ရင်းနှီးမှုရအောင် စတာပါ၊ ကျွန်တော်က..."

"ဟော့ကောင်...မင်းဟာန် ပြောမနေနဲ့တော့၊ မင်းကွာ..."

"ကျွန်တော်တို့ ခုနက ရယ်တာ ဘာမှမဟုတ်ဘူးနော်၊ တောပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဟော့…ဟော့…လာစမ်းပါဦးကွ၊ လာ…လာ…ဘယ်သူပဲဖြစ်ဖြစ်၊ ဘာဟင်းတွေ ရလဲ"

အခြေအနေက ချက်ချင်းရှုပ်ထွေးကာသွားသည်။ တောင်းပန်သံတွေ၊ မိဖင်နဲ့အေးတို့ရဲ့စကားသံတွေ။ ဟင်းနာမည်တွေ…။

နှင်းဖြူကတော့ ဘာကိုမှမကြားရတော့၊

ရေနည်းနည်းဆတ်သွားသဖြင့် ရင်ကွဲနေသော ထမင်းချိုင့်ထဲက ညှို့မထ ဆန်လုံးတွေကိုသာ ငေးကြည့်နေရင်း မျက်ရည်တွေ ဝဲကာလာ၏။

ထိုနေ့က အစိမ်းကြော်၊ ချိုချဉ်ကြော်၊ ချဉ်စပ်၊ ကုန်းဘောင်ကြီးကြော်တွေ စားပွဲတစ်ခုလုံး ပြည့်ကာသွား၏။ နှင်းဖြူကိုလည်း အားလုံးက ဝိုင်းတောင်းပန်ကြသည်။ နှင်းဖြူ ဘာကိုမှ မကြား။ ဝမ်းနည်းခြင်းနှင့် အားငယ်စိတ်က သူမစိတ်တစ်ခုလုံးကို သတိလက်လွတ်ဖြစ်အောင် တစ်လှည့်စီ လုပ်ပေးနေကြ၏။

"တောင်းပန်ပါတယ်ဗျာ…ကျွန်တော်က မြတ်သူ့အတွက် ရင်နီးလို့ စိတ်တစ်ခုတည်းနဲ့ မိတ်ဆွေအဖြစ် စတာပါ၊ စိတ်မဆိုးပါနဲ့၊ ဟော့ကောင်မြတ်သူ၊ ငါရှင်းမယ်ကွာ၊ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ငါရှင်းပါရစေ"

နှင်းဖြူထမင်းချိုင့်ထဲမှာ ဟင်းတွေ ခပ်ထည့်ပေးထားကြတာ ပုံနေသည်။ သို့သော် နှင်းဖြူ ထမင်းသုံးပုံတစ်ပုံပင် မကုန်ခဲ့။ အပြန်လမ်းမှာ မိဖင်နှင့် အေးကလည်း တောင်းပန်ကြပြန်သည်။

"နှင်းရယ်…ကိုယ်တို့ အဲဒီလို တကယ်မထင်လို့ပါ"

"ရတယ် မိဖင်၊ အမှန်တော့ ဒီပြဿနာအားလုံးရဲ့တရားခံဟာ ကိုကိုပဲ၊ မင်းတို့နဲ့ ဘာမှမဆိုင်ဘူး"

ထိုဒါသနှင့် အိမ်ကို ပြန်ရောက်လာတော့လည်း ကိုကို့ကို မတွေ့ရ။ မည်သူ့ကိုမှ ပေါက်ကွဲ၍မရသောဒေါသနှင့် ဝမ်းနည်းအားငယ်မှုများကို ရင်ထဲမှာ မြိုသိပ်ရင်း နှင်းဖြူအခန်းထဲ ဝင်ကာ စောင်ကို ခေါင်းမြီးခြုံရင်း အိပ်နေခြင်း ဖြစ်၏။

"ကိုကိုများ ပြန်လာလို့ကတော့…" ဟူသောအတွေးနှင့် ပေကာ အိပ်နေသော်လည်း ကိုကိုက နှင်းဖြူထင်ထားသည့်အချိန်အထိ ရောက်မလာခဲ့။





လာသင့်သည့် အချိန်အထိ ကိုကိုပြန်ရောက်မလာခဲ့၊ သို့သော် နှင်းဖြူ ခေါင်းမြီးခြုံထားတာကို ချပြီးတော့လည်း မထွက်ချင်၊ ကိုယ်အပြင်ကို ရောက်သည့် လက်မတင်ကလေးမှ ကိုကိုပြန်ရောက်လာလျှင် ဘယ့်နှယ့်လုပ်မလဲ။

ငယ်စဉ်ကတည်းက အစ်ကိုဖြစ်သူအပေါ်မှာ လုပ်ချင်တာ လုပ်ရမှ ကျေနပ်သော၊ ကိုကိုအရှုံးပေးမှ ကျေနပ်သော နှင်းဖြူသည် ဒီလိုဖြစ်ရပ်မျိုးအတွက် ကိုကိုက အလေးအနက် မထားမှာကို စိုးရိမ်စွာနှင့် ခေါင်းမြီးခြုံထားရင်း… အိပ်ပျော်သွားခဲ့သည်၊

အိပ်မက်ထဲမှာ ဟင်းပွဲတွေ အများကြီးပါသော စားပွဲကြီးကို တွေ့ရ၏။ ပြီးတော့…သူ။ နှင်းဖြူ ကျေနပ်ပျော်ရွှင်သွားသော စိတ်ကလေး မဆုံးခင်မှာဘဲ အိပ်မက်မှ လန့်နိုးလာ၏။ ရင်ထဲမှာ ဟာသွားသည်။ ဝမ်းနည်းနေတာလား၊ ပျော်နေတာလား။

အသိစိတ်တွေကို အတင်းပြန်ကာ နိုးရ၏။

ကိုကိုရောက်မလာသေး။

အိမ်ကလေးက တိတ်ဆိတ်နေတုန်း၊ သူမကလည်း ခေါင်းမြီးခြုံထားတုန်းပင် ရှိသေးသည်၊

ခဏငြိမ်သက်ကာ အခုတွေးတာတွေကို ပြန်တွေးနေတုန်း အိမ်ရှေ့တံခါးဖွင့်သံကိုကြားရ၏။ ပြီးတော့ အိမ်တစ်ချက် "သိမ့်" ခနဲ တုန်ကာသွားသည်၊ နှင်းဖြူတို့အိမ်ကလေးက လူတစ်ယောက် တက်လျှင် တစ်ချက် "သိမ့်" ခနဲ တုန်သွားတတ်လေ့ရှိသော သစ်သားအိမ်အဟောင်းကလေးသာ ဖြစ်သည်။

"ဒါ…ကိုကိုပဲ"

နှင်းဖြူ ဒေါသနှင့် ပြေလျော့နေသော စောင်ကိုတင်းတင်းပိနေအောင် ခြုံလိုက်၏။ ရင်တွေ တဒုတ်ဒုတ်လည်း ခုန်ကာ နေလေသည်၊



www.burmeseclassic.com

## အခန်း(၂)

“ညီမလေး…ညီမလေးရေ”

ခြိတ်ခါး အသာဟထားကတည်းက ညီမလေးပြန်ရောက်နေနှင့်ပြီဆိုတာကိုမိုးဆွေသိသည်၊ သူ့ခေါ်သံမှာကလည်း တောင်းပန်သော၊ နားလည်ပါဆိုသောအသံတွေ ပါနေသော်လည်း အိမ်ထဲက တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမရှိခဲ့ပါ။

မိုးဆွေ အိမ်ပေါ်ကို သူခိုးတစ်ယောက်လို အသာတက်၏။

“ညီမလေးရေ…ညီမလေး”

အိမ်သည် တိတ်ဆိတ်၍နေသည်။

ညီမလေးအိပ်ခန်းဝမှ အသာချောင်းကြည့်တော့ ညီမလေးက ခေါင်းကို ခေါင်းမြီးခြုံကာထားသည်။ ဒါဆိုလျှင် ညီမလေး တော်တော်ဒေါသထွက်နေပြီ။ သူမည်သို့ချော့ချော့ ပေကပ်ကာ ခေါင်းမြီးခြုံထဲက မထဘဲ နေတော့မည်





ဆိုတာတွေကို မိုးဆွေ သိသွားပြီဖြစ်သည်။

ဒီမနက် သူဖြစ်ခဲ့တာတွေကို ရှင်းပြလည်း ညီမလေးက နားထောင်တော့မှာ မဟုတ်၊ ညီမလေး နားထောင်သည်ပဲ ထားဦး၊ သူဖြစ်ခဲ့တာတွေက ယုံချင်စရာမကောင်း။ ဒီတော့ သူဘာလုပ်ရမလဲ…။ ညီမလေးစိတ်ဆိုးနေတာကို ချော့ဖို့ သူ့မှာ နည်းတစ်နည်းပဲ ရှိပါသည်။

မိုးဆွေ အပေါ်အင်္ကျီကို ချွတ်ကာ ပုဆိုးကို တိုတိုဝတ်ရင် တံပိုးချိတ်နှင့်လေးထောင့်သံပုံးနှစ်လုံးကို ဆွဲတပ်ကာ လမ်းထိပ်က ရေစက်အိမ်သို့ သွားကာ ရေတစ်ထမ်းပြီးတစ်ထမ်း ထမ်းသည်။ ရေပိုက်နှင့် သွယ်လျှင် ရေတစ်တိုင်ကီကို တစ်ရာကျပ် ပေးရပြီး ထမ်းလျှင်တော့ တစ်ထမ်းကို သုံးကျပ်သာ ပေးရ၏။

သို့သော် ညီမလေးကို ချော့လျှင် မိုးဆွေ ဘယ်တော့မှ ရေကို ပိုက်နှင့် မဝယ်။ ကိုယ်တိုင်ထမ်းလေ့ရှိသည်။ ရေတစ်တိုင်ကီ ပြည့်တော့ မီးဖိုဘေး တင်ထားသော ထမင်းအိုးက ပွက်နေချိန်နှင့် ကွက်တိရ၏။ ထမင်းအိုးငှဲ့…။ နပ်ပြီးတော့ လုံးချည်ရေစိုတိုတိုနှင့်ပင် သနပ်ခါးကို သွေးရသည်။ ကျောက်ပျဉ်တစ်ခုလုံး ပျစ်နှစ်ပြီး ပြည့်နေအောင်ကို သွေးပေးရ၏။ ငယ်စဉ်ကတည်းက ညီမလေးသည် သနပ်ခါးကို ဖုံကာ ပါးနှစ်ဖက် တင်းနေအောင် လိမ်းပြီးလျှင် ဘယ်တော့မှ မငိုတတ်။ “မငိုနဲ့နော်…ညီမလေး ငိုရင် သနပ်ခါးတွေ ပျက်ပြီး မလှဘဲနေလိမ့်မည်” ဟု သူက ပြောလျှင် ညီမလေးက ဝဲကျလာသောမျက်ရည်များကို အံကြိတ်ကာ ရအောင်ထိန်းလေ့ရှိ၏။

ထိုစိတ်ကူးနှင့် ဒီနေ့အပြစ်ကို ချေရန် သနပ်ခါးတွေ ကြိုးသွေးတာ ကျောက်ပျဉ်တစ်ခုလုံး လျှံကာသွား၏၊ သနပ်ခါးသွေးပြီးတော့ ချိုင့်ကလေးဆွဲကာ လမ်းထိပ်သို့ ထွက်ရသည်၊ လမ်းထိပ်က ဒေါ်မြို့င့်ဆိုင်မှာ ညီမလေးအတွက် ကြက်သားဟင်းတစ်ပွဲ ဝယ်သည်။

“ဟဲ့…နင့်အတွက်ကရော မိုးဆွေ”

ဒေါ်မြို့င့်စကားကြောင့် မိုးဆွေ တုန့်ခနဲဖြစ်သွား၏။ သူ့မှာ ပိုက်ဆံက သိပ်မရှိတော့၊ အို…အစကတည်းကလည်း သူ့အတွက်ဆိုတာ စိတ်မကူးခဲ့ပါဘူးလေ။

“ရပါတယ်…ညီမလေးကလည်း အကုန်မစားပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြိုင်က မျက်စောင်းတစ်ချက် လှမ်းထိုးရင်းက…

"ဟင်း…ဒီအစ်ကိုနဲ့ ဒီညီမကတော့၊ ကဲ…နှင့်အတွက် ခေါင်းနဲ့တောင်ပံ တစ်ချောင်း ထပ်ထည့်ပေးလိုက်မယ်…ဟုတ်လား"

တစ်အိမ်က့အကြောင်းကို တစ်အိမ်က သိနေသော လက်လုပ်လက်စား သူတို့ရပ်ကွက်ကလေးမှာ ချမ်းသာတာဆိုလို့ ဒါမျိုးပဲ ရှိပါသည်။ ဒေါ်မြိုင် အပိုထည့်မပေးလည်း ညီမလေးက ကုန်အောင်စားပစ်မည် မဟုတ်ပါ။ ဒေါ်မြိုင်ကလည်း ဘယ်တော့မှ အပိုထည့်မပေးဘဲ မနေပါ။ သူတို့ဘဝတွေက ငွေမချမ်းသာတာကလွဲ၍ သီးခြားမဟုတ်၊ မိုးလင်းတာနဲ့ တစ်ယောက်နဲ့ တစ်ယောက် တစ်အိမ်နဲ့တစ်အိမ် နားလည်ဆက်စပ်ပေးနေရသော ဘဝတွေဖြစ်၏။

"ညီမလေးရာ…ခွင့်လွှတ်ပါကွာ၊ ကိုကိုကလည်း ကိုကိုပဲ သိလား ဘာမဟုတ်တဲ့ စာတစ်စောင်အတွက်နဲ့ ဒီနေ့ကြုံလိုက်ရတာ၊ ဘယ်သူတွေမှန်းလည်းမသိ၊ ဘာတွေမှန်းလဲ မသိပါဘူး ညီမလေးရာ၊ လောကကြီးက ဒီလိုပါပဲ၊ ညီမလေး စိတ်ကောက်မပြေတော့နော်"

သူ့စိတ်ကူးကို သူကျေနပ်ရင်း စကားတွေ ပြောသွားသော မိုးဆွေကို ရပ်ကွက်ထဲက လူတွေက ထုံးစံအတိုင်း ပြုံးကာကြည့်ကြလေသည်။

ငါးပိရည်၊ တို့စရာနှင့် ထမင်းဟင်းတွေ ပြင်ဆင်ပြီးသည့်တိုင် ညီမလေးက အိပ်ရာမှ မနိုးသေး။ ညီမလေးသည် လေးနှစ်သမီးအရွယ်ကတည်းက အဖေအမေ မရှိသောဒဏ်ကို ခံခဲ့ရသည်၊ ထိုစဉ်က အဒေါ်တစ်ယောက်သာ မှီခိုစရာရှိသော်လည်း ညီမလေးက သူ့ကိုသာ ပို၍အားကိုးမှန်း သူသိသည်။ ထိုစဉ်ကတည်းက ညီမလေးက သူ့ကို စိတ်ကောက်လျှင် စောင်ခေါင်းမြီးခြုံကာ ပေအိပ်ရင်း နောက်ဆုံး အိပ်ပျော်သွားတတ်၏။ အခုလည်း ညီမလေးက သူ့ကို စိတ်ကောက်ရင်း အိပ်ပျော်သွားတာပဲ ဖြစ်ရမည်။

ဆေးပေါ့လိပ် အတိုကလေး ဖွာရင်း အတွေးကောင်းနေတုန်း သူထိုင်နေသော ကြမ်းပြင်က သိမ့်ခနဲ တုန်ကာသွား၏။ ညီမလေး…နိုးပြီ၊ ညီမလေးသည် ထုံးစံအတိုင်း သူ့ကို စကားမပြောဘဲ အိမ်နောက်ဖေးသို့ ဝင်ကာသွား၏။

ခဏကြာတော့ ပြန်ထွက်လာပြီး လျှောက်လာရင်း သနပ်ခါးတွေ ပြည့်နေသော ကျောက်ပြင်ကို တစ်ချက်ငဲ့ကာ ကြည့်သည်။ ပြီးတော့ သူခပ်ထားသော စည်ပိုင်းအပြည့် ရေတွေရှေ့မှာ ရပ်ကာ မျက်နှာကို သစ်ရင်း ရေချိုးဖို့ ပြင်သည်။

"ညီမလေး…"

မိုးဆွေ လှမ်းခေါ်သော်လည်း ညီမလေးက ပြန်၍မထူး။

မိုးဆွေ အသာပြုံးကာ ဆေးပေါ့လိပ်ကလေး ဖွာရင်း အိမ်နောက်ဖေးသို့ ထွက်လာခဲ့၏။ ဒီအချိန် မှာ သူအခွန်းတစ်သိန်းလောက် ခေါ်လည်း ညီမလေး ပြန်မထူးဘူးဆိုတာကို သူသိသည်။ သနပ်ခါး လိမ်းပြီးပါစေဦးလေ။

အဝတ်အစားလဲပြီးတော့ ညီမလေးမျက်နှာပေါ်မှာ သနပ်ခါးတွေက စီးကျလာတော့မတတ် ရှိ၏။ ထိုမျက်နှာကို ညီမလေးက တစ်ဖက်သို့ လှည့်ကာပစ်သည်။

"ညီမလေး…"

"…………"

"ညီမလေး…ဆို"

"…………"

"ညီမလေး…"

"ခေါ်နဲ့…"

"ညီမလေးကလည်းကွာ…ကိုကို ဟင်းဝယ်ထားပြီးပြီ၊ ထမင်းလည်း ကျက်ပြီ၊ ပူတုန်း စားလိုက်နော်"

"စားဘူး…"

"ဒေါ်မြိုင့်ဆိုင်က ညီမလေးရဲ့ ရင်ပုံသားလေးလည်း ပါတယ်၊ စားလိုက်နော်"

"စီဒိုးနားက ဝယ်ကျွေးလည်း စားဘူး၊ စားဘူးဆို လုံးဝမစားဘူး"

မိုးဆွေ အသံတိတ်သွားသည်။

ခေါင်းငိုက်စိုက်လည်း ကျကာ သွားသည်ကို နှင်းဖြူမြင်ရသည်။

"ကိုကို စီဒိုးနားကလည်း ဝယ်မကျွေးနိုင်ပါဘူးကွာ…ကိုကိုလုပ်ပေးနိုင်တာက ညီမလေး ချိုးဖို့ ရေခပ်ပေးဖို့နဲ့ သနပ်ခါး သွေးပေးနိုင်ရုံတင်ပါပဲ… ညီ…မ…လေး…ရာ"







www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အသံက တိမ်ဝင်ကာသွား၏။ အမှန်တော့ ဘာရယ်မဟုတ်၊ ပါးစပ်ထဲ ရှိတာ ပြောချလိုက်မိခြင်းသာဖြစ်သည်၊ အိပ်ရာက နိုးလို့ ကိုကို ခပ်ထားတဲ့ရေကို ချိုးပြီး သနပ်ခါး လိမ်းပြီးကတည်းက စိတ်ဆိုးတာ ပြေနေပြီ ဖြစ်သော်လည်း အနိုင်ရနေကျစိတ်နှင့် ဆက်အနိုင်လုကာ ပြောမိခြင်းပင်ဖြစ်၏။

"ကိုကိုက ဒါပဲ၊ ဒီနေ့ ကိုကို့ကြောင့် ညီမလေး ဘယ်လောက် အရှက်ကွဲခဲ့ရလဲဆိုတာ ကိုကိုသိလား"

"ဟင်...ဘာဖြစ်လို့လဲ၊ ညီမလေး ဘာဖြစ်လို့လဲ"

ကိုကိုက ထိတ်လန့်တုန်လှုပ်စွာ မေးသည်၊

"ဘာဖြစ်မလဲ ကိုကိုရဲ့...အားလုံးရှေ့မှာ ထမင်းချိုင့် ဖွင့်ရတော့ ညီမလေးက ဟင်းမှ မပါတဲ့ဟာကို..."

ကိုကို...ခေါင်းငိုက်စိုက် ထပ်ကျသွားပြန်၏။ ပြီးတော့မှ ခပ်တိုးတိုး ရေရွတ်သည်၊

"ကိုကို့အမှားပါကွာ...ညီမလေးကလည်း ကိုယ့်ဘာသာ ဝယ်စားရင် ရရဲ့သားနဲ့ဟာ..."

"ဩော်...ကိုကိုကလည်း၊ ညီမလေးမှာက ပိုက်ဆံတစ်ရာတောင်မှ အနိုင်နိုင် ပါရတဲ့ဟာ၊ ပြီးတော့...တက္ကသိုလ်ဆိုတာ တစ်ခါတလေ ငြင်းလို့မရတဲ့ အဖြစ်တွေ ရှိတယ်ဆိုတာလည်း ကိုကိုသိသားနဲ့၊ ကိုကိုလည်း တက်ခဲ့ဖူးတဲ့ဟာ..."

ကိုကို တစ်ခွန်းမှ မပြောတော့။

ပြောပြီးမှ နှင်းဖြူ နည်းနည်းလန့်ကာသွား၏။ "တစ်ခါတလေ ငြင်းလို့ မရတဲ့အခြေအနေဆိုတာ ဘာလဲ" ဆိုရင် မခက်ဘူးလား၊ သူ့မျက်နှာကို ကွက်ကနဲ သတိရသည်၊ မှာလိုက်တဲ့ဟင်းတွေ မနည်းဘူး။ ပြီးတော့ ကိုကိုဝယ်ပေးထားတဲ့ ကြက်သားဟင်းတစ်ခွက်။

"ကိုကို တောင်းပန်နေပြီပဲ ညီမလေးရာ...ကိုကိုလည်း ဘယ်လိုမှ မတတ်နိုင်တာနဲ့"

ထိုနေရာမျိုးကျတော့ မိန်းကလေးတွေက ယောက်ျားလေးတွေထက်





ပို၍ တန်နပတ္တိဉာဏ် ပိုကာရှိတတ်ကြ၏။

"နေပါဦး...ကိုကိုက မနက်က ဘာဖြစ်တာလဲဟင်"

"ဟိုလေ...ကိုကိုက ဟိုကွာ...မိတ်ဆွေတစ်ယောက်ကို ကူညီရင်းနဲ့ အချိန်မီ ပြန်မရောက်နိုင်တာပါ"

"တော်ပြီ ကိုကို...ကိုကိုက ဒါပဲ၊ ညီမကိုကျတော့ ပစ်ထားတယ်၊ ကောင်းပါတယ်လေ...ကဲ...ကိုကိုပါ တစ်ခါတည်းစား"

"ဟင့်အင်း...ညီမလေး ပြီးမှပဲ..."

"ကိုကိုနော်...တစ်ခါတည်းစားဆို၊ ညီမလေး ထပ်စိတ်ကောက်လိုက်ရမှာလား"

"အမလေး...မလုပ်ပါနဲ့ကွာ၊ စားမယ်...တစ်ခါတည်း စားပါ့မယ်"

ထိုနေ့ညနေက စားနေကြသော သူတို့မောင်နှမနှစ်ယောက် ထမင်းလက်ဆုံ အားရပါးရ အတူစားကာ အဆင်မပြေမှုများအားလုံးကို မေ့ပျောက်ပစ်လိုက်ကြသည်။

ထိုမေ့ပျောက်မှုနှင့်အတူ သူတို့စိတ်ထဲမှာ တစ်ဦးနှင့်တစ်ဦး ပြောမပြနိုင်သော ဖုံးကွယ်မှုများလည်း တစ်ပြိုင်တည်း ရှိသွားကြ၏။

လူဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး သန့်စင်စွာ ချစ်ခင်ရန်အတွက် တစ်ခါတစ်ရံ ထိုသို့ ဖုံးကွယ်ရသည်များလည်း ရှိတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

**နှတ်**ဒေဝတာအပေါင်းတို့ကို ဖမေမေက မေတ္တာပို့ပြီးချိန်မှာပင် ချမ်းမြ အိပ်ရာမှ နိုးပါသည်။

ဖေဖေကတော့ အရလောက်ဆိုလျှင် တုတ်ကောက်တစ်ချောင်းနှင့် လမ်းလျှောက်ထွက်ရင်း သူ့မိတ်ဆွေကြီးများနှင့် နံနက်စောစော လက်ဖက်ရည်ဆိုင်မှာ စကားပြောနေလောက်ပြီ၊ အိမ်ရှေ့မှ ကားသံ၊ လူသံနှင့် ဈေးသည်သံများကိုလည်း အိပ်ရာထဲမှာ အပျင်းကြောဆန့်ရင်း ချမ်းမြ ကြားနေရပါ၏။

ချမ်းမြ၏ဘဝက မကြောင့်မကြဟုတော့ ပြော၍ရသည်။ ယခင်က နိုင်ငံ့ဝန်ထမ်းဖြစ်ခဲ့ဖူးသော ဖေဖေနှင့်မေမေက သုဝဏ္ဏမှာ တိုက်ခန်းကလေး တစ်ခန်းရသဖြင့် အေးအေးဆေးဆေးတော့ နေခွင့်ရသည်။ မိဘနှစ်ပါး၏ပင်စင်လစာကလေးရော သူမဝင်ငွေကလေးရောနှင့် ဣန္ဒြေမပျက်အောင် နေလို့ရသော်လည်း ချမ်းသာသည်ဟုတော့ ပြော၍မရ။ အေးပေါ့လေ…။ ဦးသန့်ဇင်ကို





တို့လိုတော့ မချမ်းသာဘူးပေါ့ဟု ချမ်းမြတွေးမိသည်။ အခုထိ ဘတ်(စ်)ကား စီးနေရတုန်း။

ဒီလို ဘတ်(စ်)ကား စီးရလို့လည်း မနေ့ကကိစ္စမျိုး ကြုံရတာပေါ့ ဟု တွေးရင်း အိပ်ရာက နိုးနိုးချင်း ဒေါသက ဖြစ်မိသေး၏။ ရှိစေတော့…။ ဒီကိစ္စကိုတော့ ဖေဖေတို့မေမေတို့ကို မပြောဖို့ ဆုံးဖြတ်ကာထားသည်။

သူမက မပြောဖို့ ဆုံးဖြတ်ထားသော်လည်း သိချင်သူတွေက ရေမိုးချိုးပြီး မိတ်ကပ်ပါးပါးကလေး လိမ်းနေစဉ်မှာပင် သူမထံသို့ ရောက်၍လာ၏။ "အံမယ်…ဖြူလေးနဲ့သက်စုတို့ မလာစဖူးပါလား" ဆိုသော မေမေ စကားသံဆုံးပြီး သိပ်မကြာ၊ ဒီနှစ်ကောင် အခန်းထဲသို့ ရောက်ကာလာကြ၏။ ဖြူလေးက ချမ်းမြ ချော်နေသော ကလစ်ကလေးကို အသာ နောက်ဘက် ဖဲပြားကလေးမှာ ထိုးပေးရင်း…

"ချမ်းမြရာ…လှပြီးသားပဲ၊ ဒီလောက်တောင် ပြင်ဆင်နေရတယ်လို့"

"ဟယ်…ဖြူလေးကလည်း၊ ချမ်းမြက ပြင်ရုံပြင်တာပါ၊ ဆင်သေးတာမှ မဟုတ်ဘဲ၊ ပော့ကောင်…မနေ့က ဘာတွေဖြစ်ကြတာလဲဟင်…"

"ဘာလဲ…မင်းတို့က Company ဝန်ထမ်းတွေလား၊ သတင်းထောက်တွေလား"

"ချမ်းမြကလည်းကွာ…လူရင်းတွေဆိုတာ သိထားသင့်တာပေါ့၊ ဒါမှ သတင်းအမှားတွေ ပြောရင် ရှင်းလို့ရမှာလေ"

"တော်ပြီ ချောစု…သိချင်ရင် ခဏအောင့်ထား၊ လမ်းကျမှ ပြောပြမယ်"

ဒီကောင်နှစ်ကောင် မေမေ့ကိုယောင်၍၊ ထင်၍တွေတော့ ပြောတတ်၏၊ အမှန်ဆို မနက်ရှစ်နာရီခွဲသည် သူမ ရုံးသွားဖို့တော်တော့်ကို စောနေပါသေးသည်၊ ဒီနှစ်ကောင် အတူပါလာသည့်အတွက် သူမ မသိစေချင်သော ကိစ္စတစ်ခုကို ပြောရတော့မည်ဖြစ်သော်လည်း မနေ့က မကျေနပ်သွားဟန်တူသော ဟိုလူထပ်နှောင့်ယှက်လာလျှင် ရင်ဆိုင်ဖို့အတွက်လည်း တစ်အားဖြစ်ရပါသည်။

"ပြောတော့လေကွာ…"



www.burmeseclassic.com

www.burmeseclassic.com



"Company ရောက်မှကွာ"

"မဖြစ်ဘူး ချမ်းမြ၊ ဒီကိစ္စတွေကို Company ရောက်မှ မေးရင် လွတ်လပ်မှာ မဟုတ်လို့ တမင် မင်းအိမ်ကို လာပြီးမေးတာ၊ Company မှာဆိုရင် စကားတစ်လုံးက မီဂါဗိုးနှစ်လုံးလောက် ကျဲသလိုဖြစ်တာ မင်းလည်း အသိပဲဟာ"

"ဘာဖြစ်လဲ…ကိုယ်က အမှန်ပဲဟာ"

"မင်းမှန်တာက ဒီအဖြစ်အပျက်ကို နားစွန်နားဖျား ကြားပြီး သူတို့ထင်ရာ လျှောက်ပြောကြမယ့် လူသုံးလေးယောက် ပါးစပ်နားအထိ ရှိနေနိုင်မှာတဲ့လား…"

ချောစု ပြောတာလည်း ဟုတ်သည်။ Company ရဲ့နေ့လယ်ဝင်စာထမင်းဝိုင်းများနှင့် ညနေဦး အလုပ်အားချိန်များမှာ ကြမ်းပိုးကလီပ်၊ လီပ်ကနေ ဂေါ်ဇီလာဖြစ်သွားကြသော ကိုယ့်ရှေ့က လူတွေရဲ့အကြောင်းတွေကိုလည်း သူသိကြားပြီးလှတာ ကြာပြီ။

"ဘာမှ မဟုတ်ပါဘူးကွာ…ဒီလိုပါပဲ"

"ချမ်းမြရ… အဲဒီ…ဒီလိုပါပဲဆိုတာကိုပဲ အစအဆုံး ပြောပြကွာ"

ငြင်းမရသည့်အဆုံး မနေ့က ကြုံသမျှအားလုံးကို ပြောပြရသည်။ စကားဆုံးသည်နှင့်…

"ဟာ…ဒါဆို…ငါတို့ဆရာကြီးတော့ သွားပြီပေါ့"

"ဒုက္ခပဲ…Company တစ်ခုလုံးက မင်းဘက်ကနေ တို့ဆရာကြီးက မောင်းတင်ပြီး လိုက်သွားတာကို ကြားထားတာ၊ မင်းကို ဘာပြောသေးလဲဟင်"

"ဟင့်အင်း…မျက်နှာကြီးတော့ နီနေတာပဲ"

"မယ်မြရယ်…နင်က ဖြစ်လိုက်ရင်တော့ တစ်လွဲချည်းပါပဲလား"

"ကျုပ်ကို မယ်မြလို့ မခေါ်နဲ့နော်၊ ဘာတတ်နိုင်မှာလဲ…ငါ့ကိုက လွဲနေတာကို…ဒါတောင် ဟိုအရူကြောင်ကြောင်ကောင်က အိမ်ပြန်မယ်ချည်း ခွပြောလို့တော်သေးတာ၊ သူကသာ ဟိုဟာ…ဒီဟာဆို ဒုက္ခ၊ သိလား"

"ဆရာကြီးဘက်ကလည်း ရင်းရတဲ့ သိက္ခာက မနည်းပါဘူးကွာ၊ မိန်းကလေးတစ်ယောက်နဲ့ စကားပြောဖို့ဆိုရင် သေမလောက် ကြောက်ရတဲ့





လူကျမှ ဒါမျိုးဖြစ်ရတယ်လို့…မင်းက Company မှာ သူ့ပထမဦးဆုံး စဂရုစိုက်တဲ့လူပဲ"

ဒီစကားကတော့ သူ့ကို တွေဝေစေတာ အမှန်ပဲဖြစ်သည်။ မနေ့ကသာ ဟိုလူ စာတကယ်ပေးသည်ဆိုလျှင် သူ့ဘက်က အမှတ်တော်တော်ရသွားနိုင်၏။ အဲဒီလိုသာ အမှန်ဖြစ်လိုက်ချင်ပါသည်။

"အေးကွာ…အဲဒီကောင်ကလည်း ငအူပါ၊ အမှန်ဆို သူတကယ့်ရည်းစားစာ ပေးရင် ပြီးရော"

"ဘာ…မယ်မြ"

"ကျုပ်ကို မယ်မြလို့ မခေါ်နဲ့…မကြိုက်ဘူးဆို၊ သူစာတကယ်ပေးရင် မင်းတို့ဆရာကြီးနဲ့ ငါအဆင်ပြေရောပေါ့"

"သြော်…ဆရာကြီးနဲ့ အဆင်ပြေချင်တာလား"

ဒါမျိုးကျတော့ ချမ်းမြတို့က ခြေတစ်ဘက် ဆောင့်ကာ နှစ်ယောက်အလယ်က ရှန်းထွက်ရင်း လျှောက်သွားလိုက်၏။

"ကျုပ်…ဘာပြောချင်တယ်ဆိုတာကို သိရဲ့သားနဲ့၊ တမင်သက်သက်လိုက်ရစ်နေတာ၊ ဘာစကားမှ မပြောတော့ဘူး…သိလား"

ချမ်းမြ ခြေဆောင့်ကာအထွက် ဟိုကောင်တွေ အော်ဟစ်ခေါ်ကာနောက်က ပြေးအလိုက် လမ်းမထိပ်မှာ ချိုင့်ကလေး ကိုင်ကာ သူတို့ဘက် လှည့်ကာ ကြည့်နေသော မနေ့က ခပ်အူအူလှကို တွေ့လိုက်ရသဖြင့် ချမ်းမြ လန့်ကာ ကိုယ်ရှိန်ကို သတ်ပြီး သူငယ်ချင်းတွေနှင့်အတူ နေလိုက်ရသည်။

ထိုလူက တစ်ချက်ငေးရဲ့သာငေးပြီး ခေါင်းငိုက်စိုက်ချကာ ထွက်သွားသဖြင့် ချမ်းမြ မည်သူ့ကိုမျှမပြောဘဲ ကြိတ်၍သက်ပြင်းချရလေသည်။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



Company ထဲရောက်ကတည်းက လူတွေက လိုက်ကြည့်ကြသည့် အကြိုက် ချမ်းမြမြကြိုင် တော်တော်လေး ခံရလေသည်။ အဆိုးဆုံးက ချမ်းမြကို ကြည့်ကာ လူတွေက အချင်းချင်း အရေးတကြီးပုံစံနှင့် တီးတိုးစကားပြောကြခြင်းပင်ဖြစ်၏။

ဝင်စာထွက်စာဌာနက ကောင်မလေးတွေကလည်း ချမ်းမြကို ကြည့်လိုက်...ခေါင်းချင်းဆိုင်သွားလိုက်နှင့် ရှိ၏။ Marketing ထွက်မည့် ကောင်မလေးတွေအုပ်စုကလည်း ချမ်းမြကို ဖျတ်ခနဲ ခိုးကြည့်သူကကြည့် ခပ်ယဲ့ယဲ့လေး ပြုံးပြသူကပြုံးပြနှင့် နေသည်။ အတန်ငယ် ရင်းနှီးသည့် မိတ်ဆွေများကတော့ အနားသို့ အသာတိုးကပ်လာပြီး "ဘယ်လိုလဲ...အဆင်ပြေရဲ့လား" ဟု မေးသူက မေးသည်။

"အပြင်ထွက်ရင် သတိထားနော်...ရာသီဥတုက မိုးအုံ့နေတယ်"

"အမလေး...အလန့်တကြားဟယ်...ဘာများလဲလို့၊ ရင်တုန်ပန်းတုန်အောင် မလုပ်ကြစမ်းပါနဲ့...တကယ်တည်း"

"ကဲ...ကဲ...ကိုယ့်အလုပ် ကိုယ့်တာဝန် ကျေကြနော်၊ ဖြစ်လာရင် မပြောချင်ဘူး"

....အစရှိသောစကားတွေက Company မနက်ခင်းထုံးစံအတိုင်း ကြားနေကျဖြစ်သော်လည်း ဒီနေ့အဖို့တော့ သူ့အတွက်သာ ရည်ညွှန်းနေသည်ဟု ချမ်းမြထင်သည်။ မနေ့က မနက်ခင်းမှာ ပြဿနာစတက်ပြီး ညနေရုံးဆင်းချိန်ကျမှ ဦးသန့်ဇင်ကိုနှင့် ရှင်းလိုက်ရသော ပြဿနာကို ဘဝတူဝန်ထမ်းတွေ





စိတ်ဝင်စားနေကြတာ အဆန်းတော့ မဟုတ်လှ၊ လူဆိုတာက ဘာမှန်းမသိလေ ပိုစိတ်ဝင်စားချင်လေ မဟုတ်လား။

ချမ်းမြက မျက်ဝန်းတွေကို ကျောပေးကာ အသံတွေကိုတော့ Computer ခလုတ်ပေါ်မှာ အာရုံစိုက်ထားလိုက်၏၊ ဒါတောင်မှ မြှူလေးနှင့်သက်စုက အရေးတကြီး လာရောက်သတင်းပေးသွားခဲ့သေး၏။

"ချမ်းမြရေ...မင်းကိစ္စကတော့ သူတို့ထင်ကြေးတွေနဲ့ ပွနေတာပဲကွ၊ နောက်ဆုံးသတင်းကတော့ Boss က မနေ့က တော်တော်လေးရက်သွားတယ်ဆိုတာပဲ၊ တချို့ကလည်း မင်း မလည်ရှုပ် လုပ်တာတဲ့"

ချမ်းမြ ညာဘက်အစွန်းက မဲ့ကလေး ကော့တက်သွားအောင် ပြုံးပစ်လိုက်သည်။

"ကိုယ်က မှန်တယ်ထင်ရင် တစ်လောကလုံးကို ရန်သူလုပ်ပစ်ဖို့ ဝန်မလေးဘူး မြှူလေး"

"စိတ်နည်းနည်းလျှော့ ချမ်းမြ၊ ပြဿနာကိုပဲ အဓိက စဉ်းစား...တစ်ခါတလေ မှန်တယ်ဆိုတာက ဟိုလိုဒီလို ဖြစ်သွားတတ်တယ်"

ချောစုက ကမန်းကတန်းပြောရင်း လစ်ထွက်ကာသွား၏၊ Computer ပေါ်မှာ ချမ်းမြဖွင့်ထားသည့် File က Game File ဖြစ်နေသဖြင့် ကမန်းကတန်း ပိတ်ရသည်၊ ဒီလိုဖြစ်နေသည့်အချိန်မှာ Game ခိုးကစားဖို့ မကောင်းဘူးဆိုတာလောက်တော့ ချမ်းမြလည်း သိပါသည်၊ ဘယ်ကဘယ်လို လျှောက်နှိပ်မိမှန်းမသိ။

ခဏအကြာမှာပင် အားလုံးစောင့်နေသော အသံတစ်သံက ပေါ်လာလေသည်။

"မချမ်းမြမြကြိုင်ရေ...တို့ဘော့(စ်) ဆရာပန်ချာပီက တွေ့ချင်လို့ပါတဲ့"

လေသံက အားလုံးကြားအောင် ပြောသံ၊ ဝမ်းသာအယ်လဲ အသံ၊ ဘာတတ်နိုင်သေးလဲ ဆိုသည့်အသံ၊ ချမ်းမြ ဝုန်းခနဲ ထရပ်ပစ်လိုက်သည်။

"ဒီမှာ ကိုတင်လွှန်း...စကားကို ယောက်ျားလို ပြောပါ"

"အမလေး...ဟိုကခေါ်လို့ခေါ်တယ်ပြောတဲ့ကိစ္စပဲ၊ ငါက ဘယ်လိုပြော



www.burmeseclassic.com

www.burmeseclassic.com



နေလို့လဲ"

ကိုတင်လွန်းက နည်းနည်းနွဲ့သည်၊ လုံးဝ အခြောက်တော့လည်း မဟုတ်၊ ဒါပေမယ့် ယောကျ်ားတစ်ယောက်လို မနေတာလည်း အမှန်ပင် ဖြစ်သည့်အတွက် ချမ်းမြစကားက သူ့ကို တည့်တည့်ထိသွားသည်။

"ဘာကိစ္စတဲ့လဲ"

"ဘယ်သိမလဲ…ဆတ်ဆတ်ထိမခံကို ဖြစ်နေလိုက်တာ…ခေါ်လို့ ခေါ်တယ် ပြောတဲ့ဥစ္စာကို…"

"ကောင်းပြီလေ…ပြောတိုင်းသာ ပြန်ပြောရမယ်ဆိုရင် ရှင်အခုလို လာခေါ်ပါတယ်လို့ ဦးသန့်ဇင်ကိုနဲ့ တွေ့ရင်ကော ပြောပေးရမလား"

ကိုတင်လွန်း မျက်လုံးပြူးကာသွား၏။

ဟုတ်သည်။ ဦးသန့်ဇင်ကိုထံမှာ ယောကျ်ားလေးတန်မဲ့ ရှည်လျားကော့ညွတ်သော မျက်တောင်များနှင့် ထူထဲစိမ်းမြသောမျက်ခုံး၊ ဝိုင်းစက်ကြီးမားသော မျက်ဝန်းတွေ ရှိတယ်။ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး မရှိလှသော ဦးသန့်ဇင်ကို့ကို ဝန်ထမ်းတွေက Nick Name တစ်ခုပေးထား၏။ ထိုနာမည်က "ပန်ချာပီ" ဟူ၍ဖြစ်သည်။

"အမလေး…ဒါတော့ အားလုံးခေါ်နေကြလို့ ခေါ်မိတာပဲ၊ တို့ကျုပ်မှ…"

"ချမ်းမြ…မင်း သူနဲ့ ပြောမနေနဲ့တော့၊ တကယ်စကားပြောရမယ့်လူနဲ့ ပြောတာ ကောင်းပါတယ်ကွာ၊ သွား…သွား…သွားတွေ့လိုက်"

မြူလေးက စကားဝင်ဖြတ်ကာ လှည့်ထွက်လိုက်၏။ ဒီကိစ္စက မဆုံးတော့ဘူးလား။

ရှင်းပစ်လို့ရလျှင် အမြန်ဆုံး ရှင်းပစ်လိုက်ချင်ပြီ၊ လူတွေ နားမလည်နိုင်သောအဖြစ်မျိုးအတွက် တစ်ခုခု နစ်နာမှ ကျေအေးမည်ဆိုလျှင်လည်း ထိုနစ်နာကြေးကို သူမ ပေးရဲပါသည်။

ထိုသတ္တိတစ်ခုနှင့်ပင် ဦးသန့်ဇင်ကို၏တံခါးကို ရဲရဲ့စွာ တွန်းဖွင့်ဝင်ပစ်လိုက်၏။

卐 卐 卐 卐





ပထမတော့ ဒီမိန်းကလေး အခန်းထဲ ဝင်လာလျှင် ဒီအတိုင်း ထိုင်ကြည့်နေရတာ မသင့်ဟု ဆုံးဖြတ်ပြီး ရှေ့မှာ ရှိနေသည့် ဝင်စာတွေကို ယူကာ ဟန်လုပ်ဖတ်နေမိခြင်းသာဖြစ်၏။ သို့သော်…ဖတ်ရင်းနှင့် စိတ်ဝင်စားစရာ တော်တော်ကောင်းသော ဝင်စာတစ်ခုကို တွေ့ရသည်။

နိုင်ငံခြား Company ကြီးတစ်ခုက ငါးကြင်းတင်ဒါ ခေါ်သည့်ကိစ္စဖြစ်သည်။ သူတို့ယူမည့် ပမာဏက များသည်။ Company ကလည်း စိတ်ချရလောက်သော Company တစ်ခုဖြစ်ကာနေ၏။ သေချာစေ့စပ်စွာ ဖတ်တော့မှ သူ့ Company ကို အရင်လှမ်းဆက်သွယ်ခြင်းဖြစ်ပြီး တခြားမည်သည့် Company နှင့်မှ မဆက်သွယ်ရသေးကြောင်းပါ ဖော်ပြထားသည်။

ဦးသန့်ဇင်ကို ခေါင်းထဲမှာ ကိန်းဂဏန်းတွေ ဖြတ်ကာပြေး သွား၏။ ထို Company က လွန်ခဲ့သည့်သုံးနှစ်ခန့်က သူနှင့် အလုပ်လုပ်ဖူးတာ သွားသတိရသည်။ သို့သော် ငါးဈေးကွက်ကို သူမသိသေး၊ နိုင်ငံတော်က အင်းတွေ စနစ်တကျ ဆောက်ကာ ငါးတွေ မွေးနေတာလောက်ပဲ သိထားသည်။ ဈေးကွက်အနေနှင့် မဆိုး၊ လက်ဦးထားတာ ကောင်းမည်၊ သုံးရက်အတွင်း သူတို့လိုချင်သည့်ပမာဏ ရမရနှင့် ဈေးနှုန်းကို သတင်းပို့ရမည်ဖြစ်၏။ သူဘာလုပ်ရင် ကောင်းမလဲ။ ဒီနေ့ ဒါမှမဟုတ် မနက်ဖြန် ငါးနှင့် ပတ်သက်သော အချက်အလက်တွေအားလုံးကို သူရမှကို ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com

“အပျှန်း”

ရုတ်တရက် ချောင်းဟန့်သံတိုးတိုးကြောင့် ဦးသန့်ဇင်ကို လန့်ကာသွား၏။ သူ့ကိုတစ်ချက်စိုက်ကြည့်ကာ မျက်လွှာချသွားသော ကောင်မလေးကို တွေ့ရသည်။ ရုတ်တရက်မှုန်ထုကာသွား၏။ ဒီကောင်မလေးနှင့် တွေ့ရတိုင်း သူ သတိလက်လွတ်ဖြစ်ရတာ နှစ်ကြိမ်ရှိပြီဆိုတာကိုလည်း သတိရလိုက်၏။

“အင်း…ဟို…Sorry ကွာ၊ ဒီမှာ အရေးတကြီး စာတစ်စောင် ဖတ်နေရတာနဲ့၊ ကဲ…ပြော”

“ဆရာခေါ်တယ်ဆိုလို့ပါ…”

“သေပဲ့…နန္ဒိယ” ဟု စိတ်ထဲက အော်မိသည်။

“ကြော်…ဒီလိုကွာ…အခု ငါးတွေဝယ်ရမယ် သိလား၊ ငါးအကြောင်း မင်းသိလား”

“ရှင်…”

သွားပြန်ပြီ၊ မတတ်နိုင်တော့။ နှုတ်ထွက်ပြီးသားစကားကို ရအောင်ဆက်ရတော့မည်။

“ဒီလိုကွာ…ကိုယ် ငါးလိုချင်တယ်၊ ငါးအကြောင်း မင်းဘာသိလဲလို့”

ကောင်မလေးက တစ်ချက်စဉ်းစားသည်။ ပြီးတော့…ပြုံးကာပြန်ပြော၏။

“ဆရာ…အလှူလုပ်မလို့လားရှင်”

သူစိတ်ပျက်ရက်ရွှံ့စွာဖြင့် နဖူးပေါ် လက်တင်ကာ မျက်စိကို ခဏမှိတ်ထားလိုက်ရသည်။ အခြေအနေက တော်တော့်ကို လွဲချော်နေပြီဖြစ်သည်။ သူငယ်ချင်းလိုတစ်မျိုး၊ အတွင်းရေးမှူးလိုတစ်ဖုံ အားကိုးရသော ဇော်မြင့်သာ ရှိနေလျှင် သူ့ကို ဆဲလိုက်မည့် ဖြစ်ခြင်း။

“အလှူမဟုတ်ဘူးခင်ဗျ…ဒီလိုဗျာ” ဟု အစချီကာ သူ့ထံ ရောက်လာသောစာနှင့် ငါးကိစ္စတွေကို ကောင်မလေးကို ရှင်းပြနေမိ၏။ ပထမဦးဆုံးအကြိမ် ကိုယ့်လက်အောက်ငယ်သားတစ်ယောက်ကို သူလုပ်မည့် Project ကြီးတစ်ခုအကြောင်း ရှည်လျားစွာ ရှင်းပြမိခြင်းလည်းဖြစ်၏။ ရှင်းပြရင်း ပြောနေရင်းလည်း သူမှားနေသည်ဆိုတာကို သတိရသည်။ သို့သော် ရပ်၍တော့ မရ





တော့။ ကောင်မလေးက စိတ်အားထက်သန်စွာ နားထောင်နေတာလည်း ပါမည်ထင်သည်။

“ကျွန်မက ငါးအကြောင်းကိုတော့ မကျွမ်းကျင်ပါဘူး ဆရာ၊ ဒါပေမယ့် ဆရာလုပ်ချင်တယ်ဆိုရင် ကျွန်မတတ်နိုင်တဲ့ဘက်က ကူညီဖို့ အဆင်သင့်ပါပဲ၊ ရေလုပ်ငန်းဦးစီးဌာနကို ဆက်သွယ်ပြီး ဆရာလိုချင်တဲ့ငါးမျိုး ဘယ်မှာမွေးတယ်၊ ဘယ်လောက်ရနိုင်တယ်ဆိုတာ ကျွန်မ ချက်ချင်းစုံစမ်းပေးပါ့မယ်”

“ဟုတ်ပြီ…အမြန်ဆုံးတော့ သိချင်တယ်ကွာ၊ ဖြစ်နိုင်ရင် မနက်ဖြန်လောက်မှာ အချက်အလက်တွေအားလုံးကို သိချင်တယ်”

“ဟာ…အဲဒီလောက် အချိန်တိုအတွင်းမှာဆိုရင်တော့ ကျွန်မ တစ်ယောက်တည်းနဲ့ မဖြစ်နိုင်ဘူးဆရာ”

“ဒါဆိုရင် မင်း လူအင်အား ဘယ်လောက်လိုမလဲ…”

နောက်ဆုံးမှာ ဦးသန့်ဇင်ကို၏ငါး Project ကြီးကို ဦးစီးခေါင်းဆောင်မည့်သူသည် ချမ်းမြမြကျိုင် ဖြစ်ကာသွား၏။ ဦးသန့်ဇင်ကိုသည် သူ အမှားကြီးတစ်ခုကို လုပ်မိပြီဆိုတာကို သိနေလျက် ရဲဝံ့သော၊ ဖျတ်လတ်သော၊ ပြတ်သားသော၊ သတ္တိရှိနေသော ထိုကောင်မလေးကို သဘောကျနေတာလည်း အမှန်ပင်ဖြစ်သည်။

“ကျွန်မ သွားခွင့်ရပြီလား ဆရာ…”

“ဟာ…ခဏလေး နေဦး၊ မင်း ဟိုနေ့ကကိစ္စ…”

သူ့ အကောင်းဆုံး စကားလုံးကို စဉ်းစားနေတုန်း ကောင်မလေး မျက်နှာထားက တည်ကာသွား၏။ တည်ရာမှ ပုံစံပြောင်းကာ မျက်နှာညိုးသွားသည်ဟု ဆိုလျှင်လည်း ရသည်။

“အပြင်မှာတော့ ပြောနေကြတာ မျိုးစုံပဲ ဆရာ၊ ဒါပေမယ့် ကျွန်မက ဆရာ့သိက္ခာကျအောင် တမင်အကွက်ဆင်တာ မဟုတ်ဘူးဆိုတာကိုတော့ ဆရာ လက်ခံပါ”

“ကိုယ်လက်ခံပါတယ်…လက်ခံတယ်၊ ကိုယ်ပြောချင်တာက အဲဒီကိစ္စနဲ့ ပတ်သက်လို့ မင်းစိတ်ထဲမှာ ဘာမှမထားနဲ့တော့လို့ပဲ ပြောချင်တာ”

“ချမ်းမြက…အဲ…Sorry ဆရာ၊ ကျွန်မက အဲဒီနေ့ကတည်းက ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ မရှိတော့တာပါ၊ ဒါပေမယ့် အဲဒီကိစ္စက မနက်ပိုင်းမှာ ဖြစ်ပြီး ညနေကျမှ ဆရာနဲ့ကျွန်မ နှစ်ယောက်တည်း သွားရှင်းကြတာဆိုတော့ ဒီနေ့မနက်မှာ သတင်းတွေက အမျိုးမျိုး ဖြစ်နေတယ် ဆရာ၊ အဲဒါ ကျွန်မကို ဆရာဖြေရှင်းပေးပါ"

ရုတ်တရက် စကားကြောင့် သူအနည်းငယ် ကြောင်ကာ သွားသည်။ ဘာစကားသံတွေ ထွက်လို့ သူက ဘာကို ဖြေရှင်းပေးရမည်နည်း၊ ခုနက ပြောစကားထဲမှာတော့ သူမက သူ့သိက္ခာကျအောင် အကွက်ဆင်သည်ဟု လုံတွေ ထင်ကြောင်းပါသည်။ ဒါ...မဟုတ်ဘူးဆိုတာကိုလည်း သူ့စိတ်ထဲက သိကာနေ၏။

"ကိုယ်က မင်းအတွက် ဘာရှင်းပေးရမှာလဲ"

"အမှန်အတိုင်းပဲ...ရှင်းစေချင်တာပါ ဆရာ၊ ဤသို့...ဤပုံ ဖြစ်တယ်ပေါ့၊ ဆရာအကုန်သိနေတာပဲ"

သူတစ်ချက်တွေဝေကာသွား၏။ အမှန်တရားဆိုတာကတော့ ဟုတ်ပါပြီ။ ဒါပေမယ့် သူက အဲဒီစကားတွေကို အခုထွက်ပြီး ဝန်ထမ်းတွေအားလုံးရှေ့မှာ ပြောပြရမှာလား။ ဒါတော့ မဖြစ်နိုင်။

"ခက်တယ်ဗျာ...ဒီကိစ္စကြီးကို အားလုံး နားလည်အောင် ကိုယ် ဘယ်လိုရှင်းရမလဲ"

သူ့စကားဆုံးတော့ ကောင်မလေးက ပြုံးသည်။

ကောင်မလေး၏အပြုံးကို သိမ်းကြုံး ကြည့်လိုက်စဉ်မှာပင် ညာနှုတ်ခမ်းထောင့်စွန်းက မှဲ့ကလေးတစ်လုံး လွင့်ခနဲ တက်သွားတာကို သူမြင်ဖြစ်အောင် မြင်လိုက်ရသေး၏။

"လွယ်ပါတယ် ဆရာ၊ ဆရာ ဝန်ထမ်းတွေနဲ့ ဆုံနေကျ သုံးလတစ်ကြိမ် ဒါဘာမှာပဲဖြစ်ဖြစ် အကျဉ်းချုံးပြီး ရှင်းပေးပါလား"

ဒီကောင်မလေးက လွယ်လွယ်တော့မဟုတ်၊ သူလုပ်ရမည့်ကိစ္စကို သူလိုချင်သည့်ကိစ္စကို အစအဆုံး သိထားပြီးသား ကောင်မလေးတစ်ယောက်သာဖြစ်၏။

"ကျွန်မက မိန်းကလေးဆိုတော့ သိက္ခာနဲ့ ရင်းထားလို့ပါ ဆရာ၊ ကျွန်မ





ကို အမှန်အတိုင်းပဲ ကာကွယ်ပေးပါ"

သူ့ကို ငြင်းလို့မရအောင် ထပ်မံတုပ်နှောင်ပြန်၏။

"ကောင်းပြီကွာ...ကိုယ်ကြိုးစားပေးပါ့မယ်၊ ဒီအတွက်တော့ ဒါဘာ မရောက်မချင်း မင်းစိတ်အနှောင့်အယှက် မဖြစ်ပါနဲ့"

"စိတ်ချပါ ဆရာ...သုံးလတစ်ကြိမ် ဒါဘာရောက်ဖို့က ရက်(၂၀) လောက်ပဲ လိုတော့တာဆိုတော့ ကျွန်မစောင့်နိုင်ပါတယ်ရှင့်၊ ဆရာ အခုပေးလိုက်တဲ့တာဝန်ကိုလည်း ကျွန်မ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးပါ့မယ်လို့ ကတိပေးပါတယ် ဆရာ"

ထိုနေ့ကဦးသန့်ဇင်ကို ပိုင်ဆိုင်သော Red Arrow Company တွင် အံ့ဖွယ်သုတ သတင်းတစ်ခုကို လူတိုင်းက အလုအယက် ပြောဆိုလျက်ရှိကြ၏။

ထိုသတင်းမှာ အခြားတော့မဟုတ်။

ဦးသန့်ဇင်ကို၏ဂုဏ်သိက္ခာကို ထိခိုက်ခဲ့သည့်အတွက် အားလုံးက အရေးယူ အပြစ်ပေးခံရလိမ့်မည်ဟု ယူဆထားသော မိန်းကလေးတစ်ဦးကို ဦးသန့်ဇင်ကို ကိုယ်တိုင်က တစ်နာရီကျော်ကျော် ကိုယ်တိုင်တွေ့ဆုံကာ အကြီးမားဆုံးသော Project ကြီးတစ်ခုအတွက် ခေါင်းဆောင်အပ်နှင်းလိုက်သော ကိစ္စပင်ဖြစ်လေသည်၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

နေ့လယ်ခင်းတွင် လူရှင်းတတ်သည့် "ရွှေဒဂါး" ကဖီးတွင် "စိုင်းထီးဆိုင်" ၏ "မြင်းလှည်းသမားလည်း...အချစ်နဲ့ပါ" ဆိုသော သီချင်းသံ တစ်ခုသာ လူးလွန့်လျက်ရှိ၏။

လက်ကျန်တစ်ဝက်ခန့်ရှိသော ချိုကျလက်ဖက်ရည်ခွက်ရှေ့တွင် မိုးဆွေ ငုတ်တုတ်ထိုင်လျက်ရှိပြီး မိုးဆွေ၏အကြည့်က ကားလမ်းမပေါ်က ဖြတ်သန်းနေသမျှ ယာဉ်များကို ငေးနေကာ မိုးဆွေ၏အတွေးက ညီမလေးထံမှာ ရောက်ကာနေ၏။

"ညီမလေးမှာ ပိုက်ဆံတစ်ရာတောင်မှ အနိုင်နိုင် ပါတဲ့ဟာ" ဆိုသော ညီမလေးစကားကို သူ အကြိမ်ကြိမ် ကြားယောင်နေမိသည်။ တက္ကသိုလ်တက်နေရသည့် ညီမလေးအတွက် တစ်နေ့ ငွေတစ်ရာဆိုသောကိစ္စသည် မဖြစ်သင့်ပါ။ မိဘနှစ်ပါး မရှိတော့ဘဲ အစ်ကိုကိုသာ အားကိုးနေရသည့် ညီမလေးအတွက်





ပို၍ပင်မဖြစ်သင့်ပါ။ သူကိုယ်တိုင်လည်း ရုက္ခဗေဒနှင့် ဘွဲ့ရထားသည့် တက္ကသိုလ်ကျောင်းသားတစ်ယောက်မို့ ပို၍ပင် မဖြစ်သင့်မှန်း မိုးဆွေ သိကာနေသည်။

ရွှေ၊ ငွေ လက်ဝတ်လက်စားနှင့် အကျီဘာညာတွေကို ညီမလေးက မပူဆာဘူးပဲ ထားတော့၊ နေ့စဉ်သုံးစရာငွေ သုံးလေးရာလောက်တော့ ညီမလေးဆီမှာ ရှိနေဖို့သင့်သည်။ မိုးဆွေလည်း ညီမလေးအတွက် အလုပ်မျိုးစုံ လုပ်ခဲ့ပါသည်။ ကန်ထရိုက်တိုက်တွေ ခေတ်စားတုန်းက လက်သမားအကြပ် လုပ်ခဲ့ဖူး၏။ ထိုအဆက်နှင့် အုတ်သဲကျောက် ရောင်းသောဆိုင်ကိုရောက်ကာ အဝယ်တော်လိုလို၊ အရောင်းတော်လိုလို လုပ်ခဲ့ဖူးသည်။ ပြီးတော့ ပွဲရုံမှာ မန်နေဂျာရဲ့ တပည့်၊ ထို့နောက် အဝေးပြေးဂိတ်က လက်မှတ်ရောင်းသူ၊ သို့သော် ရိုးရိုးတည့်တည့်နေတတ်သော သူ့အတွက် အဆင်ပြေခဲ့သည့်နေရာ ဘယ်မှာမှမရှိ။

သူရိုးခြင်းကို လူတွေက ဆိုးသည်ဟု ထင်ကြသည်။ သူရိုးသားခြင်းက လူတွေအတွက် ပြဿနာတစ်ခုဖြစ်ကာနေသည်။ ခက်သည်က သူကလည်း ဒီလို ရိုးရိုးနေတတ်တာကို မပြင်နိုင်။ ပြင်လို့လည်း မရတော့၊ ဒီလိုနှင့်ပင် သူ့ဘွဲ့ တစ်ခုရကာ ညီမလေးက ဆယ်တန်းအောင်ခဲ့၏။

နောက်ဆုံး ရပ်ကွက်ထဲက သိန်းမြင့်တို့နှင့် ရှယ်ယာထည့်ကာ ဘေထုပ်တွေ ဝယ်ပြီး ဘားလမ်းမှာ ရောင်းဖူးသည်။ တွက်ခြေက မကိုက်၊ လမ်းကြေးက မမိုက်...။ နောက်ဆုံးစိုက်ထားသည့်အရင်းထဲက ငွေခြောက်ထောင်သာ ပြန်ရ၏။ ဒီငွေလေးကလည်း အခု လက်ထဲမှာ တစ်ထောင်ကျော်သာ ကျန်တော့သည်။ သူ ဘာလုပ်ရမည်နည်း။

"အမိမဲ့သား ရေနည်းငါး" ဟု လူတွေကဆိုကြသည်။ အမိရော အဖရော မဲ့တဲ့ သားနှင့်သမီးကျတော့ ဘာပြောကြဦးမည်နည်း။

သို့သော် မိုးဆွေသည် ညီမရှိသော အစ်ကိုတစ်ယောက်အနေနှင့် စိတ်ကို တင်းပါသည်။ သူ့ကြောင့် ညီမလေး စိတ်မညစ်စေရ။ နောက်ဆုံး လက်ကျန်ပစ္စည်းဖြစ်သော ညီမလေး နားက နားကပ်သည် အပေါင်ဆိုင်ကို မရောက်စေရ၊ အမေနှင့်အဖေ ခေါင်းချခဲ့သော သူတို့အိမ်ကလေးသည် မျက်နှာပြည့်ပြည့်၊ ကုပ်အစ်အစ် လူမျိုးတွေ လက်ထဲကို မရောက်စေရ၊ မိုးဆွေ လက်သီးကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်လိုက်၏။

"စိတ်ချ ညီမလေး...ညီမလေး ကိုကို့ကြောင့် ဘယ်တော့မှ မျက်နှာမငယ်စေရဘူး"

"ကဲ...ခင်ဗွေး၊ မင်းလက်ဖက်ရည် တိုက်ပေတော့၊ တွေ့တယ်မဟုတ်လား၊ ဟဲ...ဟဲ...ဟဲ..."

မိုးဆွေထိုင်နေသည့်ခုံသို့ သိန်းမြင့်နှင့် ခင်ဗွေး ဝင်ကာ ထိုင်ကြ၏။ ရုတ်တရက် မိုးဆွေ ဘာကိုမှ နားမလည်။

"မင်းကလည်းကွာ...ဘာကိစ္စ စကားတွေ သွားပြောရတာလဲ"

"ဘာစကားပြောလို့လဲကွ"

ကြောင်နေသော မိုးဆွေပခုံးကို သိန်းမြင့်က ရယ်မောကာ လှမ်းပုတ်ရင်း ပြော၏။

"ဒီလိုကွ...မိုးဆွေရ၊ မင်းဆိုင်မှာထိုင်နေတာကို ငါတို့လှမ်းမြင်ရတော့ ဒီကောင်နဲ့ငါက လောင်းတယ်၊ မင်း နောက်ထပ် လက်ဖက်ရည်တစ်ငုံကို မသောက်ခင် တစ်ယောက်တည်း စကား ပြောရမယ်လို့"

မိုးဆွေ စိတ်ညစ်ကာသွား၏။ သူ့သတိလက်လွတ် ဖြစ်သွားသည့်တိုင်အောင် ဒါမျိုးလုပ်ဖို့တော့ မကောင်းပါ။ ဒါပေမယ့် သူငယ်ချင်းတွေကိုလည်း အပြစ်တော့ မပြောရက်နိုင်ခဲ့။

"မင်းကလည်းကွာ...ဘာတွေပြောတာလဲ၊ ပြောလည်း လက်ဖက်ရည်လေးတစ်ငုံလောက် သောက်ပြီးမှ ပြောရောပေါ့"

"ငါ့ဘာသာ ညီမလေးအကြောင်းပြောတာပဲကွ...ဘာဖြစ်လဲ"

"နင်းဖြူအကြောင်းလား...နင်းဖြူဘာဖြစ်လို့လဲ မိုးဆွေ"

ဒီကောင်တွေက အနုလိုအကြံအဖန်မျိုးသာ လုပ်ချင်လုပ်မည်၊ ညီမလေးနှင့် ပတ်သက်၍တော့ သူ့နှီးပါး အစ်ကိုစိတ်ထားနိုင်သူတွေ ဖြစ်၏။

"ဘာမှမဖြစ်ပါဘူးကွာ...ညီမလေးအတွက် ငါအလုပ်လုပ်ဖို့ကိစ္စပါ"

သိန်းမြင့်က သက်ပြင်းကိုချ၏။ သူနှင့်အတူ ရှယ်ယာလုပ် ခဲ့တုန်းက ရှုံးခဲ့တာကို အားလုံး သိကြသောကြောင့် ဖြစ်၏။ ထိုကိစ္စကို မိုးဆွေအပေါ် အကြွေးတစ်ခု တင်ထားသလို ဖြစ်နေသည်ဟု ယူဆထားသည်။





"မင်းလုပ်ချင်ရင် သုဝဏ္ဏနားက ကြက် / ဘဲရောင်းမှာတော့ ခွင်တစ်ခု တွေ့ထားတယ်၊ လုပ်မလား..."

"ညီမလေးကို အကုသိုလ်နဲ့ ပတ်သက်တာ ငါမကျွေးချင်ဘူးကွာ၊ လုပ်နေတဲ့သူတွေကို အပြစ်ပြောတာ မဟုတ်ပေမယ့် ငါရိုးရိုးသားသားပဲ လုပ်ချင်တာ"

သိန်းမြင့်က သက်ပြင်းကို ချ၏။

"အေးကွာ...ငါတောင်မှ လုပ်ဖို့ ချိတုံချတုံပါ၊ အလေ့အကျင့် ရှိပြီးသားဆိုရင် အကြောင်းမဟုတ်ဘူးကွ၊ ဟဲ...ဟဲ၊ ငါက ကြက်သားဘဲသားသာ ကြိုက်တာ၊ အရှင်လတ်လတ်ကြီး မြင်ပြီးမှ စားရရင်လည်း မျိုကျမှာ မဟုတ်ဘူးကွ"

ခင်ဗွေးက လက်ဖက်ရည်မှာသဖြင့် စကားဝိုင်းပြတ်ကာ သွား၏။ ခဏအကြာမှ ခင်ဗွေးက ပြောသည်။

"မင်း ညဘက် TAXI စပါယ်ယာ လုပ်မလား မိုးဆွေ"

"TAXI မှာ စပါယ်ယာ လိုလို့လားကွ"

"မင်းကလည်း ညဘက် TAXI မစီးဖူးတာ သေချာနေပြီ၊ ငါ့ဦးလေးတစ်ယောက်က ညဘက် TAXI မောင်းတာကွ၊ တစ်ယောက်တည်း မောင်းရတော့ အန္တရာယ်များတာပေါ့ကွာ၊ မင်းက သူ့ဘေးနားက အဖော်လိုက်ပေးရုံပဲ၊ တစ်နေ့ငါးရာလောက်တော့ စားပြီးသောက်ပြီး ရမှာပေါ့"

တစ်ညငါးရာ...တစ်လ တစ်သောင်းခွဲဆိုတော့မဆိုး၊ သို့သော် တစ်ညလုံး မအိပ်ရလျှင် မနက်ခင်း အိပ်ရမှကို ဖြစ်မည်၊ အိမ်၏ဝေယျာဝစ္စကို မည်သူက လုပ်မည်နည်း၊ တစ်ပတ်လောက်ဆိုလျှင်တော့ သူခံနိုင်ပါသည်၊ တစ်လ၊ နှစ်လ၊ သုံးလဆိုတာမျိုးက မလွယ်၊ ပြီးတော့ ညီမလေး ဂုဏ်ငယ်မည်၊ ပြီးတော့ ညီမလေးကို ညဘက် တစ်ယောက်တည်း အိမ်မှာ ထားခဲ့ဖို့ စိတ်မချနိုင်၊

"မဖြစ်သေးပါဘူးကွာ...ညီမလေးက တစ်ညလုံး အိမ်မှာ တစ်ယောက်တည်း ဖြစ်နေမှာကွ၊ သူက ညဆိုရင် ကြောက်တတ်တယ်"

"မင်းမှာ အရင်းအနှီး တစ်သောင်းခွဲလောက် ရှိလား မိုးဆွေ၊ ဒီမိုးကုန်ရင် ဘုရားပွဲတွေ စတော့မှာပဲ၊ အနုကတည်းက ကလစ်တွေ၊ ခေါင်းစည်းကြိုးတွေ၊ မိတ်ကပ်ဘူးတွေ၊ လက်ကောက်လေးတွေ စျေးပေါပေါနဲ့ စုပြီးဆောင်း



www.burmeseclassic.com

www.burmeseclassic.com



အညာ ဘုရားပွဲတွေဆီ တက်ရင်…"

သိန်းမြင့်က အားတက်သရောပြောသည်။

"နွားပဲ…မင်းဟာက သုံးလလောက် စောင့်ရဦးမယ်၊ ဒီကြားထဲ ငါတို့က ဘာသွားစားရမလဲ၊ ပြီးတော့ အရင်းအနှီးကလည်း အဲဒီလောက်မရှိဘူးကွ"

စကားဝိုင်းက တော်တော်ကြီးကို တိတ်၍သွား၏။

လက်ဖက်ရည်ဆိုင်ထဲက သီချင်းက စိုင်းထီးဆိုင် မဟုတ်တော့၊ ထူးအိမ်သင် ဖြစ်ကာသွား၏။ "အို…ညီမလေးရေ…" ဆိုသောသီချင်း။

"အို…ညီမလေးရေ…ယုံကြည်ချက်အတွက် အသက်ရှင်ခြင်းက အကောင်းဆုံးပါ၊ ကမ္ဘာမြေကြီးအား မင်းတစ်ယောက်အတွက် ငါဟာ အသက်ထက် ဝန်ပို အလေးခံထားတဲ့သူ ဖြစ်နေသလား"

"ယုံကြည်ပါအမှန်တရား အရဲဝံ့ဆုံး လှုပ်ရှား… ဒုက္ခနဲ့ ရင်ဆိုင်လာရင် မတုန်လှုပ်ဘူး မဟုတ်လား"

မိုးဆွေ လက်သီးကို ဆုပ်ထားလိုက်မိသည်။ သူက ဒုက္ခကို မကြောက်ပါ၊ အဆင်မပြေမှုကိုသာ ကြောက်သူဖြစ်၏။

"ငါဘာရရ လုပ်တော့မယ်ကွာ၊ မင်းတို့ ငါ့ကို အလုပ်သာ ရှာပေးကြ၊ ဒါပေမယ့် တစ်ခုတော့ ကတိပေး၊ ငါဘာလုပ်နေတယ်ဆိုတာ ညီမလေးကိုတော့ လုံးဝမပြောကြနဲ့"

"မဟုတ်သေးဘူး မိုးဆွေရာ…မင်းက ငါတို့လို ဆယ်တန်းမအောင်တဲ့ ကောင်ဆိုလည်း ထားတော့…မင်းက ဘွဲ့ရပြီးသားပဲ၊ မင်းပညာရေးနဲ့ လိုက်ဖက်မယ့် အလုပ်တစ်ခုခုကို မစဉ်းစားတော့ဘူးလား"

"ငါဘွဲ့ရပေမယ့် ငါ့မှာ အသက်ကြီးတဲ့အထိ အမိအဖနဲ့ ဆွေမျိုးဂုဏ် မရခဲ့ဘူးကွ၊ ထားပါကွာ…"

ဘာပြောရမှန်းမသိသော သိန်းမြင့်အစား ခင်ဌေးက ဝင် ကာပြော၏။

"ဘာဆိုင်လို့လဲကွာ…ငါတို့အိမ်ရှင် မလှမေရဲ့သမီး ခင်သန်းဆွေ တောင် Company မှာ အလုပ်ရသေးတာပဲ၊ သူလည်း ဘွဲ့ရပြီးသားပဲ"

"မိန်းကလေးက လွယ်တယ်ကွ၊ ယောကျ်ားလေးက…"

သူ့စကားမဆုံးခင် သိန်းမြင့်က လက်ကို တားကာ သူ့မျက်နှာကို လက်





ညှိုးထိုးရင်း ဝင်ကာပြော၏။

"မင်း…ခဏနေဦး မိုးဆွေ"

ထိုစကားပြောပြီး သိန်းမြင့်က ဘာမှဆက်မပြောသေးဘဲ သူ၏မရှိသော မုတ်ဆိတ်ကို ပွတ်ကာ နေသေး၏။ ဒီလိုပဲ သိန်းမြင့်သည် အရေးကြီးလျှင် မရှိမဲ့ရှိမဲ့ သိက္ခာကလေးနှင့် သူ့ကိုယ်သူ လူရာဝင်အောင် လုပ်တတ်သူဖြစ်၏။ သို့သော်…

"ဒီလိုကွာ…မင်းနဲ့ ထိုက်တန်တဲ့ အလုပ်တစ်ခုကို ဒီအပတ်အတွင်းရှာ၊ Company တွေဘာတွေပေါ့ကွာ၊ ငါတို့လည်း သတင်းစာဖတ်ပြီး ဝိုင်းရှာပေးမယ်၊ မရဘူး မရှိဘူးဆိုရင်တော့ မင်းအတွက် ငွေရရင် ပြီးရောဆိုတဲ့အလုပ် ငါတို့ ရှာပေးမယ်…ဟုတ်ပြီလား"

"မင်းကို ငါတို့လို မဟုတ်ပဲ အဆင့်ရှိရှိ အလုပ်တစ်ခု ရစေချင်တာ တော့ အမှန်ပါပဲကွာ"

ဒီတစ်ခါတော့ သိန်းမြင့်က ဝင်ပြီး လူတွင်ကျယ်လုပ်ခြင်း မဟုတ်တော့၊ ရင်ထဲက စကားကို တကယ်ပြောခြင်းသာ ဖြစ်၏။ မျိုးဆွေ သဘောတူ လိုက်ပါသည်။ ကမ္ဘာမြေကြီးသည် သူ့အတွက် သက်သက် ဝန်ပိုလေးနေတာ တော့ မဟုတ်တန်ရာ၊ သူ့အတွက် ထိုက်တန်သောနေရာတစ်နေရာတော့ ကမ္ဘာမြေကြီးအပေါ်မှာ ရှိနေနိုင်ပါသည်။

၄ ၄ ၄ ၄

စကားတစ်ခွန်းမှ မပြောတော့ဘဲ ခပ်တည်တည်လုပ်ကာ အဝေး တစ်နေရာကို ငေးနေလျှင် နှင်းဖြူ ရှက်နေပြီဆိုတာ သုံးနှစ်သုံးမိုး ပေါင်းထား



www.burmeseclassic.com

သော သူငယ်ချင်းတွေက သိကြပါသည်၊ ခက်သည်က မင်းဟန်ဖြစ်၏၊ သူ့ထမင်းချိုင့်ကို ခိုးကြည့်လိုက်၊ သူ့မျက်နှာကို ခိုးကြည့်လိုက်နှင့် မျက်ဝန်းရွဲကြီးတွေနှင့် ကျေနပ်မရ ရှိလွန်းလှသည်။

နှင်းဖြူ ဒီနေ့တော့ ထမင်းချိုင့်ကို ရဲရဲတင်းတင်း ဖွင့်ရဲပါသည်၊ နှင်းဖြူ ထမင်းချိုင့်ထဲမှာ ကကတစ်ကို ကြော်ပြီး ကြက်သွန်ကြွင်း၊ ပဲပြာရည်တို့နှင့် ပြန်ပေါင်းထားသောဟင်းနှင့် ခရမ်းချဉ်သီး ငပိချက်၊ ငရုတ်သီးစပ်စပ်တို့ ပါသည်။ ထိုဟင်းတွေကို နှင်းဖြူအိပ်ရာက မနိုးခင်ကတည်းက ကိုကိုကိုယ်တိုင် ချက်ပေးထားခြင်း ဖြစ်၏။

သို့သော် ထမင်းချိုင့်ကို ခဏခဏ ခိုးကာကြည့်နေသော မင်းခန့်ကို သူသည်းခံ၍မရတော့၊ မိဇင်ကလည်း မြတ်သူ ပါနေသဖြင့် သူ့လိုပင် စကားနည်းကာ အိုက်တင်ထူလျက်ရှိပြီး...

"ကဲ...ဆာပြီကွာ၊ ထမင်းစားကြရအောင်"

နှင်းဖြူ စကားဆုံးတော့ ပျာသွားသူက "မင်းခန့်" သာ ဖြစ်၏။

"ခဏလေး စောင့်ပါဦးလားဗျာ၊ မှာထားတာတွေ ခဏနေရင် ရောက်မှာပါ"

နှင်းဖြူ တစ်ချက်ပြုံးလိုက်မိသည် ထင်သည်၊ ရှင်က "မိန်းကလေးတစ်ယောက်ဟာ နေ့တိုင်း ဟင်းမပါတဲ့ ထမင်းချိုင့်နဲ့ ကျောင်းတက်နေတယ်မှတ်လို့လား" ဟု စိတ်ထဲ ပြောရင်း ထမင်းချိုင့်ကို လက်သုတ်ပုဝါ ဖြန့်ကာ ဖွင့်လိုက်သည်။ မင်းခန့်က တစ်ချက် ထမင်းချိုင့်ကို လှမ်းကာ ကြည့်သည်၊

"နှင်းဖြူကလည်း...အခုမှ ဆယ့်တစ်နာရီပဲ ရှိသေးတာ၊ ဆာမှမဆာသေးပဲ၊ အေးဆေးပေါ့"

"ကိုယ်က ဆာနေပြီကွ"

"ခဏလေး စောင့်ပါဦးလားဗျာ...ခဏပါ"

"ကိစ္စမရှိပါဘူး...ကျွန်မက ထမင်းကို အချိန်နဲ့ စားတဲ့သူ မဟုတ်ဘူး၊ ဆာတဲ့အချိန်မှာ စားတတ်တဲ့လူပါ၊ အခု ကျွန်မ ဆာနေလို့ပါ"

နှင်းဖြူ ခရမ်းချဉ်သီးငါးပိချက်နှင့် ထမင်းကို နယ်ကာ ကကတစ်ပေါင်းနှင့် အားရပါးရ စားနေစဉ် မင်းခန့် မှာထားသော ဟင်းပွဲခြောက်ပွဲက စားပွဲပေါ်





ရောက်ကာလာသည်၊ သို့သော် နှင်းဖြူ ထိုဟင်းပွဲများကို တစ်ချက်ကလေးမှ မတို့၊ သူ့ချိုင့်ထဲမှာ ပါလာသော ဟင်းဖြင့်သာ အားရပါးရစားသည်၊

ထိုနေ့က ဘာဖြစ်တာလဲတော့ မသိ၊

ထမင်းက အရမ်းစားကောင်းကာ တို့ကနန်း ဆိတ်ကနန်းသာ ထမင်းစားနေသော မိဇင်ပန်းကန်ထဲက ထမင်းကိုပင် ထပ်ယူလိုက်ရသေးသည်၊ ကဲင်တင်းက မှာထားသည့် ဟင်းပွဲတွေကို တစ်ချက်မှ မတို့မထိပဲ ထမင်းစားနေသော သူ့ကိုကြည့်ကာ မင်းခန့် မျက်နှာပျက်နေတာကို နှင်းဖြူ တွေ့ရ၏။ စိတ်ထဲမှာ ကျေနပ်ကာနေသည်။ တစ်ခုခုကို လက်စားချေနေရသလိုလည်း ခံစားရ၏။

မနေ့တစ်နေ့က ခံစားနေရသော အားငယ်မှုမျိုးကို သူ အနိုင်ရလိုက်သလိုဖြစ်ကာ ကျေနပ်နေကြောင်း နှင်းဖြူ သိပါသည်။

ကဲင်တင်းက ပြန်လာကြတော့ အေးနှင့် မိဇင်က သူ့ကို စိတ်ကောက်ကြ၏။ စကားမပြောပဲ အတန်းထဲအထိ လျှောက်လာကတည်းက စိတ်ကောက်နေသည်ဆိုတာကို သူ သိပါသည်။ ဒီနေ့မှ နှင်းဖြူသည် သူ့ဖနဲ့ဖြစ်အောင် တကယ်လုပ်ခဲ့ခြင်း ဖြစ်သည်၊

"ဒီနေ့ ဘယ်လိုဖြစ်တာလဲ နှင်းရာ"

"ဘာဖြစ်လို့လဲ အေးမရဲ့"

နှင်းဖြူက တမင် မသိချင်ယောင်ဆောင်ကာ မေးသည်။ အေးက ခေါင်းကို ယမ်းကာ မဲ့ပြုံးပြုံးရင်း...

"နှင်း ဘာလုပ်တယ်ဆိုတာကို နှင်းသိပါတယ်၊ ဒီလောက် တောင်းပန်နေတာပဲကွာ၊ နည်းနည်းဖြစ်ဖြစ်တော့ ထည့်စားဖို့ ကောင်းပါတယ်"

"သူက ဟင်းတွေ ခြောက်ပွဲလောက် မှာနေကတည်းက ဒီနေ့လည်း နှင်းထမင်းချိုင့်ထဲမှာ ဟင်းမပါဘူးလို့ သူက ထင်နေတာကိုး..."

"မဟုတ်ဘူးနှင်းရာ၊ သူ ဒီနေ့ ဟင်းပွဲတွေ ဒီလောက်မှာတာက မနေ့က မင်းအပေါ် ဖြစ်ခဲ့တဲ့ကိစ္စကို အားနာပြီး မှာတာပါ၊ နှင်းကို ထပ်စော်ကားတာမျိုး မဟုတ်ဘူး၊ နှင်းကိုသာ စော်ကားချင်ရင် မနေ့ကတည်းက ဟင်းတစ်ပွဲမှ မမှာပဲနေလို့ရတာပဲဟာ"

နှင်းဖြူသိပါသည်၊ သူ ကျေနပ်ပြီး ပျော်ရွှင်နေတာလည်း ထိုကိစ္စ

www.burmeseclassic.com



ကြောင့်ပင်ဖြစ်လိမ့်မည်။ မင်းခန့်ဆိုသောလူက တတွတ်တွတ် တောင်းပန်ကာ မှာထားသည့် ဟင်းတွေကို စားဖို့ ပြောလေလေ နှင်းဖြူက လုံးဝ လက်မတို့မထိ လေလေ ဖြစ်သည်။ ထိုအကျင့်က အစ်ကို့အပေါ်မှာ ဆိုးနွဲ့အနိုင်ယူနေကျ ဗီဇက ရသည့်အကျင့်သာဖြစ်၏။

အစ်ကိုဖြစ်သူထံမှာ ဆိုးနွဲ့ရတာထက် ကိုယ်နှင့်ရွယ်တူ သူစိမ်း ယောကျ်ားလေးတစ်ယောက်အပေါ်မှာ ဆိုးရနွဲ့ရတာ အရသာ ပိုရှိပြီး သူ့နှလုံးသားထဲမှာ ပိုကျေနပ်ပီတိဖြစ်မိကြောင်းကိုတော့ နှင်းဖြူ ဝန်ခံရလိမ့်မည် ဖြစ်သည်။

"ကိုယ်…တစ်ခုပြောမယ် အေးနဲ့ မိဖင်ရာ၊ ကိုယ် သူ ကျွေးတာတွေကို တမင် မစားတာ မဟုတ်ပါဘူးကွာ၊ မစားတံ့တာပါ၊ ဒီလိုမျိုး သူ့ကို ပြန်ကျွေးနိုင်ဖို့ ဆိုတာက ကိုယ့်အတွက် ဘယ်လိုမှ…"

"မဟုတ်ဘူး နှင်း၊ လုံးဝကို ဒီလိုမျိုး မဟုတ်ဘူး။ မင်းခန့်က နှင်းကို ကျွေးတာ သူ့ကျူးလွန်ခဲ့တဲ့ စကားတစ်ခွန်းအမှားကြောင့် နှင်းကို တောင်းပန်တဲ့အနေနဲ့ ကျွေးတာ၊ နှင်းစိတ်ထဲမှာ ဝမ်းနည်းအားငယ်သွားမှာ သူ့အပေါ် စော်ကားတဲ့လူတစ်ယောက်လို့ မြင်မှာစိုးတာ…အဲဒီအတွက်ပါ"

မိဖင်က နှင်းစကားကို ဖြတ်ကာ အတင်းဝင်ကာ ရှင်း သည်။

အမှန်တော့ နှင်းရင်ထဲမှာလည်း ထိုအတိုင်းပင် သိပြီးသား ဖြစ်ပါသည်။ သို့သော် ကိုယ်သိထားသော စကားအတိုင်း ဘေးလူတွေက သိနေတယ် ဆိုတာကိုလည်း နှင်း ကြားချင်သေး၏။ မိဖင်၏စကားဆုံးတော့ နှင်း ရင်ထဲမှာ အတိုင်းအဆမရှိ ဝမ်းသာကြည်နူးနေမိသည်။

ထိုကြည်နူးစိတ်ထဲမှာ သူ့ကို ရိုးသားကျိုးနွံစွာ အားနာမြူးစွင်စွာ မှာထားသည့်ဟင်းတွေကို ထည့်စားဖို့ ပြောနေသော မင်းခန့်မျက်နှာကို စိတ်ကူးမြင်ကြည့်ရင်း ပီတိဖြစ်နေမိသေးသည်။ ထိုပီတိကလေးနှင့် ခဏငြိမ်နေပြီးမှ…

"ကောင်းပြီကွာ…သူ့မှာ မင်းတို့ ပြောသလို ရိုးသားဖြူစင်တဲ့ စိတ်ကလေး ရှိတယ်ဆိုရင် နောက်တစ်ခါ သူကျွေးတာကို ဘာမှ မတွေးတော့ပဲ နှင်း ရိုးရိုးသားသား စားမယ်၊ ဟုတ်ပြီလား…ကျေနပ်ပြီလား"

ဒီတော့မှ အေးနဲ့မိဖင် ကျေနပ်ကာ သွားကြ၏။ အဲဒီနေ့က ဘာဖြစ်





သည်တော့ မသိ၊ သူငယ်ချင်းတွေကြားထဲမှာ အသွက်လက်ဆုံး၊ စကားအများဆုံး၊ အပျော်ရွှင်ဆုံးက နှင်းဖြူသာ ဖြစ်နေလေသည်။

၅ ၅ ၅ ၅

ကြောင်အိမ်ကို ဖွင့်လိုက်တော့ ဘာမှမရှိ။

ဆီပုလင်းထဲမှာ ဆီက လက်နှစ်လုံးလောက်သာ ကျန်တော့သည်။ နီးဆန်ခါအသေးကလေးထဲမှာ ကြက်ဥတစ်လုံးက ငြိမ်သက်ကာနေသည်။ အနုပင် ဝယ်ထားသော ပဲပြုတ်တစ်ဆယ်သားထုပ်ကလေးကို ကိုင်ကာ မိုးဆွေ ငိုင်နေမိ၏။ ပြီးတော့ ဆားပုလင်းနှင်းမောင်၏ပါးနပ်မှုနှင့် ရှားလော့ဟုမ်းတို့၏ စေ့စပ်မှုတို့ကို ပေါင်းကာ ကြောင်အိမ်ထဲကို ရှာသည်။ ဒီတော့မှ ကြောင်အိမ် ထောင့်အမှောင်မှာ ကပ်နေသော အပေါ်ခွံတွေ တင်းမာ ဖွာထွက်နေသည့် ကြက်သွန်ဥတစ်ဥကို ရှာဖွေတွေ့ရှိသည်။

ဒီလောက်ဆိုလျှင် ညီမလေး ထမင်းချိုင့်အတွက်တော့ အဆင်ပြေသွားပြီဖြစ်၏။ ပဲပြုတ်က ဆီစုပ်တတ်သဖြင့် ကြက်ဥကို အရင်ကြော်ကာ ဆီကို စစ်ရသည်။ ပြီးမှ ကြက်သွန်ကလေးကို ခပ်ရိပ်ရိပ် လှီးကာ ပဲပြုတ်နှင့်ကြော်ရ၏။ ပဲပြုတ်ကြော် မရမချင်း မီးမပျက်ဖို့က ဆုတောင်းရသေးသည်။ သူ့မှာ မီးသွေး ဝယ်စရာ ပိုက်ဆံက မရှိတော့၊ အချိုမှုန့်ကလည်း မရှိတာ ကြာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပဲပြုတ်ကြော်ရင်း ဒီနေ့ညနေ သူ အလုပ်တစ်ခုခု မရလျှင် မဖြစ်တော့ဟု ဆုံးဖြတ်လိုက်သည်။ သူ့သိက္ခာတွေဘာတွေ ငဲ့ကွက်မနေနိုင်တော့၊ သူ ဘာပဲလုပ်ရလုပ်ရ၊ အရေးကြီးတာက သူ့အလုပ်ကို ညီမလေး မသိဖို့သာ လိုပါသည်၊ ဆန်ကလည်း နို့ ဆီဗူးသုံးလုံးစာလောက်သာ ရှိတော့သည်။

"ကိုကို..."

နောက်က ပခုံးကို သိုင်းအဖက်ခံလိုက်ရသဖြင့် မိုးဆွေ လန့်ကာသွား၏။

"ဟာ...ဒီကောင်မလေးတော့"

ညီမလေးက သူလန့်သွားတာကို တဟားဟားရယ်ကာ ကျေနပ်နေ၏။ ညီမလေး ရယ်သံကို ကြားရသဖြင့် သူ့ရင်ထဲ ကြည်နူးကာ သွားသည်၊ ညီမလေး ဒီလိုပဲ ရယ်နေတာကို သူ အမြဲတွေ့ချင်ပါသည်။

"ကိုကို...ဘာတွေ ချက်"

"ညီမလေးအတွက် ထမင်းချိုင့်"

ညီမလေးထံမှ စကားသံ တိတ်ကာသွား၏။

အနေတော် ရနေပြီဖြစ်သော ပဲပြုတ်ကြော်အိုးကို ချကာ ရေနွေးအိုးကို တင်ရသည်။

"ဟင်...ပဲပြုတ်နဲ့ ကြက်ဥကြော်ပဲလား"

"ပုစွန်ငါးပိထောင်းကလေး ရှိသေးတယ် ညီမလေးရဲ့ သံပုရာသီးကလေး ညှစ်ပြီးထည့်ပေးမယ်လေ၊ ဒါမျိုးလေးတွေက တစ်ခါတစ်လေ စားလို့ကောင်းပါတယ် ညီမလေးရာ"

"ဟာ...ကိုကိုကလည်း၊ ညီမလေးက ကိုကို့အတွက် ပြောနေတဲ့ဟာ၊ ကိုကိုက ဘာနဲ့ သွားစားမှာလဲ"

မိုးဆွေ စက္ကန့်နည်းနည်းတော့ ကြောင်ကာသွားသည်၊ ပြီးတော့မှ သတိရကာ အားရပါးရ ပြုံးရင်း...

"မနက်က ဒေါ်ချိုမုန့်ဟင်းခါးနဲ့ ထမင်းကြမ်း စားပြီးပြီလေ၊ အေးဆေးပါ"

ညီမလေးက နှုတ်ခမ်းကို တွန့်ကွေးကာ မဲ့၏။





"ကိုကို အိပ်ယာက ထပြီး အိမ်တံခါးဖွင့်၊ ပဲပြုတ်သည် ခေါ်ပြီးဝယ်ကတည်းက ညီမလေး နိုးနေတာပါနော်၊ ကိုကို လမ်းထိပ်ကို မထွက်ဘူး"

ညီမလေးက ပါးစရာရှိလျှင် ဒီလိုပါးတတ်သည့် ကောင်မစုတ်ကလေးဖြစ်၏။

"စားပြီးပါပြီဆိုကွာ..."

"မရဘူး ကိုကို၊ ညီမလေး ပဲပြုတ်ကြော် တစ်ဝက်ပဲ ထည့်သွားမယ်၊ ကိုကိုက ကျန်တာစားရမယ်...ဒါပဲ"

"ကဲ...ညီမလေး မျက်နှာသွားသစ် သွားတိုက်ချေ၊ တော်ကြာ ကိုယ်စောင့်နုတ်က အစည်းဝေး မတက်ရပဲ နေလိမ့်မယ်"

"နေဖေ့စေဖေ့...ညီမလေး ပြောသလို မဟုတ်ဘူးဆိုရင်တော့ ဒီနေ့ ညီမလေး လုံးဝ ကျောင်းမတက်ဘူး...ဒါပဲ"

ညီမလေးက နှုတ်ခမ်းကို တင်းတင်းပိအောင်စေ့ကာ မျက်နှာကို တခြားဘက်သို့ လှည့်ကာထား၏။ ညီမလေးတွင် ထိုအိုက်တင်မျိုး ရောက်လာလျှင် ဘယ်တော့မှ အရှုံးမပေးတော့ဆိုသည့်သဘောသာ ဖြစ်သည်၊ မိုးဆွေ တော်တော်စိတ်ညစ်ကာ သွား၏၊ တက္ကသိုလ်တက်နေရသည့် ညီမလေးကို ပဲပြုတ်ကြော်ချည်းပဲ ထည့်မပေးရက်တာ သူ့စေတနာဖြစ်၏။ သူ့မှာ ငွေမရှိလို့ ငွေရှာနိုင်သော အလုပ်တစ်ခု မရှိလို့ဟု စိတ်ထဲက သူ့ကိုယ်သူ ရစရာ မရှိအောင် အပြစ်ပေးနေမိသည်။

"ကဲ...ဒီလိုလုပ် ညီမလေးရာ၊ တစ်ဝက်စီပေါ့၊ ဟုတ်လား၊ ကိုကို့အတွက် ကြက်ဥတစ်ဝက် ထားခဲ့"

"ကြက်ဥ ဟပ်(ဖ်)ဖရိုက်ကြော်ကို တစ်ဝက်ခွဲတော့ အနှစ်တွေ ထွက်ပြီး ဘာသွားစားရတော့မှာလဲ၊ တော်ပြီ ကိုကိုရာ၊ ညီမလေးအတွက် ပဲပြုတ်ပဲ၊ ဒါဆိုရင် ရပြီ"

ညီမလေးက သူ့ကို တွန်းဖယ်ကာ ဖွင့်ထားသော ထမင်းချိုင့်ထဲသို့ ဒယ်အိုးပေါ်မှ ပဲပြုတ်ကို ခပ်ထည့်ကာ ထမင်းချိုင့်အဖုံးကို ဝွပ်ကနဲ ပိတ်ကာ ယူသွား၏။ မိုးဆွေ ကြောင်ငေးကာ ငြိမ် သက်နေမိသည်။

ညီမလေး၏ညှာတာစိတ်အတွက် ပီတိဖြစ်ရသော်လည်း ဒီပီတိ



www.burmeseclassic.com

www.burmeseclassic.com



သည် ငြိမ်းချမ်းမှုအပြည့်ပါသော ပီတိတော့ မဟုတ်ပါ၊ နလုံးသားထဲသို့ တစိမ့်စိမ့် လျှံတက်လာသော ထိုပီတိထဲတွင် ဝမ်းနည်းခြင်း၊ စိတ်မကောင်းခြင်း၊ မိမိကိုယ်မိမိ အပြစ်ပေးခြင်းတို့က တစိမ့်စိမ့် လျှံတက်လာနေကြ၏။

ပီတိကို အဖြူရောင်ဟု ဆိုကြပါစို့။

ဝမ်းနည်းခြင်းက အညိုရင့်ရင့်၊ စိတ်မကောင်းခြင်းက နက်ပြာရောင်၊ မိမိကိုယ်မိမိ အပြစ်ပေးခြင်းက ခရမ်းရောင်၊ ခဏချင်းပင် မိုးဆွေ နလုံးသားထဲက ပီတိသည် ညှိုးနွမ်းပျောက်ပျက်သွားလေသည်။

သနပ်ခါး သွေးရင်းနှင့် နှင်းဖြူ စဉ်းစားနေမိသည်။

ကိုကို့အတွက် ကြက်ဥကြော်နှင့် ပဲပြုတ်ကို ချန်ထားပေးခဲ့သည့်တိုင်အောင် ဒီနေ့တော့ အားလုံးရှေ့မှာ ပဲပြုတ်နှင့် ထမင်းသာ ပါသော ထမင်းချိုင့်ကို ရဲဝံ့စွာ ဖွင့်ပြရဲပါပြီ။ သူ့ကိုကြည့်လျှင် အားနာသော တောင်းပန်သော စိုးရွံ့သော မျက်ဝန်းတွေနှင့် သူ့ရှေ့မှ ထိုထမင်းချိုင့်ကို ယုံကြည်စွာ ဖွင့်ပြလိုက်မယ်၊ ပြီးလျှင် သူမှာကျွေးသောဟင်းတွေကို အားရပါးရ စားပစ်လိုက်ဦးမည်ဟု တွေးရင်း သနပ်ခါးကို ဖုံနေအောင် လိမ်းသည်။

အဖွေးမရှိပဲ အသားပေါ်နေသော သနပ်ခါးသည် နှင်းဖြူပါးပြင်ပေါ်မှာ ထိုနေ့က အမွေးဆုံးဟု ထင်ရ၏။

စိတ်မကောင်း ဖြစ်နေသော ကိုကို့ကို အားလုံးပြောပြကာ ချော့ချင်သော်လည်း အားလုံးပြောပြ၍ မဖြစ်သေး၊ ဒီလိုပြောပြလျှင် ကိုကို ပို၍စိတ်မကောင်း ဖြစ်သွားမှာလည်း စိုးရသေး၏။ ဒီအဖြစ်ကို လျှို့ဝှက်မှုဟု နှင်းဖြူ သဘောမထားပါ၊ မရိုးသားမှုဟုလည်း မထင်ပါ၊ နားလည်မှုတစ်ခုဟုသာ ထင်ပါသည်။

"ကိုကို…ညီမလေးမှာ တစ်ရာ့လေးဆယ်လောက် ရှိတယ်၊ ယူထားဦးမလား"

"ဟင့်…အင်း"

မိုးဆွေက အသံလေးလေးကြီးနှင့် ခေါင်းကို ခါယမ်းသည်။

"ကိုကိုနော်…အဲဒီပုံစံကြီးနဲ့ တစ်နေ့လုံး စိတ်မကောင်း ဖြစ်မနေနဲ့၊ ညီမလေးဘက်က အဆင်ပြေတယ် သိလား"





"…………"

မိုးဆွေ ဘာမှ ပြန်မပြောနိုင်။

"ကိုကိုနော်…အဲဒီဟင်းတွေ စားမထားလို့ကတော့ တွေ့ပြီသာမှတ်၊ ညီမလေးက ပြန်လာရင် အကုန်စစ်မှာ ဒါပဲ၊ သွားပြီ ကိုကို…တာ့…တာ"

ဖျတ်လတ်စွာ သမင်မလေးတစ်ကောင်လို သူ့ရှေ့က ပြေးထွက်သွားသော ညီမလေးကို ကြည့်ရင်း…မိုးဆွေ ငိုင်နေမိသည်။ ညီမလေး ထမင်းချိုင့်ထဲမှာ ပဲပြုတ်ပဲ ပါသည်ဟု မထင်ရအောင် ညီမလေးက လုပသသ်ရပ်နေပါသည်။ ဒီလိုချောမောလှပသော ညီမကလေးရဲ့ထမင်းချိုင့်ထဲမှာ ကြက်သားဟင်း ထည့်မပေးလိုက်နိုင်တာကိုပဲ သူ့ဝမ်းနည်းနေခဲ့သည်။

"မိုးဆွေရေ…မိုးဆွေ"

အိမ်ရှေ့မှ လှမ်းအော်နေသော ခင်ဌေး၏အသံကို ကြားရ၏။ သိန်းမြင့်နှင့် ခင်ဌေး သူ့ကို မနက်ခင်း လက်ဖက်ရည်ဆိုင်ထိုင်ဖို့ လာခေါ်တာ ဖြစ်ရမည်။ မိုးဆွေ ဝမ်းသာအားရ ပြေးထွက်ကာ အော်ဟစ်ပြောမိသည်။

"ခင်ဌေး…သိန်းမြင့်၊ ငါ့ကို အလုပ်တစ်ခုခု ရှာပေးတော့ကွာ၊ ဘာအလုပ်ပဲဖြစ်ဖြစ် ငါလုပ်တော့မယ်၊ ဘာပဲဖြစ်ဖြစ်ကွာ၊ ရိုးရိုးသားသားအလုပ်ဆိုရင် ပြီးရော"

ခင်ဌေးနှင့် သိန်းမြင့် ကြောင်ကာနေ၏။

အားကိုတကြီးနှင့် ဝမ်းသာအားရဖြစ်နေသော မိုးဆွေက ခင်ဌေးပခုံးကို အားပါးတရ ပုတ်လိုက်တော့မှ ခင်ဌေးက အသက်ဝင်ကာလာသည်။

"ဘယ်လိုဖြစ်တာတုန်း မိုးဆွေရာ၊ ဘယ်လိုဖြစ်တာတုန်း"

"ဒီလိုကွာ…ငါ အလုပ်တစ်ခုခု ရမှကို ဖြစ်တော့မယ်၊ လာကွာ…အိမ်ထဲဝင်ပြောရအောင်၊ ပြီးမှ ငါ အေးဆေးပြောပြမယ်"

မိုးဆွေအားလုံးကို ပြောပြပြီးတော့ သူငယ်ချင်းနှစ်ယောက်စလုံး ငိုင်ကာသွား၏။ ခဏကြာမှ သိန်းမြင့်က စဉ်းစား ကာပြောသည်။

"ခက်တာပဲကွာ…မင်းက ကြက် / ဘဲဈေးမှာကျတော့လည်း မလုပ်ချင်၊ အရင်းအနှီးကလည်း မရှိဆိုတော့"

"အကုသိုလ်အလုပ်တော့ မလုပ်ချင်ဘူးကွာ၊ ငါပင်ပန်းရင် ပင်ပန်းပေ့



www.burmeseclassic.com

www.burmeseclassic.com



စေ၊ ရိုးရိုးသားသားဆို ပြီးရော"

"မင်းလျှောက်ထားတဲ့အလုပ်တွေကရော မိုးဆွေ"

"မျှော်လင့်ချက် မရှိပါဘူးကွာ၊ နထိ ဘာမှ မထူးခြားတဲ့ဟာ"

ခင်ဌေးက ဆေးပေါ့လိပ်ကို ဖွာသည်။ ပြီးတော့ သူဖွာထုတ်လိုက်သော ဆေးပေါ့လိပ်ငွေ့တွေနောက်ကို လိုက်ကာငေးရင်း ပြော၏။

"ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ အပ်ချုပ်ဆိုင်မှာ လိုက်ရင်တော့ ရတယ် သူငယ်ချင်း၊ ပင်ပန်းတာတော့ အရမ်းပင်ပန်းမယ်၊ ငါတော့မှ မလုပ်နိုင်ဘူး"

"ဟာ…ပင်ပန်းပါစေ သူငယ်ချင်းရာ၊ ဘာလုပ်ရမှာလဲ၊ တစ်နေ့ ဘယ်လောက်ရမှာလဲ"

"မင်းက ဘာမှ နားမလည်သေးတော့ သူတို့ခိုင်းတာ လုပ်ရမှာပေါ့ကွာ၊ တစ်နေ့ကို တစ်ထောင်တဲ့"

"တစ်ထောင်…လုပ်မယ်ကွာ၊ ငါ့ကို ပြောပေးပါ ခင်ဌေးရာ…နော်၊ ပြီးတော့ ထပ်ကတိပေး၊ ညီမလေးကို အသိမပေးဘူးလို့"

သူငယ်ချင်းနှစ်ဦး ထပ်ပြုံမိကာ သွားကြပြန်၏။ တစ်နေ့ တစ်ထောင်ဆိုတော့ တစ်လကို သုံးသောင်းလောက် ရနိုင်သည်။ ညီမလေးအတွက် တစ်လတစ်သောင်း၊ အိမ်အတွက် စားဝရိတ် တစ်သောင်းခွဲ၊ သူ့အတွက် ငါးထောင်ဆိုလျှင် ဘာပဲဖြစ်ဖြစ် စိတ်ချရနိုင်သည်ဟု မိုးဆွေ တွက်ကာ ကျေနပ်သွားသည်။

"ဘယ်တော့ ရနိုင်မလဲ ခင်ဌေး"

"မင်းလိုချင်ရင် အခုသွားပြောပေးလို့ ရတယ်"

"ဒါဆို သွားမယ်ကွာ"

ထိုစဉ်မှာပင် အိမ်ရှေ့မှ အသံတစ်သံကို ကြားရ၏။

"စာခင်ဗျ…စာ…စာ၊ ကိုမိုးဆွေ…တဲ့"

သုံးယောက်စလုံး စာကို အပြေးအလွှားယူကာ စာအိတ်ကို ဖောက်ကြည့်လိုက်တော့ Company တစ်ခုက အကြောင်းကြားစာ ဖြစ်နေ၏။ မနက်ဖြန် လူတွေ့စစ်ဆေးရန် အကြောင်းကြားစာဖြစ် သည်။





"ဟာ…မိုးဆွေ၊ မင်းကို Company က အလုပ်ခေါ်တဲ့စာပဲကွ"

"မင်း ကံကောင်းပြီ မိုးဆွေ၊ ဒါ…မင်းစေတနာပဲ၊ အပ်ချုပ်ဆိုင်ကိစ္စကို ခဏထားလိုက်ပါကွာ၊ ဒီလိုအလုပ်မျိုးပဲ မင်းနဲ့ တန်တာပါ"

"တစ်ခါတည်း တန်းခေါ်တာ မဟုတ်ဘူးကွ၊ ငါ့ကို လူတွေ့စစ်ဦးမှာတဲ့၊ ခင်ဌေး မင်းအလုပ်ကိုလည်း ပြောထားကွာ၊ ဟိုမှာ အဆင်မပြေရင် လုပ်လို့ရအောင်၊ ဒါက သေချာတာ မဟုတ်ဘူးကွ"

သိန်းမြင့်က သူ့ကို အားမလိုအားမရအသံဖြင့် ဝင်ကာ ပြောသည်။ သူတို့မျက်နှာတွေမှာလည်း ဝမ်းသာအားရ ဖြစ်နေကြဟန်က အထင်းသားတွေ့ရ၏။

"ခေါ်စာကတော့ ဟုတ်တယ် သူငယ်ချင်း၊ ဒါပေမယ့် ဘယ်နေ့ အလုပ်ရမယ်ဆိုတာ သိတာမဟုတ်ဘူး၊ လုံးဝမရတာလည်း ဖြစ်နိုင်တယ်၊ အလုပ်ကရဦးကွာ၊ လခက ချက်ချင်းထုတ်လို့ ရမှာ မဟုတ်ဘူး၊ ငါ့ညီမလေး ထမင်းချိုင့်ထဲမှာ ငါ ပဲပြုတ်တွေပဲ ဆက်ထည့်မပေးချင်တော့ဘူးကွာ"

"ဟုတ်ပြီ မိုးဆွေ၊ မင်းအလုပ်က ဘယ်တော့ လူတွေ့စစ်မှာတဲ့လဲ"

သိန်းမြင့်စကားကြောင့် မိုးဆွေ ငိုင်ကာသွား၏။

"မနက်ဖြန်တဲ့…စာကလည်း နောက်ကျတယ်ကွာ၊ ငါ့မှာက အကျီအဝတ်အစား ကောင်းကောင်း မရှိဘူး၊ တိုက်ပုံလည်း မရှိဘူးကွ"

"ကဲ…အဝတ်အစားအတွက် မပူနဲ့တော့၊ ငါ့မှာ ရှိတယ်၊ မနက်ဖြန်တော့ မင်းအင်တာဗျူးကို သွားလိုက်ကွာ၊ အဆင်မပြေရင် ငါ ဟိုဘက်က တာဝန်ယူတယ်၊ ဟုတ်ပြီလား"

ခင်ဌေးစကားကို သူစဉ်းစားရသည်။ ညီမလေးရဲ့ဂုဏ်သိက္ခာအတွက် ဒီလိုအလုပ်မျိုးကို သူ ပိုပြီးလိုချင်ပါသည်။ သို့သော် ညီမလေး၏နေ့စဉ်အသုံးစရိတ်အတွက် ခင်ဌေးအလုပ်ကိုလည်း လက်လွှတ်ခံ၍မရ။

"အေး…မနက်ဖြန် ငါသွားမယ်ကွာ၊ အဝတ်အစားတော့ ငှားဦး၊ ပြီးတော့ မင်း ဟိုအလုပ်ကိုလည်း မတင်မကျပြောထား၊ ငါအဲဒီက အပြန်တော့မှ အခြေအနေကို ပြောပြပြီး ဆုံးဖြတ်မယ်"

"နေပါဦး…မင်းကို အခုခေါ်တဲ့ Company က ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သိန်းမြင့်စကားကြောင့် လက်ထဲက စာရွက်ကို ပြန်ကြည့်ရသည်။ ခုနက ဝမ်းသာအယ်လဲဖြစ်ကာ ဘယ်ကခေါ်မှန်းပင် မသိ။

"Red Arrow Company တဲ့…ကွ"

❦ ❦ ❦





## အခန်း(၅)

"ဒါဆို ငါ ခွင့်နဲ့ နယ်ခကာပြန်တုန်းကို အများတွေ တော်တော်များများ မင်းလုပ်ခဲ့တာပဲ…သန့်ဇင်ကို"

သူ့ Company ၏ မန်နေဂျာလည်းဖြစ်၊ သူနှင့် ကျောင်းနေဖက် သူငယ်ချင်းလည်း ဖြစ်သူ ဇော်မြင့်က သူ့ကို အေးဆေး တည်ငြိမ်စွာ ပြောသည်။ ဇော်မြင့်သည် သူ့လိုပင် ပြတ်သားသူ၊ ဆုံးဖြတ်ချက် မှန်ကန်သူ၊ အရည်အချင်း ပြည့်သူတစ်ဦးဖြစ်ပြီး သူ့ထက်သာသောအချက်မှာ မိန်းကလေးတွေနှင့် ပတ်သက်လျှင် သွေးအေးခြင်းပင်ဖြစ်၏။

"အခြေအနေအရ အဲဒီလိုတွေဖြစ်ကုန်တာပဲကွာ၊ ဒါပေမယ့် ကောင်မလေးက မဆိုးဘူးကွ၊ အခု ငါ့ငါး Project ကို တော်တော်လေး ထိရောက်အောင် လုပ်ပေးနိုင်တယ်…အံ့သြစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်မြင့်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း…

"မဟုတ်သေးဘူး သန့်ဇင်ကို၊ မင်း Project အောင်မြင်သွားတယ်ပဲ ထားဦး၊ လူမှုရေးမှာ မင်း ထိခိုက်မှုတွေ ကြုံရနိုင်တယ်၊ ဒီလိုကိစ္စမျိုးဆိုတာ ငါတို့ Company ရဲ့ဝါရင့်သမ္မာရင့် လုပ်ငန်းအတွေ့အကြုံ ရှိပြီးသား ဦးကျော်မျိုးဝင်းတို့ ဦးစောမင်းဇေတို့ ဒေါ်မွှေးမွှေးတို့ကိုပဲ ဦးဆောင်ခိုင်းသင့်တယ်၊ ဒီကောင်မလေးကို ထည့်ချင်ရင်တောင်မှ သူတို့လက်အောက်ကပဲ ဖြစ်သင့်တယ်"

ဇော်မြင့်စကားကြောင့် သူ တွေခနဲ တစ်ချက်ဖြစ်သွားသည်၊ ဇော်မြင့် စကားက သဘာဝကျသည်။ ဇော်မြင့် ထောက်ပြချက်နောက်မှာ အတွေးတွေက ဝေါခနဲ သူ့ဦးနှောက်ထဲ ပြေးဝင်ကာလာ၏။

"အဖွဲ့အစည်းတစ်ခုမှာပဲဖြစ်ဖြစ်၊ Company တစ်ခုမှာပဲဖြစ်ဖြစ်၊ ရာထူးဆိုတာ အလကား ထားတာမဟုတ်ဘူး သန့်ဇင်ကို၊ သူ့ကျွမ်းကျင်မှု သူ့အာမခံနိုင်မှုအလိုက် ထားရတာ၊ တာဝန်ပေးတယ်ဆိုတာကလည်း လုပ်ငန်းရဲ့ အကြီးအသေးပေါ်မှာ လိုက်ပြီး သင့်တော်တဲ့သူကို တာဝန်ပေးရတာ၊ အခု ဒီလောက်ကြီးတဲ့ Project ကြီးတစ်ခုလုံးကို Computer ကျွမ်းကျင်တဲ့ကောင်မလေးရဲ့လက်ထဲကို အပ်လိုက်တယ်ဆိုတာတော့…"

"ငါမှားပါတယ်လို့ ဝန်ခံပြီးပြီပဲ ဇော်မြင့်ရာ၊ ဒါပေမယ့် ငါကလည်း လုပ်ပြီးတဲ့ကိစ္စတစ်ခုကို နောက်မဆုတ်ချင်ဘူး၊ အကောင်းဆုံးဖြစ်အောင် ဘာလုပ်ကြမလဲ၊ ဒါပဲရှိတယ်"

တစ်ခါတစ်ရံ ခေါင်းမာတတ်သော သူ့အကျင့်ကို သိပြီးသားဖြစ်သည့် ဇော်မြင့်က တစ်ချက်ပြုံးကာ ငြိမ်သွားသည်။ စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာ၏။

"အဲဒီ ချမ်းမြမြကြိုင်ဆိုတဲ့ ကောင်မလေးနဲ့ မင်း ဘယ်လောက် ရင်းနှီးမှု ရှိလဲ"

သူ ဝုန်းခနဲ ထရပ်ပစ်လိုက်သည်။

"ဇော်မြင့်…ငါပြောတဲ့စကားကို မယုံကြည်ဘူးဆိုရင် ဒီ ကိစ္စကို ဆက်ဆွေးနွေးမနေနဲ့တော့၊ ငါ ပြောပြီးသားပဲ၊ အဲဒီပြဿနာတက်မှ စတွေ့ဖူးတာလို့"

"စိတ်အေးအေးထားစမ်းပါ သန့်ဇင်ကိုရာ၊ ကောင်းပြီ…မင်းပြောတာ





ကို ငါ ယုံတယ်၊ ငါ ယုံသလိုပဲ ငါတို့လက်အောက်က ဒီ Project နဲ့ သင့်တော်တဲ့ ဝန်ထမ်းတွေလည်း ယုံဖို့လိုတယ်၊ အဲဒီလိုမှ မဟုတ်ရင် မင်းသိက္ခာ ထိခိုက်သွားလိမ့်မယ်၊ ဒုတိယအချက်က ချမ်းမြမြကြိုင်က ငါးလုပ်ငန်းအတွက် ခေါ်ထုတ်သွားတဲ့ ဝန်ထမ်းတွေနေရာမှာ ဝန်ထမ်းအသစ်တွေ အစားထိုးရမယ်၊ တတိယအချက်က အဲဒီ Project ကြီးကို အောင်မြင်အောင်သာ အားသွန်ခွန်စိုက် လုပ်ပေတော့၊ မအောင်မြင်ရင် သူတို့ပြုံးတဲ့ တစ်ချက်နဲ့တင် မင်း သေသွားလိမ့်မယ်"

သူ တော်တော် စိတ်မောကာသွား၏။

ဇော်မြင့်ပြောသည့်အချက်တွေအားလုံးကို တစ်ခုမှ သူပြန်မငြင်းနိုင်ပါ။ တော်တော်ဒုက္ခပေးတဲ့ ကောင်မလေးဟု စိတ်ထဲမှာ ရေရွတ်မိနေသည်၊

"ဝန်ထမ်းအသစ်တွေ ခေါ်ဖို့ကိစ္စကတော့ စီစဉ်ပြီးပြီ မဟုတ်လား၊ ကြော်ငြာတောင် ထည့်ပြီးပြီလေ"

"ဟုတ်တယ်…အဲဒီတစ်ခုပဲ လုပ်ရသေးတယ်"

ထိုစဉ် သူ့အကူ စာရေးကလေး မြဒင် ဝင်ကာလာ၏။

"ဆရာ…စာတဲ့"

"ဝင်စာနဲ့အတူ ထည့်လိုက်လေကွာ"

"မဟုတ်ဘူး ဆရာ…ရုံးတွင်းက ဆရာ့ကို တိုက်ရိုက်ပေးတဲ့စာပါ"

စာကို ဖောက်ဖတ်လိုက်တော့ သန့်ဇင်ကို ပို၍ စိတ်မောကာ သွား၏။ ခုနက ဇော်မြင့်ပြောသော ဦးကျော်မျိုးဝင်းနှင့် ဒေါ်မွှေးမွှေးတို့က သူတို့ဂုဏ်သိက္ခာကို ထိခိုက်သည့်အတွက် ထွက်စာတင်ခြင်းဖြစ်၏။ သူ စာကို ဇော်မြင့်ထံ ထိုးပေးလိုက်သည်၊ စာကို ဖတ်ပြီးတော့ ဇော်မြင့်က အေးအေးဆေးဆေးပင်…

"ကဲ…ဒီကိစ္စကို ငါရှင်းပေးမယ် သန့်ဇင်ကို၊ မင်းကိုယ်တိုင် ရှင်းလို့ မကောင်းဘူး၊ မင်းက ကာယကံရှင် ဖြစ်နေတာရယ်…အခု ဒီလူတွေနဲ့ မရင်းနှီးတာရယ်ကြောင့်ပဲ၊ ဒီလူနှစ်ယောက်ကို ပေးထွက်လို့ မဖြစ်ဘူးကွ၊ သူတို့က အရည်အချင်း ပြည့်မီပြီးသား ဝန်ထမ်းတွေ၊ ဒီလိုပဲ မင်းသိက္ခာကိုလည်း ထိခိုက်လို့မရဘူး၊ ငါ ကြည့်စီစဉ်ပါ့မယ်ကွာ"

သန့်ဇင်ကို စိတ်ထဲမှာ မောလျကာ ရှုပ်ထွေးသွား၏။

သူ အနှစ်နှစ်အလလ တည်ဆောက်ခဲ့ရသော သိက္ခာများကို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းထောင့်စွန်းက မှဲ့ကလေးတစ်လုံးက ရိုက်ထုတ်လိုက်တာ...တစ်စစီပြန်ကောက်မရအောင် ကွဲကြေကုန်ပြီလား။

ထူးဆန်းတာ တစ်ခုတော့ ရှိသည်။

သန့်ဇင်ကို စိတ်ထဲမှာ ကောင်မလေးကို စိတ်ဆိုးတာ ဘာညာ လုံးဝမရှိခြင်းပင် ဖြစ်သည်။

၅ ၅ ၅ ၅

သိန်းမြင့်၏ကော်လံလည်ကတုံး အင်္ကျီအဖြူရောင်က ရှောင်ကာခင်ဗွေး၏အပေါ်ဝတ်တိုက်ပုံ မီးခိုးရောင်က ကျပ်လျက်ရှိ၏။ သူ့ပုံစံက အနည်းငယ် ကိုးရိုးကားယားဖြစ်နေမှန်း မိုးဆွေ သိသော်လည်း မတတ်နိုင်၊ အင်္ကျီငှားထားသော သူငယ်ချင်းနှစ်ဦးကလည်း သူနှင့်အတူ တက်ကြွစွာ လိုက်လာကြသဖြင့် မညည်းညူရဲ၊ ဓါတ်စာတွင် ပါသည့် Company လိပ်စာသို့သာ ခပ်သွက်သွက် လာကြရ၏။ ဟိုကြည့်ဒီငဲ့ဖြင့် Company ကို ရှာရသည်၊

"တွေ့ပြီ တွေ့ပြီ မိုးဆွေ၊ Red Arrow မဟုတ်လား...ဟိုမှာ"

ဝမ်းသာအားရ အော်လိုက်သော ခင်ဗွေးအသံကြောင့် လှမ်းကြည့်လိုက်သည့်အခါ မိုးဆွေ မျက်လုံးတွေ ပြာဝေကာသွား၏။





ဒီတံခါး ဒီလေကားကို မိုးဆွေ ကောင်းစွာ မှတ်မိပါသည်၊ ထိုစဉ်ကတော့ ကောင်မလေးကို စာပေးရန်သာ စိတ်စောနေသဖြင့် ဘယ်လမ်း၊ ဘယ်နေရာ၊ ဘယ် Company ဆိုတာကို မိုးဆွေ အသေအချာ မကြည့်မိခဲ့၊ ပြဿနာတက်တော့လည်း တွန်းထိုးရိုက်ပုတ်သာ ခံခဲ့ရသဖြင့် ဘာကိုမှ မမှတ်မိခဲ့။ ဒီ Company ဆိုရင်တော့ သူ့မျှော်လင့်ချက်သည် သွားပြီ၊

"အာ...မင်း Company က သေးသေးမှ မဟုတ်ဘဲကွ၊ တော်တော်ကြီးကျယ်တာပဲ မိုးဆွေ၊ မဆိုးဘူးကွ၊ ကောင်းတယ်...ကောင်းတယ်"

"ငါ...ငါ သွားမဖြေတော့ဘူး သူငယ်ချင်းရာ"

"ဘာ...မဖြေတော့ဘူး ဟုတ်လား"

မျက်စိမျက်နှာပျက်နှင့် ထွက်ပြေးတော့မလို ဖြစ်နေသော မိုးဆွေကို သူငယ်ချင်းနှစ်ဦးက နားမလည်နိုင်အောင် ဖြစ်နေကြသည်၊

"ဒီလိုကွာ...ဒီ Company မှန်း မသိလို့ ငါလျှောက်မိတာ၊ ဒီ Company ဆိုရင် ငါ ဖြေလည်း ရမှာမဟုတ်ဘူး၊ ကျိန်းသေတယ်"

"ဘာလဲ...ည(၇)နာရီ တရုတ်ကား ဇာတ်လမ်းတွဲတွေထဲကလို မင်းအဖေနဲ့ ဒီ Company ပိုင်ရှင်သူဌေးက ရန်ငြိုးရှိနေလို့လား"

တရုတ်ကားကြိုက်သော သိန်းမြင့်က တအံ့တသြမေး၏။

"မဟုတ်ဘူးကွ၊ ဒီလိုကွာ၊ အင်း...ကဲ...လာ လက်ဖက်ရည်ဆိုင်ကို၊ ငါရှင်းပြမယ်"

အနီးဆုံး လက်ဖက်ရည်ဆိုင်သို့ ဝင်ကာ သူ ဖြစ်ခဲ့သမျှကို အမြန်ဆုံး ရှင်းပြလိုက်ရ၏၊

"ဟာ...ဒီအတိုင်းသာဆိုရင် မင်း အလုပ် ကျိန်းသေရပြီ မိုးဆွေ"

"ခင်ဗွေးရာ...မင်းကလည်း"

"ဟုတ်တယ်လေ...မင်းအကြေးကသာ သူတို့ဆီမှာ ရှိတာ၊ မင်းကသာ တရားစွဲရင်ဘာရင် ဘယ်လွယ်လိမ့်မလဲ၊ မင်း သွားကို ဖြေသင့်တယ်"

"ဟုတ်တယ် မိုးဆွေ၊ ကိုယ်က မှန်ခဲ့တာပဲ၊ စော်ကားခဲ့တာမှ မဟုတ်တာ၊ မင်းစိတ်ထဲက သန့်တယ်ဆိုရင် မင်းသွားကို ဖြေသင့်တယ်"

"ဟိုကောင်မလေးက ရှိသေးတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ…သူကတောင် မင်းကို တောင်းပန်ရဦးမယ့်ဥစ္စာ၊ ပြီးတော့ သူက မင်းကို ရွေးမယ့်အဖွဲ့က လူကြီးမှ မ ဟုတ်ဘဲ"

"မဟုတ်ဘူးလေကွာ…သူ့ကို ထပ်နောင့်ယှက်ဖို့ တမင်တကာ ဒီအလုပ်ကို လျှောက်တယ်လို့ ထင်ရင် ဘယ့်နယ်လုပ်မလဲ"

"မိုးနဲ့မြေကြီး သက်သေရှိတယ်၊ မင်း အလုပ်လျှောက်တုန်း က ဒီ Company ဆိုတာ သိမှမသိဘဲဟာ"

ချီတုံချတုံ ဖြစ်နေသော သူ့ကို သူငယ်ချင်းနှစ်ဦးက ဝိုင်းအားပေးကြသဖြင့် နောက်ဆုံး မိုးဆွေ Company ထဲရောက်သွားသည်။ Interview ဖြေဖို့ စောင့်နေစဉ် မိုးဆွေ၏ခံစားချက်သည် ကင်မရာ အလုံးတစ်ရာလောက် ချိန်ထားသော ရိုက်ကွင်းထဲမှ သရုပ်ဆောင်အသစ်ကလေးလိုဖြစ်နေသည်။ ဘယ်နေရာကိုမှလည်း မကြည့်ရဲ၊ ဘယ်သူ့ကိုမှလည်း မျက်ဝန်းချင်း မဆုံရဲ၊ ဘာစကားမှလည်း မပြောရဲ၊ အရာရာကို ကြောက်ရွံ့နေခဲ့သည်၊

လူတွေ့စစ်သည့် အခန်းထဲ ရောက်တော့ ယောကျာ်းနှစ်ဦးနှင့် မိန်းမတစ်ဦးကိုသာ တွေ့ရသည်။ ညာဘက်အစွန်ဆုံးက လူက သူ့ထံမှ ဘွဲ့လက်မှတ်နှင့် မှတ်ပုံတင်ကတ် စသော စာရွက်စာတမ်းတွေကို စစ်ဆေးသည်၊ အသက်လေးဆယ်ခန့် ရှိသည့် အမျိုးသမီးက သူ့ကို စူးစူးစိုက်စိုက်ကြည့်ကာ နံဘေးမှ လူကို ခပ်တိုးတိုး ကပ်ပြော၏။

"ဦးကျော်မျိုးဝင်း…ဒါ ချမ်းမြနဲ့ ပြဿနာတက်တဲ့ ကောင်လေးမဟုတ်လား"

ဒေါ်မွှေးမွှေးစကားကြောင့် ဦးကျော်မျိုးဝင်းရေက လူကို အသေအချာကြည့်သည်။ ပထမ မမှတ်မိ၊ နောက်မှ သွင်ပြင်ထူးခြားသောပုံစံကို မှတ်မိကာ သွား၏။

"ဟုတ်တယ် ဒေါ်မွှေးမွှေး…ဘာလုပ်ကြမလဲ"

ကြောက်ပါတယ်ဆိုမှ သူ့ကြည့်ကာ ခပ်တိုးတိုး လုပ်နေကြသဖြင့် မိုးဆွေ ချွေးတွေ ပြန်ကာလာ၏၊

"ဘာလုပ်ရမှာလဲ…ရှင် အမှတ်ကောင်းကောင်းပေးလိုက်…ဒါပဲ"

ထိုစဉ် သူ့စာရွက်စာတမ်းတွေကို စစ်နေသူက ခေါင်းမော့ကာလာ၏။





"စာရွက်စာတမ်းတွေတော့ အကုန်မှန်ပါတယ်၊ ဦးကျော်မျိုးဝင်းတို့ လုပ်စရာရှိတာ လုပ်ပါ"

ဒီတော့မှ အမျိုးသမီးနှင့် စကားတိုးတိုးပြောနေသူက သူ့ကို ပြုံးကာ ကြည့်သည်၊

"မင်း English စာ ရေးဖတ်ပြော ရသလား"

"ဟုတ်ကဲ့…အနည်းအကျဉ်းတော့ ရပါတယ်ခင်ဗျာ"

"ကဲ…ဒါဆို ဟောဒီစာကို ဖတ်စမ်းကွာ"

သူ့ရှေ့သို့ အင်္ဂလိပ်စာတွေ ပါသော စာရွက်တစ်ရွက် ရောက်ကာလာ၏။ English စာဆိုတာက သူနှင့် သိပ်မရင်းနှီးတော့၊ ကျောင်းပြီးကတည်းက ဖတ်လည်း မဖတ်ဖြစ်၊ ပြောလည်း မပြောဖြစ်၊ ရေးလည်း မရေးဖြစ်တာ ကြာပြီ၊ ကြောက်ပါတယ်ဆိုမှ ကိုယ်မကျွမ်းကျင်သော အရာတစ်ခုနှင့် လာတွေ့ရသည်၊ သို့သော် ခပ်တည်တည်ပင် မိုးဆွေ စာရွက်ကို ကိုင်ကာ တွေ့သမျှစာလုံးတွေကို လျှောက်ကာဖတ်သည်။ မျက်စိထဲ ထွက်သမျှ သူအသံထွက်တတ်သော စာလုံးမှန်သမျှကို အော်ကာဖတ်သည်၊

"တော်တော့…တော်တော့…တော်ပါတော့ဗျာ၊ မင်း ဖတ်တာ They, Them, is, was, clear, people, when, what နဲ့ who ပဲ ငါကြားတယ်၊ တော်ပြီ…တော်ပြီ…တော်ပါပြီ"

စာရွက်ကို ချထားရင်း မိုးဆွေ တော်တော်လေး စိတ်ဆင်းရဲကာ သွား၏။ ကျန်အမျိုးသမီးက သူ့ကိုပြုံးကြည့်ကာ ဘောလ်ပင်ကို စုံနှင့် တခေါက်ခေါက် ခေါက်ကာ ဆော့နေသည်၊

"မင်း အရင် ဘယ် Company မှာ လုပ်ဖူးလဲ"

"ဘယ်မှာမှ မလုပ်ဖူးပါဘူး ခင်ဗျာ"

"Account သင်တန်း တက်ဖူးလား"

"မတက်ဖူးပါဘူး ခင်ဗျာ"

"ကွန်ပျူတာရဲ့ သင်တန်းတွေ ဘာတွေရော…"

"မတက်ဖူးပါဘူး ခင်ဗျာ"

အမျိုးသမီးက ဘောလ်ပင်ကို တခေါက်ခေါက်ခေါက်ရင်း မျက်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



လှန်ကာ စဉ်းစားသည်။ မိုးဆွေ စိတ်ထဲမှာတော့ သွားပါပြီဟုသာ ပြောနေမိ၏။ သူ့ဘက်မှာ Company နှင့် ပတ်သက်၍ ဘာတစ်ခုမှ အဆင်မပြေ၊ မသိတာတွေ မတတ်တာတွေက များနေ၏။ သေချာပြီ။

"ကဲကွာ...မင်း Computer ရိုက်တတ်လား"

ဒါတော့မဆိုး၊ ရမ်းသမ်းမှန်းဖြေလျှင် ရနိုင်၏။ Computer ရိုက်တာကိုတော့ သူတွေ့ဖူးသည်။ ရိုက်တော့ မရိုက်တတ်၊ သို့သော် မတတ်ဘူး မသိဘူးချည်း ဖြေနေရသဖြင့် သူရှက်လှပြီ။

"ရိုက်တတ်တယ် ခင်ဗျ"

"ဟုတ်ပြီ...တစ်မိနစ်ကို စာလုံးရေ ဘယ်လောက် ထွက်သလဲ"

ခွကျပြီ၊ တကယ်မတတ်တော့ ရမ်းဖြီးဖို့သာ ရှိတော့၏။ မျက်စိထဲမှာ Computer ကို တဖြောင်းဖြောင်း ရိုက်နေသော ကောင်မလေးတွေကို မြင်ယောင်ကာ မှန်းရ၏။

ငါးရာလောက် ပြောလိုက်ရင်ကောင်းမလား။ သိပ်များရာ ကျသွားလိမ့်မည်ဟုလည်း တွက်ရသေး၏။ ပုံမှန်လောက် ပြောတာပဲ ကောင်းပါတယ်လေဟု ဆုံးဖြတ်ရသည်။

"ဟို...တစ်မိနစ်ကို နှစ်ရာ့ငါးဆယ်၊ သုံးရာနီးပါးတော့ ထွက်ပါတယ်"

"ရှင်...နှစ်ရာ့ငါးဆယ်...သုံးရာ"

ထိုအမျိုးသမီး ပါးစပ်ပြဲကာ မျက်လုံးပြူးပြီး ရင်ဘတ်ကို ဖိရင်း ရှေ့သို့ တိုးကာလာ၏။ သွားပြီ...ဒီတစ်ခါလည်း ပြောတာ နည်းသွားပြန်ပြီ။

"ဒီလိုပါ...အဲဒါ ပုံမှန်ပါ၊ အရေးကြီးရင်ကြီးသလို လေးရာလောက်တော့..."

မိုးဆွေ စကားမဆုံး ရယ်သံတွေ ထွက်လာကြသည်။ ညာဘက်ထောင့်ဆုံးက လူကတော့ ပြုံးရုံသာ ပြုံးသည်။

"ဘုရား...ဘုရား၊ နင့်မှာ ကုလားဘုရားလို လက်ဆယ်ချောင်း ရှိရင်တော့ မပြောတတ်ဘူး၊ တစ်မိနစ်ကို စာလုံးလေးရာ၊ ဟား...ဟား...အမလေး ကိုယ်တော်ရဲ့ မတတ်လည်း မတတ်ဘူးပြောပါ၊ အတော်ဆုံးလူတောင် လေးဆယ့်ငါးလုံးပေါ့၊ ဟား...ဟား...ဟား..."





မိုးဆွေ လုံးဝ ခေါင်းငိုက်စိုက်ကျကာသွား၏။ သူ့ပုံစံကိုသာ ဟိုကောင်တွေ မြင်လျှင် ဒီအလုပ်ကို မလိုချင်လို့ တမင်လျှောက်ဖြေနေတယ်ဟု စွပ်စွဲမှာ သေချာသည်။ တကယ်တော့ သူ့အမှန်ဖြေနေခြင်းသာဖြစ်၏။

"အမလေးဟဲ့...ဒုက္ခပဲ၊ ကဲ...Company စည်းမျဉ်းစည်းကမ်း အတိုင်းလိုက်နာပြီး ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် လုပ်နိုင်မလား"

"ဟုတ်ကဲ့...လုပ်နိုင်ပါတယ်ခင်ဗျာ"

"ကဲ...ဒါဆို သွားလို့ ရပါပြီ"

မိုးဆွေ ထွက်သွားတော့ ဒေါ်မွေးမွေးက ဦးကျော်မျိုးဝင်းကို ကြည့်ကာ ရယ်ပြသည်။ ဇော်မြင့်ကတော့ ဘာမှမပြောပါ၊ ပြုံးတော့ ပြုံးမိ၊ အားရပါးရ ရယ်ပြီးမှ ဒေါ်မွေးမွေးက သက်ပြင်းကို ချကာ ပြောသည်။

"အင်း...ဒုက္ခပဲ၊ အကုန်လုံး တလွဲတွေချည်းပဲ၊ ဒါပေမယ့် သူ့ကို ခန့်မှတော့ ဖြစ်လိမ့်မယ်နော် ဆရာဇော်မြင့်၊ လျှောက်တဲ့လူ(၂၀)ထဲမှာ ယောကျ်ားလေးက သူတစ်ယောက်ပဲ ပါတာ"

"ဒါကတော့ ဒေါ်မွေးမွေးနဲ့ ဦးကျော်မျိုးဝင်းတို့ သဘောပါ၊ ဝန်ထမ်းခေါ်ယူရေးကိစ္စမှာ ဒေါ်မွေးမွေးတို့ကို ကျွန်တော် အားလုံးအပ်ထားတာပဲ"

"ယောကျ်ားလေးဆိုတော့ ဘယ်နေရာဖြစ်ဖြစ် ထားရလွှတ်ရတာ စိတ်ချရတာပေါ့ဗျာ၊ ဒါကိုက သူက သာနေတာပဲ"

"ဦးကျော်မျိုးဝင်းရယ်...Company အကြောင်းဆိုတာ လုပ်ရင်းနဲ့ သိသွားတာပါပဲ၊ ဒီလို ဘာမသိ ညာမသိတွေကပဲ ကိုယ့်ထက်ငယ်တော့ ကိုယ့်ထက်လည်ပြီး ကိုယ့်ထက်တောင် ရာထူးကြီးချင်ကြီးသွားဦးမှာ"

ထိုစကားကိုတော့ ဇော်မြင့်စိတ်ထဲကပဲ ကြိတ်ကာ ပြုံးလိုက်ပါသည်။ သန့်ဇင်ကိုရဲ့အမှားတွေကြောင့် သူတို့နှစ်ယောက်ကို ချော့ကာ ရွေးချယ်ရေးအတွက် အာဏာကုန် ပေးထားရ၏။ ဒီလိုပေးလိုက်ကတည်းက သူတို့ စိတ်ထင်ရာ လုပ်ကြတော့မည်ဆိုတာ ဇော်မြင့် သိပါသည်။ မိန်းကလေးတွေဆိုလျှင် မျက်ရည်တောက်တောက်ကျအောင် မေးတတ်စစ်တတ်သော ဒေါ်မွေးမွေးသည် ဒီလူ့ကျမှ ဘာကြောင့် သဘောကောင်းနေမှန်းမသိ။

ကိစ္စတော့မရှိ၊ ယခုခေါ်မည့် လူရှစ်ယောက်မှာ အရည်အချင်းပြည့်မီ



www.burmeseclassic.com

www.burmeseclassic.com



သော လူနှစ်ယောက် ရပြီးပါပြီ၊ ဒီတစ်ယောက်အတွက်တော့ ဝန်မလေးတော့၊ ဦးကျော်မျိုးဝင်းနှင့် ဒေါ်မွေးမွေးကို Company အတွက် လက်လွှတ်၍မရ။ သူတို့ စိတ်ကျေနပ်အောင် ခဏတော့ လွှတ်ပေးတန် ပေးရမည်၊ ဒါကလည်း သန့်ဇင်ကိုရဲ့အမှားအတွက် ပေးဆပ်ခြင်းတစ်မျိုးပဲဖြစ်၏။

သူတို့ပြောသလိုပင် ယောက်ျားလေးဆိုတော့ သိပ်တော့ မဆိုးဟု စိတ်ထဲမှာ တွက်ရသည်။ သူသာဆိုလျှင်တော့ လုံးဝခံနိုင်လိမ့်မည် မဟုတ်ပါ။

၅ ၅ ၅ ၅

ချမ်းမြမြကျိုင် ဘဝတွင် ဤမျှလောက် အလုပ်ကြိုးစားပြီး အပင်ပန်းခံခဲ့တာမျိုး တစ်ကြိမ်တစ်ခါမှ မရှိပါ။ မေမေနှင့် ဖြူလေး၊ သက်စုတို့ကပင် သူ့ကို အံ့သြရ၏။ မနက် Company ကို ဝင်လက်မှတ်ထိုးပြီးသည်နှင့် သူ့အဖွဲ့ကို ခေါ်ကာ ကားတစ်စင်းဖြင့် ငါးကန်တွေကို သွားရသည်။ ငါးဒိုင်တွေကို သွားရသည်။ ငါးတွေကို ကြည့်ရသည်။ လူကြီးတွေနှင့် စကားအချေအတင် ပြောရသည်။

ပြီးတော့ ညနေစောင်းမှ Company ကို ပြန်ရသမျှ အချက်အလက်တွေ Computer ထဲ ထည့်၊ ပြီးလို့ အိမ်ပြန်ရောက်လျှင် အစီရင်ခံစာရေး သူ့စိတ်ထဲမှာ တစ်ခုပဲရှိသည်။ သူ့ Project သည် တစ်ခုမျှ မမှားစေရ၊ မလွဲစေရ။ ပြဿနာ မတက်စေရဆိုတာပင် ဖြစ်သည်။





ထိုသို့ သူကြိုးစားသော မောင်းနှင်အားသည် Company မှာ ဖြစ်နေသော ကောလဟာလ သတင်းများကြောင့်လည်း ဖြစ်၏။ ဒီ Project ကို သူ့လက်ထဲ ထည့်သည့်အတွက် သူနှင့် ဦးသန့်ဇင်ကို့ကို ဘာလိုလို ပြောကြ၏။ ပြီးတော့ သူ့ကိုလည်း လုပ်နိုင်မှာ မဟုတ်ဟု ထင်ကြေးပေးသူက ပေးသည်။ အေးပေါ့လေ Computer ကျွမ်းကျင်သူတစ်ဦးနဲ့ ငါး Project ဆိုတာ အဝေးကြီး၊ ပြီးတော့ သူက ထို Project အတွက် သူနှင့် ရင်းနှီးသူ၊ သူ့ကို လိုလားသူ ဝန်ထမ်းတွေကိုသာ အဖွဲ့ဖွဲ့ပြီး ခေါ်ထုတ်သွားသည်၊ ထိုကိစ္စကိုလည်း သိပ်မကျေနပ်ကြ၊ သူ့ကြောင့် အလုပ်ပျက်သည်ဟု ပြောကြပြန်သည်။

ထို့ကြောင့် ကြည့်ကြသေးတာပေါ့ဟူသောအပြုံးနှင့် Boss တော့ ပြာပါပြီကွာ...ဆိုသောစကားများကို သူအနိုင်ယူရမည် ဖြစ်သည်။ ထိုကိစ္စသာ မအောင်မြင်လျှင် သူတို့နှစ်ယောက်စလုံး အလုပ်မှ ထွက်မည်ဟု သဘောတူထားကြ၏။ အားလုံး အပင်ပန်းခံကြပါသည်၊ သူ ခေါင်းဆောင်လို ဖြစ်နေတော့ ပို၍ အပင်ပန်းခံရပါသည်။

အခုတော့ သူ့လုပ်ငန်းက ပြီးစီးလုနီးပါး ဖြစ်နေပါပြီ၊ စံနစ်တကျ သေသေသပ်သပ်၊ ပြည့်ပြည့်စုံစုံကို စီမံချက်အကြမ်းကို သူ ရေးဆွဲထားသည်၊ အပ်ဖျားတစ်ဖျား ထောက်စရာ မရှိအောင် အကွက်စေ့စေ့လည်း ရှိသည်။ ငါးဝယ်ယူရေးအတွက် ချုပ်ဆိုရမည့်စာချုပ်တွေကိုလည်း ဝါရင့်ရှေ့နေကြီး တစ်ဦးနှင့် တိုင်ပင်ကာ ရေးသားခဲ့ပြီးပြီ၊ ထို့ကြောင့် ချမ်းမြမြကျိုင်သည် File ကို ရင်မှာ ကပ်ကာ သူ့ရဲ့ကောင်းမလေး ဂျူး လမ်းလျှောက်သလို ကားမှတ်တိုင်ကို လျှောက်လာခဲ့၏။

ကားမှတ်တိုင်မှာ ရပ်ပြီး ကားစောင့်တော့ ဘေးဘီကို ငဲ့အကြည့်မှာ ထိုလူ့ကို သွားတွေ့ခြင်းဖြစ်၏။ ချမ်းမြရင်ထဲမှာ ကြည်နူးမှုတွေ ပျောက်ကာ ဒေါသတွေ ဝုန်းခနဲ ရောက်လာသည်။ ထိုလူကလည်း သူ့ကို တွေ့သွားပုံရ၏။ မသိမသာ နေရာရွှေ့ကာ လူအုပ်ကြားထဲ သူ့ကိုယ်သူ ဆွဲယူကာ သွားသည်။

ကားပေါ်ရောက်တော့ အစီရင်ခံစာ မတင်မီ ငွေစာရင်းကိစ္စကို ထပ်မံစစ်ရန်နှင့် သက်စုနှင့် ဖြူလေးတို့ကို ပြောရမည့်စကားကလေးတွေ ထပ်ဖြည့်ဖို့ စဉ်းစားရင်းအတွေးထဲ နစ်ကာနေသည်။ မှတ်တိုင်ရောက်တော့ ဆင်းကာ လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့သည်။ Company နားရောက်လေလေ သူ့ရင်က ပိုကော့လာကာ ရင်ခုန်သံက ပိုမြန်လာ၏။ ထိုစဉ် စိတ်ထဲမှာ ထင့်ကနဲ တစ်ချက်ဖြစ်သွားသဖြင့် နောက်လှည့်ကြည့်တော့ ထိုလူ့ကို သူနှင့် မလှမ်းမကမ်းက လိုက်လာနေတာ တွေ့ရပြန်၏။ ချမ်းမြ ရင်ထဲ ဒေါသ ထောင်းကနဲ ဖြစ်ကာသွားသည်။

"တောက်...တော်တော် အတင့်ရဲတဲ့ကောင်ပါလား၊ ပေါ်တင် ခေါ်မေးလိုက်ရင် ကောင်းမလား၊ အိုး...သူ့ဘာသာ လမ်းလျှောက်နေတာတော့ ထားလိုက်ပေါ့လေ"

ချမ်းမြနောက်ကို လှည့်မကြည့်ဘဲ လျှောက်လာခဲ့သည်။ Company တံခါးဝရောက်တော့ တံခါးကို တွန်းဖွင့်ရင်း ငဲ့ကြည့်တော့ ထိုလူ့ကို မတွေ့ရတော့၊ Company ထဲ ရောက်သည်နှင့် ဖြူလေးက ဆီးကြို၍ ပြောသည်။

"ချမ်းမြရေ...အစီရင်ခံစာ အဆင်သင့် ဖြစ်ပြီဆိုရင် ဆရာဦးဇော်မြင့်က တစ်ခါတည်း ယူလာခဲ့ပါတဲ့..."

"အဆင်သင့်ပဲလေ...ဖြူလေးရဲ့ ငွေစာရင်း နောက်ဆုံး Final စစ်လိုက်ကြရအောင်...လာ"

ဦးဇော်မြင့်၊ ဦးကျော်မျိုးဝင်းနှင့် ဒေါ်မွှေးမွှေးတို့က သူ့အစီရင်ခံစာကို စေ့စေ့စပ်စပ်ကို ဖတ်ကြသည်။ ဒီလို စေ့စေ့စပ်စပ် ဖတ်မှ သူ ဘယ်လောက် ကြိုးစားထားတယ်ဆိုတာကို တွေ့မည်ဖြစ်သဖြင့် ချမ်းမြ အပြုံးကလေးနှင့် ရင်ကို ကော့ကာ ထိုင်နေခဲ့သည်။ ထိုအပြုံးကို ဘာသာပြန်ရလျှင်...

"ကဲ...ကျွန်မရဲ့အရည်အချင်းကို တွေ့ပြီလား" ဟူ၍ဖြစ်မည်ထင်သည်။

နာရီဝက်လောက်ကြာတော့ သူ့အစီရင်ခံစာကို အားလုံး ဖတ်ပြီးသွားကြ၏။

"တော်တော် စေ့စပ်သေချာတာပဲ၊ အပြစ်ပြောစရာ ဘာမှမရှိဘူး"

ဦးကျော်မျိုးဝင်းက ပခုံးကို တွန့်ကာ ပြောသည်။ ဒေါ်မွှေးမွှေးကတော့ ဘာမှမပြော၊ မဲ့ပြုံးပြုံးကာ ခေါင်းကို သုံးလေးခါ ညိတ်နေသည်။

"ဟုတ်ပါတယ်...မင်း အစီရင်ခံစာက တော်တော့်ကို ပြည့်စုံပါတယ်၊ အံ့သြစရာ တော်တော်ကောင်းတာပဲ"

"ကျွန်မ တစ်ယောက်တည်းကြောင့်တော့ မဟုတ်ပါဘူး၊ ကျွန်မ





ဖေဖေ့ဆီက အကြံဉာဏ် ယူပါတယ်၊ ပြီးတော့ ဖြူလေး၊ သက်စုနဲ့ ကျွန်မတို့အဖွဲ့က ကလ္လာတွေ ခွဲပြီးလုပ်ကြတာပါ"

"ဪ...မင်းဖေဖေက"

"ဟုတ်ကဲ့...ဖေဖေက အစိုးရဌာနက မန်နေဂျာတစ်ဦးပါ၊ အခုတော့ အငြိမ်းစား ရပြီးပါပြီ"

"ဘာပဲဖြစ်ဖြစ်ကွာ...မင်းက ပေးလိုက်တဲ့ အပြစ်တစ်ခုကို အခုလို တာဝန်ကျေကျေ ခံယူတာတော့ ဂုဏ်ယူစရာပါပဲ"

"ရှင်"

ထင်မှတ်မထားသော စကားအတွက် ချမ်းမြ ကြောင်ကာ သွား၏။

"ဟုတ်ပါတယ်...ဒီ Project ကို မင်းလုပ်ရတာ အပြစ်ပေးခံရတာပဲ၊ မင်းကို အလုပ်က တန်းမထုတ်ချင်လို့ပေါ့၊ အခုတော့ မင်း အလုပ်ထွက်စရာ မလိုတော့ပါဘူး၊ ကဲ...ဒေါ်မွှေးမွှေးနဲ့ ဦးကျော်မျိုးဝင်းတို့က ဒီ Project ကို ဆက်အကောင်အထည် ဖော်ပါ၊ အစီရင်ခံစာနဲ့ ပတ်သက်လို့ မရှင်းတဲ့ကိစ္စတွေ ရှိရင် မချမ်းမြကို ခေါ်မေးနိုင်ပါတယ်"

ရင်ထဲက ဆန်တက်လာသော ဒေါသကြောင့် ဖြစ်သည့် ရင်ခုန်သံ တဒုတ်ဒုတ်မှလွဲ၍ ချမ်းမြ ဘာကိုမှ မကြားရတော့၊ ဘာကိုမှလည်း မသိရတော့၊ ကြောင်ငေးကာ ကြည့်နေမိသည်။ သူ့ကို အပြစ်ပေးတာတဲ့၊ ဒါ သူ့ကို အပြစ်ပေးတာတဲ့၊ သူ အစအဆုံး အပင်ပန်းခံထားရသော ကိစ္စတစ်ခုကိုလည်း တခြားသူ လက်ထဲသို့ ထည့်လိုက်သည်။ ဘုရားတည်ပြီးမှ သူကြီးနာမည် ကပ်ပေးလိုက်ရတာပါလား။

ဦးသန့်ဇင်ကို...ဦးသန့်ဇင်ကို ဘယ်မလဲ။

"ဟုတ်ကဲ့...အခု သွားလို့ရပါပြီ မချမ်းမြမြကျိုင်"

အပြုံးနှင့် ယဉ်ကျေးစွာပြောသော စကားသံသည် နားထဲသို့ သံရည်ပူနှင့် လောင်းချလိုက်သလို ခံစားရ၏။ ချမ်းမြ ဝုန်းခနဲ ထရပ်ကာ တံခါးကို ခပ်ကြမ်းကြမ်း ဆွဲဖွင့်ကာ ထွက်လိုက်သည်။ အခန်းအပြင်ရောက်တော့ အားလုံးက ချမ်းမြကို အံ့သြထိတ်လန့်စွာ ဝိုင်းကြည့်နေကြ၏။ ထိုအကြည့်တွေ အားလုံးကို ချမ်းမြ လွှဲဖယ်ပစ်လိုက်သည့်အခါ ဧည့်ထိုင်ခုံတွင် ထိုင်နေသော ထိုလူ့ကို မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေသည်။

ဘယ်လို ထွက်ရမှန်း မသိသော ဒေါ်သတွေက စဉ်းစားနေချိန် မရတော့ပဲ ထိုလူ့ထံသို့ ဝုန်းခနဲ ကျရောက်သွား၏။

"ရှင် ဘာလုပ်တာလဲ၊ မနက်ကတည်းက ရှင့်ဒုက္ခပေးနေတာ၊ ရှင် တော်တော်ရိုင်းတဲ့လူ၊ ထွက်သွား...အခု ဒီနေရာက ထွက်သွား။ ရှင့်ကြောင့် ကျွန်မ အရှက်လည်း ကွဲပြီးပြီ၊ ဒုက္ခလည်း ရောက်ပြီးပြီ၊ ပင်လည်း ပင်ပန်းခဲ့ရပြီးပြီ၊ ရှင် အခုထွက်သွားဆို သွားနော်"

"ကျွန်တော် ရှင်းပြပါရစေဦး"

"ဘာမှ မရှင်းနဲ့...အခုထွက်သွား"

"ချမ်းမြ...ချမ်းမြ၊ မဟုတ်ဘူး ချမ်းမြ၊ လာ...လာ...ကိုယ်တို့ ရှင်းပြမယ်"

သက်စုနှင့် ဖြူလေးက ချမ်းမြကို အတင်းဆွဲကာ ခေါ်သွားကြရသည်။

မိုးဆွေ ကြောင်တောင်တောင်နှင့် ကျန်ရစ်ခဲ့သည်။ သူ့ကို ရုံးဝန်ထမ်းတွေက ဝိုင်းကြည့်နေကြ၏။ တချို့က နားမလည်ကြ၊ တချို့ကလည်း မိုးဆွေကို အခုမှ မှတ်မိကာ တီးတိုးတီးတိုး ဖြစ်ကုန်ကြသည်။

ပထမဦးဆုံးအလုပ်စဆင်းသည့်နေ့သည် မိုးဆွေအတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မလာခဲ့၊ ခဏကြာတော့မှ ဦးဇော်မြင့်က ခေါ်သည်ဟု ပြောသဖြင့် မိုးဆွေ အခန်းတွင်းသို့ ဝင်ရသည်။

"ကဲ...ကိုမိုးဆွေကို Company တစ်ခုလုံးရဲ့လုပ်ငန်းတွေကို သိရအောင် ပထမဦးဆုံး စာဝင်စာထွက်မှာ ထားဖို့ ဆုံးဖြတ်ပါတယ်၊ ကဲ...မတင်မြက သူ့ကို ရေးရာအလိုက် စာတွေ ဘယ်လိုခွဲရတယ်၊ ဘယ်အချိန်မှာ ဝင်စာတွေ တင်ရမယ်ဆိုတာကို ပြပေးလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

"ကိုမိုးဆွေ...Company တစ်ခုအတွက် ဝင်တဲ့စာ ထွက်တဲ့စာဆိုတာ အင်မတန်မှ အရေးကြီးတယ်၊ Company ရဲ့အသက်လို့ကို ပြောလို့ရတယ်ဆိုတာတော့ မှတ်ထားပါ"

"ဟုတ်ကဲ့ပါ ဆရာ...ကျွန်တော် ဂရုတစိုက် လုပ်ပါ့မယ်"

မန်နေဂျာ အခန်းက ထွက်လာတော့ မတင်မြဆိုသည့် အမျိုးသမီးက





ပြုံးရွှင်စွာဖြင့် "ငါတော့...ဒီဝင်္ကက ကျွတ်ပြီပေါ့" ဟု အားလုံးကို ကြေညာသည်။ ပြီးတော့ သူ့ကို လိုအပ်တာတွေ ပြပေးပြီး အလုပ်အားလုံးကို အပ်သည်။

မိုးဆွေ လုပ်ရမည့်အလုပ်က ဝင်စာထွက်စာတွေကို အတိအကျ ရေးမှတ်ရမည်။ ပြီးတော့ ရုံးဆင်းရုံးတက် လက်မှတ်ထိုးစာအုပ်ကို ကိုင်ရမည်။ ပြီးတော့ လာသမျှ Telephone ကို ဖြေရမည်ဖြစ်သည်။ သူ့ကို ကူညီမည့်သူ မရှိ၊ တပည့်မရှိ၊ သူတစ်ယောက်တည်း ဖြစ်၏။

"Phone ကတော့ လူခေါ်မှန်းပဲပေါ့ဟာ"

မတင်မြက ပေါ့ပါးစွာ ပြော၏။ ဒီအလုပ်က လူတော်တော်များများ မလုပ်ချင်သောအလုပ် ဖြစ်လိမ့်မည်ထင်သည်။ သို့သော် မိုးဆွေက မမှုပါ၊ အလုပ်ဆိုလျှင် ဘယ်အလုပ်ဖြစ်ဖြစ် လုပ်ကောင်းသည်ဟု မိုးဆွေက ယူဆထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

"မြင်တို့ကို ပြောပြပြီးပြီပဲ၊ မစားတာ မဟုတ်ဘူး၊ မစားဝံ့တာ ပါလို့"

"ဒီစကားကြောင့် ကျွန်တော် စိတ်မကောင်း ပိုဖြစ်ရတာပါ မနှင်းဖြူ၊ ဒီလိုစိတ်ထားမျိုး မရှိခဲ့တာ အမှန်ပါ၊ စတွေ့တဲ့နေ့က ကျွန်တော် နောက်လိုက်မိတဲ့ စကားတစ်ခွန်းအတွက် စိတ်မကောင်း ဖြစ်ခဲ့တာ တစ်ခုတည်းပါ"

မျက်နှာငယ်လေးဖြင့် ရှင်းပြတောင်းပန်နေသော မင်းခန့်ကို ကြည့်ကာ နှင်းဖြူ စချင်စိတ် ပေါက်သွား၏။

"ဩော်...အဲဒီနေ့က အများကို အလျော်ပေးတဲ့အနေနဲ့ ကျွေးတာပေါ့နော်"

"ဟာ...မဟုတ်ဘူး၊ မဟုတ်ဘူး...ခင်ဗျ၊ ဒီလိုဗျာ...ဒီလို"





မင်းခန့်က လက်တွေကို ရှုပ်ယှက်ခတ်နေအောင် ဝှေ့ယမ်းရင်း တစ်ချက်စဉ်းစားသည်၊ သို့သော် ဘာစကားလုံးမှ ရှာပန်မတွေ့၊ ခဏနေမှ တအင်းအင်း...တအဲအဲဖြင့် မျက်နှာက ဝင်းလက်ကာ သွား၏။

"ဒီလိုဗျာ...ဒီလို...ကျွန်တော်က မနှင်းဖြူကိုစားစေချင်တာဗျာ၊ အဲဒါ...အဲဒါပဲ"

"ဩော်...အင်းပေါ့လေ၊ ပိုက်ဆံမရှိတဲ့လူဆိုတော့ လူများ ကျွေးမှ စားရတော့မယ်ပေါ့လေ"

"ဟာ...ဒုက္ခပါပဲဗျာ၊ မဟုတ်ဘူးဗျ...ဒီလိုဗျာ...ကျွတ်၊ ကျွန်တော် မနှင်းဖြူ နားလည်အောင် ပြောမပြတတ်တော့ဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ သိပါတယ်၊ ထင်ချင်သလိုသာ ထင်ပါတော့ဗျာ"

မျက်နှာကလေး ငယ်ကာ ခေါင်းငုံ့သွားသော မင်းခန့်ကို ကြည့်ကာ နှင်းဖြူ လွတ်လပ်ပျော်ရွှင်စွာ ရယ်မောမိလေသည်။ ဒီလို ရယ်မောရတဲ့ အရသာမျိုးကို နှင်းဖြူ မည်သူ့ဆီကမှ မရခဲ့ဖူးတာ သေချာသည်။

နှင်းဖြူ လွတ်လပ်အားရစွာ ရယ်မောတာကိုပင် မင်းခန့်က မျက်နှာငယ်ကလေးနှင့် နားမလည်သလို ငေးနေသေး၏။

"ကဲ...ကျွန်မ သိပါပြီရှင်၊ အဲဒါ စေတနာလို့ ခေါ်တယ်၊ ဟုတ်ရဲ့လား"

"ဟာ...ဟုတ်တယ်၊ စေတနာ...စေတနာ"

"ဒီမှာ ကျွန်မထမင်းချိုင့်ထဲမှာ ပဲပြုတ်ကြော်ပဲ ပါတယ် သိလား၊ ဒီနေ့ရှင်ကျွေးတာကို ကျွန်မ စားပုံမယ်၊ ဒါ အရင်နေ့က မစားတာတွေကို အလျော်ပေးတာ မဟုတ်ဘူးနော်၊ စေတနာကို တုံ့ပြန်တာလို့ မှတ်ထား...ထမင်းစားချိန်ကျတွေ့မယ်လေ"

မင်းခန့်က ဝမ်းသာအားရ ပြုံးသည်။ သူပြုံးလိုက်လျှင် ကလေးလေး တစ်ယောက် ပြုံးသလို ဖြူစင်ဝင်းမွတ်သွားတာကို သတိထားမိ၏။

"အေးနဲ့မိဇင်ရော သီဟနဲ့ မြတ်သူရော ကင်တင်းမှာ စောင့်နေကြတယ်၊ မနှင်းဖြူ တစ်ခါတည်း လိုက်ခဲ့ပါလား"

"အော်...အုပ်စုနဲ့ ပေါင်းကြဲကြတာပေါ့လေ၊ ဟုတ်လား"

"ဟာ...မဟုတ်ရပါဘူးဗျာ၊ ကျွန်တော်ကိုယ်တိုင်က ရအောင် တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်ပြီး ခေါ်ခဲ့ပါ့မယ် ပြောလို့ စောင့်နေကြတာပါ၊ တကယ်ပါ…မယုံရင် မိဖင်နဲ့ အေးမကို မေးကြည့်ပါ"

ပျာပျာသလဲ ရှင်းပြသည့် အမူအယာကို နှင်းဖြူ ကျေနပ်စွာ ငေးနေလိုက်ပြီးမှ ထိုင်ရာက ထသည်။ ဒီလိုပဲ လူတစ်ယောက်အပေါ်မှာ ဆိုးနွဲ့ရတာ အနိုင်ယူရတာကို နှင်းဖြူ ကျေနပ်တတ်ပါသည်။ ထိုသို့ အနိုင်ယူရမည့်သူကိုပဲ နှင်းဖြူ အမြဲတောင့်တနေတတ်ပါသည်။

ထိုနေ့က မင်းခန့် မှာသမျှဟင်းတွေက အရင်နေ့တွေကထက် နှစ်ဆခန့် ပိုများ၏။ နှင်းဖြူစားသော ထမင်းကလည်း အရင်နေ့တွေကထက် နှစ်ဆပို၍များပါသည်။ သို့သော် စကားပြောရာတွင်တော့ နှင်းဖြူသည် အရင်နေ့တွေကထက် နှစ်ဆခန့် လျော့ကာသွားတာ သေချာပါသည်။

သိပ္ပံကဲင်တင်းထဲမှာ နှင်းဖြူ၊ မင်းခန့်နှင့် သူငယ်ချင်းများအားလုံး အဆင်ပြေသွားသောအချိန်တွင် နာမည်ကြီး ဟိုတယ်တစ်ခု၏ သီးသန့်ထမင်းစားခန်းတွင် ရှိနေသော သန့်ဇင်ကိုနှင့် ဇော်မြင့်တို့ကတော့ အဆင်မပြေကြပါ။

"လူသစ်တွေ ခန့်တာကလွဲပြီး မင်းလုပ်တာတွေက ငါ့အတွက် တစ်ခုမှ အဆင်မပြေဘူး ဇော်မြင့်ရာ…ခုကွာပါပဲ၊ ငါက သူ့ကို အပြစ်ပေးတာ မဟုတ်ဘူးကွ၊ ယောင်ပြီး ပြောမိတာဆိုတာ မင်းလည်း သိသားနဲ့ကွာ…"

"ငါသိတယ် သန့်ဇင်ကို၊ ဒါ တမင်လုပ်ရတာပါ၊ မင်းသိကွာနဲ့ ဂုဏ်ကိုရော သူ့သိက္ခာကိုပါ အကောင်းဆုံး ကယ်တင်ရင်း…ဒုမန်နေဂျာနှစ်ယောက်ကိုလည်း မထွက်အောင် နှစ်သိမ့်လိုက်ရတာပါ"

သန့်ဇင်ကိုက ခေါင်းကို ခါယမ်းသည်။ စိတ်ပျက်လက်ပျက်ဖြစ်ကာ ရှက်နေပုံလည်း ပေါ်၏။ နှုတ်ခမ်းကို ကိုက်ကာ တစ်ခုခုကို စဉ်းစားနေသည်။

"အဲဒီနှစ်ယောက် ထွက်သွားလည်း အရေးမကြီးဘူးကွာ၊ ဘာမှ မဟုတ်တဲ့ မိန်းကလေးတစ်ယောက်အပေါ်မှာ ငါက လိမ်သလို အနိုင်ကျင့်သလို ကြီး ဖြစ်မနေဘူးလား"

"သန့်ဇင်ကို…ဒီကောင်မလေးနဲ့ကျမှ မင်းဘာဖြစ်နေတာလဲ၊ စီးပွားရေးလုပ်ရင် ခံစားမှုကို ဖယ်ထားရမယ်ဆိုတာလောက်တော့ မင်းလည်း သိပါတယ်၊ Company အတွက် လူချင်းသာ လဲကြေးဆိုငါတော့ အဲဒီကောင်မလေး



ကိုပဲ လဲမယ်၊ ဟိုနှစ်ယောက် မရှိရင် တို့ Company ချက်ချင်း ဒုက္ခတွေ့သွားနိုင်တယ်…သိလား"

သန့်ဇင်ကို ငြိမ်ကာသွား၏။ သူသည် ယခင်က မိန်းကလေးတွေနှင့် ပတ်သက်လျှင် ပြတ်သားလေ့ရှိသည်။ ထိုသို့ ပြတ်သားလေ့ရှိခြင်းမှာလည်း တစ်ဦးတည်းသောသား သူ့အတွက် မိန်းကလေးနှင့် ပတ်သက်လျှင် တွေဝေတတ်လွန်း၍ ကြိုတင်ကာကွယ်ထားခြင်းသာ ဖြစ်ပါသည်။

အခုတော့ တစ်ယောက်ပဲ ဆက်ဆံသည်၊ နှစ်ခါခံရ၏။

"အေးပေါ့ကွာ…ငါ့အမှားဆိုတော့ ငါခံရမှာပေါ့၊ အခြေအနေက တရားမျှတမှုကို နိုင်တယ်လို့ပဲ သဘောထားရမှာပေါ့ကွာ"

"သန့်ဇင်ကို…ငါက မင်းသူငယ်ချင်းပါကွာ၊ မင်းကို ဒီလို ဒုက္ခရောက်အောင် ထားခဲ့ပါ့မလား၊ ငါစီစဉ်ကတည်းက အားလုံး အဆင်ပြေအောင် စဉ်းစားခဲ့တာပါ၊ မင်းအတွက် ဖြည့်စရာတစ်ခု ရှိပါသေးတယ်"

"ဖြည့်စရာ…ဟုတ်လား"

ဝမ်းသာအားရ မေးလာသော သန့်ဇင်ကို့ကို ကြည့်ကာ ဇော်မြင့် ပြုံးရင်း…

"ဟုတ်တယ်…ငါတို့ Company က ခြောက်လပြည့် ဒါဘာလုပ်ဖို့ နှစ်ရက်ပဲ လိုတော့တယ်၊ အဲဒီ ဒါဘာကျရင် ငါတို့ ပုံမှန်ပေးနေကျ ဘောက်ဆူးအပြင် ချမ်းမြမြကြိုင်ကို သူ့ Project အတွက် ဂုဏ်ပြုဆုငွေဆိုပြီး ထပ်ပေးကွာ၊ သူနဲ့အတူ လုပ်ခဲ့တဲ့လူတွေအားလုံးကိုပေါ့၊ အဲဒီ ဆုပေးတာ မင်းကိုယ်တိုင်ပဲ ဖြစ်ရမယ်"

သန့်ဇင်ကို တစ်ချက် စဉ်းစားကာ မေးသည်။

"ကောင်မလေးက ကျေနပ်ပါ့မလား"

"သူ့ကို အပြစ်ပေးတယ်လို့ ပြောတာ ငါပါကွာ…မင်းမှ မဟုတ်ဘဲ"

ဇော်မြင့်ရှေ့ကို ရောက်နေသော သန့်ဇင်ကို၏ခန္ဓာကိုယ် ဆတ်ခနဲ တွန့်ကာ နောက်သို့ ရွေ့သွားသည်။ ပြီးတော့ စီးကရက်တစ်လိပ်ကို ထုတ်ကာ သောက်ရင်း စဉ်းစားနေသည်။ ပြီးတော့ ဇော်မြင့်ကို လက်ကမ်းကာ ပေးသည်။

"မင်းတော်တယ် ဇော်မြင့်၊ ဒီတစ်ခါတော့ မင်း ငါ့ထက်ကို တော်သွားပြီ

www.burmeseclassic.com

www.burmeseclassic.com



ကွာ"

ဇော်မြင့်က လက်ကို ဆွဲယမ်းနှုတ်ဆက်ရင်း...

"ငါတော်တာ မဟုတ်ပါဘူးကွာ၊ ငါက ပုံမှန်ပဲ တွေးတာပါ၊ သွေးအေးအေးနဲ့ စီစဉ်တာပါ၊ တစ်ခုတော့ သတိပေးမယ် သူငယ်ချင်း၊ မင်း Company ကို မလာလက်စနဲ့ မလာပါနဲ့၊ ခြောက်လပြည့်ပွဲ လုပ်တဲ့နေ့ကျမှပဲ လာပါ"

"OK သူငယ်ချင်း၊ အဲဒီနေ့မှာ ဒီကောင်မလေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေအားလုံးကို ကိုယ်ရှင်းမှာပါ"

၅ ၅ ၅ ၅

Company မှာ အလုပ်စဝင်သည့်နေ့ကစပြီး မိုးဆွေ မနက်ခြောက်နာရီဆိုလျှင် ထရသည်၊ ထမင်းအိုးတစ်လုံးတည်၊ ညီမလေးနှင့် သူ့အတွက် ထမင်းချိုင့်ထည့်၊ ထမင်းချိုင့်ဆို၍ သူက တစ်ဦးတည်း စားတာဆိုတော့ အရေးမကြီး၊ ညီမလေးအတွက်တော့ ဖွယ်ဖွယ်ရာရာ စီစဉ်ရ၏၊ အပေါင်းအသင်းတွေနှင့် အတူစားမည့် ညီမလေးကို မျက်နှာမငယ်စေချင်ပါ။

ဒါပေမယ့် လခထုတ်မှ လခရမှာဆိုတာကို သိသော ညီမလေးကလည်း သူ့အပေါ် ညှာတာရှာပါသည်။ နေ့စဉ် မနက်ခင်းတိုင်း ပဲပြုတ်ကြော်ပဲ ထည့်ပေးဖို့ ပူဆာသည်၊ ညနေ ဈေးမိ၍ ကြက်သားကလေးဘာလေး ရသည့်အခါ ထည့်ပေးလျှင် စိတ်ဆိုးတတ်သည်။





"ကိုကိုက အရမ်းချမ်းသာနေလို့လား"

"ချမ်းသာနေလို့တော့ မဟုတ်ပါဘူး ညီမလေးရာ...ကိုကို အလုပ်ရတော့ ငွေချေးရ လွယ်တယ်ကွ၊ အရင်လိုမှ မဟုတ်တော့ဘဲ"

"မရဘူး...ပဲပြုတ်ပဲ"

"ဒီကြက်သားဟင်းတွေက ဘယ့်နှယ်လုပ်မလဲ...ချက်ပြီးနေမှ"

"သွန်ပစ်လိုက်"

ညီမလေးသည် သူ့အပေါ်စာနာခြင်းနှင့် အနိုင်ယူခြင်းကို တွဲကာ စိတ်ကောက်နေသည်ဟု နားလည်ပြီး မိုးဆွေရင်မှာ ကြည်နူးရသည်၊ ညီမလေးက ပြောသေးသည်။

"ညီမလေးက ကျောင်းပြီးလို့ ကိုကို့ထက် လခများတဲ့အလုပ် ရတော့မှ ကိုကို့ကို ကြက်သားချည်း နေ့တိုင်းချက်ကျွေးဦးမယ်၊ ကိုကို စားနိုင်ရင်စား..."

"စားပါမယ်ဗျာ...စားမယ်၊ ညီမလေးလခနဲ့ ဝယ်တဲ့ကြက်သားက ကိုကို့အတွက် ဒီကမ္ဘာမှာ အချိုဆုံးပေါ့"

ဒီတော့လည်း ညီမလေးက စိတ်ကောက်ကာ သူ့ကျောကို တဘုန်းဘုန်း ထုပြန်သည်၊

ဒီနေ့တော့ ညီမလေးစိတ်ကြိုက် ပဲပြုတ်ကြော်နှင့် ငါးနီတူခြောက်ကလေးတွေကို ငရုတ်သီးနှင့် ကြော်ကာ ထည့်ပေးလိုက်၏။ သူ ထမင်းချိုင့်ပြင်ပြီး ရုံးကို ထွက်မည့်အချိန်အထိ ညီမလေးက မထသေး၊ တော်တော်အပျင်းကြီးတဲ့ ကောင်မလေးပဲ၊

ရုံးရောက်ပြီး (၁၀)နာရီခွဲလောက်မှာ ဝင်စာတွေ ရေးမှတ်နေတုန်း ပြဿနာတစ်ခုက စသည်။ စောသွဲ့သွဲ့မြင့်ဆိုသော ကောင်မလေးက သူ့အနားသို့ ရောက်ကာလာ၏၊

"ဝင်စာ File ကြည့်ချင်လို့ပါ"

"ခင်ဗျာ...ဘယ်သူက ကြည့်ခိုင်းတာလဲ ခင်ဗျ"

"ဘယ်သူကမှာလဲ...ကိုယ့်ဘာသာ ကြည့်ချင်လို့ပေါ့"

"ဟာ...အဲဒီလို ဆိုရင်တော့ မရဘူးခင်ဗျ၊ မန်နေဂျာက ခွင့်ပြုတဲ့ လက်မှတ် ယူလာခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အလိုတော်...ဝင်စာ/ထွက်စာ စာအုပ်ကလေး ကိုင်ရတာများ သူ့ကိုယ်သူ သိကြားမင်းစာရင်းကို ကိုင်ရတယ်များ မှတ်နေသလား"

ကောင်မလေးပုံစံက တော်တော် ဒေါကန်နေပုံရ၏။ သူ့ဘက်ကလည်း မတတ်နိုင်ပါ။ မန်နေဂျာနှင့် ဒုတိယမန်နေဂျာတို့ ခွင့်ပြုသည်ကလွဲ၍ သူ့စာအုပ်ကို ပေးမကိုင်နိုင်ပါ။

"အားနာပါတယ်ဗျာ...မန်နေဂျာနဲ့ ဒုမန်နေဂျာရဲ့ လက်မှတ်ပါမှ..."

"နေစမ်းပါဦး...ရှင့်ကိုယ်ရှင် ဘာများအောက်မေ့နေလို့လဲ"

"ဘာမှ မအောက်မေ့ပါဘူးဗျာ၊ တာဝန်အရမို့ပါ"

ကောင်မလေးက တောက်ခတ်ရင်း ခြေဆောင့်ကာ ထွက်သွား၏။ သူငေးကြည့်ကာ ခေါင်းယမ်းရင်း ဝင်စာတွေ ဆက်သွင်းနေစဉ် နောက်ထပ်ပြဿနာက ပေါ်လာပြန်၏။

"လက်မှတ်ထိုးဖို့စာအုပ်"

"ခင်ဗျာ..."

"လက်မှတ်ထိုးမလို့ စာအုပ်လို့..."

မိုးဆွေ သူ့လက်ပတ်နာရီကို ငုံ့ကြည့်တော့ ဆယ်နာရီခွဲပြီးတာ ရှစ်မိနစ်လောက် ဖြစ်နေတာကို တွေ့ရ၏။

"ထိုးလို့ မရတော့ဘူးခင်ဗျ...ဆယ်နာရီ ခွဲပြီးသွားလို့ပါ"

"ထိုးလို့မရတော့ဘူး ဟုတ်လား...ရှင် တမင်ရစ်တာလား၊ ဒီမှာ ဘယ်အချိန်ဖြစ်ဖြစ် ထိုးလို့ရတယ်ရှင့်"

"အာ...မန်နေဂျာက မှာထားလို့ပါ၊ ကိုးနာရီခွဲ ရုံးတက်တယ်ဗျာ၊ ဆယ်နာရီခွဲအထိ တစ်နာရီတောင် ပိုပေးထားတာပဲဟာ"

"ဩော်...ဒီလိုလား၊ ရပါတယ်...မင်ကုန်သက်သာတာပေါ့"

အေးအေးမြိုင်ဆိုသော ကောင်မလေးလည်း ခြေကို ဆောင့်ကာ နှုတ်ခမ်းကိုက်ရင်းထွက်ကာသွား၏။ ဝင်စာတွေ အားလုံးရေးပြီး ဆယ့်တစ်နာရီမှာ မန်နေဂျာအခန်းသို့ သူကိုယ်တိုင် သွားပို့ပြီးတော့ လုပ်စရာက သိပ်မရှိတော့တာနှင့် "What to Say" စာအုပ်ကို ထုတ်ကာဖတ်နေစဉ် ရှုတ်ရှုတ်သဲသဲ အသံနှင့် ငိုသံမေးသံများကို ကြားရလေသည်။





သူ ဘာဖြစ်မှန်းမသိ၊ စာကို ဆက်ဖတ်နေလိုက်၏။ အင်္ဂလိပ်စကားပြော ကျင့်ဖို့လိုတယ် မဟုတ်လား။

"ကိုမိုးဆွေ...ဆရာဦးဇော်မြင့်က ခေါ်တယ်..."

အခန်းထဲ ရောက်ကာသွားတော့ စောသွဲ့သွဲ့မြင့်က တရှုပ်ရှုပ်ငိုနေကာ အေးအေးမြိုင်က သူ့ကို မျက်ထောင့်နီကြီးဖြင့် ကြည့်၏။ ဆရာဦးဇော်မြင့်က သူ့ကို သေသေချာချာကြည့်ရင်း...

"ကိုမိုးဆွေ...ခင်ဗျားက သူ့စာကို ယူခွင့်မပေးဘူးဆို"

"သူ့စာ ကျွန်တော် မသိဘူးခင်ဗျ၊ သူက ကျွန်တော့်ကို ဝင်စာ/ထွက်စာ စာအုပ်ကြည့်ဖို့ပဲ ပြောတာပါ၊ ဒီစာအုပ်ကိုတော့ ကျွန်တော် ပြလို့မရဘူးဆရာ၊ ဝင်စာနဲ့ထွက်စာဟာ Company တစ်ခုရဲ့ အသက်လို့ ဆရာပြောထားလို့ ကျွန်တော် မပြတာပါ၊ ဒါပေမယ့် ဆရာနဲ့ ဒုမန်နေဂျာရဲ့ ခွင့်ပြုချက် ရရင်တော့ ပြမယ်လို့ ကျွန်တော် ပြောပါတယ် ဆရာ"

ဆရာ ဦးဇော်မြင့် ငိုင်ကာသွား၏။ "သူပြောတာ ဟုတ်လား" ဟု ငိုနေသော ကောင်မလေးဘက်ကို လှည့်ကာမေးသည်။ ကောင်မလေးက ငိုလျက်နှင့်ပင် ခေါင်းကို ညိတ်ကာ ပြရှာ၏။

"ခက်တာပဲဗျာ...သူ့စာက ရှမ်းပြည်နယ်က သူ့ရည်းစားက လှမ်းရေးလိုက်တဲ့စာ ဖြစ်နေတယ်၊ ဌာနခွဲလိုက်တော့ လူတွေ အကုန်သိကုန်တော့ ရက်တာပေါ့၊ သူ့နာမည် ဖြစ်လျက်နဲ့ ဘာဖြစ်လို့ သူ့ကို မပေးတာလဲ"

"သူ့နာမည်ပါတာတော့ ဟုတ်ပါတယ်ဆရာ၊ ဒါပေမယ့် ဘေးမှာ တဆင့်(တ/ဆ)ဆိုတာ မပါတော့ Company နဲ့ပဲ သက်ဆိုင်တယ်ဆိုပြီး ရေးရာအလိုက် ခွဲချပေးလိုက်တာပါ"

ဦးဇော်မြင့်က တစ်ချက်စဉ်းစားပြီး ခေါင်းကို ညိတ်သည်။

"ကဲ...ဒါဆိုရင်တော့ ကိုမိုးဆွေ မှန်ပါတယ်၊ မစောသွဲ့ကလည်း နောက်ကို ကိုယ့်ရည်းစားကိုယ် သတိပေးထားပေါ့...ဟုတ်လား"

ဆရာဦးဇော်မြင့် စကားဆုံးတော့ စောသွဲ့သွဲ့မြင့်က အသံကို တိုးလို့ အရှိန်မြှင့် ငိုလေသည်။

"သူ့ကိုလည်း ကိုမိုးဆွေက Attendence လက်မှတ်ထိုးခွင့်မပေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆို"

"ဟုတ်ပါတယ် ဆရာ၊ သူ Company ကို ရောက်တော့ ဆယ်နာရီခွဲ ကျော်နေပါပြီ"

"အမလေး...ရှစ်မိနစ်ပဲ ကျော်တာပါ၊ ဒါလောက်လေးနဲ့ ရစ်တာတော့ မကောင်းဘူး ဆရာ၊ ဘာမဟုတ်တာလေးကို..."

ဆရာဦးဇော်မြင့်က သူ့ကို လှမ်းကာကြည့်၏။

"ဒီလိုပါ ဆရာ...ရုံးတက်ချိန်က ကိုးနာရီခွဲပါ၊ ကျွန်တော် သူတို့ကို အချိန်တစ်နာရီ အပိုဆောင်းပြီး ဆယ်နာရီခွဲအထိ စောင့်ပါတယ်ဆရာ၊ အဲဒီထက် ကျော်သွားရင်တော့ ကျွန်တော် ခွင့်ပြုလို့ မရလို့ပါ"

ဇော်မြင့် လှစ်ခနဲ ပြုံးမိသည်။ ဒီလူ တော်တော်မလွယ်ပါလားဟု စိတ်ထဲမှာ တွေးကာ သဘောလည်း ကျကာသွား၏။ Company ဝန်ထမ်း တော်တော်များများကို သူပြောချင်နေသည့်အရာများကို ဒီလူက သင်မပေးရဘဲ ပြောနေလုပ်နေသဖြင့် ကျေလည်းကျေနပ်ကာသွား၏။

"ဒါဆိုရင်တော့ ကိုမိုးဆွေ လုပ်တာတွေအားလုံး မှန်ပါတယ်၊ ဒါပေမယ့် ကိုမိုးဆွေရယ်...ကျွန်တော်တို့ Company ဆိုတာက မိသားစုပုံစံ ဖြစ်နေတာဆိုတော့ သိပ်တင်းကျပ်တဲ့သဘောထက် နားလည်မှုကို ဦးစားပေး ပေးပါ"

"ဟာ...အဲဒါဆိုရင် ကျွန်တော် လုပ်ရတာ ခက်ကုန်တော့မှာပဲ၊ နားလည်မှုဆိုတာ အကျယ်ကြီး ဆရာ၊ တစ်ခုတော့ ရှိတယ်ဆရာ...ဆရာပြောသလိုဆိုရင် ကျွန်တော် တာဝန်ယူရတဲ့ထဲက ပြဿနာ တစ်ခုခု တက်လာရင် ဆရာ ကျွန်တော့်ကို အပြစ်မတင်ပါနဲ့...ဒါတော့ ကတိပေးပါ"

"ဗုဒ္ဓေါ"

ဇော်မြင့်ကိုယ်တိုင် ဒုက္ခရောက်သွား၏။ ထိုကတိကိုတော့ သူမပေးနိုင်ပါ၊ ဘယ်နေရာမှာမဆို မှန်မှန်ကန်ကန် လုပ်မည်ဆိုသော ဝန်ထမ်းတစ်ယောက်ဘက်က သူမရှိလျှင် သူ့ Company သည် ဖြစ်ချင်ရာ ဖြစ်သွားနိုင်သည်ဆိုတာကို သူသိသည်။

"ဒီကတိတော့ ကျွန်တော် မပေးနိုင်ဘူး ကိုမိုးဆွေ၊ ကိုမိုးဆွေ စည်းကမ်းအတိုင်း ဆက်လုပ်ပါ...ကျွန်တော် သဘောတူပါတယ်"

ထိုနေ့က Company ၏ Note Board တွင် ရုံးတက် ရုံးဆင်းချိန်နှင့် Personal စာများကိုတစ်ဆင့်(တ/ဆ)ခံ ပေးပို့ရန် စာတစ်ရွက် ထွက်လာလေသည်။

ၜ ၜ ၜ ၜ

"မင်းကလည်းကွာ...ကိုယ်က မှားတာပဲ၊ သူ့ကို စကားလေး တစ်ခွန်း နှစ်ခွန်းတော့ ပြောသင့်တာပေါ့"

"ဟာကွာ...ကိုယ်က မှားတော့ ပိုမပြောချင်တာပေါ့၊ သူနဲ့ မဆိုင်ဘူး ဆိုတာ သိထားရင် ပြီးတာပဲ၊ အခုလည်း သူနဲ့ ဘာမှမဖြစ်တော့တဲ့ဟာ၊ တကယ့်တရားခံက ဦးသန့်ဇင်ကိုပဲ"

ချမ်းမြမြကြိုင်ဆိုသော သူမသည် သူမှန်သည်ဆိုလျှင် ရင်ဘတ်ကလေး ကော့တတ်သော်လည်း သူက မှားသည်ဆိုလျှင် ပခုံးကလေး အသာငုံ့တတ်သော ဉာဏ်တော့ ရှိသည့် မိန်းကလေးသာ ဖြစ်ပါသည်။

"ဟုတ်တယ်ဟ...ဦးသန့်ဇင်ကိုက ခေါင်းရှောင်တာတော့ လွန်တယ်ဟာ၊ အဲဒီနေ့ကစပြီး Company ကို တစ်ခါမှ မလာတော့တာ၊ ပြီးတော့ ဒီလူ့ကို ဆက်ခန့်တာလည်း မင်းကို သက်သက်မဲ့ ချုပ်ထားတာပဲ"

"တော်တော့ ဖြူလေးရာ...တွေးမိရင် အသည်းနာတယ်"

"သက်စု ပြောရဦးမယ်၊ ဒီလူကလည်း တော်တော် အရှုပ်ထုတဲ့လူ





www.burmeseclassic.com

www.burmeseclassic.com



နော်၊ ဒီလောက် မင်းဘက်က ဖောင်းတာတောင် ဘာမှ မဖြစ်သလိုပဲ၊ ဟိုတစ်နေ့က စိမ်းနလွင်က သွားမေးတော့ ဒါတွေက ပြီးပါပြီဗျာလို့ ပြောတာတဲ့"

သက်စုစကားကြောင့် ချမ်းမြဒေါသက ရင်ထဲကို ပြန်ရောက်လာသည်။ ထုံသလိုလို ပေသလိုလို အူသလိုလို သူ့မျက်နှာကိုလည်း ဖျတ်ခနဲ မြင်မိ၏။

"အလကား...လူလည်နဲ့ အေ့ကြားမှာ ကိုယ်က သက်သက်ဒုက္ခရောက်တာ၊ တော်တော့ကွာ...ဒါတွေ မပြောနဲ့တော့၊ သူက ပြီးပြီဆိုရင်လည်း ချမ်းမြတို့က It Over ပေါ့...ဒါပဲ"

ရုံးခန်းထဲ ရောက်တော့ Attendence လက်မှတ်စာအုပ်နားမှာ ဝန်ထမ်းတွေ စုပြုံကာနေ၏။ သက်စုနှင့် ဖြူလေးလည်း တိုးဝင်ကာ သွားကြသည်။ ချမ်းမြကတော့ မဲ့ပြုံးပြုံးကာ လူအုပ်ကို ရှောင်ရင်း ကိုယ့်နေရာမှာကိုယ် သွားထိုင်နေလိုက်၏။ လက်မှတ်ထိုးရတာ ပင်ပန်းသောကိစ္စတော့ မဟုတ်ပါ။ ဒါပေမယ့် ဒီလူနဲ့ လုံးဝ မျက်နှာချင်း မဆိုင်ချင်၊ ကိုယ်မှားသည်ဆိုတာကို သိကတည်းက မဆိုင်ရဲတာဟုလည်း ပြော၍ ရပါသည်။

ဒီနေ့မှ ရုံးဝန်ထမ်းတွေ ဘာကြောင့် လက်မှတ်ထိုးသည့် စာအုပ်နားမှာ အလုအယက် ဝိုင်းရုံကာ လက်မှတ်ထိုးနေကြသည်ကို မိုးဆွေမသိ၊ မနေ့က Notice Board က စာကြောင့်ဟုပင် ထင်ကာ ကျေနပ်မိသည်။

သို့သော် ဆယ်နာရီခွဲကျော်တော့ ထိုင်ခုံတွေက လူတွေ တစ်ယောက်မှ မရှိကြတော့၊ ဒါလည်း သူနှင့် မဆိုင်ဟု ထင်ကာ အချိန်ကျော်သည်အထိ လက်မှတ်မထိုးသူတွေကို မင်နီနှင့် ဝိုင်းကာ ထိုင်နေမိသည်။ ထိုစဉ် ဦးခင်လှိုင်က မန်နေဂျာ အခန်းထဲက ထွက်လာကာ သူ့ကို လှမ်းအော်သည်။

"ဟ...ကောင်လေး၊ မင်း ဘာလုပ်နေတာလဲ"

"ခင်ဗျာ..."

"မင်း...ဘာလုပ်နေတာလဲလို့ မေးတာ"

"ကျွန်တော်က ဒီမှာပဲ တာဝန်ကျတာလေ"

"ခက်လိုက်တာကွာ..ဒီနေ့ ခြောက်လတစ်ကြိမ် အစည်းအဝေးနေ့ကွ၊ ဘောနပ်စ်လည်း ပေးမှာ"





"ကျွန်တော်ရော ပါလို့လား..."

"ညစောင့်နဲ့ သန့်ရှင်းရေးသမားတောင် အပေါ်ရောက်ကုန်ပြီ၊ လာ...လာ...ဒီနေ့က တို့ Company ရဲ့ ဝန်ထမ်းအစည်းအဝေးကွ"

မိုးဆွေလည်း ကမန်းကတန်း ယူစရာ ရှိတာတွေကို ယူကာ ဦးခင်လှိုင်နောက်သို့ လိုက်လာရသည်၊ ဦးခင်လှိုင်က ဒီနေ့သည် ကိုယ် ကိုင်တွယ်ရသော ရေးရာနှင့် တာဝန်အရ လိုအပ်ချက်နှင့် အကျိုးအမြတ်များကို ထုတ်ဖော်ပြော၍ ရသောနေ့ဟု ပြောပြသည်။ အပေါ်ထပ်သို့ ရောက်တော့ လူတစ်ရာကျော် ထိုင်၍ရသော ဟောခန်းကြီးရှိမှန်း မိုးဆွေ အခုမှ သိရသည်၊ ထိုအံ့သြစိတ်နှင့်ပင် နီးရာခုံမှာ မိုးဆွေ ဝင်ထိုင်လိုက်ရ၏။

"ဇော်မြင့်...မင်း စီစဉ်ထားတာအပြင် ငါ ပြောရမှာ တစ်ခုလည်း ရှိတယ်ကွ"

"မင်း ပြောရမှာ...ဘာလဲ"

သန့်ဇင်ကိုက ရုတ်တရက်မဖြေ၊ သူ့လက်ဝါးနှစ်ဖက်ကို ပွတ်ကာနေသေး၏။

မင်းကတော့ စိတ်ဆိုးမှာပဲ၊ ငါ သူ့ကို ဒီ Project အပ်တုန်းက ကတိစကားရှိတယ်၊ သူအောင်မြင်အောင် လုပ်ပါ့မယ်တဲ့၊ ဒါပေမယ့် ခြောက်လပတ်တွေ့ဆုံပွဲကျရင် သူ့အဖြစ်မှန်ကို ငါက တာဝန်ယူပြီး ရှင်းရမယ်တဲ့"

"အဖြစ်မှန်ဆိုတာ ဘာလဲ"

"မင်းကလည်းကွာ...စရချင်း ဖြစ်တဲ့ကိစ္စပေါ့"

ဇော်မြင့်က မျက်မှောင်ကို ကြုတ်ကာ မေးကို အနည်းငယ် စောင်းကာ စဉ်းစားသည်။ ထိုအချိန်တွင် ဦးလှခိုင်၏ အခမ်းအနား စတင်ကြောင်း အသံက မိုက်ကရိုဖုန်းမှ ထွက်လာလေသည်။ အခမ်းအနား အစီအစဉ်များကို ကြေညာလေသည်။

သူတို့ အခမ်းအနား အစီအစဉ်က တိုပါသည်။

ပထမဦးဆုံး ဇော်မြင့်က မိသားစုဆန်ဆန် Red Arrow Company ကို အောင်မြင်အောင် ကြိုးစားရန်တို့ကို ပြောသည်။ ထို့နောက် Company ဥက္ကဋ္ဌဖြစ်သူ သူက ပြောရသည်။ သူက Red Arrow Company မှ ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



များကို မိသားစုလို ခင်မင်ကြောင်း၊ Company တိုးတက်ခြင်းသည် ဝန်ထမ်းများ၏တိုးတက်ခြင်းလည်း မည်ကြောင်းနှင့် ရှေ့နှစ်တွင် လုပ်ငန်းများ တိုးချဲ့မည့်အတွက် ကြိုးစားစေလိုကြောင်းများကို ခပ်သွက်သွက် ပြောကာ ခေတ္တရပ်သည်။

သူ ခေတ္တရပ်သဖြင့် သူ့ကို စောင့်ငေးနေသော ဝန်ထမ်းများကို ကြည့်ပြီးမှ…

"ကျွန်တော် အခု Company ဝန်ထမ်းတစ်ယောက်ရဲ့အကြောင်းကို ပြောချင်ပါတယ်၊ ကိုယ်ရေးကိုယ်တာကိစ္စလို့တော့ မထင်စေချင်ပါဘူး၊ အားလုံးနဲ့ ပတ်သက်နေတဲ့အတွက်ပါ၊ အဲဒီဝန်ထမ်းကတော့ မချမ်းမြမြကြိုင်ပါပဲ"

ဝေါခနဲ ထွက်လာသော တီးတိုးစကားသံများနှင့် ဝန်ထမ်းများအားလုံး တဝုန်းဝုန်း လှည့်ကြည့်ကြတော့မှ ဦးသန့်ဇင်ကို ဒီကောင်မလေးကို ရှာလို့တွေ့သွားပါသည်။

ချမ်းမြလည်း ထင်မှတ်မထားသဖြင့် ရုတ်တရက် ကြောင်အမ်းသွားပြီး အသိဝင်လာလျှင်ဝင်ချင်း ဝုန်းခနဲ ထရပ်ရန် ဟန်ပြင်သော်လည်း နံဘေးမှ သက်စုနှင့် ဖြူလေးက ဆွဲထားသည့်အပြင် "ချမ်းမြ ခဏစောင့်ဦး၊ သူဘာပြောမယ်ဆိုတာကို စောင့်ဦး" ဆိုသည့် စကားသံကြောင့် မွန်ထူတစ်ဝက်ထဲ သတိတစ်ချက်ဝင်ကာ စိတ်ကို ထိန်းထားရ၏၊ အသံတွေ ငြိမ်သွားမှ ဦးသန့်ဇင်ကိုက စကားစသည်၊

"ပထမဦးဆုံး သူဖြစ်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အားလုံး အထင်အမြင်လွဲနေတာကို ရှင်းပြပါ့မယ်၊ ဒီလို လူစုံတဲ့အချိန်ကျမှ ရှင်းပြဖို့လည်း သူ့ကို ကတိပေးထားခဲ့ပါတယ်၊ ဖြစ်ရပ်အမှန်က ဒီလိုပါ ခင်ဗျာ"

တည်ငြိမ်သော သြဇာပြည့်ဝသော အသံမှန်မှန်ဖြင့် အဖြစ်အပျက်အလုံးစုံကို သူရှင်းပြလိုက်သည်၊ သူ့ကိုယ်သူ ဝန်ခံထားသောအမှားလည်း ပါသဖြင့် ထိုစကားကို ဝန်ထမ်းများက ယုံလိမ့်မည်ဟု သူ ကျိန်းသေ သိပါသည်၊ သူ့စကားသံ ဆုံးတော့ အစည်းအဝေးခန်းမသည် တီးတိုးစကားသံများနှင့် ဖုံးလွှမ်းသွားပြန်၏၊ သူ ထိုအသံတွေ တိတ်အောင် ခဏစောင့်နေစဉ်…





"ကျွန်တော် တစ်ခုပြောပါရစေ ခင်ဗျာ၊ ကျွန်တော် တစ်ခုပြောပါရစေ" ဆိုသော အသံတစ်သံ ထွက်လာကာ ဝန်ထမ်းများ၏အာရုံကလည်း ထိုအသံလာရာဘက်သို့ စုပြုံကာ သွားကြ၏။ ဦးသန့်ဇင်ကိုပင် ကြောင်ကာ လှမ်းကြည့်တော့ "ဟိုက်" ခနဲ အသံမထွက်ရုံတစ်မည်သာ ရှိသည်၊

"ကျွန်တော်တို့ရဲ့ဆရာ ပြောသွားတာ အကုန်မှန်ပါတယ်၊ အဲဒီနေ့က စာလိုက်ပေးတဲ့လူဟာ ကျွန်တော်ပါပဲခင်ဗျာ၊ ဒီကိစ္စဟာ မချမ်းမြမြကြိုင်ရဲ့ အမှားမဟုတ်ပဲ ကျွန်တော့်ရဲ့အမှားဆိုတာ အားလုံးရှေ့မှာ ကျွန်တော် ဝန်ခံပါတယ်၊ ဆရာပြောတာလည်း အားလုံး အမှန်တွေချည်းပါပဲခင်ဗျား…"

ဒီတစ်ကြိမ် ဆူသောအသံသည် အရှည်ဆုံးနှင့် အချိန်အကြာဆုံး ဖြစ်လေသည်၊ ဦးသန့်ဇင်ကိုလည်း မိုက်ကရိုဖုန်းရှေ့မှာ ဘာလုပ်ရမှန်းမသိ၊ ဇော်မြင့်လည်း ပါးစပ်အဟောင်းသားနှင့် ရှိသည်၊ ချမ်းမြကတော့ ဘာလုပ်ရမှန်းမသိ ဖြစ်ကာ ရှက်သွေးရဲပြီး သက်စုနှင့် ဖြူလေးတို့ လက်ကိုသာ ဆုပ်ကိုင်ရင်း ခေါင်းကို ငုံ့ချထားရသည်၊

အချိန်အတော်ကြာအောင် ဆူညံနေကြသည့် ဝန်ထမ်းများကို ဦးသန့်ဇင်ကိုယ်တိုင် ထိန်းရ၏၊

"ကျွန်တော် ပြောစရာ ကျန်ပါသေးတယ်ခင်ဗျာ…ခဏလေးပါ"

ဒီတော့မှ ပရိသတ်က ငြိမ်ကာသွား၏၊

"ဒီနှစ် ကျွန်တော်တို့ရဲ့ Company မှာ ထူးခြားတဲ့ စွမ်းဆောင်မှုတစ်ခု ရှိခဲ့ပါတယ်၊ အဲဒါကတော့ မချမ်းမြမြကြိုင် ဦးစီးတဲ့ အဖွဲ့ငယ်တစ်ဖွဲ့ဟာ ကျွန်တော်တို့ Company အတွက် ရေရှည်အကျိုးရှိမယ့် Project တစ်ခုကို အချိန်တိုအတွင်း စနစ်တကျ ဆောင်ရွက်နိုင်ခဲ့တာပါပဲ၊ အဲဒီအတွက် မချမ်းမြမြကြိုင်နဲ့ အဖွဲ့ကို ကျွန်တော်တို့ Red Arrow Company က ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ပါတယ်ခင်ဗျား"

ဝန်ထမ်းတွေ မှင်တက်ကာ ငြိမ်နေပြီးမှ လက်ခုပ်သံတဖြောင်းဖြောင်း ထကာ တီးကြသည်၊ အကယ်ဒမီပွဲတွေမှာလို ချမ်းမြမြကြိုင်ကို သွားရောက်လက်ဆွဲနှုတ်ဆက်သူတွေဘာတွေလည်း ရှိကြ၏။ ချမ်းမြလည်း ဘာလုပ်လို့လုပ်ရမှန်းပင် မသိတော့၊ လူက ခံစားချက်မျိုးစုံနှင့် ထုပ္ပကာနေသည်၊



www.burmeseclassic.com

www.burmeseclassic.com



ပထမ…ဒေါသဖြစ်ရ၏။ နောက်…ကျေနပ်သည်။ ပြီးတော့…အံ့သြရ၏။ အခုကျတော့ ရက်ရှုပြန်ပြီ။ ကြာရင် သေလိမ့်မည်ထင်သည်။

"အခုအစီအစဉ်က အစီအစဉ်သစ်ပါခင်ဗျား၊ နောက်ကိုလည်း ကျွန်တော်တို့ Company အတွက် ထူးခြားတဲ့ ဆောင်ရွက်မှုမျိုး ရှိခဲ့ရင် အခုလိုပဲ သီးခြားဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်မယ်လို့ အသိပေးပါတယ်ခင်ဗျာ"

လက်ခုပ်သံတွေ ဆူညံကာ သွားကြ၏။

ထို့နောက် အခမ်းအနားမှူးက နောက်ဆုံးအစီအစဉ်အဖြစ် Company အတွက် ဝေဖန်အကြံပြုချက်များကို တောင်းသည်၊ သည်အစီအစဉ်က ထုံးစံအတိုင်း ပြီးသွားလေ့ရှိသော အစီအစဉ်တစ်ခုသာ ဖြစ်၏။ သို့သော်…

"ကျွန်တော် ပြောစရာ ရှိပါတယ် ခင်ဗျာ"

ထရပ်သူက မိုးဆွေသာဖြစ်၏၊ လူတွေအားလုံးက မိုးဆွေကို လှည့်ကြည့်ကြပြန်သည်။

"ကျွန်တော်က လွန်ခဲ့တဲ့(၁၂)ရက်ကမှ ဒီ Company ကို ဝင်တဲ့ ဝန်ထမ်း မိုးဆွေပါခင်ဗျား၊ ကျွန်တော်က ဝင်စာ/ထွက်စာနဲ့ နေ့စဉ် ရုံးတက်ရုံးဆင်းလက်မှတ်ကို တာဝန်ယူရသူပါ၊ ကျွန်တော် ဝေဖန်အကြံပြုချင်တာလေးတွေ ရှိပါတယ်"

တိတ်ဆိတ်သွားသောအသံက ဦးသန့်ဇင်ကို စကားပြောတုန်းက ထက်ပင် ပိုသေး၏။ အခမ်းအနားမှူး ဦးလှနိုင်က "ပြောပါ…ပြောပါ" ဟု ခွင့်ပေးရ၏။

"ဒီလိုပါခင်ဗျာ…ကျွန်တော်တို့ Company ဝန်ထမ်းတွေဟာ နေ့စဉ်မှန်မှန် ရုံးတက်/ရုံးဆင်းလက်မှတ်ကို ထိုးလေ့မရှိကြပါဘူး၊ ရုံးနောက်ကျသူတွေလည်း များပါတယ်၊ ကျွန်တော် အလုပ်စဝင်တဲ့ (၁၂)ရက်အတွင်းမှာ တစ်ရက် လက်မှတ်မထိုးတာက ဒေါ်အေးအေးမြိုင်နဲ့ ဒေါ်သီတာဦးပါ"

အသံတွေ ဆူညံကာ သွားကြ၏။ မိုးဆွေကတော့ သူ့ File ကို တဖြန်းဖြန်း လှန်သည်။ ပြီးတော့ ခေတ္တစဉ်းစားကာ…ချောင်းတစ်ချက်ဟန့်ပြီး…

"ဆယ့်နှစ်ရက်စလုံး လက်မှတ်မထိုးသူတွေကတော့…ဒေါ်ချမ်းမြြေကြိုင်"





ဝေါခနဲ အသံထွက်လာပြန်သည်၊ အသံငြိမ်အောင် မိုးဆွေက စောင့်၏။

"ဦးကျော်မျိုးဝင်း…ဦးလှနိုင်…ဒေါ်မွှေးမွှေး…"

အသံတွေ ပိုဆူညံသွားပြန်၏၊ ဝန်ထမ်းတွေအားလုံး မျက်နှာက စင်ဘက်မှာ မရှိတော့ဘဲ မိုးဆွေမျက်နှာကိုသာ ကြည့်နေကြသည်၊

"နောက်…နှစ်ယောက်က ဦးဇော်မြင့်နဲ့ ဦးသန့်ဇင်ကိုတို့ပါပဲ ခင်ဗျား"

ဘာအသံမှ မကြားရအောင် တိတ်ဆိတ်သွားကြသည်၊

"ဝန်ထမ်းတစ်ယောက် လက်မှတ်ထိုးတယ်ဆိုတာ ဘာမှ ခဲယဉ်းတဲ့ အလုပ်မဟုတ်ပါဘူးခင်ဗျာ၊ လက်မှတ်ထိုးထားခြင်းအတွက် အဲဒီဝန်ထမ်းဟာ ဒီအလုပ်မှာ ဒီအချိန် ရှိနေတယ်ဆိုတဲ့ သက်သေတောင် ရပါသေးတယ်၊ တစ်ခုခုဖြစ်ရင် အလီဘိုင်တောင် ရနိုင်ပါတယ်၊ ဒါပေမယ့် ဒီ Company က ဝန်ထမ်းတွေက လက်မှတ်ထိုးတာကို မလေးစားဘူးခင်ဗျ၊ အဲဒါလေးကို ပြုပြင်ပေးဖို့ ကျွန်တော် အဆိုပြုချင်တာပါခင်ဗျာ"

ဦးလှနိုင် ဘာပြောရမှန်းမသိဖြစ်ကာနေသည်။ သန့်ဇင်ကို ကိုယ်တိုင်လည်း ဘာလုပ်ရမှန်းမသိတော့၊ ဇော်မြင့်ကိုယ်တိုင်ပင် ထကာ မိုက်ကရိုဖုန်းရှေ့သို့ ထွက်ရသည်။ မထွက်လို့ကလည်း အခြေအနေက လုံးဝမဖြစ်တော့ဆိုတာ ဇော်မြင့် နားလည်ပါသည်။

"သူပြောတာမှန်ပါတယ်၊ အဲဒီတော့…မနက်ဖြန်ကစပြီး ကျွန်တော်တို့အားလုံး ရုံးဆင်း/ရုံးတက် လက်မှတ်ထိုးကြရမှာ ဖြစ်ပါတယ်၊ အခုလို အကြံပြုဆွေးနွေးတာကို ကျေးဇူးတင်ပါတယ် ခင်ဗျား"

စစ်သူကြီး မဟာဗန္ဓုလသည် ငယ်စဉ်က ဘိုးတော်မင်းတရား၏ ညီလာခံတွင် နံဘေးမှာ ရှိသူ နန္ဒဗလကို တံတောင်ဖြင့် ဆွဲထောင်းကာ သူ့အမည် "မောင်ရစ်" ကို သိစေခဲ့သလိုပင် ထိုခြောက်လပတ် ဒါဘာပြီးသည့်အခါ Red Arrow Company တွင် မိုးဆွေလည်း နာမည်ကြီးတစ်ယောက် ဖြစ်သွားလေသည်၊

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ဝယ်ခြမ်းလာသော ပစ္စည်းတွေကို ကြည့်ကာ ညီမလေး အံ့သြနေပုံ ရသည်။

မိုးဆွေ လခထုတ်သည့်အပြင် Company က ပေးသော ဘောနပ်(စ်)ကိုပါ ခံစားခွင့်ရသဖြင့် Company လစာတစ်သောင်း။ ဘောနပ်(စ်)က နှစ်သောင်းသုံးထောင်၊ ပေါင်း သုံးသောင်းခွဲလောက် ရလာခဲ့သည်၊ မိုးဆွေက သူ့အတွက် ကော်လံလည်ကတုံး သုံးထည်နှင့် ချည်ချောလုံချည်ကလေး နှစ်ထည် ဝယ်ပါသည်၊

"ညီမလေးနဲ့ ကိုကိုစားဖို့ ဘဲကင်တစ်ခြမ်း၊ ဒါက ယိုးဒယားဟင်းချို၊ ဘုရားတင်ဖို့ လိမ္မော်သီး၊ ဒီမှာက ညီမလေး ဝယ်ချင်တာ ဝယ်ဖို့နဲ့ ကျောင်းမှာ သုံးဖို့ ငွေတစ်သောင်း"

မိုးဆွေက သုန္ဒာမည် ရေးထားသော လစာ စာအိတ်ကို ညီမလေး လက်သို့ ထည့်လိုက်သည်၊

"ဟင်...ကိုကို့လစာက ဘယ်လောက်ရလို့လဲဟင်"

"တစ်သောင်းပဲ ရတာ ညီမလေးရဲ့ ဒါပေမယ့် ကိုကိုတို့ Company က ခြောက်လတစ်ကြိမ် ဘောနပ်(စ်)ပေးတယ် ညီမလေး ရဲ့"





မိုးဆွေက ခြောက်လတစ်ကြိမ် ဒါဘာအကြောင်းကို ရှင်းပြလိုက်သည်၊ ပြဿနာတွေကိုတော့ ပြောမပြတော့။

"ကိုကိုတို့ Company က ရှယ်ပဲ၊ ညီမလေးတောင် လုပ်ချင်လာပြီ"

"လုပ်ရမှာပေါ့...ညီမလေးရဲ့ ကျောင်းပြီးရင် ညီမလေး လုပ်ရမှာပေါ့၊ ကိုကို အလုပ်မှာ ရိုးသားတယ် ကြိုးစားတယ်ဆိုတာ ညီမလေးအတွက်လည်း ပါတယ်၊ ကိုကို့ကို ကြည့်ပြီး ဒါ...ကျွန်တော့်ညီမလေးပါ ဆိုတာနဲ့ သူတို့အလုပ်ချက်ချင်းကို ခန့်ချင်သွားရမယ်...ဒါပဲ"

မောင်နှမနှစ်ယောက် ကြည်နူးစွာ ရယ်မောလိုက်ကြသည်။ ပြီးတော့ ဝယ်လာသည့်ဟင်းတွေနှင့် ထမင်း အားရပါးရစားကြ၏။ ထမင်းစားရင်း မိုးဆွေ စိတ်ကူးတွေ ယဉ်ကာ ပြောသည်။

"တို့မောင်နှမနှစ်ယောက် အလုပ်အတူတူလုပ်ကြမယ်၊ ပြီးတော့ ရတဲ့ လစာကလေးကို ခြိုးခြိုးခြံခြံစား၊ တစ်ဝက်ကို ဘဏ်မှာစု၊ ပြီးတော့ အိမ်ကလေး ကို ပြင်မယ်...ကဲ..."

မိုးဆွေအတွေးတွေက မောင်နှမနှစ်ဦးအတွက် ကြည်လင်ရွှန်းမြနေသည်၊ နှင်းဖြူက ဘဲကင်ကို ကိုက်ရင်း ယိုးဒယားဟင်းချိုကို သောက်ရင်းက ဖျတ်ခနဲ မင်းခန့်ကို သတိရ၏။ သူ့မှာ ကိုကိုပေးထားတဲ့ ငွေတစ်သောင်း ရှိနေပြီ၊ သူက တစ်လှည့် ပြန်ကျွေးရင် မင်းခန့် ဘယ်လိုနေမလဲ ဆိုတာကို သိချင်နေသည်၊

"အံမယ်...အံမယ်...လခထုတ်ပြီးတော့ မောင်နှမနှစ်ယောက်တည်း ကြိတ်စားနေကြတယ်ပေါ့...ဟုတ်လား၊ ကြည့်စမ်း...ဘဲကင်နဲ့ကွ သိန်းမြင့်ရ"

"ဟာ...လာကြလေကွာ၊ လာ...ခင်ဗျား၊ ထိုင်ကွာ...ထမင်းစားကြ မလား"

"မစားပါဘူးကွာ...တို့စားပြီးပါပြီ"

"ထမင်းစားပြီးလည်း ဘဲကင်နဲ့ ရေနွေးကြမ်းနဲ့ မြည်းကွာ"

"ဘဲကင်က ရေနွေးကြမ်းနဲ့ မကောင်းဘူး၊ ဘီအီးနဲ့မှ လိုက်တာကွ"

"မင်းတို့ သောက်ချင်ရင် ငါ တိုက်ပါ့မယ်ကွာ"

မိုးဆွေက ထမင်းကို လက်စသတ်ရင်း ပြော၏၊



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ခင်ဌေး...သူများလစာ ဦးဦးဖျားဖျား ထုတ်လာတာကို အရက်တိုက်ဖို့ ပြောရသလားကွ၊ အလကား မိုးဆွေ၊ အရက်တော့ မလုပ်နဲ့၊ လက်ဖက်ရည်ဆို တော်ပြီ"

"ငါက ဘဲ့ကင်ကို ပြောတာပါကွ၊ သောက်ချင်လို့ မဟုတ်ပါဘူး၊ ဟဲ့...ကောင်မလေး၊ နင်က နင့်အစ်ကို Company မှာ လုပ်တယ်ဆိုပြီးတော့ မာန်တက်နေတယ် ဟုတ်လား၊ ငါတို့ကိုတောင် စကားမပြောတော့ဘူး"

"ဘီအီးမသောက်ရလို့ ရှက်ရမ်းရမ်းပြီး လျှောက်ပြောမနေပါနဲ့ ကိုခင်ဌေးရာ...ကျွန်မအစ်ကိုက အရည်အချင်း ရှိပြီးသားပဲ၊ ဒီမှာ မရလည်း တစ်နေရာမှာတော့ ရမယ်ဆိုတာ သိပြီးသား၊ အစ်ကိုနဲ့ ပတ်သက်လို့ကတော့ မာန်တက်ပြီးသားပဲ"

နှင်းဖြူ ပြန်ပက်သည့်စကားကြောင့် ခင်ဌေးကို ဝိုင်းဟားကြ၏။

"အေး...တကယ် သိလား၊ အခု နင့်အစ်ကိုက Company မှာ ကောင်မလေး တွေ့နေပြီ၊ နောက်ကျရင် ဒီအိမ်မှာ နင်တစ်ယောက်တည်း ကျန်ခဲ့မှာ"

"ဟင်း...ဟင်း၊ ကျွန်မအစ်ကိုဘဝမှာ ဘယ်မိန်းကလေးမှ မရှိဘူး၊ ဟောဒီက သူ့နှမ တစ်ယောက်ပဲ ရှိတာ"

"ဒါဆို နင့်ဘဝမှာရော..."

ကိုခင်ဌေးစကာကြောင့် နှင်းဖြူ ကြောင်ကာသွား၏။ ရုတ်တရက်ပြန်မဖြေနိုင်၊ မင်းခန့်၏မျက်နှာကို ဖျတ်ခနဲ မြင်သည်။

"အိုး...ဘာလို့ ရှိရမှာလဲ၊ ကျွန်မဘဝမှာလည်း ကျွန်မကိုကိုပဲ ရှိတာပေါ့"

"ဟေ့ကောင် ခင်ဌေး၊ သူတို့ မောင်နှမ ချစ်တာကို သွားစကားနိုင်လုနေလို့ကတော့ မင်း ဘယ်တော့မှ နိုင်မှာ မဟုတ်ဘူး၊ ဒါ တစ်ရပ်ကွက်လုံး သိတဲ့ကိစ္စကွ၊ ကြာတယ်...ပေါ့စိမ့်ကို အီကြာကွေးနဲ့ တို့စားပြီး ဗီးဂတ်ကလေး ခဲဖို့ သွားရအောင်ကွာ"

ကိုကိုနှင့် သူငယ်ချင်းတွေ လည်ပင်းဖက်ပြီး ထွက်သွားကြတော့ နှင်းဖြူ ငိုင်ကာ ကျန်ခဲ့သည်၊ ကိုခင်ဌေး မေးသော "နင့်ဘဝမှာရော" ဆိုသည့်





စကားကို စဉ်းစားနေခဲ့သည်၊ ကိုကိုသည် နှင်းဖြူအပေါ် ရိုးသားဖြူစင်စွာ စောင့်ရှောက်ခဲ့သူဖြစ်သည်။ သူ့ ဆိုးသမျှနွဲ့သမျှ အရာရာ သည်းခံခဲ့၏။ သူက သူ့အကြံနှင့်သူ နေ့စဉ် ပဲပြုတ်ကြော်ပဲ ထမင်းချိုင့်ထဲမှာ ထည့်တာကိုပင်လျှင် ကိုကိုက တော်တော် စိတ်မကောင်း ဖြစ်နေခဲ့သည်။ သူ့ဘဝမှာ ကိုကိုတစ်ယောက်ပဲ ရှိတယ်ဆိုတာ ဟုတ်ရဲ့လား။

အခုလို ကိုကိုနှင့် အတူတူ အစားကောင်းကောင်း စားရသောက်ရတော့ ကျေနပ်သည်။ ကြည်နူးသည်၊ မင်းခန့်နဲ့ အတူတူ စားရတာကျတော့ ရင်ခုန်သည်၊ ယစ်မူးသည်၊ တပ်မက်သည်၊ မင်းခန့်အပေါ်မှာ ရှိနေသော ခံစားချက်သည် ကိုကို၏ဖြူစင်မြင့်မြတ်သော စေတနာကိုများ စော်ကားသလို ဖြစ်နေမလား၊

သူ မင်းခန့်ကို အတွေးထဲက မောင်းထုတ်သည်။

သို့သော် မရ၊ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားပြီးစ နှင်းဖြူ၏စိတ်ထဲတွင် မေတ္တာနှင့် အချစ်သည် စစ်ဖြစ်လျက် ရှိလေသည်၊

ထိုအချိန်တွင် သန့်ဇင်ကိုနှင့် ဇော်မြင့်တို့လည်း စစ်ခင်းလျက်ရှိ၏။

"ငါက သူ့ကို တစ်ရက်ကနစ်ရက် ထပ်ခွဲသလို ဖြစ်နေတယ်ကွာ၊ အဲဒီလူကို အလုပ်ခန့်ထားမှန်း ငါမသိဘူး၊ မင်းကလည်း ငါ့ကို မပြောဘူး"

"အေး...ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ချမ်းမြမြကြိုင်နဲ့ ပြဿနာတက်တဲ့လူကို ဘယ်သူမှန်း ငါမသိဘူး၊ လူတွေ့စစ်တဲ့အဖွဲ့မှာ ငါပါတယ်ဆိုပေမယ့် ငါက အရန်သဘောပဲ၊ ဦးကျော်မျိုးဝင်းနဲ့ ဒေါ်မွှေးမွှေးကို လုပ်ပိုင်ခွင့် အပြည့်ပေးထားတာ၊ သူတို့ကို ချော့တဲ့သဘောပေါ့ကွာ"

"ဟုတ်ပြီ...ဒေါ်မွှေးမွှေးက အဲဒီကောင်ကို သိတယ်ကွ၊ ဒါ တမင်လုပ်တာပဲ"

ဇော်မြင့်က တစ်ချက်စဉ်းစားသည်၊ သန့်ဇင်ကိုကတော့ မိုးဆွေဆိုသည့်လူ ထဝန်ခံတော့ ခေါင်းငုံ့နေသည့် ချမ်းမြမြကြိုင်၏ပုံစံကိုသာ မြင်ယောင်နေသည်၊

"ဖြစ်နိုင်တယ် သန့်ဇင်ကို၊ အဲဒီလူ Interview ဖြေတုန်းက သူ့နှစ်ယောက်မျက်နှာက တစ်မျိုးပဲကွ၊ အင်းလေ...ဒါဟာ မရိုးသားမှု ဆိုရင်တောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မင်းကို လုပ်တာတော့ မဟုတ်ဘူးလို့ ငါထင်တယ်"

"ဘယ်သူ့ကို လုပ်တာလဲ"

"ချမ်းမြမြကြိုင်"

၅ ၅ ၅ ၅

ခြောက်လပတ် အစည်းအဝေး ပြီးဆုံးပြီးနောက် တစ်ပတ်အတွင်း Company တွင် အလုပ်ရာထူးများ ပြောင်းလဲသွားကြ၏။ မိုးဆွေက Company လုပ်ငန်းဦးစီး ဦးလှခိုင်၏လက်အောက်သို့ ရောက်သွားပြီး ချမ်းမြက ဦးသန့်ဇင်ကို၏အတွင်းရေးမှူး ဖြစ်ကာသွား၏။

ထိုပြောင်းလဲမှုနှင့် ပတ်သက်၍ သဘောကျ လက်ခံသူတွေ ရှိသလို မကျေမနပ်ဖြစ်သူတွေလည်း ရှိကြသည်။ တချို့က မိုးဆွေ ထပြောသည့်ကိစ္စကို တမင် စတန့်ထွင်တာဟု ပြောသူ ပြောကြသည်။ တချို့ကလည်း အခုလို ရာထူး တက်အောင် လုပ်တာဟု စွပ်စွဲသည်။ တချို့ကလည်း ဒီလို ပြောရဲဆိုရဲ ရှိတာကို သဘောကျ လက်ခံကြသည်။ ဘာပဲဖြစ်ဖြစ် မိုးဆွေကတော့ လခ တစ်သောင်း လေးထောင်နှင့် တစ်လအတွင်း ရာထူးတက်ကာသွား၏။

Company ဦးစီးတစ်ယောက်၏လက်ထောက်တပည့် ဖြစ်သွား





သည့်အတွက် လုပ်ရတဲ့အလုပ်တွေ ပြောင်းသွားသည်။ Company အတွက် လိုအပ်သော စာရွက်၊ ဘောလ်ပင်၊ မင်ခံ၊ ပင်အပ်၊ ကလစ်၊ File တွေကိုလည်း ဝယ်ရ၏၊ အခွန်ရုံး၊ မီတာရုံးနှင့် စည်ပင်သာယာသို့လည်း ပြေးချင်ပြေးရတတ်သည်။ ရုံးမှာ နေရတယ် သိပ်မရှိလှ၊ ရုံးမှာ နေရတော့လည်း ရုံးဝေယျာဝစ္စတွေကို လုပ်ရပြန်သည်။ ဘုရားပန်း လဲတာကအစ သန့်ရှင်းရေးဝန်ထမ်းတွေကို နိုင်းရတာက အဆိုးဖြစ်သည်။

မိုးဆွေ၏ဆရာ ဦးလှခိုင်က ပျော်ပျော်နေတတ်သည်။ စတတ်နောက်တတ်၏။ အထူးသဖြင့် လူတစ်ယောက်ကို ချောက်ချအောင် တွန်းရသည်ကို အပန်းဖြေစရာတစ်ခုလို ဝါသနာပါသည်။ ဘာနိုင်းနိုင်း မညည်းမညူဖြင့် ဖင်ပေါ့ ပေါ့ လုပ်တတ်သော မိုးဆွေကို တစ်နေ့စဖို့ သူတို့ တိုင်ပင်ထားကြသည်။ သို့သော် Idea က စဉ်းစား၍မရ၊ အကွက်ကောင်းက မတွေ့သေး။

မိုးဆွေ ရုံးအတွက် သုံးသော အသုံးစရိတ် ကုန်ကျငွေနှင့် ပတ်သက်၍ စာရင်းတင်၊ ဘောင်ချာပြ၊ ပိုက်ဆံထုတ် ကိစ္စတွေကိုတော့ ဦးသန့်ဇင်ကို၏ အတွင်းရေးမှူးအသစ်ကလေး ချမ်းမြနှင့် စကားပြောရတတ်၏။ စာရင်းတင်၊ ငွေထုတ်၊ ပြေစာပြ ကိစ္စတွေမှာ ချမ်းမြက အပိုစကားမပြော၊ မိုးဆွေကို မော့ပင် မကြည့်။ မိုးဆွေကလည်း လိုအပ်တာပဲ ပြောဆိုတတ်၏။ ချမ်းမြ စကားမပြောခြင်းက မိုးဆွေအပေါ် နှစ်ကြိမ်မှားထားသည့်အတွက် အားနာတာရော ရှက်တာရောအတွက်ဖြစ်ပြီး မိုးဆွေ လိုအပ်တာပဲ ပြောတာကတော့ ချမ်းမြကို ကြောက်သည့်အတွက်သာ ဖြစ်ပါသည်။

ဟိုပြေးဒီပြေး မရှိတဲ့ တစ်နေ့တွင် မိုးဆွေ အားကစားဂျာနယ်တစ်ခုကို သဲသဲမဲမဲ ဖတ်နေတုန်း သူ့ဆရာ ဦးလှခိုင်က အခန်းထဲမှာ ခေါ်ကာတွေ့သည်။ ပထမ အာလူးပ သလူးပတွေ ပြောနေသေး၏။ ပြီးမှ...

"မိုးဆွေရေ...တို့ Company ကို ပြန် Shine ရတော့မှာကွ၊ ဆေး အသစ် ထပ်သုတ်မယ်ကွာ၊ လိုက်ကာတွေ လဲမယ်၊ မင်း ဘယ်အရောင်တွေ ကြိုက်သလဲ၊ ပွင့်ပွင့်လင်းလင်းသာ ပြောကွာ"

"မျက်စိအေးပြီး စိတ်ငြိမ်းချမ်းတဲ့ အရောင်တွေဆို ကောင်းပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှနိုင်က ခဏစဉ်းစားကာနေသည်။ အပြင်က ကိုတင့်ဆွေ လာက်ပြ တော့မှ...

"ဖြူနုသုတ်ရင် ဘယ့်နယ်နေမလဲ"

"ဖြူနု...ဟာဗျာ...ဒီ Company နဲ့ ဖြူနုနဲ့ကတော့ တခြားစီပဲ၊ ဖြူနု တော့ မကြိုက်ဘူးဗျာ"

ထိုစကားသံကို ကြားတော့ ဦးလှနိုင်အခန်းရှေ့က ဖြတ်သွားသော ဖြူနု တစ်ချက် တုန့်ကနဲ ရပ်ကာသွား၏။

"မင်းက ဘာဖြစ်လို့ ဖြူနုကို မကြိုက်တာလဲ၊ ဖြူနုက လှပါတယ်ကွ"

"ဟာဗျာ...ဖြူနုက စိတ်ဓါတ်အရ အားပျော့တယ်၊ ပြီးတော့ လှတိုင်းကို ဆွဲဆောင်မှု မရှိဘူး၊ ကြည့်တော့ ရပါရဲ့ ဒါပေမယ့် Fancy မဖြစ်ဘူးဆရာ၊ ကျွန်တော် လုံးဝမကြိုက်ဘူး"

တောက်တစ်ချက် ခေါက်ကာ အခန်းထဲ လှမ်းဝင်တော့မည့် ဖြူနုကို နံဘေးမှ အဖော်နှစ်ဦးက အတင်းဆွဲကာ ထားရ၏။

"မင်းက တော်တော် ပြတ်ပြတ်သားသား ပြောတဲ့လူပဲနော်"

"ဆရာရယ်...ကျွန်တော်က ရိုးရိုးသားသား ပြောတာပါ။ မကြိုက်ရင် မကြိုက်ဘူးပေါ့၊ ဖြူနုကိုတော့ ကျွန်တော် လုံးဝ စိတ်ကူးထဲ မရှိပါဘူးဆရာ"

"အေးပေါ့ကွာ...ပွင့်လင်းတာ ကောင်းပါတယ်၊ ရင်ထဲမှာ ရှိတဲ့အတိုင်း ပဲ ငါက သိချင်တာ၊ ထပ်ပြောဦးမယ်ကွာ...ဝါဝါလေးဆိုရင်ကော"

"ဟား...ဟား...ဟား...ဟားဟားဟား"

အားရပါးရ ရယ်သံကြီးသာ ထွက်လာ၏။ ဦးလှနိုင် ကြောင်ကာနေ သည်ကို လိုက်ကာ အသာမကြည့်သော ကောင်မလေးတွေ တွေ့ရ၏။

"ဆရာ...ဘယ်လိုစိတ်ကူးနဲ့ ပြောနေတာလဲ မသိဘူး၊ ဝါဝါကတော့ လုံးဝပဲ ဆရာ၊ ဒီ Company တင် မဟုတ်ဘူး၊ ဘယ် Company မှလည်း သူ့ကို ကြိုက်မှာ မဟုတ်ဘူး၊ စိတ်ကူးထဲမှာကို မရှိဘူးဆရာ"

ဖြူနုဘေးမှ ကောင်မလေးက လိုက်ကာကို ပင့်တင်ကာ အခန်းထဲသို့ ဝင်ကာသွား၏။ ဦးလှနိုင်က ပါးစပ်အဟောင်းသား ဖြစ်နေချိန်မှာ ထိုကောင် မလေးကို လက်လေးဖက်က အတင်းဆွဲထုတ်ကာ သွားသည်။





"ပြဿနာတော့ တက်ပြီထင်တယ်...မိုးဆွေရာ"

"ဘယ်သူမှ မပြောရသေးရင် ဘာပြဿနာမှ မရှိပါဘူး ဆရာရယ်၊ ကိုယ်ကြိုက်တာ ကိုယ်ရွေးရုံပေါ့၊ ဆရာက ဘယ်သူ့ကို ဒီကိစ္စ ပြောထားသေးလို့ လဲ"

"မပြောပါဘူးကွာ...ငါက လူကြီးဆိုတော့ နှုတ်တော့ ထိန်းရတာပေါ့၊ မင်းကြိုက်တာကို ငါမေးပြီးမှ အဆင်ပြေသလို လုပ်ရမှာပေါ့"

"ကျွန်တော့်ကို မေးရင်တော့ ရင်ထဲမှာ ရှိတာပဲ ပြောမှာနော်"

ဦးလှနိုင်က ခဏစဉ်းစားကာနေသည်။ ပြီးမှ ဝမ်းသာအားရဖြင့်...

"ဟုတ်ပြီ...ခရမ်းကွာ၊ မလှဘူးလား၊ တည်လည်း တည်ငြိမ်တယ်"

"ဆရာရယ်...နာမည်ကိုက ခရမ်းတဲ့၊ ဒီနာမည် ရာဇဝင်ကလည်း ရှိသေးတယ်၊ တရုတ်ပြေးမင်းလို့ခေါ်တဲ့ မင်းက အိပ်ရာက နိုးရင် သူ့ကိုယ်လုပ် မောင်းမတွေကို တွေ့ကရာနဲ့ ကောက်ပေါက်တတ်တယ်တဲ့၊ အဲဒီမှာတင် သူ့ ကိုယ်လုပ်မောင်းမတွေက အဲဒီမင်းအနားမှာ မာတဲ့အရာတွေ မထားတော့ပဲ အဲဒီအသီးကို ထားတာ၊ မနက်မိုးလင်းတော့ တရုတ်ပြေးမင်းကလည်း စားပွဲပေါ် ရှိတာနဲ့ ပေါက်တာပဲ၊ အဲဒီမှာ ကိုယ်လုပ်မောင်းမတွေ ခါးရမ်းရမ်းထွက်သွားလို့ ခရမ်းသီးလို့ တွင်တာ၊ ခရမ်းက ရာဇဝင် မကောင်းဘူး ဆရာ၊ ပြီးတော့ သူ့ကိုတွေ့ တာနဲ့ စိတ်ညစ်သွားတတ်ကြတာ၊ မကြိုက်ဘူး...လုံးဝပဲ"

တတိယ မိန်းကလေးကိုလည်း ကျွန်နှစ်ယောက်က တားကြရပြန်၏။ နှုတ်ခမ်းကိုက်၊ လက်သီးဆုပ်၊ ဒေါသထွက်ဖြင့် ဘာလုပ်ရမလဲ စဉ်းစားနေတုန်း ဦးလှနိုင်အသံက ပြန်ပေါ်လာပြန်၏။

"ဒါဆိုရင် မင်းကြိုက်စရာက တော်တော်ရှားတာပဲ၊ ခက်တယ်ကွာ... ဖြူနုလည်း မကြိုက်ဘူး၊ ဝါဝါနဲ့ ခရမ်းလည်း မကြိုက်ဘူးဆိုတော့ စိမ်းနုကွာ..."

အသံ ခဏတိတ်ကာသွား၏။ ကောင်မလေးတွေလည်း ဒေါသတွေ မေ့ကာ ခဏငြိမ်ကာသွား၏။

အတွင်းထဲက "စိမ်းနု" "စိမ်းနု" ဆိုသော ရေရွတ်သံကို ကြားရသည်။

"ဟုတ်ပြီ...စိမ်းနုတော့ ကျွန်တော်ကြိုက်တယ်ဗျာ၊ တကယ်ကြိုက် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဟော့ကောင် မိုးဆွေ တကယ်လားကွ"

"တကယ်ကြိုက်တာပါ ဆရာ၊ ကျွန်တော် မကြိုက်ရင် မကြိုက်ဘူး ပြောတတ်တဲ့ကောင်ပါ၊ ကျွန်တော် ဆရာပြောတဲ့အထဲမှာ စိမ်းနုကို အကြိုက်ဆုံးပဲ"

"ဟာ…မင်း ဖွတ်တော်လာတဲ့ကောင်ပဲ၊ ဘာဖြစ်လို့ ကြိုက်တာလဲ ပြောစမ်းပါဦး"

"ဒီလိုဆရာ…ဒီလို၊ အင်း…ဟုတ်ပြီ၊ ကျွန်တော် ခံစားရသမျှ ပြောပြမယ်နော်၊ စိမ်းနုဟာ ဆွဲဆောင်မှုရှိတယ် ဆရာ၊ ရင်ကိုလည်း အေးချမ်းတယ်၊ မြင်ရတဲ့လူကိုလည်း စိတ်ကြည်လင်စေတယ်"

"ဟာ…တယ်ဟုတ်ပါလား၊ ငါတောင် မသိဘူး၊ ပြောစမ်းပါဦးကွ"

မိုးဆွေ တစ်ချက်စဉ်းစားသည်။ လက်ချောင်းတွေကို တဖျောက်ဖျောက် ချိုးသည်။ ပြီးမှ အမိုးမျက်နှာကြက်ကို မော့ကာ ဖြေပြန်၏။ ဦးလှနိုင်က ဘာပြောမလဲဆိုတာကို စိတ်ဝင်စားနေသလို အပြင်က ကောင်မလေး သုံးယောက်ကလည်း စိတ်ဝင်စားနေကြ၏။

"သိပြီ ဆရာ…ကျွန်တော် စိမ်းနုကို ကြိုက်တာက ဒီလို…ဆရာ၊ ကဗျာဆရာတွေ စာရေးဆရာတွေဟာ နွေကို အဖွဲ့အသီ အမြဲတမ်း ရှိတယ် ဆရာ၊ နွေမှာ သစ်ပင်တွေဟာ ရွက်ဟောင်းကြွေပြီး ရွက်သစ်ဝေတဲ့အခါ ဘယ်အပင်ဖြစ်ဖြစ် အရောင်က စိမ်းစိမ်းနုနု မဟုတ်လား၊ စိမ်းနုဟာ သာမန်လူကို မပြောနဲ့ အနုပညာသမားတွေရဲ့စိတ်ကိုတောင် ဆွဲဆောင်နိုင်တယ် ဆရာ၊ စိမ်းနုမှာ အားသစ်ခွန်သစ်တွေ ရှိတယ်၊ ယုံကြည်မျှော်လင့်ချက်တွေ ရှိတယ်၊ စိတ်နှလုံးကို ဆွဲဆောင်မှုရှိတယ်၊ ဒါကြောင့် ကြိုက်တာ ဆရာ"

"အင်း…မင်းပြောတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့်…စိမ်းနုက ရဖို့ ခက်တယ်ကွ"

"ကျွန်တော်ပြောတာကို ဆရာသဘောကျရင် ကျွန်တော် မရရအောင် လိုက်မှာပေါ့ ဆရာ၊ ရန်ကုန်မြို့ကြီးမှာ စိမ်းနုဆိုတာ လိုက်လို့မရ မရှိပါဘူး"

"အေး…မင်းကြိုက်မှတော့ ငါလည်း သဘောတူရတော့မှာပေါ့ကွာ၊





ဒါပေမယ့် ငါတို့အထက်မှာ လူတွေ ရှိသေးတယ်နော်၊ ငါ ပြဿနာ မတက်ချင်ဘူး"

"ကျွန်တော်ကြိုက်တာကို ဆရာသဘောတူရင် မရရအောင် ပြောမယ် ဆရာ၊ ဦးသန့်ဇင်ကို့ကို ပြောမှဆိုရင်လည်း ကျွန်တော်ကတော့ ပြောမှာပဲ၊ သူ ဘယ်လောက် ကန့်ကွက်…ကန့်ကွက် ကျွန်တော်ကတော့ စိမ်းနုမှ စိမ်းနုပဲ"

"ကဲ…မင်း စိမ်းနုကို ရပါစေကွာ၊ ငါ သဘောတူပါတယ်"

"စိတ်ချ ဆရာ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကျွန်တော်ရအောင် ကြိုးစားပါ့မယ်"

ကောင်မလေးသုံးယောက် အံကြိတ်ကာ ဒေါသတကြီး လှည့်ထွက်သွားကြ၏။ အခန်းထဲမှာ ဦးလှနိုင်က မိုးဆွေကို ကိုယ်တိုင် ကော်ဖီမစ်(စ) ဖျော်ကာ တိုက်သည်။ ပြီးတော့ စိမ်းနုကိုရအောင်လိုက်ဖို့ကိစ္စလည်း ပြောလိုက်သေး၏။

ဒီကောင်မလေးက သူ့ရည်းစားနှင့် ပြဿနာ တက်ထားသော ကောင်မလေးဖြစ်၏။ အမှန်တော့ သူ နည်းနည်း ပဲများသွားသဖြင့် ဖြစ်သော ပြဿနာလည်း ဖြစ်၏။ ကိုယ့်အပြစ်ကိုလည်း ကိုယ်ဝန်မခံချင်၊ ချစ်သူကိုလည်း မပြတ်နိုင်၊ ဘာလုပ်ရမှန်းလည်း မသိ။ ဒီနေ့ Company မှာက မန်နေဂျာရော၊ Boss ရော ရှိနေသည့်အချိန်မျိုးမှာ ငုတ်တုတ်ထိုင်ကာ ဆွေးနေလို့လည်း မဖြစ်၊ လူတွေအားလုံးက အလုပ်လုပ်နေကြသည်။

ဒီတော့ မနက်က ဘတ်(စ်)ကားပေါ်မှာ ထိုင်ခုံနေရာရတုန်း ဖတ်လာသည့် တာရာမင်းဝေ၏ဝတ္ထုထဲက ကဗျာတစ်ပုဒ်ကို နိုးကူးနေလိုက်သည်။ ဝတ္ထုကို အံဆွဲထဲ ထည့်ထားကာ အသာဟထားသဖြင့် မည်သူမှ မမြင်။ ကဗျာနာမည်က "အမျက်ဖြေလက်ာ" တဲ့၊ သူလည်း ဘာကို ဆိုလိုမှန်း ကောင်းကောင်းမသိ၊ သူ့ရည်းစားလည်း သိလိမ့်မည်မထင်၊ ထိုသို့ မသိခြင်းက သူ့အတွက် သာ၍ပင် ကောင်းသေး၏။ "ဒါ…ဘာကိုပြောတာလဲ" ဆိုလျှင် "ကိုကိုပဲ စဉ်းစားကြည့်ပေါ့၊ ဒီလောက်တောင် မသိဘူးလား" ဟု ခပ်တည်တည်ဖြင့် ဟောက်၍ရသည်။ ပြီးတော့ ထပ်စိတ်ကောက်လို့ပင် ရသေး၏။ ကုန်းရုန်းပြီး လုပ်ကွက်ပြနေသော ဝန်ထမ်းတွေကြားထဲမှာ လုပ်ကွက်လည်း ပြရင်း ချစ်သူကိုလည်း ချော့ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး အဆင်ပြေနေတုန်း…

"စိမ်းနုလွင်…တို့တော့ အစော်ကားခံလိုက်ရပြီ၊ အစော်ကားခံလိုက်ရတဲ့အထဲမှာ မင်းလည်း ပါတယ် စိမ်းနု"

"ဖြူနုရှော့်…ဝါဝါ…ဘာ…ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်လို့လဲဆိုတာ ရှင်းပြမယ်၊ မင်းအခု ငါတို့နဲ့ မန်နေဂျာ ရုံးခန်းကိုသာ လိုက်ခဲ့တော့"

"ဟယ်…ဒုက္ခပဲ၊ ဘာဖြစ်တာလဲ မေခရမ်းရယ်"

"အားလုံးကို ဝါဝါ ရှင်းပြမယ်၊ မင်း လုပ်စရာရှိတာတွေ ခဏသာထားခဲ့"

ထိုကောင်မလေးတွေ ထွက်သွားပြီး ခဏအကြာတွင် "ကိုမိုးဆွေ…ကိုမိုးဆွေ၊ အထဲကို ခဏကြွပါတဲ့…မန်နေဂျာက" ဟူသောအသံကို ဝန်ထမ်းများအားလုံး ကြားလိုက်ရလေသည်။





## အခန်း(၇)

**စိတ်**မောသည်။

"အစီရင်ခံစာနဲ့ ပတ်သက်လို့ မရှင်းတဲ့ကိစ္စတွေ ရှိရင် မချမ်းမြမြကြိုင်ကို ခေါ်မေးနိုင်ပါတယ်" ဟု မန်နေဂျာ ဦးဇော်မြင့် ပြောခဲ့သောစကားသည် သူ့အတွက်တော့ ကြိုးကွင်းတစ်ခုလို ဖြစ်လာနေသည်။ ဒေါ်မွှေးမွှေးက ခဏခဏ ခေါ်ရစ်သလား မမေးနှင့်၊ ကိုယ့်ဘက်က မှားတာတွေကလည်း ရှိနေသည်။ အဆိုးဆုံးက ဖြူလေးပင်ဖြစ်၏။ ခုနစ်ခြောက်လီ လေးဆယ့်နှစ်ကို လေးဆယ့်ရှစ်ဟု ထင်ကာ စာရင်းတွေ ပေါင်းထားတော့ ငွေခြောက်သိန်းလောက် ကွာကာနေ၏။

ဒီကိစ္စက စာရွက်ပေါ်မှာ ရှင်းလျှင် ရလျက်သားနဲ့ အခုတော့ ဒေါ်မွှေးမွှေးက သက်ဆိုင်ရာ ဘောင်ချာတွေကိုအတိအကျပြန်ယူခိုင်းသည်။ လက်မှတ်နှင့်တကွ ဖြစ်ရမည်တဲ့။

"ဖြူလေးရာ…မင်း မှားမှ မှားရက်တယ်လို့…"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်အလောတကြီး လုပ်မိတာ တောင်းပန်ပါတယ်ကွာ၊ ဦးဇော်မြင့်တို့က ခေါ်မတွေ့ခင် မင်းလည်း ပြန်စစ်တော့ စိတ်ချပြီး လွှတ်လိုက်မိတာ၊ အလကားကွာ...ဒီမိန်းမကြီးကိုကလည်း ရစ်ကို ရစ်ပါတယ်"

"ချမ်းမြကတော့ သူ့ကို ဘဝတစ်ရာစာ အမုန်းပဲ၊ ဘုရားရှိခိုးတိုင်း ဆုတောင်းတယ် သိလား...ဒီမိန်းမကြီးနဲ့ ဘဝတစ်ရာ မတွေ့ပါရစေနဲ့လို့..."

"ဆုတောင်းပစ်လိုက်ကွာ...ဘဝတစ်ထောင်စာလို့"

ဒေါနင့်မောနင့်လျှောက်ရင်း နင်းချလိုက်သော ခြေထောက်က ဖိခနဲမြည်သောအသံနှင့် ခံစားမှုကို သိလိုက်သည်။ ချက်ချင်းရပ်ကာ ကြည့်တော့...သွားပြီ၊ နင်းမိတာက ခွေးချေး၊ ဖိနပ်နံဘေးကိုပင် ကော့ပြန်ကာ တက်နေလိုက်သေး၏။ ဖြူလေးလည်း ဘာမှန်းမသိဘဲ သူကြည့်ရာ လိုက်ကြည့်ပြီး မျက်နှာရှုံ့မဲ့ကာ နှာခေါင်းကို အုပ်သည်။

"တွေ့လား...ဒီမိန်းမကြီးက Lucky မရှိဘူးဆိုတာ"

"အဲနီယိုတော့ မရှုတ်ဘူးကွ၊ ထွေးရျေးနီးရင် ယပ်ကောင်းဒယ်ရဲ့"

ဖြူလေးက နှာခေါင်းကိုပိတ်ကာ ပြောသဖြင့် အသံက မပီ။ စိတ်ညစ်ရသည့်အထဲ စိတ်ပျက်စရာက ပေါ်လာသဖြင့် မောနေသည့်စိတ်ကို ကြိုက်သလောက်မောဟု ချမ်းမြ လွှတ်ပေးလိုက်သည်၊ ဟိုဒီကြည့်တော့ ခြေလှမ်းငါးလှမ်းစာလောက်မှာ ခုံတန်းဖြူဖြူကလေးကို တွေ့ရ၏။

"လာကွာ...ဟိုခုံတန်းမှာ ဒီကိစ္စ ခဏရှင်းရအောင်"

အမှန်တော့ ဒီပန်းခြံကလေးက သူတို့ Company နှင့် နီးပါသည်။ ဒီပန်းခြံထဲက ဖြတ်လျှောက်ပြီး ဆယ်မိနစ်လောက် ထပ်လျှောက်လိုက်လျှင် သူတို့ Company ကို ရောက်၏။ ငါး Project လုပ်တုန်းက လိုင်းကားစီးကာ ဒီပန်းခြံကလေးထဲက ဖြတ်လျှောက်ပြီး ခဏနားရင်း စာရင်းတွက်ရင်း ကကဖိုးစာရင်းတွေ ပိုတင်ခဲ့ဖူးသည်၊ သူက ဒီငွေတွေကို ယူတာတော့မဟုတ်၊ သူတို့အားလုံး ဝိုက်ဆာသည့်အခါ အသုပ်စား၊ လက်ဖက်ရည်သောက်၊ အအေးသောက် စသည်ဖြင့်ထဲ ထည့်သုံးတတ်၏။

နောက်ပြီး ဒီပန်းခြံကလေးကို ချမ်းမြသဘောကျတာ တစ်ခုရှိသည်။ ပန်းခြံအဝင်နှင့်အထွက်လမ်းနှစ်ခုကို ပုလ္လာရိုက်ပင်များနှင့် ခွဲခြားထားပြီး





ပုလ္လာရိုက်ပင်များ စိုက်ထားပုံကလည်း ဘီးကုပ်ပုံစံဖြစ်၏။ အစပိုင်းတွင် နိမ့်ကာ တဖြည်းဖြည်း လူတစ်ရပ်ကျော်အထိ မြင့်တက်သွားပြီးမှ တဖြည်းဖြည်း ပြန်နိမ့်ဆင်းလာခြင်း ဖြစ်သည်။

ဘီးကုပ်၏အလယ်ပိုင်းတွင် ဟိုဘက်နှင့်ဒီဘက် မမြင်ရ၊ နောက်တစ်ချက်က ဒီပန်းခြံကလေးက အေးချမ်းသည်၊ ထိုပုလ္လာရိုက်ပင်တန်းမှအပ အခြားနေရာတွေက ဟာလာဟင်းလင်း ဖြစ်နေသဖြင့် အတွဲတွေဘာတွေ သိပ်မလာကြ၊ ကလေးကစားကွင်းနှင့် လှပသော ပန်းများသာ စိုက်ထားသည့်အတွက် ရံဖန်ရံခါ ကလေးများပါသော မိသားစုမျိုးကိုသာ တွေ့ရတတ်သည်။ ထို့ကြောင့် ဒီပန်းခြံကလေးကို ပိုသဘောကျကာ စိတ်မောလှမော ရှိသည့်အခါ လာလာထိုင်တတ်သည်။

အခု ထိုင်ရန်ရည်ရွယ်ချက် အစက မရှိသော်လည်း ဖြစ်လာသော အရေးအခင်းအရ ခဏတော့ နားရဦးမည်။ ပုလ္လာရိုက်ပင်တန်းအနားမှာ ရှိသော ခုံတန်းကလေးသို့ လာရင်း ခုံတန်းအောက်ခြေစောင်းနှင့် သူ့ဖိနပ်ကို ခြစ်ချရန် အားထုတ်ချိန်တွင်...

"ယုတ်မာတယ်ကွာ...အဆင့်အတန်း ရှိတယ်ဆိုရင် ဒါမျိုးလုပ်ဖို့ မကောင်းဘူး၊ ကိုယ့်သိက္ခာကိုယ်လည်း မငဲ့ဘူး၊ ဖြစ်လာတဲ့ ပြဿနာကိုလည်း တာဝန်မယူဘူး၊ ရက်တတ်ရင် လူကွယ်ရာမှာ ဒါမျိုးလုပ်စရာကို မလိုဘူး၊ တော်ပြီကွာ...မပြောချင်တော့ဘူး၊ တာဝန်ရှိတဲ့လူတွေကလည်း အလကားပဲ၊ ဘာမှမပြောကြဘူး"

ခုံတန်း၏နောက်ဘက်ရှိ ရင်အစပ်ခန့် မြင့်သော ပုလ္လာရိုက်ပင်နောက်မှ ထွက်လာသောအသံဖြစ်၏။ ဘယ်သူ့အသံဆိုတာကိုလည်း ချမ်းမြ ကောင်းကောင်းသိပါသည်၊

"ဒီမှာ...ရှင် မိုက်ရိုင်းလှချည်လား၊ ကိုယ့်ပြဿနာ ကိုယ် ရှင်းတာ ရှင်နဲ့ ဘာဆိုင်လို့လဲ၊ ရှင်သာ မိန်းကလေးတစ်ယောက် ဖြစ်တာကို အစအဆုံး လျှောက်ကြည့်ပြီး အရှက်မရှိတာ...သိရဲ့လား"

ဒေါသတကြီး အော်ပစ်လိုက်သည့် ချမ်းမြအသံဆုံးတော့ "ခင်ဗျာ" ဆိုသော အသံနှင့်အတူ ပုလ္လာရိုက်စည်းရိုးမှ ခေါင်းထွက်ကာလာ၏။ ဟုထင်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့တွေးထားသော မိုးဆွေဆိုသည့်လူပါပဲ၊ သူမကို ကြောင်တောင်တောင်ဖြင့် ကြည့်ကာနေရင်း…

"ခင်ဗျာ"

"ဘာခင့်ဗျာလဲ…ကိုယ့်ဘာသာ ခွေးချေးပေလို့ သုတ်တာ ရှင့်အပူ ဘာတစ်ပြားသား ပါလို့လဲ"

"ခင်ဗျာ…ခွေးချေး…ဟုတ်လား၊ ဘာခွေးချေးလဲခင်ဗျာ"

"ရှုံးချင်ယောင် ဆောင်မနေနဲ့၊ အရှက်မရှိတာက ရှင်… ရှင် သိလား၊ ရုပ်ကိုက…"

"ခင်ဗျာ…ဘာ…ဘာဖြစ်လို့လဲခင်ဗျာ၊ ဘာခွေးချေးလဲ"

"ရှင်…ရှင်…လွန်လာပြီနော်"

"ဟာ…ဟော့ကောင် ချမ်းမြ နေဦး၊ မဟုတ်သေးဘူး၊ နေဦး…နေဦး၊ ရှင်တစ်ယောက်တည်းလား၊ ရှင်နဲ့ ဘယ်သူပါသေးလဲ"

မိုးဆွေ တော်တော်အူကြောင်ကြောင်ဖြစ်ကာသွားသည်။ ဒီကောင်မလေးတွေ ပြောတာကို သူ ဘာတစ်ခုမှ နားမလည်၊ ချမ်းမြကို တွေ့သဖြင့် ကြောက်သည့်စိတ်ကလည်း ရှိနေသည်။ ချမ်းမြနှင့်သူ ထပ်ပြဿနာ မတက်ချင်ပါ။

"ကျွန်တော် တစ်ယောက်တည်းပါဗျာ…ဘယ်သူမှ မပါပါ ဘူး"

"ဒါဆို ရှင် ခုနက ဘယ်သူ့ကို စကားပြောနေတာလဲ"

"ကျွန်တော့်ဘာသာ ပြောနေတာပါဗျာ၊ ဘယ်သူ့ကိုမှ ပြောတာ မဟုတ်ပါဘူး"

"ရှင် ဘာကိစ္စကို ပြောနေတာလဲ"

"ဟာဗျာ…မပြောချင်တော့ပါဘူး"

"မပြောချင်ဘူး…" ဆိုသော်လည်း မိုးဆွေဖြစ်သမျှကို အကုန်လုံးပြောပြလိုက်ပါသည်၊ မိုးဆွေ ရှင်းပြတာကို ကြားတော့မှ ချမ်းမြ ပိုပြီးရှက်ရသည်။ ဒီလူနဲ့ ကြုံလိုက်ရရင် ဒီလိုချည်းပဲဟု စိတ်ထဲက မကျေမနပ်လည်း ဖြစ်မိသည်။ ဖြူလေးပါ၍သာ တော်ရော့သည်၊ နို့မို့ဆို ဘယ်လောက်အထိ ဆက်လွဲနေဦးမည်မသိ၊ ထိုလူမသိအောင် သူ့ကိစ္စကို သူ ရှင်းနေချိန်တွင်…





"ဟို…ခုနက ခွေးချေးဆိုတာ ဘာလဲဗျ"

"ဘာမှ မဟုတ်ပါဘူး…ဘာမှမဟုတ်ဘူး၊ ရှင် အဲဒီမှာနေ…ကျွန်မတို့ လာခဲ့မယ်…ဒါပဲ"

ဖြူလေးက လှမ်းပြောရင်း သူ့လက်ကို ဆွဲကာ ပုဂ္ဂလိကပင်တန်းအစ ဘက်ကို လျှောက်ရင်း ထိုလူရှိရာသို့ သွားရသည်။ ချမ်းမြလည်း ထုပုကာ ဖြူလေးခေါ်ရာနောက်သို့ လိုက်ခဲ့၏။

"ဟော့ကောင် ချမ်းမြ၊ မင်းကလည်း အရမ်းချည်းပဲ၊ နည်းနည်းပါးပါး မေးပါဦးလား"

"သိဘူးလေကွာ…ကိုယ်က ကိုယ့်ကိစ္စနဲ့ကိုယ် ရှက်နေတာကို…"

"မင်းကိစ္စရော ပြီးပြီလား"

"အေး…ပြောင်သွားပြီ"

ချမ်းမြတို့ သူ့နံဘေးသို့ ရောက်တော့ သူက ကြောင်တောင်တောင်နှင့် မတ်တတ်ရပ်နေဆဲပင် ရှိ၏။ ဖြူလေးက အေးဆေးပဲ ဆိုသည့်သဘောနှင့် လက်ပြကာ…

"ကဲ…ထိုင်ပါဦး၊ ရှင့်ကိစ္စအကြောင်း ပြောရအောင်"

"ဟုတ်ကဲ့…ခင်ဗျ"

"ပြဿနာတက်တော့ အဲဒီကိစ္စကို မပြောပြဘူးလား"

"ကောင်မလေးသုံးယောက် နားနဲ့ဆတ်ဆတ် ကြားရတာပါလို့ ပြောပြီး ဝိုင်းရန်တွေ့တာရယ်၊ တစ်ယောက်က ငိုတာရယ်နဲ့ပဲ ကျွန်တော် ဘာမှ ပြောလို့မရတော့ဘူး"

"ဦးလှနိုင်ကရော…ဘာပြောလဲ"

"ဘာပြောရမှာလဲ…ပြဿနာ ရှင်းတဲ့ထဲမှာ သူက ပါတောင်မပါဘူး"

"ကျွတ်…ဒါတော့ မတရားတာပဲ"

ချမ်းမြ မခံချင်စိတ်နှင့် ဝင်ပြောလိုက်မိသည်။ ဦးလှနိုင် ဆိုသည့်လူက ဒီလိုစတတ်၊ နောက်တတ်၊ ဒုက္ခပေးတတ်မှန်း လုပ်သက်ကြာသော ချမ်းမြတို့ကတော့ ကောင်းကောင်း သိပြီးသားဖြစ်ပါသည်။ သူတို့ ဆင်ထားသည့်အကွက်ထဲသို့ ဘာမသိညာမသိနှင့် ဒီလူ ရောက်သွားခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကလည်း...တုံးကို တုံးလွန်းတယ်၊ လက်မှတ်ထိုးတဲ့စာအုပ်ကိုင်ပြီးတော့များ၊ အဲဒီနာမည်တွေ ရှိတယ်ဆိုတာ ရှင်မသိဘူးလား"

"နာမည်တွေတော့ သိပါတယ်၊ ဒါပေမယ့် သူက ဆေးအရောင်အကြောင်း ပြောနေတော့ ကျွန်တော်ကလည်း စိတ်ထဲ ရှိတဲ့အတိုင်း ပြောမိတာပါ"

ချမ်းမြသည် မိုးဆွေဆိုသောလူကို ဘယ်လိုလူစားဆိုတာ ကောင်းကောင်း သဘောပေါက်သွားပြီဖြစ်၏၊ သူနှင့်ဖြစ်သောကိစ္စတွေလည်း ဒီလိုပဲ ဖြစ်လိမ့်မည်၊

"ရှင့်ကို သူတို့က ဘာအဖြစ်ပေးမယ်လို့ ပြောလဲ"

"မသိဘူး...ဆုံးဖြတ်မယ်တဲ့၊ နောက်နေ့ ပြောမယ်ဆိုပဲ၊ အလုပ်က ထွက်ရရင်တော့ ဒုက္ခပါပဲဗျာ"

"အိုး...ဘာဖြစ်လို့ ထွက်ရမှာလဲ၊ ဒီကိစ္စ အမှန်ဆိုရင် ကျွန်မ ရှင်းပေးမယ်၊ ဦးမြင့်ဖော်ကိုရော စိမ်းနုတို့ ဝါဝါတို့ကိုရော ကျွန်မ ရှင်းပြမယ်၊ ရှင်ဘာမှမပူနဲ့...ဟုတ်ပြီလား"

"ဟာ...ကူညီပါဗျာ၊ တကယ်အမှန်ပါ၊ ကျွန်တော် မလိမ်ပါဘူး၊ ဟို...မချမ်းမြကြိုင်နဲ့ ဖြစ်ခဲ့တဲ့ကိစ္စတွေကလည်း..."

"အိုး...သိပြီ...သိပြီ ပြောမနေနဲ့တော့၊ ရှင် စိတ်အေးအေးထား သိလား"

"ဟုတ်ကဲ့ခင်ဗျ၊ ဩော်...ဒါနဲ့ ခုနက ဈေးရေးဆိုတာက ဘာကို"

"တော်ပြီ...ရှင်ဆက်မေးနေရင် ကျွန်မ ဘာမှ မကူညီတော့ဘူး"

"ဟာ...မလုပ်ပါနဲ့ဗျာ၊ မမေးနဲ့ဆို မမေးတော့ပါဘူးဗျာ"

ချမ်းမြ မျက်စောင်းတစ်ချက် ပစ်ထိုးရင်း ပြောတော့ မိုးဆွေက ခြေကာလက်ကာနှင့် တုန်လှုပ်စွာ ကတိပေးသည်၊ ဖြူလေးက လှစ်ခနဲ တစ်ချက်ပြုံး၏၊ ဖြူလေး ဘာကိုပြုံးတယ်ဆိုတာ ချမ်းမြသိပါသည်၊ ဒါပေမယ့် ချမ်းမြဆိုတဲ့ မိန်းကလေးကလည်း မတရားတာဆိုလျှင် တစ်စက်မှ သည်းမခံနိုင်တာ မူလဗီဇဖြစ်လေသည်၊

၅ ၅ ၅ ၅





တက္ကသိုလ်မှာ ယောက်ျားလေးအုပ်စုနဲ့ မိန်းကလေးအုပ်စု နေ့စဉ်နေ့တိုင်း အမြဲတွေ့နေပြီဆိုကတည်းက ဒီလိုကိစ္စမျိုး တစ်နေ့ ဖြစ်လာလိမ့်မည်ဆိုတာ နှင်းဖြူ သိပါသည်၊ သိရင် ရှောင်ပေါ့...ဟု ပြောလို့ရသော်လည်း လက်တွေ့မှာက မလွယ်၊ လူမှုရေးက ရှိသည်၊ အခြေအနေက ရှိသည်၊ ကိုယ်တိုင်က လွတ်လပ်ပျော်ရွှင်ချင်တာကလည်း ရှိသည်၊ နားလည်ပေးရတာကလည်း ရှိသည်၊

ဒီလိုနှင့်ပင် မင်းခန့်၊ ထူးသီဟ၊ မြတ်သူနှင့် အေး၊ မိဇင်နှင့် သူမတို့ အတန်းမတက်ခင် တွေ့ကြသည်။ ထမင်းစားချိန် ဆုံကြသည်၊ ကျောင်းအပြန်မှာ ချိန်းကာ တွေ့ကြသည်။ သူတို့က ကိုယ့်ကို ဆယ်ခါစောင့်လျှင် ကိုယ်ကလည်း သူတို့ကို နှစ်ခါလောက်တော့ စောင့်မိတတ်၏။ တိုင်ပင်သတ်မှတ်မထားရပါဘဲ မိဇင်က မြတ်သူကို စိတ်ကောက်ချင်ကောက်သည်။ သူနှင့် မင်းခန့် ရန်ဖြစ်ချင်ဖြစ်ကြ၏၊ အေးက ထူးသီဟကို ပြဿနာရှာချင်ရှာတတ်သည်၊

မူလ ရည်ရွယ်ချက်ဖြစ်သော မိဇင်က မြတ်သူကို အဖြေပေးပြီး ချစ်သူဖြစ်သွားချိန်တွင် အခြေအနေတွေက လျင်မြန်စွာ ပြောင်းလဲသွားကြ၏၊

"အေးကတော့ သီဟကို အဖြေပေးတော့မှာပဲ၊ သူ စပ်ဖြီဖြီလုပ်တာကို အမြင်ကတ်လို့ လျှောက်ရစ်နေတာပဲ ရှိတာ၊ မင်းက ဘယ်လိုလဲ နှင်းဖြူ..."

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ချင်ယောင်ဆောင်တဲ့လူဆိုတော့ တစ်ခါနှိုးလည်း နိုးရင် သဘာဝ မကျမှာစိုး၊ နှစ်ခါနှိုးလည်း မဟုတ်သေးပါဘူး…သုံးခါကျတော့လည်း နောက်တစ်ခါ နှိုးမှနဲ့ သိပ်နှိုးရခက်တာပဲ"

"အေးမြေပြာတာ တို့ဘာမှ မသိဘူး…"

"တွေ့လား…နှစ်ခါရှိပြီနော်၊ စိတ်တိုလာပြီ"

မီဇင်က ထုံးစံအတိုင်း အေးမြမြကလေး ရယ်လေသည်။

"အဲဒါမျိုးကျတော့ မျက်နှာကို ရေနဲ့ ပက်ရတယ် အေးရ၊ ကဲ…ပက်ပြီနော်၊ မင်းခန့်ကို မင်း မချစ်ဘူးလားနှင်းဖြူ"

"ဘုရား…ဘုရား၊ မင်းတို့ရည်းစားထားတော့မယ် ဆိုတာနဲ့ ကိုယ့်ကိုပါ ဆွဲထည့်တာကတော့ ဘယ်ကောင်းမလဲ"

"ကြည့်…ရေနဲ့ပက်တာတောင် တစ်ဖက်ကို စောင်းအိပ်နေသေးတယ်၊ ကဲ…သစ္စာဖောက်တယ်ပဲပြောပြော၊ ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ် ကွာ၊ မင်းကို သူက ကြိုက်နေတာကြာပြီတဲ့၊ အဲဒါ သီဟာက တို့ကို ရည်းစားစကား မပြောခင်ကတည်းက သူက ပြောထားနှင့်တာ"

အေးစကားကြောင့် ပထမ ရှိန်းခနဲ ရှက်ကာသွား၏။ ဒုတိယ ရင်ခုန်ပါသည်။ တတိယ ကျေနပ်ပျော်ရွှင်သွား၏။ နောက်ကိစ္စတွေ သိပ်မမှတ်မိချင်တော့၊ နှင်းဖြူနှလုံးသားသည် လှိုင်းအရှိန်မှာ လွင့်ခနဲ ပါသွားသော ဖော့တုံးကလေးလို ဖြစ်လိမ့်မည် ထင်သည်။

သတိပြန်ဝင်ချိန်မှာ ပထမဦးဆုံး မြင်သောမျက်နှာသည် ကိုကို့ မျက်နှာသာဖြစ်သည်။ သတိရကာ အတင်း လှိုင်းအရှိန်ပေါ်က ရုန်းကာထွက်၏။ သို့သော် ရင်ခုန်သံလှိုင်းကို သူ ဘယ်လိုလွတ်အောင် ရုန်းနိုင်မှာတဲ့လဲ၊ သို့သော် လည်း…နှင်းဖြူ ရအောင်တော့ ရုန်းပါသေးသည်။

"မဖြစ်ဘူး…ကိုကို့အပေါ် နှင်းဖြူ သစ္စာဖောက်လို့ မရဘူး"

"ကိုကို…ဘယ်က ကိုကိုက ရောက်လာတာလဲ နှင်း…"

"ဟ…ငါ့အစ်ကို့ကို ပြောတာဟ"

"နင်ကလည်း ရှုပ်နေတာပဲ"

"မရှုပ်ပါဘူး…ကိုကိုက ငါ့ကို သိပ်ချစ်တာဟ၊ ငါ ရည်းစားထားလို့ မဖြစ်





ဘူး၊ ကိုကိုနဲ့ငါက ဆင်းဆင်းရဲရဲနဲ့ ဘဝကို ရုန်းကန်လာရတာ၊ တို့မောင်နှမ ဘဝကို ဆက်ပြီး အများကြီး ရင်ဆိုင်ရဦးမှာ၊ တို့မှာ အဖေအမေက ရှိတာ မဟုတ်ဘူးလေ၊ မဖြစ်ပါဘူးဟာ…"

တုန်ယင်မောလျနေသော နှင်းဖြူစကားသံကြောင့် အေးနှင့်မီဇင် တကေတော့ ငြိမ်သွား၏။ ပြီးမှ မီဇင်က ပြောသည်။

"အဲဒါကြောင့် ပြောတာပေါ့ နှင်းရာ…မင်းကိုကိုကရော တစ်သက်လုံး ရင်မခုန်တော့ဘူးတဲ့လား၊ သူချစ်တဲ့သူကို တွေ့ရင် အိမ်ထောင်မပြုတော့ဘူးတဲ့ လား"

"ဒီမှာ မီဇင်…ကိုကိုက တို့ကလွဲရင် ဘယ်သူ့ကိုမှ မချစ်ဘူးဆိုတာ မြဲမြဲ မှတ်ထား"

သူငယ်ချင်းကို ဘယ်တုန်းကမှ မပြောခဲ့ဖူးသော လေသံ၊ မျက်နှာနှင့် မာကျောမှုသာ ဖြစ်ပါသည်။ မီဇင်ရောအေးပါ ကြောင်ကာ သူ့ကို ငေးနေကြ၏။ သတိရချိန်မှာ အားလုံးက လွန်သွားပြီ၊ ဖြစ်နိုင်လျှင် သူကသာ ကိုကို့အပေါ်မှာ သစ္စာမဲ့သူ ဖြစ်ချင်ပါသည်။ ကိုကို သူ့အပေါ်သစ္စာမဲ့တာကိုတော့ သူ လုံးဝ မခံနိုင်ပါ။ ဒါလည်း လူ့သဘာဝတစ်ခုသာ ဖြစ်၏။

"နှင်း…ဒီလိုပါကွာ၊ ကိုယ် ရိုးရိုးသားသားပဲ ပြောပါ့မယ်"

အေးက လေပျော့ကလေးနှင့် တောင်းတောင်းပန်ပန် ပြောတော့ သူ အရမ်းအားနာပြီး မျက်နှာ ထူပူကာသွား၏။ သူလွန်သွားပြီဆိုတာကိုလည်း အချိန်မီ သိကာ ခေါင်းကို ငုံ့ချပစ်လိုက်သည်။

"တို့က နှင်းနဲ့ အရင်းနှီးဆုံး သူငယ်ချင်းတွေပါ၊ ဒါပေမယ့် ဘယ် လောက် ရင်းနှီးရင်းနှီး လူတစ်ယောက်ရဲ့အတွက်ကို လွန်ဆန်ပြီးတော့ ပြောလို့မရ ပါဘူး၊ ဒါပေမယ့် တို့သိထားတာက မင်းခန့်က နှင်းကို သိပ်ချစ်နေတယ်၊ သူက တစ်ဦးတည်းသောသား၊ မိဘက ပြည့်စုံတယ်၊ တို့ ရှင်းရှင်းပြောမယ်ကွာ…မိန်းမ ချင်းပဲ၊ ဈေးကွက်ကလေး တွက်ပြီး ပြောတာပါ၊ ဖြစ်နိုင်မယ်ဆိုရင် နှင်းဘဝ အတွက် သူ့ကို ရွေးသင့်တယ်လို့…အဲဒါပါ"

နှင်းဖြူ သူငယ်ချင်းတွေကို တော်တော်အားနာသွားပြီဖြစ်၏။ ဘာလုပ် ရမှန်းလဲ မသိတော့၊ ကိုယ်တိုင် ရင်မခုန်ဘူးလားဆိုတော့လည်း မဟုတ်၊ ခံခံရ



www.burmeseclassic.com

www.burmeseclassic.com



မှာကိုလည်း ကြောက်နေသည်။ စဉ်းစားစမ်း၊ ငါ ဘာပြောမလဲ၊ ဘာပြောရမလဲ။

"ဒါတွေကို နှင်း အားလုံးသိပါတယ်၊ ဒါပေမယ့် သူကိုယ်တိုင်က မပြောသေးဘဲ နှင်း အခုချိန်မှာ ဘာမှမပြောချင်သေးဘူး"

အေးက နှင်းဖြူ၏ပခုံးကို ယုယုယယ ဖက်ကာ ဝမ်းသာအားရ ပြောသည်။

"ကိုယ်တို့လောသွားတာ နှင်း...ကိုယ်တို့က ကြိုပြီး နှင်းဆန္ဒကို သိထားချင်တာ၊ အဲဒါ မှားသွားတယ်၊ ဟုတ်ပါတယ်ကွာ...မိန်းကလေးတစ်ယောက် ဘဝမှာ ဒီတစ်ချိန်တစ်ချိန်တော့ ရှိရမှာပေါ့၊ ကိုယ်လည်း အဲဒီအချိန်ကိုတော့ မြတ်နိုးခဲ့ လိုလားခဲ့တာပဲ၊ ကဲ...အခု ကိုယ်တို့ ပြောတာတွေကို သတင်းအနေနဲ့သာ မှတ်ထားလိုက်တော့...ဆုံးဖြတ်ချက်က နှင်းသဘောပဲ...ဟုတ်ပြီလား"





# အခန်း(၈)

"ညီမလေး...ကိုကို အလုပ်သွားတော့မယ်"

ညီမလေး အခန်းက ဘာသံမှမကြား၊ တိတ်ဆိတ်နေဆဲသာ ရှိ၏။

"ညီမလေး...ကိုကို အလုပ်သွားတော့မယ်၊ ထမင်းချိုင့်ရော ဘာရော အားလုံး အဆင်သင့်ပဲ...သိလား"

အမှန်တော့ ကိုကို အိပ်ယာကထပြီး ထမင်းအိုးတည်၊ ချက်ပြုတ်နေကတည်းက နှင်းဖြူ နိုးနေတာဖြစ်သည်။ အရင်နေ့တွေဆိုရင်တော့ ကိုကို့ကို သွားကူညီပေးမိမှာ အမှန်ပင်ဖြစ်၏။ သို့သော် အခုတော့ ကိုကို့မျက်နှာကို မကြည့်ရဲ၊ ကိုကို အပြင်မှာ တရှောက်ရှောက်ဖြင့် ချက်ပြုတ်နေတာကပင် သူ့အတွက် အပြစ်ကြီးတစ်ခုလို ဖြစ်ကာနေ၏။

"အိပ်ပုတ်ကြီးမလေး...ခုထိ မနိုးသေးဘူး၊ ကဲ...စာပဲ ရေးသွားတော့မယ်"

အိပ်ချင်ယောင်ဆောင်တဲ့သူကို နှိုးရခက်တယ်ဟု မိဖင်က ပြောဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ ဖြစ်သည်။ နင်းဖြူ အိပ်ချင်ယောင် ဆောင်နေခဲ့သည်။ ကိုကို စာရေးနေတာကိုလည်း ကြားပါသည်။

အိမ်အပြင်ဘက် ထွက်လာတော့ မိုးဆွေက ညီမလေးကို စာရေးထားခဲ့ရတာ စိတ်မကောင်းဖြစ်ကာနေ၏။ အမှန်ဆို သူ ညီမလေးကို နိုးအောင် နှိုးခဲ့ဖို့ကောင်းသည်။ ဒါပေမယ့် ကိုးနာရီ မထိုးခင် လမ်းထိပ်ရောက်အောင် ထွက်ရမည်ဆိုသော အစွဲက စွဲကာနေ၏။ မတော်လို့ ချမ်းမြကနောက်ကျနေသော သူ့ကို မစောင့်တော့ဘဲ တွေ့ရာကားနှင့် စီးသွားလျှင် သူ့အဖို့ ချမ်းမြနှင့် ကားအတူစီးခွင့် ဆုံးရှုံးသွားတော့မည်။

ညီမလေးကို သူချစ်ပါသည်။ ဘယ်တော့မှ မပြောင်းလဲသောအချစ်လည်း ဖြစ်သည်ဆိုတာကို သူ သစ္စာပြုရဲပါသည်။ သို့သော် ညီမလေးနှင့် ချမ်းမြ ဘယ်သူ့ကို ပိုချစ်သလဲဟု မေးလာလျှင် သူ မဖြေတတ်ဆိုတာထက် မဖြေရဲဆိုလျှင် ပို၍မှန်လိမ့်မည်ထင်သည်။

ကားမှတ်တိုင်ရောက်တော့ File အစိမ်းကလေးကို ပိုက်ကာ စောင့်နေသော ချမ်းမြမြကြိုင်ကို တွေ့ရ၏။ ကံကောင်းလို့...။ အိပ်ပုတ်ကြီးသော ညီမလေးကိုသာ နှိုးနေရလျှင် ချမ်းမြနှင့် လွဲရချည်ရဲ့ဟု သူတွေးမိသေးသည်။ ထိုအတွေးကိုလည်း အပြစ်တစ်ခုလို သူ ယူဆနေမိပြန်၏။

"ထမင်းချိုင့် ပြင်နေတာနဲ့ နောက်ကျသွားတယ်ဗျာ"

"အို...ချမ်းမြကလည်း အခုမှ ရောက်တာပါ"

နားလည်ပေးနိုင်သော ထိုစကားတစ်လုံးက မိုးဆွေရင်ကို ဝှန်းခနဲ မှန်သည်။

Air Con Bus ကျပ်သလား၊ မကျပ်သလားတောင် မသိတော့ဘဲ Company ရှိရာ မှတ်တိုင်သို့ ရောက်ကာသွား၏။ ချမ်းမြကြောင့် သူ အားလုံးပြေလည်သွားခဲ့သည်။ စိမ်းနုလွင်၊ ဖြူနုနှင့် မေခရမ်းတို့ကလည်း သူ့အပေါ် နားလည်ပေးကြ၏။ ခုထိတော့ ရိုးသားသူ၏ပစ္စုပ္ပန်ထဲမှာ ကံတရားသည် ဒီဗိုင်းလုလုကလေးနှင့် လမ်းသလားနေလေသည်။

ကားပေါ်က ဆင်းပြီး Company နားရောက်တော့ မိုးဆွေစကားကို ကြိုးစားပြီး ပြောရ၏။





"ကျွန်တော် လက်ဖက်ရည်ဆိုင် ထိုင်လိုက်ဦးမယ်၊ ချမ်းမြ သွားနှင့်"

ချမ်းမြက သူ့လက်က နာရီသေးသေးကလေးကို ကြည့်ရင်း ရယ်မောကာ ပြောသည်။

"ကိုးနာရီခွဲပြီးပြီနော် ဆရာ...ကိုယ့်တုန်းက လုပ်ထားပြီး ကိုယ့်အလှည့်ကျမှ ပြန်ခံရရင် မကောင်းဘူး"

"ဒါဆို ချမ်းမြ အရင်သွားလေ၊ ခဏကြာမှ ကျွန်တော် လိုက်ခဲ့မယ်"

ချမ်းမြက အားရပါးရပြုံးသည်။ ပြီးတော့ ခေါင်းကိုလည်း တစ်ချက်ညိတ်၏။

"ကိုယ်က ရိုးသားရင် ပတ်ဝန်းကျင်ကို ကြောက်စရာ မလိုပါဘူး"

"ကျွန်တော် ကြောက်တယ်ဗျာ..."

ချမ်းမြမျက်နှာ ရဲခနဲ တစ်ချက်ဖြစ်သွား၏။

"ဒါဆိုလဲ ပြီးရောလေ"

စကားဆုံးသည်နှင့် ချမ်းမြက လှည့်ထွက်ကာသွား၏။ သူ ငေးကာ ကြည့်နေမိသည်။ ဒီစကားဟာ ရည်းစားစကား မဟုတ်ဘူးလို့ ဘယ်သူငြင်းရဲသလဲ။

မိုးဆွေကလည်း ဒီလောက်ပဲ ပြောရဲသောလူ ဖြစ်ပါသည်။

မိုးဆွေနှင့် ချမ်းမြ အတူသွားလာ၊ စကားပြော ရယ်မောနေတာကို Company က လူတွေက တစ်မျိုးမြင်ကြသည်။ တချို့ကလည်း တီးတိုး စကား ဝုစမ်းကြ၏။

"မဟုတ်ပါဘူးဗျာ...ချမ်းမြနဲ့ ကျွန်တော်နဲ့က အခုမှ ခင်ခွင့်ရတာပါ၊ ခင်ဗျားတို့လိုပဲ မိတ်ဆွေတွေပါ၊ အစတုန်းကတော့ သိတဲ့အတိုင်း ရန်သူဗျ"

"အေး...ရန်သူတွေ ခင်သွားရင် ကြောက်စရာကောင်းတယ်ကွ၊ အထူးသဖြင့် ဆန့်ကျင်ဘက်လိင်ဆို ပိုဆိုးတာပေါ့"

ဆရာဦးလှခိုင် စကားက မိုးဆွေရင်ကို တည့်တည့်ထိသည်။ ယိုင်သွားသော အသိစိတ်က မျက်နှာကို ထိသဖြင့် မျက်နှာပျက်ကာသွား၏။ စိတ်ထဲမှာ ချမ်းမြမျက်နှာကို စိတ်ကူးထဲမှာ မြင်တိုင်း ညီမလေးအပေါ်မှာ အပြစ်ကြီးတစ်ခုကို ကျူးလွန်နေရသည်ဟု မိုးဆွေ ခံစားရသည်။ မိဘနှစ်ပါးစလုံး မရှိတော့သော



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို သူစောင့်ရှောက်သင့်သည်။ စောင့်ရှောက်ရမည်။ ညီမလေး တစ်ယောက်တည်းကို ထားခဲ့ပြီး သူက အိမ်ထောင်ပြုရမှာလား၊ မိုးဆွေစိတ်ထဲမှာ ကြားနေရသော မေးခွန်းကို ခေါင်းခါကာ ငြင်းလိုက်၏။

သန့်ဇင်ကို ခေါင်းကို ခါကာ ငြင်းလိုက်သည်။

"ရုပ်ရှင်တွေထဲကလို လူကြမ်းမဖြစ်ချင်ဘူးကွာ"

"အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးဆိုတဲ့ ခပ်ရိုးရိုး စကားကြီးနဲ့ ငါ မင်းကို ဒီလို လုပ်ခိုင်းနေတာ မဟုတ်ဘူး သန့်ဇင်ကို၊ ငါပေးတဲ့ အကြံက ရိုးတယ်၊ သမားရိုးကျဆန်တယ်၊ အေး...ဒါပေမယ့် ထိရောက်မှု ရှိတယ်၊ ဘ္ဘာမြွေရတယ်၊ Company ပိုင်ရှင်တစ်ယောက်က ဒီကောင်မလေးအပြန် ဘတ်(စ်)ကားပေါ် လိုက်ပြီး ရည်းစားစကား လိုက်ပြောတာမျိုး မင်းလုပ်ချင်လို့လား"

သန့်ဇင်ကို ခဏတော့ ငြိမ်ကာသွား၏။ ဇော်မြင့် ပေးတဲ့အကြံက ရိုးလွန်းသည်။ ချမ်းမြေ့ကို အပြန်လိုက်ပို့ရင်း အိမ်က လူကြီးတွေကို ခင်အောင်ပေါင်းဖို့ သူ ချမ်းမြေ့ကို စိတ်ဝင်စားကြောင်း၊ ဂရုစိုက် ဦးစားပေးကြောင်းပြဖို့ စိတ်ပုတတ် ကြင်နာတတ်ကြောင်း ပြဖို့သာဖြစ်သည်။

"ငါက ချမ်းမြေ့ကို ရင်ခုန်စေချင်တယ်ကွာ၊ မိဘတွေက သင့်တော်တယ်ဆိုလို့ ပေးစားတဲ့မိန်းမကို ယူရတာ ဟိုတယ်မှာ ထမင်းသွားစားရသလို ကိုယ်က ဘာမှ အားမထုတ်ရဘဲ အေးစက်စက်ကြီး ဖြစ်နေမလားပဲ၊ ငါက ဟင်းအတူတူချက်ပြီး အားရပါးရ စားချင်တာ"

"စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ သန့်ဇင်ကိုရာ...အထိုက်အလျောက် ဝက်သိက္ခာရှိတဲ့ ပုဂ္ဂိုလ်တွေကို ဧည့်ခံတဲ့အခါ အိမ်မှာ အတူထမင်းချက်စားကြမယ်လို့ ပြောလို့မှ မရတာ"

"ငါ ဥပမာပေး မှားသွားတာလား ဘာလားတော့ မသိဘူးကွာ၊ ဒါပေမယ့် ငါပြောချင်တာက ချမ်းမြေ့ကို ငါချစ်တယ်ဆိုတာကို ရိုးရိုးကလေး သိစေချင်တာပါ"

ဇော်မြင့်က ပြုံးပြီး ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"ဒီလိုရောဂါမျိုးက မင်းတို့လို လူမျိုးမှာ ဖြစ်တတ်လေ့ရှိပါတယ်၊ ရပ်ကွက်ထဲက ကောင်လေးတွေကျတော့လည်း သူတို့ကောင်မလေးတွေက





အထင်ကြီးအောင် မင်းတို့လို သူဌေးဂိုက် ဖမ်းကြပြန်ရော...ကဲ..."

"ဘယ်မိန်းကလေးမဆို အထင်ကြီးမှ ချစ်ချင်တယ်ဆိုတာ ငါ နားလည်တယ် ဇော်မြင့်၊ ငါလိုချင်တာက ငါ့ရဲ့ရိုးသားမှုကို အထင်ကြီးပြီး ချစ်စေချင်တာ...ဒါပဲ"

ဇော်မြင့် တဟားဟား အော်ကာရယ်သည်။ ထိုအချိန်မှာ မိုးဆွေ ပြန်လှည့်ထွက်ဟန် ပြင်သော်လည်း ရယ်သံရပ်သွားကာ...

"သြော်...ကိုမိုးဆွေ ဘာကိစ္စလဲ"

"အခွန်ကိစ္စအတွက် ဆရာ့လက်မှတ် လိုချင်လို့ပါ"

"ဟုတ်သားပဲ...လာလာ...ကိုမိုးဆွေ"

ဇော်မြင့်က ဘောလ်ပင်ထုတ်ကာ လက်မှတ်ထိုးရင်း...

"သန့်ဇင်ကို...သန့်ဇင်ကို...မင်းလိုကောင်မျိုးက ချမ်းမြေ့ကြိုင်လို မိန်းကလေးမျိုးကို မြတ်မြတ်နိုးနိုး ချစ်သွားလိမ့်မယ်လို့ ငါ လုံးဝ ထင်မထားတာ အမှန်ပဲ၊ အေးကွာ...ကောင်မလေး ကံကောင်းတာပေါ့"

သန့်ဇင်ကို ကြောင်ကာသွား၏။

"ဟေ့ကောင် ဇော်မြင့်၊ မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"မှန်တာကို ပြောတာပဲကွာ...ချစ်တယ်ဆိုတာ ချစ်တာပဲပေါ့၊ ဘာရှက်နေစရာ လိုသလဲ...မဟုတ်ဘူးလား...ကိုမိုးဆွေရာ...နော်"

"ဟေ့ကောင် ဇော်မြင့်...တော်စမ်းကွာ"

သန့်ဇင်ကို ကြုံးကာအော်သည်။ မိုးဆွေက မန်နေဂျာဘက်က လိုက်ရမလို၊ Company ပိုင်ရှင်ဘက်က လိုက်ရမလိုနှင့် ဘာမှ ပြော၍မကောင်းသဖြင့် ပြုံးကာ ခေါင်းကိုသာ စွတ်ညိတ်ပြနေမိသည်။ ဇော်မြင့်က မဲ့ပြုံးပြုံးကာ လက်မှတ်တွေ ကောက်ထိုးပြီး စာရွက်တွေကို မိုးဆွေလက်ထဲ ရောက်ရောက်ချင်း မိုးဆွေ လှည့်ထွက်ခဲ့၏။

"ဟေ့ကောင် ဇော်မြင့်၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ...မင်း ဘာဖြစ်တာလဲ၊ ဒီလောက် ရှက်စရာကောင်းတဲ့ကိစ္စကြီးကို ဘာဖြစ်လို့ သူ့ရှေ့မှာ သွားပြောရတာလဲ

"မင်းအတွက် ရန်တစ်ခုကို ရှင်းပေးလိုက်တာ သန့်ဇင်ကို၊ မင်း ချမ်းမြေ့



www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်နေတယ်ဆိုတာကို မိုးဆွေ သိကို သိထားသင့်တယ်"

"အဓိပ္ပါယ်မရှိတာကွာ...သူလျှောက်ပြောရင် ဘယ့်နယ့်လုပ်မလဲ"

"စိတ်ချပါ...မိုးဆွေအကြောင်းကို ငါသိပါတယ်၊ သူ ဘယ်တော့မှ လျှောက်မပြောဘူး၊ ငါ သူ့ကို ယုံပါတယ်"

၅ ၅ ၅ ၅

သူ့အိမ်မှာ ရှိသည့် တစ်ခုတည်းသော ဖိမ်ခံပစ္စည်းဖြစ်သော ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ရင်း မိုးဆွေ စဉ်းစားနေမိသည်။ အခုဆိုလျှင် သူနှင့် ချမ်းမြသည် မနက်ခင်း ရုံးသို့ ဘတ်(စ်)ကားဖြင့် အတူသွားကြသော်လည်း ညနေရုံးဆင်းလျှင် ချမ်းမြ မရှိတတ်တော့။ ဦးသန့်ဇင်ကိုနှင့် စည့်ခံပွဲ၊ Company ကိစ္စ၊ ဘဏ်ကိစ္စ တစ်ခုခုဖြင့် ပါသွားတတ်၏။

"ညနေမိုးချုပ်တဲ့အခါဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဦးသန့်ဇင်ကိုက အိမ်ကို ကားနဲ့ လိုက်ပို့ပေးပါတယ်၊ စိတ်ညစ်ပါတယ် ကိုမိုးဆွေရယ်"

"PARADO စီးပြီး အိမ်ပြန်ရတာများ စိတ်ညစ်နေရသေးလားဗျာ"

"ဟုတ်ပါတယ်...PARADO စီးရတာက ဘတ်(စ်)ကားစီးရတာထက် အဆတစ်ထောင်လောက် သာပါတယ်၊ ဒါပေမယ့် ဘတ်(စ်)ကားပေါ်မှာက လူပဲ ကျပ်တာ၊ ဟိုမှာက စိတ်ကျပ်တာ၊ မလွတ်လပ်ဘူး၊ လေအေးစက်တော့ ဖွင့်ထားပါရဲ့၊ ဒါပေမယ့် လူက ချွေးပြန်နေတယ်"

"အစမို့ပါ...နောက် စီးနေကျဆိုတော့ OK သွားမှာပါ"





"ရှင့်စကားက ဘာစကားလဲ"

ထိုဒေါသနှင့် မေးသောအသံ၊ အမူအယာက မိုးဆွေအတွေးထဲမှာ ထင်းထင်းကြီး ပေါ်လာလာ၏။ မျက်စောင်းအထိုးခံလိုက်ရသည့် မိုးဆွေ စိတ်ဖြစ်စဉ်ကြီးတစ်ခုလုံး စောင်းသွားခဲ့သည်။

"မဟုတ်ပါဘူး...အပြောင်းအလဲဆိုတာ ဒီလိုပဲ၊ စိတ်လှုပ်ရှားတတ်တာပဲလို့ ပြောတာပါ"

"ချမ်းမြတို့ကတော့ မှန်လုံကားရဲ့မွန်းကျပ်မှုထက်စာရင် ဘတ်(စ်)ကားရဲ့မွန်းကျပ်မှုကို ပိုကြိုက်တယ်...ဒါပဲ"

ထိုနေ့က ချမ်းမြက သူ့ကို ကားပေါ်မှာ စကားဆက်မပြောတော့။ Company မှာလည်း သိပ်မပြောတော့၊ ညနေကျတော့ ဦးသန့်ဇင်ကိုနှင့် သွားစရာတစ်ခုရှိကြောင်း သက်စုနှင့် မြူလေးကို ပြောပြကာနေ၏။

"တို့က PARADO ကလေးစီးပြီး အိမ်ကိုငြိမ့်ငြိမ့်ကလေး ရောက်သွားတာပေါ့ပဲ...လူတိုးခံရတာတွေ၊ ချွေးနံ့တွေ၊ လောင်တာအိုက်တာတွေ မရှိတော့ဘူးပေါ့၊ အံမယ်...Air Con ကလည်း အေးမှအေး သိလား၊ မနေ့ကဆို အိမ်လည်း ရောက်ရော အအေးပတ်ရော၊ နှာတွေချေလို့ ဖျားပြီတောင် မှတ်တာ၊ ဦးသန့်ဇင်ကိုက မေမေတို့နဲ့ စကားပြောရင်း ဆေးခန်းလိုက်ပို့မယ်လုပ်လို့ အတင်းငြင်းရတာ"

မိန်းကလေးတွေဟာ ရင်ထဲမှာ ရှိတာတစ်မျိုး၊ ပတ်ဝန်းကျင်ကို ပြောတော့ တစ်မျိုး၊ တော်တော်ဆိုးတာပဲဟု မိုးဆွေ တွေးနေမိသည်။ ဒီပုံစံအတိုင်းဆိုရင်တော့ ဦးသန့်ဇင်ကို တော်တော်လေး ခရီးရောက်နေပြီဟု မိုးဆွေ နားလည်သည်။ ဝမ်းသာမိသည်ဟု ညာမပြောချင်သော်လည်း ချမ်းမြမြကြိုင်ဆိုသော မိန်းကလေးသည် ဘတ်(စ်)ကားပေါ်မှာ လူတိုးခံရတာထက်စာလျှင် တစ်သက်လုံး PARADO ပေါ်မှာ နေသွားတာကို သူ ပိုသဘောကျသင့်သည်ဟုတော့ တွေးနေမိသည်။

ထိုစဉ် ညီမလေးအခန်းထဲက ကြိတ်ရယ်သံ၊ တွန်းသံ၊ ဆွဲသံ၊ တဖုတ်ဖုတ် ရိုက်သံတွေထွက်လာကြ၏။ တနင်္ဂနွေနေ့ မောင်နမနှစ်ယောက်လုံး အနားရတုန်း ညီမလေး သူငယ်ချင်းတွေက လာလည်ကြခြင်းဖြစ်သည်။

www.burmeseclassic.com



မိုးဆွေအတွေးက ညီမလေးထံ ရောက်သွားပြန်၏။ သူသည် ညီမလေးအတွက် တစ်ဦးတည်းသော မှီခိုအားထားရာသာ ဖြစ်သင့်သည်။ သူ့ဘဝသည် ညီမလေးအတွက် အသုံးဝင်သော ဘဝသာ ဖြစ်ရမည်။ မိုးဆွေ သက်ပြင်းကို ချလိုက်သည်။

"ကိုကို...ကိုကို...ဒီမှာ ဖြူလေးတို့က ပြောစရာ ရှိလို့တဲ့"

ညီမလေးနှင့် သူငယ်ချင်းများ အနားရောက်လာသဖြင့် မိုးဆွေ အတွေးက ရပ်ကာသွားသည်။

"ဪ...ပြောလေ၊ ဘာပြောမလို့လဲ"

"ဟိုလေ...သမီးတို့ ဓာတ်ခဲသွားကြည့်မလို့၊ အဲဒါ...နှင်းဖြူကို လာခေါ်တာ"

မိုးဆွေ နားမလည်၊ ဘယ်နဲ့ ဓာတ်ခဲကို သွားကြည့်ဖို့ သူ့ညီမကို လာခေါ်တာဆိုတော့...

"ဓါတ်ခဲကြည့်မလို့...ဟုတ်လား၊ ဓါတ်ခဲ...ဓါတ်ခဲ...ဓါတ်ခဲကြည့်တာ ညီမလေးနဲ့ ဘာဆိုင်လို့လဲ"

"အာ...ကိုကိုကလည်း၊ ဓါတ်ခဲဆိုတာ ရုပ်ရှင်ကားနာမည်ကို ပြောတာ၊ ဒါရိုက်တာ မောင်ဝဏ္ဏ ရိုက်တာလေ...သိပ်ရယ်ရတာပဲတဲ့"

"ဪ...အဲဒီလိုလား၊ သိပါဘူးကွာ...ဓါတ်ခဲသွားကြည့်မလို့ဆိုတော့၊ သွားလေ၊ ဘာလဲ...ညီမလေး မုန့်ဖိုးလိုလို့လား"

"ဟင့်အင်း...မလိုပါဘူး ကိုကို၊ ညီမလေးမှာ ပိုက်ဆံကျန်ပါသေးတယ်၊ ကိုကို့ဆီက ခွင့်တောင်းတာပါ။ သွားမယ်နော် ကိုကို..."

ညီမလေးတို့ ပျော်ရွှင်စွာ သူ့ရှေ့က ထွက်သွားကြ၏။ အဖေလို အမေလို သူ့ကို ရှိသေရာသော ညီမလေးအတွက်ပဲ သူ့ဘဝက ဖြစ်ရမည်။ သို့သော် မိုးဆွေ တစ်ခုတော့ ဆုံးဖြတ်လိုက်ပါသည်။ သူ သူညကို အရင်ရှာမယ်၊ မရလျှင် တစ်ရာပေါ့။

လမ်းထိပ်ကို ရောက်တော့မှ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေသော ထူးသီဟ၊ မြတ်သူနှင့် မင်းဟန်တို့ကို နှင်းဖြူ သွားတွေ့၏။

"ဪ...မင်းတို့က အကြံနဲ့ကို၊ သူတို့ပါတာ ဘာဖြစ်လို့ကြိုမပြောတာ





လဲ မိဇင်..."

"တို့လာရင် သူတို့ပါတယ်ဆိုတာ မင်းသိပြီးသားလို့ထင်လို့ပါ နှင်းရာ"

"ပါလာရင်လည်း အိမ်ကို ခေါ်လာရောပေ့ါ၊ အခုဟာက..."

"မင်းကိုကို ရှိနေတော့ မကောင်းဘူးထင်လို့ပါ"

"တော်ပြီအေ...နှင်းမလိုက်တော့ဘူး၊ ပြန်တော့မယ်"

နှင်း ချက်ချင်းပြန်လှည့်ထွက်လိုက်သည်။ လူကသာ လှည့်ထွက်လာသည်။ အာရုံက နောက်မှာ ကျန်ခဲ့၏။ ခြေလှမ်းဆယ်လှမ်းလောက် ရောက်တော့ နောက်မှ နာမည်ခေါ်ကာ ပြေးလိုက်လာသံ ကြားရ၏။ နှင်း ဝမ်းသာကာသွားသည်။ သို့သော် နှုတ်ခမ်းတွေကိုတော့ တည်ထားလိုက်ပါသည်။

"မနှင်းဖြူ...မနှင်းဖြူ၊ မဟုတ်ပါဘူး မနှင်းဖြူရယ်၊ စိတ်မဆိုးပါနဲ့၊ ကျွန်တော်တို့ပါလိုက်လာရင် နှင်း ထွက်ရပြုရခက်နေမှာစိုးလို့ပါ၊ တစ်မျိုးမထင်ပါနဲ့"

အမောတကော မျက်နှာငယ်ငယ်ဖြင့် မင်းခန့်က ရှင်းပြ၏။ နှင်းက လျှောက်နေတာကို ရပ်မပစ်လိုက်ပါ။

"အဲဒါကို နားလည်ပါတယ်၊ ဒါပေမယ့် ကိုမင်းခန့်တို့ ပါလာတယ်ဆိုတာကိုတော့ နှင်းကို အသိပေးသင့်တယ်"

"သူတို့ကလည်း နှင်းသိတယ်မှတ်ပြီး မပြောမိတာပါတဲ့၊ တောင်းပန်ပါတယ် မနှင်းဖြူရယ်...ပြန်လိုက်ခဲ့ပါနော်"

"နှင်းမပါလည်း ငါးယောက်တောင် ကျန်သေးတာပဲ၊ ပွဲမပျက်လောက်ပါဘူး"

"ဟာ...နှင်းကလည်းဗျာ"

မင်းခန့် ဘာပြောရမှန်းမသိတော့ဟန်တူသည်။ မျက်နှာငယ်ကလေးနှင့် ဖြစ်ကာသွား၏။ "သူတို့အတွက် မပျက်လည်း ကျွန်တော့်အတွက်တော့ ပျက်ပါတယ်ဗျာ" ဟု ပြောလိုက်ပါလားဟု နှင်းဖြူစိတ်ထဲက အားမလို အားမရ ပြောနေမိ၏။ ထိုစဉ် ဟိုကောင်တွေ အနားရောက်လာကြသည်။

"ကဲ...နှင်း၊ ဖွင့်မပြောတာကို မင်း စိတ်ဆိုးသွားတယ်ဆိုရင်လည်း ကိုယ်တို့ တောင်းပန်ပါတယ်ကွာ...ပွဲပျက်အောင်တော့ မလုပ်ပါနဲ့၊ လိုက်ခဲ့ပါ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

"ဟုတ်ပါတယ်" နှင်းဖြူရာ...ကျွန်တော်တို့ တောင်းပန်ပါတယ်... ကျေနပ်ပြီလား"

မိဇင်က နှင်းလက်ကို ဆုပ်ကိုင်ကာပြောသည်။ နေရာတကာ ဦးစားပေးမှု အချော့ခံရမှ ကျေနပ်တတ်သော နှင်းရင်ထဲမှာ ပျော်နေပြီ ဖြစ်ပါသည်။ သို့သော် မျက်နှာကိုတော့ ခပ်တည်တည် ထားရ၏။ ဟန်ကိုယ့်ဖို့ မဟုတ်လား။

"နှင်းစိတ်ထဲ တစ်ချက်လွတ်သွားလို့ပါ၊ ရပါတယ်...နှင်းကြောင့် ပွဲမပျက်စေရပါဘူး၊ နှင်း လိုက်ခဲ့ပါ့မယ်"

မင်းခန့် အရမ်းပျော်သွားသည်ကို နှင်းတွေ့ရသည်၊ အေး၏ မျက်စောင်း ဒိုင်းခနဲကိုလည်း နှင်း ရ၏။ ထိုမျက်စောင်း၏အဓိပ္ပါယ်မှာ မင်း ဘာလုပ်တယ်ဆိုတာ ငါသိပါတယ် နှင်းရာ...ဟု ဘာသာပြန်လျှင် ရမည်ထင်ပါသည်။

သမ္မတရုံ ရောက်တော့ ဓါတ်ခဲက လက်မှတ်မရ၊ မှောင်ခိုတွေက လည်း အဆမတန်ဈေးမို့ မကြည့်ကြဖို့ အားလုံးက ဆုံးဖြတ်သည်။ ဒါတောင် မင်းခန့်က ကုန်ချင်ကုန်ပေ့စေ၊ လက်မှတ်အတင်းဝယ်မည် လုပ်နေသဖြင့် တား ရသေး၏။ နောက်ဆုံးတော့ အားလုံးသဘောတူ ရွှေတိဂုံဘုရားသို့ ရောက်ကာ သွား၏။

ဘုရားရှိခိုးပြီး ဗုဒ္ဓဝင်ပြခန်းကို ဆင်းကြည့်ပြီးတော့ ရခိုင်မုန့်တီ သောက်ကြသည်။ မုန့်သောက်ပြီးတော့ အေးနှင့် ထူးသီဟ အဓိဋ္ဌာန် ပုတီးစိပ်မည်ဟု ဆိုကာ ထွက်သွားကြ၏။ မိဇင်နှင့် မြတ်သူက ယတြာချေဖို့တဲ့၊ နှင်း...သဘော ပေါက်လိုက်ပါပြီ၊

မိန်းကလေးတစ်ယောက် ဘဝမှာ ရည်းစားစကား အပြောခံရဖို့ကို အကြိမ်ကြိမ် စိတ်ကူးယဉ်ခဲ့ဖူးပေမယ့် တကယ်အပြောခံရတော့မည်ဆိုတာ သိရတော့လည်း ရင်တွေ တုန်နေသည်။ အသီးသီး ထွက်သွားပြီးကတည်းက တိတ်ဆိတ်မှုသာ သူတို့နှစ်ယောက်ကြားထဲမှာ ရှိတော့သည်။ ရင်တုန်ရတဲ့ အထဲ တိတ်နေတော့ ပိုဆိုးသည်။ ဘသားချောက စီးကရက်ကလေး ဖွာကာ မျက်နှာသေကလေးနှင့် ငေးနေကာ နှင်းဘက်ကိုပင် မလှည့်တော့၊



နှင်း စီးကရက်ငွေ့တွေကို လက်ဖြင့် ပုတ်ထုတ်ကာ နှာခေါင်းကို ရှုံ့ထားမိ၏၊ ခဏကြာမှ မင်းခန့်က ဒါကိုမြင်သည်၊

"ဟာ...Sorry နော်၊ နှင်းက စီးကရက် သောက်တာကို မကြိုက်ဘူး လား"

"မိန်းကလေး တစ်ရာမှာ တစ်ရာလုံး စီးကရက်သောက်တာကို မကြိုက်ဘူး"

"Sorry နော်"

မင်းခန့်က သောက်လက်စ စီးကရက်ကို လွှင့်ကာပစ်လိုက်၏။

"ကျွန်တော်လည်း အတွေးလွန်သွားတာနဲ့ သတိမထားမိတာ၊ ဟို... ဘာစကားက စပြောရမှန်း မသိလို့"

"ဘာအကြောင်း ပြောမှာမို့လို့လဲ"

"ဟိုလေ...ရည်းစားစကား...ဟာ...sorry နော်...sorry..."

မင်းခန့်က ပျာပျာသလဲ တောင်းပန်ကာ ထိတ်လန့်သွားဟန်ဆောင် သည်၊ အင်း...သူ့ရည်းစားစကား ပြောနည်းအသစ်ကလည်း မဆိုးဘူးဟု နှင်းဖြူ တွေးကာ ပြုံးမိသည်၊ စကားသိပ်မပြောတတ်သူတွေအတွက် တော်တော် အသုံးကျသောနည်းလည်း ဖြစ်၏၊

"မဆိုးပါဘူး...တော်တော် အကွက်စေ့တာပဲ၊ အိမ်ကို ရှင်ပါလာမှန်း မသိအောင် လာခေါ်တယ်၊ ပြီးတော့ လက်မှတ်မရနိုင်တဲ့ကားကို ကြည့်ဖို့ပြော တယ်၊ ပြီးတော့ ဘုရားကို ခေါ်လာတယ်၊ ရည်းစားစကားကို အမှတ်တမဲ့ ပြော တယ်၊ ကဲ...ဘာဆက်လုပ်စရာ ကျန်သေးလဲ"

မင်းခန့် ပါးစပ်ပိတ်ကာသွား၏။ ခဏကြာမှ မျက်နှာငယ်ကလေးနှင့် ပြောသည်၊

"ဟုတ်ပါတယ် မနှင်းဖြူရယ်၊ သူငယ်ချင်းတွေက သူတို့ရည်းစားတွေ ကို သူတို့ အစွမ်းအစ တစ်ခုတည်းနဲ့ ရာနိုင်ပေမယ့် ကျွန်တော်ကျတော့ မရဘူး၊ ပြဿနာနဲ့ စထားရတာဆိုတော့ မနှင်းဖြူကို ချစ်တယ်လို့ သိလိုက်ရချိန်မှာ အရမ်းတုန်လှုပ်ပြီး အားလုံးရဲ့အကူအညီကို တောင်းရတာပါ"

"ကိုမင်းခန့်...ကျွန်မကို အပျော်ချစ်တာလား၊ တစ်ဘဝလုံးအတွက်

www.burmeseclassic.com

www.burmeseclassic.com



လား"

"မနင်းဖြူ...ဒီကနေအပြန် ဝင်လက်ထပ်ကြမလား၊ ကျွန်တော့်ဘက်က အဆင်သင့်ပဲ"

အမြဲတမ်း နူးညံ့ပျော့ပျောင်းသော မင်းခန့်ဆီမှာ မထင်မှတ်ထားသော ရဲရင့်မှုနှင့် ပြတ်သားမှုကို နင်းဖြူ တွေ့ရခြင်း ဖြစ်ပါသည်။

"အင်း...ယောကျ်ားလေးတွေအတွက် ဒီလိုသတ္တိမျိုးကတော့ လွယ်ပါတယ်၊ ကျွန်မတို့အတွက်ကျတော့ မလွယ်ဘူး၊ ကျွန်မတို့က ဆင်းရဲတယ်၊ ပြီးတော့...မိဘနှစ်ပါးစလုံး မရှိဘူး၊ ဂုဏ်မရှိဘူး၊ ရွှေမရှိဘူး၊ ငွေမရှိဘူး၊ ဒါပေမယ့် အစ်ကိုတစ်ယောက် ရှိတယ်၊ အဲဒီအစ်ကို့ကိုလည်း ကျွန်မက သိပ်ချစ်တယ်၊ နင်းက အစ်ကို့ကို ခွဲပြီး တစ်ယောက်တည်း ထွက်သွားမယ့် မိန်းကလေး မဟုတ်ဘူး၊ ကဲ...နင်းကို ချစ်ဖို့ ဒါတွေ စဉ်းစားမိရဲ့လား၊ နင်းက ရှင့်ကို အဖြေပေးဖို့ ဒါတွေ အားလုံးကိုရော မစဉ်းစားလို့ ရမလား"

မင်းခန့်က နင်းဖြူကို တအံ့တသြ ငေးမောကာ ကြည့်နေသည်၊ ပြီးမှ သတိဝင်လာဟန်တူ၏။

"ကျွန်တော် ဒါတွေကို ထည့်မစဉ်းစားမိတာ အမှန်ပါပဲ မနင်းဖြူရယ်၊ ဒါပေမယ့် ကျွန်တော် မနင်းဖြူကို ရိုးသားသန့်စင်စွာ ချစ်ခဲ့တဲ့အတွက် အခု မနင်းဖြူပြောတဲ့ကိစ္စတွေကလည်း ကျွန်တော့်အတွက် ဘာပြဿနာမှ မရှိပါဘူး၊ အားလုံးကို ကျွန်တော် နားလည်နိုင်ပါတယ်"

"ကိုမင်းခန့်ကတော့ ထားလိုက်ပါတော့၊ ကိုမင်းခန့်မိဘတွေကရော ကျွန်မရဲ့အခုလက်ရှိအခြေအနေကို လက်ခံနိုင်ပါ့မလား၊ ရည်းစားပဲ ထားကြရုံဆိုရင်တော့ ဒါတွေ မလိုဘူးပေါ့လေ၊ နင်းက ရည်းစားထားချင်တာ မဟုတ်ဘူး၊ ဘဝအတွက် အားကိုးဖော် လိုချင်တာ"

"ဟုတ်ပြီ မနင်းဖြူ၊ အခု အိမ်ကို လိုက်ခဲ့ပါလား၊ မေမေနဲ့ဖေဖေ့မှာ ဒီလိုစိတ်မျိုး လုံးဝမရှိဘူး"

တက်ကြွစွာ ပြောလာသော မင်းခန့်စကားကြောင့် နင်းဖြူ တစ်ချက် စဉ်းစားရသည်၊ ပထမတစ်ချက်က မင်းခန့် သူ့ကို ဒီနေ့ ရည်းစားစကား ပြောဖြစ် မပြောဖြစ်က မသေချာပါ၊ အခု ပြောဖြစ်သွားပြီ ထားဦး၊ သူ့အိမ်ကို လှမ်းတိုင်ပင်





ဖို့က မလွယ်ပါ၊ ထို့ကြောင့် ဘာကိုမှ မသိသေးသော မင်းခန့် မိဘနှစ်ပါးကို သူ လေ့လာဖို့အတွက် ဒီနေ့ဒီအချိန်သည် အကောင်းဆုံးသာ ဖြစ်ပါသည်။ နောက်နေ့တွေဆိုလျှင် မရိုးသားမှုတွေ ပါလာနိုင်၏။

"ကောင်းပြီ...နင်းလိုက်မယ်၊ ဟိုကောင်တွေ ပြန်လာတာနဲ့ သွားကြတာပေါ့၊ အဲ...ခဏနေဦး၊ ဟိုကောင်တွေကိုလည်း သွားမရှာပါနဲ့၊ ပြန်လာတဲ့အချိန်ကျမှ သွားကြတာပေါ့"

တစ်ချက်ကလေးမှ သတိလွတ်၍မရပါ၊ မင်းခန့်အိမ်မှာ Phone ရှိတယ်ဆိုတာကို နင်းဖြူ ကြိုတင်ကာ သိထား၏။ ဟိုကောင်တွေကို ရှာမလိုလိုနဲ့ ဘုရားပေါ်ကနေ အိမ်ကို Phone လှမ်းဆက်ရင် ဘယ့်နှယ်လုပ်မလဲ၊ နင်းဖြူက တော့ မင်းခန့်မိဘတွေရဲ့သဘောထားကို တတ်နိုင်သမျှ အရိုးသားဆုံး သိချင်နေခဲ့သည်။ အဖေမရှိ၊ အမေမရှိ၊ ရွှေမရှိ၊ ဂုဏ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို သူတို့ ဘယ်လိုသဘောထားမလဲဆိုတာ မင်းခန့်အတွက် အဖြေပင်ဖြစ်၏။

မင်းခန့် အိမ်ကို ရောက်သွားတော့ မျှော်လင့်မထားဘဲ ဝမ်းသာလိုက်လှဲသော ကြိုဆိုမှုကို တွေ့ရ၏။ အားလုံးက အံ့ဩကာ ဝမ်းသာနေကြသည်။

"သားရယ်...သူငယ်ချင်းတွေ ပါလာမယ်ဆိုရင်လည်း ကြို Phone ဆက်ထားရောပေါ့၊ မေမေ့မှာ ဘာမှ စီစဉ်ချိန် မရဘူး၊ ကဲ...သားတို့ သမီးတို့ လာကြ...လာကြ"

"အစီအစဉ်မရှိဘူး မေမေ၊ ရုတ်တရက် ဝင်ဖြစ်ကြတာပါ"

"ကဲ...အဲဒါသာ ကြည့်တော့ သမီးတို့ရေ၊ မင်းတို့ သူငယ်ချင်းက အဲဒီလို ချည်းပဲ"

ထိုနေ့ညနေစာကို မင်းခန့်တို့အိမ်မှာပဲ စားဖြစ်ပါသည်။ မင်းခန့်မေမေက ကြိုတင်အသိပေးမထားသဖြင့် ဟင်းက ဖွယ်ဖွယ်ရာရာ မရှိကြောင်း တတွတ်တွတ် တောင်းပန်သည့်တိုင်အောင် အိမ်မှာ စားရသည်ထက် များစွာ သာပါသည်။ မင်းခန့်သည် သူထင်ထားသည်ထက် များစွာရျမ်းသာပြည့်စုံသူ ဖြစ်ကြောင်းနှင့် မင်းခန့်မိဘများကလည်း သူထင်ထားသည်ထက်ပို၍ နင်းဖြူကို လိုက်လျောဦးစားပေးသူတွေ ဖြစ်နေကြ၏။ ထမင်းစားပြီး အိမ်ရှေ့မှာ ရေခဲ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာထဲက အေးစိမ့်နေသည့် ပန်းသီးကလေးတွေနဲ့ အချိုတည်းနေတုန်း တစ်ရှိန်လုံးပြုံးပြုံးပြုံးပြုံးနှင့် စကားတစ်လုံးမှမပြောသော မင်းခန့်အဖေက ပြောသည်။

"ကဲ…သား၊ ကားယူသွား၊ အားလုံးကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးလိုက်၊ ဒါပေမယ့် ကားကို သားမမောင်းနဲ့၊ ကိုစိုးဝင်းငြိမ်း…ကိုစိုးဝင်းငြိမ်း"

"ခင်ဗျာ…ဟုတ်ကဲ့…ဆရာ"

"သားကိုခေါ်ပြီး ကလေးမတွေရော…ကောင်လေးတွေပါ အိမ်အရောက်လိုက်ပို့ပေးလိုက်၊ အသွားရော အပြန်ရော သားကို လုံးဝကားမမောင်းစေနဲ့…ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ…ဆရာ"

၅ ၅ ၅ ၅

ပန်းကန်ထဲမှာ ပုံနေသော ဟင်းတွေကို ကြည့်ကာ မိုးဆွေ စိတ်ညစ်နေသည်။

Trader ဟိုတယ်၏ထမင်းစားခန်းထဲတွင် လူတစ်ရာခန့်ငြိမ်သက်စွာ ထမင်းစားနေကြ၏။ ဇွန်းသံ၊ ပန်းကန်သံနှင့် တိုးတိုး စကားသံ ခပ်သဲ့သဲ့သာရှိသည်။ တစ်ခါတစ်ရံမှာ ရယ်သံတစ်စုနှစ်စုကို ကြားရလေ့ရှိပြီး တရံမလပ်ကြားနေရသော အသံတွေကတော့ ဟိုစားပွဲ ဒီစားပွဲက အမျိုးမျိုးသော Cellular





Phone ခေါ်သံများပင်ဖြစ်သည်။

"ကိုမိုးဆွေ…စားလေ"

ချမ်းမြေက ဣန္ဒြေရစွာ ထမင်းစားရင်း သူ့ကို လှမ်းကာ သတိပေး၏။ ဟင်းတွေက ဝါဿနာပြောစုံသည်။ ကြက်သားချိုချဉ်က အနီရောင်ရှိ၏။ ကာကတစ်တစ်ကောင်လုံးကို ပေါင်းထားကာ ကြက်သွန်မြိတ်၊ မုန်လာဥနီ၊ ခရမ်းချဉ်သီးနှင့် ချက်ထားတာက အညိုရောင်၊ ပုဇွန်ထုပ်တွေက အဝါရောင်ဖြစ်၏။ ကိုက်လံကြော်က အစိမ်းရောင်၊ ဘဲခြေထောက်သုပ်က အဖြူရောင်၊ ပြည်ကြီးငါးသုပ်က အဖြူရောင်၊ ဟင်းချိုကိုလည်း ပန်ကန်လုံးကလေးတွေနှင့် နံဘေးမှာ ချထားပေးသေးသည်။

မိုးဆွေ ပန်းကန်ထဲက ဟင်းတစ်ခုကို ကောက်စားကြည့်တော့ ချိုတိုတို အီနောက်နောက်၊ ပေါ့ရှတ်ရှတ်နှင့် ဖြစ်၏။ ဟင်းချိုကို ကောက်သောက်ကြည့်တော့လည်း အရသာကို လျှာပေါ်မှာ မနည်းရှာယူရ၏။ ဘဲခြေထောက်သုပ်ကလေးကတော့ မဆိုး၊ ထုတ်ထုတ်…ထုတ်ထုတ်နှင့်၊ သို့သော် သူလည်းအရသာက ဖျော့ဖျော့ကလေးသာ။ ဟိုတယ်ကြီးတွေက ဟင်းကို စားရတာ ဟိုးအဝေးက ခပ်သဲ့သဲ့ လွင့်လာသော သီချင်းသံကို အတင်းအာရုံစိုက်ပြီး နားထောင်နေရသလိုမျိုးနှင့် တူသည်ဟု မိုးဆွေ ထင်သည်။

အိမ်က ကြောင်အိမ်ထဲမှာ ကျန်ခဲ့သော ချဉ်ပေါင်ရည်ဟင်းကို ထမင်းပေါ်ဆမ်း၊ ပြီးတော့ ငရုတ်သီးမှုန့်ကိုဖြူး၊ စေးနေအောင်ပြုတ်ထားသော တညင်းသီးကို ကိုက်၊ လက်သန်းလောက် ရှိသော ပုဇွန်ဆီပြန်ကလေးမြှုပ်ပြီး တီးလိုက်ရရင်တော့ဟု စဉ်းစားကာ မိုးဆွေ သွားရည်ပင် ကျလာ၏။

"ကိုမိုးဆွေ…ကိုက်လံစားလေ၊ ကိုယ်လံကို ခရုဆီနဲ့ ကြော်ထားတာ၊ ပုဇွန်ထုပ်လည်း ပါတယ်"

ချမ်းမြေက သူ့ပန်းကန်ထဲကို ကိုက်လံကြော်တွေ ထည့်ပေးပြန်၏။ ယူစားကြည့်တော့ သိပ်မဆိုးလှ၊ ထ…မှတ်မထားပါဘဲ ကုန်သည်ကြီးများ ဟိုတယ်ထမင်းစားခန်းထဲသို့ ရောက်လာခဲ့ခြင်း၏တရားခံက ချမ်းမြေကြိုင်သာဖြစ်သည်။

မောင်ရိုပ်ပျိုးသည်အထိ ညီမလေး ပြန်မလာသဖြင့် သူ့တော်ပူကာ



www.burmeseclassic.com

www.burmeseclassic.com



မျှော်နေတုန်း သူ့အိမ်ရှေ့သို့ PARADO ကားတစ်စီး ထိုးရပ်ကာ လာပြီး သူ့ငေး နေစဉ်မှာပင် ဆင်းလာသူက ချမ်းမြမြကြိုင်သာဖြစ်သည်။

"ကိုမိုးဆွေ...ရှင် အားတယ်မဟုတ်လား"

"ဗျာ...ဘာ...ဘာ ဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ဘူး...အားရင် ကျွန်မနဲ့ ထမင်းစားပွဲကို ခဏလိုက်ခဲ့ပါ"

"ဗျာ...ဟာ...မလိုက်ချင်ပါဘူး၊ ပြီးတော့...ဟိုလေ ညီမလေးက သူ့ငယ် ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်တာ ခုထိပြန်မလာသေးလို့..."

ချမ်းမြမျက်နှာမှာ စိတ်ပျက်ခြင်း၊ စိတ်တိုခြင်းတို့ ဖြတ်ကာ ပြေးသွား၏။

"ကိုမိုးဆွေကလည်း...ရုပ်ရှင်သွားကြည့်တာဆို ပြန်လာမှာပေါ့၊ ကျွန်မက ဒီမှာ အရေးကြီးလို့ပါ၊ ကားထဲမှာ ဆရာ ဦးသန့်ဇင်ကိုလည်း ပါတယ်"

"ဟာ...ဦးသန့်ဇင်ကိုပါ ပါရင် အဖော်ရှိနေတာပဲ၊ ကျွန်တော်လိုက်ဖို့ မလို..."

"ကျွတ်...ရှင်ကလည်း သိပ်တုံးတာပဲ၊ သူပါလို့ တမင် ရှင့်ကို ဝင်ခေါ် တာပေါ့၊ ကားပေါ်မှာ ဆရာ့ကို အားနာစရာကြီး၊ လုပ်...လုပ်...အကျႌလဲ...လဲစမ်း ပါ"

ချမ်းမြ အတင်းလောတာရော၊ ဦးသန့်ဇင်ကိုပါ ပါသည်ဆိုသည့် အတွက်ရော မိုးဆွေ မလွန်ဆန်နိုင်စွာ လိုက်လာခဲ့ရခြင်း ဖြစ်လေသည်၊ ညီမ လေးမှ ပြန်ရောက်သေးရဲ့လားဆိုသည့်အတွေးကလည်း ဒီကို လိုက်လာခဲ့တာ များပြီဟု တစ်ရံမလပ် ဒုက္ခပေးလျက်ရှိ၏။

"ကိုမိုးဆွေ...စားလေ"

"တော်ပြီ...ချမ်းမြ၊ ချမ်းမြတို့မလာခင်လေးတင်မှ ထမင်းစားထားလို့"

ချမ်းမြက ပြုံးကာ ခေါင်းတစ်ချက်ညိတ်ရင်း ထမင်းကို ဣန္ဒြေရစွာ ဆက်စားသည်။ ဇော်မြင့်ပြောတုန်းက သူ မယုံခဲ့၊ "မင်းအတွက် ရန်တစ်ခုကို ရှင်း ပေးတာ သန့်ဇင်ကို" ဟူသော ဇော်မြင့်စကားကို သူပြန်ကြားနေခဲ့သည်၊

အမှန်တော့ ဒီညစာစားပွဲကို ချမ်းမြနှင့် အတူတက်ဖို့သာ စိတ်ကူးခဲ့ သည်၊ အိမ်မှာ ဝင်ခေါ်တုန်းက ချမ်းမြက အေးဆေးစွာ လိုက်သော်လည်း ကား





ပေါ် ရောက်မှ အဖော်တစ်ယောက် ခေါ်ချင်သည်ဟု ဆိုသည်၊ သူကလည်း အဖော်ဆိုတော့ မိန်းကလေးဟုသာ ထင်သည်၊ သဘောထားကြီးကြောင်း၊ သူ့ ဘက်က ရိုးသားကြောင်း ပြသဖြင့် သူခွင့်ပြုခဲ့သည်။ သွားခေါ်တော့မှ အဖော် ဆိုတာက မိုးဆွေဆိုသောလူ ဖြစ်နေကြောင်း သိရ၏။

ထမင်းပွဲစကတည်းက ချမ်းမြသည် သူ့ပန်းကန်ထဲကို ဘာဟင်းမှ ထည့်မပေးခဲ့၊ ဒါကို သူနားလည်၍ ရပါသည်၊ သို့သော် မိုးဆွေ၏ပန်းကန်ထဲကို သာ ဟင်းတွေ ခပ်ခပ်ထည့်ပေးနေတာမျိုးကျတော့ သူ ခံစား၍မရနိုင်တော့ပါ၊ သန့်ဇင်ကို ထမင်းစား၍မကောင်းပါ၊ ခဏကြာတော့ ဒေါ်သည်တွေ နှုတ်ဆက် ကာ ထွက်နေကြသည်၊

"မချမ်းမြမြကြိုင်...ကျွန်တော်တို့ ပြန်ကြရအောင်"

"ဟုတ်ကဲ့...ဆရာ"

ကားပေါ်ရောက်တော့ သန့်ဇင်ကို ကားကို ဂရုတစိုက် မောင်းလာခဲ့ပါ သည်၊ ကားပေါ်မှာ စကားသံက တိတ်ဆိတ်နေ၏။ သုဝဏ္ဏာမီးပွိုင့်ကို ရောက် တော့မှ အသံတစ်သံ ထွက်လာသည်၊

"ဆရာ...ရှေ့နားမှာပဲ ရပ်ပါ ဆရာ၊ ကျွန်တော် ဒီကပဲ ဆင်း ပါ့မယ်"

"ဟာ...မဟုတ်တာ၊ ကျွန်တော် အိမ်အထိ ပို့မှာပေါ့"

"ဟုတ်သားပဲ ကိုမိုးဆွေကလည်း၊ ကျွန်မကို ပို့ပြီးရင် ဆရာလိုက်ပို့ပေး မှာပေါ့"

"မဟုတ်ဘူးခင်ဗျ၊ ကျွန်တော် အရင်ဆင်းမယ်၊ ရတယ် ဆရာ"

"ကိုမိုးဆွေကလည်း...ဘယ်လိုဖြစ်တာလဲ"

"ညီမလေး ပြန်မရောက်သေးလို့ ကျွန်တော် အိမ်ကို အရင်ပြန်မှ ဖြစ်မယ်ခင်ဗျ...ရတယ်...ရှေ့နားမှာပဲ ရပ်ပေး ဆရာ"

"ကဲ...ကိုမိုးဆွေအိမ်ကို ဘယ်လမ်းကနေ ဝင်ရသလဲသာပြော၊ ကျွန်တော် အိမ်အရောက် ပို့ပေးပါ့မယ်၊ လာခဲ့တုန်းက လမ်းကို ကျွန်တော် မမှတ်မိတော့လို့"

"ရှေ့က လမ်းပဲ ဆရာ"

မိုးဆွေတို့ကား အိမ်ရှေ့ကို ရပ်သည့်အချိန်တွင် ဟိုဘက်လမ်းက ကား



www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းကလည်း အိမ်ရှေ့နားမှာပင် ထိုးကာရပ်လေသည်။ ကားပေါ်က ညီမလေးအဆင်း...မိုးဆွေကလည်း အဆင်းဖြစ် ၏။

"နှင်းမြူရေ...သွားပြီနော် တာ့တာ..."

အေးနှင့်မိဖစ် အသံစူးစူးကလေးနှင့် အော်ပြီး ကားက ဘက်ဆုတ်ကာ ထွက်သွားသည်။

"ကဲ...Good Night ကိုမိုးဆွေ၊ ဒီနေ့ အကူအညီပေးတဲ့အတွက် ကျေးဇူးပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

ချမ်းမြက သူ့ကို လုံးဝ လှည့်မကြည့်ပါ၊ ကားက ညင်သာစွာ မောင်း ထွက်သွား၏။ သူတို့မောင်နှမနှစ်ယောက်သာ အိမ်ရှေ့ကားလမ်းမမှာ ကျန်ရစ်ခဲ့လေသည်။

သော့သွားယူကာ ဖွင့်ပြီး အိမ်ထဲ ပြန်ရောက်သည်အထိ မောင်နှမ နှစ်ယောက် စကားမပြောဖြစ်ကြ၊ ဘာပြောရမလဲဟု တစ်ယောက်နှင့် တစ်ယောက် ချိန်ဆနေကြရသည်။ နောက်ဆုံး မိုးဆွေကပဲ စရသည်။

"ညီမလေးကလဲ...နောက်ကျလိုက်တာ"

"ဟုတ်တယ် ကိုကို၊ ကိုကိုက ဘယ်ကို သွားတာလဲဟင်"

"ကိုကိုတို့ Company ပိုင်ရှင်ကွာ...ထမင်းစားပွဲတစ်ခု ရှိတာ အဖော်မရှိလို့တဲ့၊ ကိုကို့ကို လာခေါ်တာ၊ ခုနက နှုတ်ဆက်တာ သူပေါ့...ဦးသန့်ဇင်ကိုလေ"

"ဪ...ညီမလေးလည်း ခါတ်ခဲမရဘူး ကိုကို၊ ဒါနဲ့ ရွှေတိဂုံဘုရားကို ရောက်တယ်၊ ပြီးတော့ သူငယ်ချင်းတစ်ယောက် အိမ်ကို ရောက်ပြီး ညစာစားပြီးမှ ပြန်ဆိုတာနဲ့..."

မိုးဆွေ ခေါင်းကို ညိတ်ကာ ပြုံးပြလိုက်သည်။ ခုနက ကားပေါ်မှာ ကောင်မလေးတွေ ပါတာ သူတွေ့လိုက်ပါသည်။ ညီမလေးသည် သူ့ကို မလိမ်ပါ။ သူကသာ...။ မိုးဆွေ ဘာမှမပြောဘဲ သူ့အခန်းထဲ သူ ဝင်လာခဲ့သည်။ ချမ်းမြ၏ ဒေါသမျက်နှာကို ပြန်မြင်ရသည်၊ ရင်ထဲမှာ မောကာသွား၏။

အိမ်မရောက်ခင် မီးလင်းနေသော လမ်းဘေးစတိုးဆိုင်ကြီးတစ်ခုရှေ့ မှာ ကားကို ညင်သာစွာ ထိုးရပ်လိုက်ကတည်းက ချမ်းမြ နည်းနည်း ရိပ်မိစ ပြုပါပြီ။

"ချမ်းမြ...ကိုယ် စကားနည်းနည်း ပြောချင်ပါတယ်၊ ချမ်းမြ ခွင့်ပြုမလား"

"ဟုတ်ကဲ့...ပြောပါဆရာ၊ အလုပ်ကိစ္စလား ဆရာ"

"ကိုယ်ရေးကိုယ်တာကိစ္စပါ...အမှန်တော့ ဒီစကားကို ကျွန်တော် ဒီည ပြောဖို့ အစီအစဉ် မရှိပါဘူး ချမ်းမြ၊ အခွင့်အရေး ယူတယ်လို့ စွပ်စွဲချင်လည်း စွဲပါ၊ ဒါပေမယ့် အခွင့်အရေးနည်းတဲ့ ကျွန်တော့်ဘဝမှာ ရတဲ့အခွင့်အရေးကိုလည်း လက်မလွှတ်ရဲတာ အမှန်ပါပဲ၊ ကျွန်တော် ချမ်းမြကို မြတ်မြတ်နိုးနိုး ချစ်ပါတယ်၊ ကျွန်တော် ချမ်းမြကို လက်ထပ်ပါရစေ"

ချမ်းမြ အံ့သြမနေတော့ပါ၊ ဒီစကားက အမြန်နဲ့အနှေး သူ့ထံကို ရောက်လာလိမ့်မည်ဆိုတာကို သိပြီးသားဖြစ်ပါသည်။

"ချမ်းမြ စဉ်းစားပါရစေဦး ဆရာ"

"ကျွန်တော့်ဘက်က ဘာများ ပြုပြင်စရာ လိုသေးလဲဆိုတာ ရှိရင် ပြောနော်"

"ကျွန်မစဉ်းစားမယ်ဆိုတာ ကျွန်မဘက်ကပါ ဆရာ၊ ဆရာ့ကို လက်ထပ်နိုင် မထပ်နိုင် ဆိုတာကိုပဲ စဉ်းစားရမှာပါ၊ ဆရာ့ဘက်မှာ စဉ်းစားစရာ မရှိပါဘူး"

"ကျွန်တော် သဘောတူပါတယ် ချမ်းမြရယ်...မငြင်းဆန်တာကိုဘဲ ကျေးဇူးတင်လှပါပြီ"

အိမ်ရောက်တော့ ချမ်းမြ စိတ်တွေ တိုနေခဲ့၏။ မိုးဆွေဆိုသော အရူး ကြောင်ကြောင် ဝေါကိုသာ ဖြစ်၏။ သူ့ညီမလေး အိမ်ပြန်မရောက်တာ တကယ် ပြောတာဆိုသည့်ကိစ္စကို မျက်ဝါးထင်ထင် မြင်လိုက်ရသည့်တိုင်အောင် ချမ်းမြ ဒေါသက မပြေနိုင်၊ အိပ်ရာပေါ် ရောက်သည်အထိ ဦးသန့်ဇင်ကို မျက်နှာက မပေါ်၊ မိုးဆွေ၏မုန်းစရာကောင်းသော မျက်နှာကိုသာ မြင်နေမိသည်။





အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ဘာငြင်းစရာ ရှိလို့လဲ နှင်းရာ၊ သူ့အမေနဲ့ အဖေဆိုရင်လည်း မင်းကို ဘယ်လောက် ဂရုစိုက်လဲ"

"ဟုတ်တယ်နော်...ဦးနဲ့အန်တီက နှင်းကို အရမ်းဂရုစိုက်တာပဲ၊ ကိုယ်တို့တောင်မှ အံ့သြတယ်" .

"အဲဒီကိစ္စကို နှင်းတောင် သိပ်မသင်္ကာဘူး၊ မင်းခန့်မေမေနဲ့ ဖေဖေက နှင်းကို ကြိုသိနေကြသလိုပဲ"

နှင်းဖြူ တစ်ချက်စိုးကြည့်ပြီး ပြောသည့်စကားက ဘာကို ဆိုလိုမှန်း အေးနှင့်မိဖင် ချက်ချင်းသိပါသည်။ မိဖင်မျက်နှာက တစ်ချက်တင်းမာကာ သွား၏။

"နှင်း...အဲဒီလိုတော့ မပြောနဲ့၊ မိဖင်တို့က မင်းသန့်ဟာ မင်းအတွက် သင့်တော်လို့ တိုက်တွန်းပေးကြတာပါ၊ မင်းသန့်အိမ်ကို မိဖင်တို့ နှင်းနဲ့မှ အတူတူရောက်ဖူးကြတာ၊ မင်းခန့်အိမ်ကို သွားကြမယ်ဆိုတာ နှင်းရဲ့ရွေးချယ်မှုပါ၊ မိဖင်တို့ လုံးဝတောင် မသိကြဘူး"

ဒါတော့ ဟုတ်သည်။ ထိုနေ့က အမှတ်တမဲ့ ဖြစ်သွားခြင်းသာ ဖြစ်ပါသည်။

"တော်ပြီ နှင်းရာ၊ မင်းခန့်နဲ့ကိစ္စမှာ တို့ကို သံသယ ရှိနေတယ်ဆိုရင် နောက် ဘာကိုမှ မပြောတော့ဘူး"

"မဟုတ်ပါဘူးကွာ...နှင်းပြောတာကလေ...အံ့သြစရာ ကောင်းလို့ပါ၊ သူက ငြင်းစရာလူ မဟုတ်ဘူးဆိုတာ နှင်းသိပါတယ်၊ ဒါပေမယ့် ငြင်းလို့မရတိုင်းသာ ကြိုက်ရမယ်ဆိုရင် ဒေးဗစ်ဘက်ဟမ်းနဲ့ မိုက်ကယ်အိုဝင်က လာပြောရင်





လည်း ကြိုက်ရမှာလား၊ မိုက်တိုင်ဆန်နဲ့ ဘင်ဂျွန်ဆင်က လာပြောရင်ကော ကြိုက်ရမှာလား"

အေးနှင့်မိဖင် ကြွက်ကြွက်ညံအောင် သူ့ကို ရန်တွေ့ကာ ထုနက်ရိုက်နေချိန်မှာ မင်းခန့်တို့ ရောက်ကာလာ၏။ ဟုတ်တယ်လေ...ကြိုက်သင့်တယ်ဆိုတိုင်း မိန်းကလေးတစ်ယောက်က ကြိုက်ရချစ်ရတော့မှာလား၊ မိန်းကလေးတွေက မာနကြီးမည်၊ ယောကျ်ားလေးတွေက အောက်ကျို့မည်။ ဒါ...သဘာဝပဲ ဖြစ်သည်၊ ထိုသဘာဝကလေးကိုတော့ နှင်းဖြူအတွက် လိုအပ်သည်ထက်ပင် ပိုလိုချင်နေသေး၏။

ထိုနေ့က မင်းခန့်က ဓါတ်ခဲလက်မှတ်ကို ရအောင် Booking လုပ်လာကာ သူတို့အားလုံး တပျော်တပါး သွားကြည့်ကြ၏။ သမ္မတရုံက ထွက်ပြီးတော့ ဟိုကောင်တွေ ကြက်ပျောက်ငှက်ပျောက် ဖြစ်ကုန်၏။ သူ့အနားမှာ မင်းခန့်တစ်ယောက်သာ ရှိတော့သည်။ ရန်ကုန်မြို့လယ်ကောင် ဆူးလေလမ်းမကြီးပေါ်မှာ ဘာမှမဖြစ်နိုင်မှန်း သိလျက်နှင့် နှင်းဖြူ ရင်ခုန်နေခဲ့သည်၊ ကြောက်လန့်နေခဲ့သည်၊ သို့သော် မိန်းကလေးတို့၏မာနကို တင်းကာ မျက်နှာကိုတော့ အတတ်နိုင်ဆုံး မာထားရလေသည်။

မျက်နှာကို အတတ်နိုင်ဆုံး မာကာ စကားကို အနည်းဆုံး ပြောနေသော်လည်း မိုးဆွေက သူမ စိတ်ဆိုးနေတာကို သိပုံမပေါ်ဟု ချမ်းမြမြကြိုင် ထင်ပါသည်။ နံဘေးက ပုံမှန်သာ လျှောက်ကာလိုက်လာ၏။

"ဩော်...ဒါနဲ့ ချမ်းမြ၊ အက်ဒဝတ်ဘုရင် သိလားဟင်..."

"အက်ဒဝတ်...ဘယ်ကားထဲကလဲ"

မိုးဆွေ ရိုးသားစွာ ပြုံးလေသည်။

"ချမ်းမြမသိဘူးထင်တယ်၊ ရုပ်ရှင်မဟုတ်ဘူး ချမ်းမြရဲ့၊ တကယ်ဖြစ်ခဲ့တာ၊ အက်ဒဝတ်က အဌမမြောက်ဗြိတိန်နဲ့ ဗြိတိသျှ အင်ပါယာကြီးရဲ့ဘုရင်၊ သူကကြိုက်တဲ့အခါကျတော့ ယောကျ်ားနှစ်ခါရပြီးသား မစ္စက်ဆင်ပဆန်ဆိုတဲ့ သာမန်အရပ်သူကလေးကို သွားကြိုက်တယ်၊ တရားဝင် မိဖုရားခေါင်ကြီး တင်မြှောက်လို့ မရတဲ့အခါကျတော့ အက်ဒဝတ်က အချစ်ကိုတော့ မစွန့်ဘူး၊ ထီးနန်းကို စွန့်ခဲ့တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါဘာဖြစ်လဲ”

“ဘာမှမဖြစ်ပါဘူး…ကျွန်တော်တို့ဆီက မိန်းကလေးတွေက ချမ်းသာတဲ့ယောက်ျားလေးက၊ ဂုဏ်ရှိတဲ့ယောက်ျားလေးက ချစ်တယ်ဆိုရင် သို့လော…သို့လော တွေးတတ်ကြတယ်၊ အမှန်တော့ အချစ်ဟာ အချစ်ပဲဗျ၊ ဆင်းရဲတာ ချမ်းသာတာနဲ့ မဆိုင်ပါဘူး”

ချမ်းမြ နည်းနည်း ကျွဲမြီးတိုနေပြီဖြစ်သည်၊ သူ့ညီမလေးကိစ္စနဲ့ ပတ်သက်ပြီး စိတ်ဆိုးနေတာကို မသိသည့်အပြင် သူကပင် ဒေါင်သွယ်လုပ်နေချေသေး၏။

“ဟုတ်ပါပြီ…အဲဒါ ဘာဖြစ်လဲလို့”

“ဘာမှမဖြစ်ပါဘူး…ချမ်းမြ ဦးသန့်ဇင်ကို့ကို ရွေးသင့်တယ်လို့ ပြောတာ၊ ဦးသန့်ဇင်ကိုက ချမ်းမြကို တကယ်ချစ်တယ်လို့ ကျွန်တော်ထင်တယ်၊ ဝေလမင်းသား အက်ဒဝပ်က မစ္စက် ဆင်ပဆန်ကို ချစ်သလိုမျိုးပေါ့”

“ဩော်…ရှင်က ဒေါင်သွယ်နေတာလား၊ နေစမ်းပါဦး…ကျွန်မနဲ့ ဦးသန့်ဇင်ကိုကြိုက်သွားကြရင် ရှင်က ဘယ်အဆင့်အတိရာထူးတိုးမှာမို့လို့လဲ”

ဒီတစ်ခါတော့ မိုးဆွေ ငေါင်ကာသွား၏။ ဒီလိုစေတနာ အရာလွဲတာမျိုးကတော့ မကောင်းဟု ချက်ချင်းသိကာ ရှင်းရသည်၊

“မဟုတ်ဘူး ချမ်းမြ၊ ကျွန်တော်ပြောတာက ချမ်းမြအတွက်ပါ၊ ချစ်ခြင်းမေတ္တာဆိုတာ မော်ဒန်၊ ပို့ဒမော်ဒန်ကဗျာတစ်ပုဒ်လိုပဲ…ခံစားရ ခက်ပါတယ်၊ ဒါပေမယ့် ရိုးသားတယ်ဗျာ၊ မောင်ချောနွယ်ရဲ့ “ဆတ်သွား” ဆိုတဲ့ ကဗျာမှာ…”

သို့သော်…ချမ်းမြက သူ့အနီးမှာ မရှိတော့၊ လှမ်းကြည့်တော့ ချမ်းမြက Aircon ဘတ်(စ်)ပေါ်ကို တက်နေတာ မြင်ရ၏။ သူ ပျာကာ ပြေးလိုက်သော်လည်း မမီတော့၊ သူ့ကိုယ်သူလည်း မယုံ၊ ကားပေါ်ကို တက်သွားတာ ချမ်းမြမှ ဟုတ်ရဲ့လား၊ ဆူးလေက လူတွေကြားထဲမှာပဲ ပျောက်သွားနေတာလား၊ ဟိုဟို ဒီဒီ လျှောက်ကြည့်နေရ၏။ သို့သော် ဘယ်နေရာမှာမှ ချမ်းမြ၏ အရိပ်အယောင်ကို မတွေ့ရ၊ ချမ်းမြမဟုတ်သော လူတွေကို တွေ့ရလေ၊ စိတ်က ဓာလေသာဖြစ်သည်။





ထိုအချိန်တွင် မင်းခန့်နှင့်အတူ လျှောက်လာသော နှင်းဖြူက မိုးဆွေကို တွေ့ကာသွား၏။ ကိုကိုသည် သူတို့ရှိရာဘက်ကို ကြည့်ပြီး ထွက်ကာစပြုနေသော ကားတစ်စီးပေါ် အလျင်အမြန် ပြေးလိုက်တက်ကာသွား၏။ သွားပြီ…။ ကိုကို သူ့ကို တွေ့သွားပြီ။

နှင်းဖြူမှန်ထူကာ သူ့နံဘေးမှ ကပ်ကာလျှောက်လာသော မင်းခန့်ကို ပစ်ကာ တွန်းလိုက်မိသည်၊ မင်းခန့်သည် ပလက်ဖောင်းနံဘေးက ဘေထုပ်ရောင်းသောအပုံထဲသို့ စိုက်စိုက်…စိုက်စိုက်နှင့် လုံးထွေးကာ ကျသွားသည်၊ ဘာတွေဆက်ဖြစ်သလဲဆိုတာကို နှင်းဖြူ လှည့်မကြည့်တော့၊ ကိုကို ပြေးတက်သွားသောကားကို လှမ်းကာ ကြည့်သည့်အခါ ကားက ထွက်သွားပြီ ဖြစ်လေသည်၊

သန့်ဇင်ကို ကားစတီယာရင်ကို ဆုပ်ကိုင်ကာ ကြောင်ငေးကြည့်နေမိ၏၊ တစ်နေ့ကမှ သူ ရည်းစားစကား ပြောထားသော ချစ်သူကို အခုလို ပုံစံမျိုးနှင့် တွေ့ရလိမ့်မည်ဟု သူ လုံးဝ မထင်ထားခဲ့ပါ။ ချမ်းမြ မိုးဆွေနှင့်အတူ တွဲလာကတည်းက သူ စမြင်ပါသည်၊ အရာအားလုံးကို သူမြင်လိုက်ရ၏၊ သူ ကားကို ဒလကြမ်းမောင်းကာ Company သို့ ပြန်သည်၊

“ဒါကြောင့် ကဗျာဆရာကြီး ဘာဖေဒါဘရက်က ပြောတာပေါ့ကွ၊ ပါမှန့်ဝတ်တဲ့လူတွေကို ပါမှန့်ဝတ်တဲ့လူတွေကပဲ ကိုယ်ချင်းစာနိုင်တယ်တဲ့၊ သူတို့ချင်း အဝတ်ရင်းနှီးသွားကြပြီ သန့်ဇင်ကို၊ အဝတ်ရင်းနှီးသွားပြီဆိုတာ မင်းအတွက် ငါ့ရဲ့ အညှာတာဆုံး စကားပါ”

“ငါ…ငါ…ဘာလုပ်ရမလဲ…ဇော်မြင့်”

“စိတ်မပူနဲ့ သူငယ်ချင်း၊ အိမ်ထောင်မကျသေးတဲ့ မိန်းကလေးတွေရဲ့ ဘဝကို မိဘတွေက ငါးဆယ်ရာနိုင်နှုန်းတော့ ပိုင်ပါသေးတယ်ကွာ၊ မိဘတွေက ရည်းစားဆိုတာထက် အိမ်ထောင်ဖက်ကို ပိုပြီးတန်ဖိုးထားတတ်ပါတယ်”

“ငါနားလည်ပြီ သူငယ်ချင်း၊ ငါလုပ်စရာ တစ်ခုပဲ ရှိတော့တယ်ဆိုတာကို ငါ နားလည်ပြီ”

နောက်က ဘတ်(စ်)ဖြင့် လိုက်ရင်း မိုးဆွေ စဉ်းစားရသည်၊

ချမ်းမြ ဘယ်ကို သွားမလဲ၊ “နောက်ဆုံး ပျော်တဲ့အခါဖြစ်ဖြစ် စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒေါသဖြစ်ရတဲ့ အခါဖြစ်ဖြစ် ကျွန်မ ဒီနေရာလေးမှာ ထိုင်တတ်တယ်" ဟူသော စကားကို ပြန်ကြားကာ မိုးဆွေ ပန်းခြံကလေးထဲသို့ ဝင်လာခဲ့သည်၊ ပုလ္လာရိက်လမ်းကလေးကို လျှောက်ရင်း တွေ့လိုက်တော့ ချမ်းမြကို ခုံတန်းကလေးမှာ ထိုင်နေတာ တွေ့ရ၏။

မိုးဆွေ ဘာမှ မပြောတော့ပါ။

သူ့လွယ်အိတ်ထဲက စာကလေးတစ်စောင်ကို ထုတ်ကာ ပေးလိုက်၏၊ စာအိတ်က ဝါကျင်ကျင်နေပြီ၊ ချမ်းမြက မော့ကာ ကြည့်သည်၊ ရောက်အောင် လိုက်လာနိုင်သဖြင့် အံ့သြနေဟန်လည်း တူ၏။

"ဒါဘာလဲ"

"စာ...ပါ"

"စာ...ဘာစာလဲ"

"ကျွန်တော် မချမ်းမြမြကြိုင်ကို စတွေ့တုန်းက လိုက်ပေးခဲ့တဲ့စာပါ၊ ရဲစခန်းကနေ ကျွန်တော် အမှတ်တရ ယူခဲ့တာ၊ အခု ဒီစာကို မချမ်းမြမြကြိုင်ကို ပေးပါတယ်၊ ဘယ်သူပေးမှန်း မသိတဲ့စာကို ကျွန်တော်က မချမ်းမြမြကြိုင် အတွက် ပေးတာပါ"

"ရှင် ရူးနေသလား"

"ဟုတ်ကဲ့...ရူးနေနိုင်ပါတယ်၊ အချစ်ဆိုတာ အရူးတစ်မျိုးပဲ မဟုတ်လား၊ ဒီစာကို ကျွန်တော်တစ်ခါမှ ဖောက်မကြည့်ခဲ့ပါဘူး၊ ကျွန်တော်ကိုယ်တိုင် ရေးနေရင် လွဲသွားမှာစိုးလို့ပါ၊ ဒီစာဟာ မချမ်းမြမြကြိုင်ကို တကယ်ချစ်လို့ ပေးတဲ့စာပါ၊ သူ့စကားလုံးတွေက ကျွန်တော့်ကို ကိုယ်စားပြုပါလိမ့်မယ်၊ ကျွန်တော်လည်း မချမ်းမြမြကြိုင်ကို တကယ်ချစ်ပါတယ်ခင်ဗျာ"

ချမ်းမြ အံ့သြကာ ကြောင်ငေးကြည့်နေမိသည်၊ သူက စာအိတ်ကို လှမ်းပေးကာ သူ့ကို ရွှန်းရွှန်းစားစားကြီးကို ကြည့်ကာ နေသည်။

"စပေးတုန်းကလို ပါးရိုက်ချင်ရင်လည်း ရိုက်လိုက်ပါ မချမ်းမြမြကြိုင်"





## အခန်း(၉)

မိုးဆွေ အိပ်ရာက နိုးလို့ အိမ်အောက်ကို ဆင်းတော့ ပဲပြုတ်နှင့် ထမင်း ကြော်နေသော ညီမလေးကို အံ့သြဖွယ်ရာ တွေ့လိုက်ရလေသည်။ မောင်နှမ သက်တမ်းတစ်လျှောက်မှာ ပထမဦးဆုံး ကြုံဖူးသော မြင်ကွင်းလည်း ဖြစ်သည်။

"ဟာ...ညီမလေး၊ ဘာဖြစ်လို့ ဒါတွေလုပ်နေတာလဲ၊ ကိုကိုလုပ်မှာပေါ့။ သွား...သွား...မျက်နှာသစ်၊ ရေသွားချိုးချေ"

"ရပါတယ် ကိုကို၊ ညီမလေးရေချိုးပြီးပြီ"

ဟုတ္တေါ... ဒီတစ်ခါတော့ မိုးဆွေ အတော်ကို အံ့သြရသည်။ အိပ်မနိုး မက်နေသလားပင် ထင်ရ၏။ အရင်ကဆိုလျှင် ညီမလေးက သူနိုးမှ ထသည်။ မီးဖိုချောင်ထဲကို ဝင်တတ်သူမဟုတ်၊ သူကြော်ပြီးသောထမင်းကို စားကာ၊



www.burmeseclassic.com

www.burmeseclassic.com



သူထည့်ပေးသော ထမင်းချိုင့်ကို ယူကာ ကျောင်းသွားတတ်သူဖြစ်သည်။ ထိုနေ့စဉ်ဝတ္တရားကိုလည်း မိုးဆွေက မပျက်မကွက် လုပ်ပေးခဲ့သူသာ ဖြစ်သည်။ အခုကျမှ ဘယ့်နှယ့်ဖြစ်တာတုံး။

"ကဲ…ဖယ်ဖယ် ညီမလေး၊ ကိုကိုကြော်မယ်"

"ဟာ…ကိုကိုကလည်း၊ သွားသွား…မျက်နှာလေးဘာလေး သစ်ပါဦး"

"အင်း…ဟုတ်သားပဲ၊ ကဲကွာ…ဒီနေ့ ညီမလေး ကြော်တဲ့ ထမင်းကြော်ကို စားမယ်၊ ဟုတ်ပြီလား"

ကိုကို ထွက်သွားမှ နှင်းဖြူ သက်ပြင်းကို ချရသည်။

မနေ့က ကိစ္စကြောင့် ကိုကို့ကို မျက်နှာချင်း မဆိုင်ချင်သဖြင့် သူ့ဘာသာ ထလုပ်ခြင်းဖြစ်သည်။ ကိုကိုက နိုးဖြစ်အောင် နိုးလိုက်သေး၏။ သူနှင့် မင်းခန့် လက်ချင်း တွဲလာတာကို ကိုကို မမြင်ဘဲ နေမည်မဟုတ်ပါ။ အခုလို ခွင့်လွှတ်နားလည်ကာ ဘာမှမပြောခြင်းအားဖြင့် ကိုကိုက သူ့ကို နားလည်ပေးသည်ဟု နှင်းဖြူ တွက်လိုက်၏။ ဒါမှမဟုတ် ညီမလေးအတွက် မသိချင်ယောင်ဆောင်ပေးတာလည်း ဖြစ်ရမည်။

ကိုကိုကလည်း မျက်နှာသစ်ရင်း တွေးနေသည်။

ဒီကောင်မလေး ဒီနေ့တော့ အတော့်ကို ထူးဆန်းသည်။ ဒီလိုနေ့မျိုးမှာ ထူးဆန်းစွာ နေပေးနေသော ညီမလေးကို သူ မျက်နှာချင်းမဆိုင်ရဲတာ အမှန်ပင်ဖြစ်၏။ မနေ့က သူ ချစ်သူရခဲ့တာကိုများ ညီမလေး သိသွားရော့သလား။ မိုးဆွေ မျက်နှာ ဆက်မသစ်ချင်တော့ဘဲ ခေါင်းကိုသာ တွင်တွင်ခါသည်။ ဒါဆိုရင် ဘာဖြစ်လို့ ညီမလေးက တစ်ခါမှ မလုပ်ဖူးသောအလုပ်တွေကို လုပ်နေတာလဲ။ သေချာပြီ…ကျောင်းကို စောစောသွားချင်နေသော ညီမလေးသည် သူ့ကို မစောင့်တော့ဘဲ ဝင်ကူညီတာ ဖြစ်နိုင်၏။

မိုးဆွေကလည်း ညီမလေးကို ကျောင်းစောစောသွားစေချင်ပါသည်။ ဒါမှ မှတ်တိုင်တစ်ခုတည်းမှာ မတူညီသောကားကို စီးရသည့် ညီမလေးနှင့်သူ မဆုံမှာ ဖြစ်၏။ ချမ်းမြအကြောင်း တွေးလျှင် ရင်ခုန်သည်။ မနေ့ကမှ ရထားသည့် ရည်းစားအသစ်ကလေးကို ဒီနေ့ ကားမှတ်တိုင်မှာ ကြိုဖို့တာဝန်က သူ့မှာ ရှိနေသည်။ ညီမလေးနှင့်တော့ လုံးဝ ဆုံလို့မဖြစ်သေး။ "ညီမလေးရယ်…ကိုကို့ကို ခွင့်လွှတ်ပါ" ဟု သူ စိတ်ထဲက တောင်းပန်နေမိသည်။

ညီမလေးကို မချစ်တာတော့ မဟုတ်။ သူ့နှလုံးသားကို သူမနိုင်ခြင်းသာ ဖြစ်ပါသည်။ မိုးဆွေ စိတ်ကူးကောင်းကောင်းဖြင့် မျက်နှာသစ်နေတုန်း ညီမလေး၏အော်သံကို ကြားရ၏။

"ကိုကို…ညီမလေး သွားပြီနော်၊ ကိုကို့အတွက် ပဲပြုတ်နဲ့ထမင်းကြော် ပြင်ပေးထားခဲ့တယ်"

ထိုအသံကို ကြားလိုက်ရတော့ မိုးဆွေ သူ့ကိုယ်သူ အပြစ်တော်တော်ကြီးနေပြီဆိုတာ သိလိုက်ရလေသည်။

ကျောင်းရှေ့မှတ်တိုင်မှာ ဆင်းကတည်းက မင်းခန့်ကို မြင်လိုက်ရသည့်အတွက် နှင်းဖြူ ကျေနပ်သွားပါသည်၊ ကားပေါ်က ဆင်းပြီး ခပ်တည်တည်လျှောက်၊ မင်းခန့် အနားကို ကပ်လျှောက်လာတော့ ကိုကို့ကို ဖျတ်ခနဲ သတိရမိသေး၏။ ကိုကိုသာ မြင်ရင် ရင်ကျိုးမှာပဲဟု တွေးမိသေးသည်။

"မနှင်းဖြူ…ဟိုကောင်တွေ…သိပ္ပံကန်တင်းမှာ ရှိမှာတဲ့"

"သိပ္ပံကန်တင်း…အင်း…သွားလေ"

ချစ်သူဟု သတ်မှတ်ထားသော လူတစ်ယောက် နံဘေးမှာ ပါလာသည့်အတွက် အဓိပတိလမ်းသည် တော်တော်လေးကို တိုသွားပါသည်။

သုဝဏ္ဏလမ်းဆုံ ကားမှတ်တိုင်မှာ ကျိုးကန်းတောင်းမှောက် မျက်လုံးတွေနဲ့ ရှိနေသူ သူတစ်ယောက်တည်းသာ ရှိသည်ဟု မိုးဆွေ ထင်သည်။ ဆားပုလင်းနှင်းမောင်လို စုံထောက်မျိုးများ ရှိလျှင် သူ့ကို ဖမ်းသွားနိုင်သည်။ ညီမလေးကို မတွေ့ရတော့သဖြင့် ဝမ်းသာပါ၏။ ချမ်းမြကို မတွေ့ရသည့်အတွက်တော့ ရင်ထဲမှာ မကောင်း။ တစ်ခုခု ဟာကာနေသည်။

ထိုသို့ ဟိုဟိုဒီဒီကြည့်နေတုန်းမှာပင် File အစိမ်းကလေးကို ကိုင်ကာ လျှောက်လာသော ချမ်းမြကို တွေ့ရ၏။ တစ်စီးစီး ထိုးရပ်နေသော ကားတွေ၊ ကားပေါ်ကို အလုအယက် ပြေးတက်နေသော လူတွေအားလုံး မြင်ကွင်းထဲက ပျောက်ကာသွား၏။ နံနက်ခင်း၏အလင်းရောင်က ပို၍လင်းကာ လာသည်။ သူ့မြင်ကွင်းထဲမှာ ချမ်းမြမြကြိုင်ဆိုသော ကောင်မလေးတစ်ယောက်တည်းသာ ရှိတော့သည်။ ဒါ…သူ့ချစ်သူ။ တလောကလုံးမှာ သူတစ်ယောက်တည်း ပိုင်ဆိုင်




အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု လက်ခံသတ်မှတ်ထားသူ၊ ကဲ...။

"ချမ်းမြ မုန့်ဟင်းခါး ဝင်စားနေတာနဲ့ နောက်ကျသွားတာ"

ချမ်းမြက မျက်လွှာချကာ ပြော၏။

"ကျွန်တော်လည်း အခုမှရောက်တာပါ၊ ဒီကား ကျပ်သေးတယ်နော် ချမ်းမြ၊ နောက်ကားမှ စီးကြရအောင်..."

"အင်း...ဟုတ်တယ်၊ Company ရောက်ရင်တော့ ကိုယ့်ဘာသာ ကိုယ်နေနော်...သိလား၊ ညနေ မှတ်တိုင်ကျမှ ဆုံမယ်"

"စိတ်ချပါ...ကျွန်တော်နားလည်ပါတယ် ချမ်းမြရယ်"

ကျပ်နေရသည့်အထဲ လူမနည်း ထပ်တင်နေသော Air Con ဘတ်(စ်)ကားက သူနှင့်ချမ်းမြကို ခွဲပစ်လိုက်၏။ ဒီနေ့မှ ရသော ချစ်သူကလေး ကို အတင်းဖိတိုးနေသောလူတွေကို မိုးဆွေ တော်တော်မုန်းပါသည်။

ဆင်းရမည့်မှတ်တိုင် ရောက်လို့ အတူတူယှဉ်ကာ လျှောက်တော့ ချမ်းမြက သတိပေး၏။

"Company နားရောက်နေပြီနော်၊ သွား...လက်ဖက်ရည်ဆိုင် ခဏ ထိုင်လှည့်"

"အရင်တုန်းကတော့ ရိုးသားရင် ဂရုစိုက်စရာ မလိုဘူးဆို...ချမ်းမြရဲ့"

"အခု ဂရုစိုက်ရတော့မယ်လေ၊ မရိုးသားတဲ့လူတွေ လောကကြီးမှာ အများကြီးဆိုတာ သိရဲ့လား"

မိုးဆွေ ကျေနပ်စွာ လက်ဖက်ရည်ဆိုင်ထဲ လှမ်းဝင်ခဲ့၏။

သူက ရိုးသားစွာ ရင်ဆိုင်ချင်သော်လည်း ချစ်သူကိုတော့ ငဲ့ရဦးမည် ဆိုတာ သူ နားလည်ပါသည်။





ချစ်သူနှင့်အတူရှိနေသောနေ့များသည် အစပိုင်းတွင် စိတ်တထင့် ထင့်နှင့် စိတ်ရှုပ် စိတ်မောစရာ ဖြစ်ခဲ့သော်လည်း တစ်စစနှင့် ငြိမ်းချမ်းပျော်ရွှင် စရာ ဖြစ်လာခဲ့သည်။ စစ်မှန်သော ချစ်ခြင်းသည် နှင်းဖြူကို အေးချမ်းစေခဲ့ပါ သည်။ ထို့အတွက် မင်းခန့်ကိုလည်း ကျေးဇူးတင်ရမည်။ သူငယ်ချင်းများကို လည်း ကျေးဇူးတင်ရမည်။ သူ့ကို နားလည်ပေးခဲ့သည့် အစ်ကိုဖြစ်သူကိုလည်း ကျေးဇူးတင်ရမည်။ သမီးကလေးတစ်ယောက် ရသလို ကြည်ဖြူချစ်ခင်သည့် မင်းခန့်၏မိခင်နှင့်ဖခင်ကိုလည်း ကျေးဇူးတင်ရမည် ဖြစ်လေသည်။

ထိုနေ့က မင်းခန့်ပုံစံက အရမ်းလည်း နွမ်းညှိုးကာနေ၏။ တစ်ခုခုကို လည်း လျှို့ဝှက်ထားပုံရ၏။ နှစ်ဦးအတူထိုင်ပြီးကတည်းက မင်းခန့်သည် ထူး ဆန်းစွာ တိတ်ဆိတ်နေလေသည်။

"သူ...ဒီနေ့ ဘာဖြစ်နေတာလဲ၊ ကြည့်ရတာ တစ်မျိုးပဲ၊ နေမကောင်း ဘူးလား"

"ကောင်းပါတယ် မနှင်းဖြူရဲ့၊ မနှင်းဖြူ ဗိုက်ထဲမှာ ပုဏ္ဏားလေး ရှိတယ် ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တစ်ခုခုဖြစ်နေတယ်ဆိုတာ ဟုတ်ပါတယ်၊ ကျွန်တော် မနှင်းဖြူကို ပြောစရာစကားရှိတယ်၊ ပြီးတော့ ပေးစရာ လက်ဆောင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်"

နှင်းဖြူ နည်းနည်းခေါင်းစားသွား၏။ မင်းခန့်သည် ချစ်သူဖြစ်ပြီးသည့် တိုင် သူနှင့် ပတ်သက်လျှင် ဒီလိုပဲ နူးညံ့စွာ သတိကြီးစွာ ဦးစားပေးစွာ ဆက်ဆံလေ့ရှိပါသည်။

"အင်း…ဒါဆိုရင် ပြောစရာရှိတာ အရင်ပြောလေ"

"မဟုတ်ဘူး…ပေးစရာရှိတာ အရင်ပေးချင်တာ"

စကားဆုံးတော့ မင်းခန့်က လွယ်အိတ်ထဲမှ ဘူးကလေးတစ်ဘူးကို ထုတ်သည်၊ ဘူးက ယွန်းဘူးကလေးဖြစ်၏။ ဘာဆိုတာ နှင်းဖြူမကွဲပြား။

"မနှင်းဖြူ…မျက်လုံး ခဏမှိတ်ပေးထားနော်"

နှင်းဖြူက စိတ်ညစ်ပါသည် ဟူသောသဘောနှင့် မျက်စောင်းတစ်ချက် ထိုးလိုက်သော်လည်း ချစ်သူသဘောကျ မျက်လုံးကလေးကိုတော့ ပြုံးကာ မှိတ်ပေးလိုက်ပါသည်။ ခဏကြာတော့ သူ့လည်တိုင်မှာ အေးကနဲ တစ်ချက်ခံစားရ၏။

"မျက်လုံးမဖွင့်နဲ့ဦးနော်…မနှင်းဖြူ မဖွင့်နဲ့ဦး"

အရေးတကြီး အော်သည့်စကားကြောင့် နှင်းဖြူပင် ကြောင်ကာ သွား၏။ ပို၍သတိကြီးစွာ မျက်ဝန်းများကို မှိတ်ထားပေးမိသည်၊ နှင်းဖြူအရဲစွန့်ကာ မျက်ဝန်းကို ဖွင့်လိုက်၏။

မင်းခန့်က သူ့ကို ပြုံးကာ ငေးကြည့်နေသည်၊ သို့သော် မင်းခန့် ငေးနေတာက သူ့မျက်ဝန်းများကို မဟုတ်၊ သူ့လည်တိုင်ကလေးကိုသာ ဖြစ်၏၊ ထိုအပြုအမူကြောင့် နှင်းဖြူ သူ့လည်တိုင်ကို စမ်းကြည့်လိုက်တော့ အေးစက်သော အထိအတွေ့ကို အံ့သြစွာ တွေ့ရ၏။

"ဟင်…ဒါ…ဒါ…"

"ဟုတ်တယ် မနှင်းဖြူ၊ ဆွဲကြိုးကလေးပါ၊ ဘယ်လိုနည်းမျိုးနဲ့မှ မငြင်းပါနဲ့ မနှင်းဖြူရယ်၊ အဲ့ဒါ ကျွန်တော့်ရင်ထဲမှာ အမြဲရှိခဲ့တဲ့ မနှင်းဖြူအတွက် လက်ဆောင်ပါ၊ ရိုးသားဖြူစင်စွာ မနှင်းဖြူကို ပေးတာပါ၊ ကျွန်တော့်ရဲ့လက်ဆောင်ကို မငြင်းပါနဲ့နော်"

နှင်းဖြူ ရှက်ကာ သွား၏။





ရွှေဆိုင်၌ တစ်ခါမှ မဝတ်ဖူးသဖြင့် ရှက်သွားခြင်းဖြစ်ပါသည်။

ထိုမှန်ထဲသွားသော ရှက်စိတ်နှင့် ငေးတော့ ဖြူစင်ကြည်နူးစွာ ငေးကြည့်နေသော ချစ်သူ၏မျက်ဝန်းများကို တွေ့ရ၏။ ထို့နောက် နွေးထွေးစွာ လာရောက်ဆုပ်ကိုင်သော ချစ်သူ၏လက်အစုံ။

"မနှင်းဖြူ…ကျောင်းပြီးရင် ကျွန်တော်တို့ လက်ထပ်ကြရအောင်နော်"

နှင်းဖြူအတွက် လောကကြီးသည် နူးညံ့ညင်သာစွာ တိတ်ဆိတ်သွား၏။ ပြီးတော့ ချစ်သူရင်ခွင်ထဲသို့ ဝင်မှီနေလိုက်မိသည်၊ မိုးကြီး သဲသဲမဲမဲ ရွာချသဖြင့် သစ်ပင်ရိပ်အောက်သို့ အားကိုးတကြီး ဝင်ခိုသူလိုလို ဝင်မှီမိခြင်း ဖြစ်ပါ၏၊ အင်းယားကန်ရေပြင်ပေါ် မှာ တရိပ်ရိပ် ပြေးနေသော ရေလှိုင်းတွေကို ချစ်သူရင်ခွင်ထဲမှ နှင်းဖြူ ငေးနေမိသည်၊

ထိုနေ့က မိုးဆွေတို့ Red Arrow Company ၏ခြောက်လမြောက် ဒါဘာနေ့ ဖြစ်လေသည်၊ မှာစရာပြောစရာ ရှိသည်ကို ဦးသန့်ဇင်ကိုနှင့် ဦးဇော်မြင့်တို့က ပြောပြီးနောက် အခမ်းအနားမှူး ဦးလှနိုင်က "ကိုမိုးဆွေ…ဘာပြောစရာရှိသေးလဲ" ဟု ပြောသဖြင့် လူတွေအားလုံး ဝါးကနဲ ပွဲကျသွားကြ၏။ ဒါဘာပြီးသွားတော့ ဘောနပ်(စ)ငွေတွေ အားလုံးရကြသည်၊

အခု မိုးဆွေက လခ နှစ်သောင်းရနေပြီဖြစ်သည်။ ဆုကြေးငွေကလည်း နှစ်သောင်းကျော်ကျော် ရ၏၊ မိုးဆွေ ဝမ်းသာနေသည်၊ သူ့စိတ်ထဲမှာ ချည်မှန်းထားသော ကိစ္စကလေးတစ်ခုကို အကောင်အထည် ဖော်နိုင်တော့မည်၊

ဒါဘာပြီးတော့ ချမ်းမြ၊ သက်စုနှင့် ဖြူလေးတို့က ဆွေးနွေးကာနေကြ၏၊ ဗိုလ်ချုပ်ဈေး သွားမည်၊ ရန်ကင်းစင်တာ သွားမည်၊ Blazon သွားမည်နှင့် ငြင်းခုံနေကြသည်၊ ဆုကြေးငွေကလေးနှင့် လခပေါင်းကာ ဝယ်စရာရှိတာတွေကို ဝယ်ချင်နေကြ၏၊

"ချမ်းမြကတော့ Market တွေ Plaza တွေ မသွားချင်ဘူး…ဗိုလ်ချုပ်ဈေးကိုပဲ၊ ကိုမိုး လိုက်ပို့မယ် မဟုတ်လား"

"ဟင်အင်း…မလိုက်တော့ဘူး ချမ်းမြ၊ ကျွန်တော် ညီမလေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်စရာရှိသေးလို့"

"ညီမလေးအတွက်..."

ချမ်းမြက အံ့ဩကာ တစ်ချက်စဉ်းစားသည်၊

"ဟုတ်တယ် ချမ်းမြ၊ ပိုက်ဆံလေးရှိတုန်း တစ်ခါတည်း ဝယ်ပေးချင်လို့ပါ"

"ကိုမိုးဆွေကလည်း...လိုက်ခဲ့ပေါ့၊ ဖြူလေးတို့လည်း ညီမလေးအတွက် ဝယ်စရာ ရွေးပေးမှာပေါ့၊ မိန်းကလေးပစ္စည်းပဲ ဝယ်ကြမယ့်ဟာကို"

"ဟား...နေပါစေတော့၊ ကျွန်တော်က မိုလ်ချုပ်ဈေးတွေ ဘာတွေမှာ ဝယ်ချင်တာ မဟုတ်ဘူး၊ အေးအေးဆေးဆေးသာ သွားကြပါ၊ ကျွန်တော် သွားမယ်နော် ချမ်းမြ"

နှုတ်ဆက်ကာ ထသွားသော မိုးဆွေကို ချမ်းမြ သက်ပြင်းချရင်း ငေးနေမိသည်၊ သက်စုက "ဘယ်လိုဖြစ်တာလဲဟ...ဒီလိုနေ့မျိုးမှာ ကိုယ့်ရည်းစားနဲ့ပဲ သွားသင့်တာပေါ့" ဟု တိုးတိုးပြောသည်။

"မရဘူး သက်စု၊ သူ သူ့ညီမလေးကို သိပ်သံယောဇဉ်ကြီးတယ်၊ ကိုယ့်ကို ချစ်တယ်ဆိုတာတောင်မှ သူ့ညီမလေးထက် ပိုရဲ့လားတောင် မသိဘူး"

"ဟာ...ချမ်းမြကလည်း၊ ဒီလိုတော့ ဟုတ်မယ် မထင်ပါဘူးကွာ"

"ဟုတ်တယ် ဖြူလေး၊ သူတို့က မိဘမရှိတော့ဘဲ မောင်နှမ နှစ်ယောက်ပဲ နေကြရတာ၊ သူ သူ့ညီမလေးကို ချစ်တာ ဦးစားပေးတာ သူတို့တစ်ရပ်ကွက်လုံး သိတယ်...နာမည်ကြီးပဲ"

ထိုစကားကို ချမ်းမြ ဒေါသနှင့် ပြောတာမဟုတ်သော်လည်း မနာလိုစိတ် နည်းနည်းပါသည်ဆိုတာတော့ ဝန်ခံရလိမ့်မည်၊ ဒီလိုဖြစ်အောင်လည်း သူကိုယ်တိုင် ကြံဖူးထားတာ ရှိသည်။ ပြီးခဲ့သည့်လက သူတို့ချစ်သူသက်တမ်း ငါးလပြည့်အဖြစ် သူတို့နှစ်ယောက်ဆုံရန် စီစဉ်ထားကြသည်၊ တစ်ခုခု သွားစားပြီးလျှင် သူတို့ဆုံနေကျ ပန်းခြံကလေးထဲက ပုက္ကရိုက်တန်းအဆုံးက ခုံကလေးမှာ ထိုင်ကြမည်ဟု သဘောတူထားကြ၏။ သို့သော် ထင်မှတ်မထားပါဘဲ မိုးဆွေညီမလေး နှင်းဖြူက Company ကို ရောက်လာသည်၊ ပြီးတော့





လစာထုတ်ပြီးရင် သူ့ကို တစ်ခုခု လိုက်ကျွေးရမည်ဟု ပူဆာသည်။ မိုးဆွေက ဘာလုပ်သည် ထင်ပါသနည်း။

သူ့ကို ထားခဲ့ကာ ညီမလေးနှင့် လိုက်ကာသွား၏။

မောင်နှမနှစ်ဦး ထွက်သွားတာကို ချမ်းမြ ကျေနပ်နိုင်ပါသည်။ သို့သော် ဒီပွဲမှာ သူပါတော့ရော ဘာဖြစ်ရမည်နည်း။ နောက်နေ့ မိုးဆွေပြောသော စကားက ပို၍ဆိုးသည်။

"ကျွန်တော့်မှာ ချစ်သူရှိနေပြီဆိုတာ ညီမလေး မသိစေချင်သေးဘူး ချမ်းမြရယ်...အစ်ကိုလိုရော မိဘလိုပါ ကျွန်တော့်ကို အားကိုးနေတဲ့ ညီမလေး အားငယ်သွားမှာ စိုးရိမ်တယ်၊ ဒါကြောင့်မို့ ချမ်းမြကို မခေါ်တာပါ၊ ညီမလေးနဲ့ ပတ်သက်ရင်တော့ ကျွန်တော့်ကို နားလည်ပေးပါ၊ ဒါမှမဟုတ်ရင်လည်း ခွင့်လွှတ်ပါ" တဲ့၊

ချမ်းမြစကားဆုံးတော့ သက်စုက မဲ့သည်၊

"ချမ်းမြ...အဲဒီကိစ္စကို ကြိုရှင်းထားနော်၊ နောင်ဆိုရင် မင်းပိုခံစားရလိမ့်မယ်"

"ဟာ...သက်စုကလည်း မဟုတ်တာ၊ ကိုမိုးဆွေက ချမ်းမြကို ချစ်ပါတယ်၊ သူ့ညီမလေးကို သံယောဇဉ်ကြီးတယ်ဆိုတာလည်း အပြစ်မှ မဟုတ်တာ၊ ညီမကိုတောင် သံယောဇဉ် မရှိတဲ့လူမျိုးကိုပဲ ကြောက်တာ"

"ကိုယ်လည်း အဲဒီလိုပဲ တွေးနေရတာပဲ ဖြူလေးရာ၊ အမှန်ဆို ဒီနေ့ ဈေးသွားဝယ်စရာရှိတာ ဝယ်ပြီး သူနဲ့ ဆုံနေကျနေရာကလေးမှာ ထိုင်ဖို့ကွာ၊ အခုတော့ ကိုယ်စိတ်ကူးထားတာ မဖြစ်တော့ဘူး"

"ဒါဆို ကိုယ်တို့ ဈေးဝယ်မထွက်တော့ဘူးလား"

သက်စုက ထိတ်လန့်တကြား မေးသည်၊

"ဈေးဝယ်တော့ သွားမှာပါ၊ ဆုံနေကျနေရာမှာတော့ မဆုံဖြစ်တော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သိန်းမြင့်နှင့် ခင်ဌေးကိုပင် လက်ပြထားခဲ့ကာ မိုးဆွေ အိမ်ကို အရောက်ကြီးကာ ပြန်လာခဲ့သည်။ ညီမလေးကို သူတွေ့ချင်လှပြီ။ အံ့ဩဝမ်းသာသွားသော၊ မယုံမကြည် ဖြစ်နေသော ညီမလေး၏မျက်နှာကို သူ တွေ့ချင်လှပြီ ဖြစ်သည်။

"ညီမလေးရေ...ညီမလေး...ညီမလေး..."

ဖွင့်ထားသောတံခါးမှ အိမ်ပေါ်သို့ ကြုံးအော်ကာ တက်ခဲ့သော်လည်း ညီမလေးကိုမူ မတွေ့ရ။ ဘာသံမှလည်း မကြား။

"ညီမလေးရေ...ညီမလေး..."

"ရှင်...ကိုကို၊ ညီမလေးက အိမ်ရှေ့မှာလေ၊ ရေချိုးနေတာ"

အိမ်ရှေ့ရေတိုင်ကီမှာ ရေချိုးနေသော ညီမလေးကို မမြင်ဘဲ မျက်စိ ရှန်းကာ သူ အိမ်ပေါ်သို့ တက်လာခဲ့ခြင်း ဖြစ်၏။ မိုးဆွေ ကမန်းကတန်း ပြန် လှည့်ကာ အိမ်ရှေ့သို့ ထွက်ရသည်။

"ညီမလေး...ကိုကိုကလေ...ညီမလေးအတွက်..."

မောင်နမနှစ်ဦး ဝုန်းကနဲ မျက်နှာချင်းဆိုင်မိသောအခါ မိုးဆွေ ပြော လက်စ စကားကို ပြောမထွက်တော့ဘဲ ညီမလေးကို ကြောင်ငေးကာ ကြည့် နေမိသည်။ ရေချိုးနေသော ညီမလေး လည်တိုင်မှာ ဆွဲကြိုးလေးတစ်ကုံးက နွဲ့ယိမ်းလျက်၊ လှုပ်ရှားလျက်။ ဟုတ်မှဟုတ်ရဲ့လား။ တိုက်ဆိုင်လွန်းလှသော





ထိုအဖြစ်ကို မိုးဆွေ အံ့ဩကာ ငေးမောရင်း...

"ညီမလေး...ဒီ...ဒီဆွဲကြိုးက..."

မိုးဆွေ စကားအပြုအမူကြောင့် နှင်းဖြူ မျက်နှာရဲကနဲ ဖြစ်ကာ သွား သည်။ ရုတ်တရက် ဘာပြောရမှန်းမသိ။ သို့သော် ရုတ်တရက်ဖြစ်သောကိစ္စ တွေမှာ မိန်းကလေးတွေက ယောက်ျားလေးတွေထက် သတိနှင့်ဉာဏ် ပိုမြေး ပါသည်၊ နှင်းဖြူ စဉ်းစားထားသော သုံးမျိုးထဲတွင် အသင့်တော်ဆုံးတစ်ခုကို အလျင်အမြန် ဆွဲထုတ်လိုက်နိုင်သည်။

"ဟုတ်တယ် ကိုကို...ညီမလေး ကိုကိုပေးတဲ့ ဈေးဖိုးတွေ၊ မုန့်ဖိုးတွေ ထဲက စုပြီး ဒီနေ့ပဲ ဝယ်လိုက်တာ၊ ပိုက်ဆံနည်းနည်းတော့ လိုသေးတယ် ကိုကို၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ညီမလေး အချစ်ဆုံးသူငယ်ချင်း ရွှေဆိုင်ကလေ၊ နည်းနည်းချင်း စုပေးမယ်ဆိုတော့ သူကလည်း သဘောတူပါတယ်၊ လှရဲ့လား ကိုကို"

မိုးဆွေ ဘာစကားမှ ပြန်မပြောနိုင်။ ညီမလေးကို အံ့ဩအောင် လုပ် မည်ဆိုသော သူ့ကို ညီမလေးက အံ့ဩအောင် လုပ်ပစ်လိုက်ပြီ ဖြစ်၏။ ညီမ လေးဆွဲကြိုးက သူပေးမည့်ဆွဲကြိုးထက်ပင် ထူပါသေးသည်။ သူပေးမည့် ဆွဲကြိုးကလေးက တစ်မတ်သားကျော်ကျော်သာ ရှိ၏။ ဘယ်လောက်အံ့ဩဖို့ ကောင်းတဲ့ တိုက်ဆိုင်မှုလဲ။

"ကိုကို အံ့ဩသွားအောင် အစက တမင်မပြောခဲ့တာ ကိုကို၊ ညီမ လေးနဲ့ လိုက်ရဲ့လားဆို..."

"လိုက်ပါတယ်...လှတယ်..."

"ဟင်...ကိုကို့ပုံစံကလည်း ဝမ်းသာတဲ့ပုံစံလည်း မပြဘူး"

"ဟား...ဝမ်းသာပါတယ် ညီမလေးရဲ့ ရုတ်တရက်ဆိုတော့ ကိုကိုက ကြောင်သွားလို့ပါ၊ လှတယ်...ညီမလေးနဲ့လည်း လိုက်တယ်၊ ဈေးဖိုးတွေ မုန့်ဖိုး တွေထဲက စုဝယ်တာဆိုတော့ ငါ့ညီမက ဘယ်ဆိုးလို့လဲ၊ ပိုက်ဆံက ဘယ် လောက်ကျန်တာလဲ ညီမလေး"

"ခြောက်ထောင် ကိုကို...ရတယ်...တစ်နေ့ကို တစ်ရာနှစ်ရာ သွင်း သွားလို့လည်း ရတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့လစာထုတ်လာပြီပဲ…ရသမျှ ပေးထားလိုက်ပေါ့"

"ရတယ် ကိုကို၊ အခင်ဆုံးသူငယ်ချင်းတွေဆိုတော့ ယုံပါတယ်၊ တစ်လနှစ်ထောင်လောက်လောက် ပေးသွားတောင် ရတယ်၊ ကိုကို ခုနက ဘာဖြစ်လို့ ညီမလေးကို အတင်းခေါ်နေတာလဲဟင်"

မိုးဆွေ သက်ပြင်းကို ချလိုက်သည်။ သူ့အိတ်ကပ်ထဲမှာ ထည့်ထားသော ရွှေဆွဲကြိုးဘူးကလေးကို ထုတ်မပြချင်တော့။

"ဒီနေ့ လခထုတ်လို့ ကိုကိုက ညီမလေးစားဖို့ ဆီချက်ရယ်၊ ကြက်သားသုပ်ရယ်၊ ဘဲသွေးသုပ်ရယ် ဆယ့်ကိုးလမ်းက ဝယ်လာတယ်၊ အဲဒါ ပြောမလို့…ကဲ…ကဲ…ညီမလေး မြေမြန်မြန်ချ၊ ဆီချက်တွေ အေးကုန်လိမ့်မယ်"

စကားဆုံးတော့ ကိုကို လှည့်ကာ ထွက်သွား၏။ သူပြောလိုက်တာကို ကိုကို ယုံမယုံ နှင်းဖြူမသိပါ။ ကိုကို့မျက်နှာ တစ်ချက်ညိုးသွားတာကိုတော့ ညီမလေးတော့ မြင်လိုက်ရ၏။ ကိုကို့ကို အမှန်အတိုင်း မပြောရက်ပါ။ ပြောလို့လည်း မထွက်ပါ။ အခု ကိုကိုကြိုက်သလို အထင်မှားပါစေ။ အောင်စာရင်းထွက်တဲ့နေ့မှာ လာတောင်းမည်ဆိုသော မင်းခန့်စကားကို ပြန်တွေးကာ အဲဒီနေ့ကျမှပဲ ကိုကို့ကို အားလုံးပေါင်းပြီး ရှင်းပြတော့မည်ဟု နှင်းဖြူစိတ်ကူးရင်းပြုံးလိုက်မိပါသည်။





စိတ်ကောက်လိုက်မည်ဟု ကြံစည်ထားသမျှ အံ့သြဝမ်းသာစိတ်က အနိုင်ယူသွားသဖြင့် ချမ်းမြ ဘာကိုမှ မသိတော့။ တန်ဖိုးကြောင့် မဟုတ်ဘဲ ချစ်သူပေးသော လက်ဆောင်ဆိုသည့်စိတ်နှင့်ပင် ထိုဆွဲကြိုးပါးပါးကလေးသည် တစ်လောကလုံးမှာ အလှဆုံး ဆွဲကြိုးကလေးတစ်ခု ဖြစ်ကာသွား၏။ မိုးဆွေကိုယ်တိုင်က ဆွဲကြိုးကလေးကို သူ့လည်တိုင်မှာ ဆွဲကာပေးသည်။ သို့သော် ထိုကြည်နူးပီတိက ကြာရှည်တော့ မခံပါ။

"ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသား ပြောရရင်တော့ ဒီဆွဲကြိုးကလေးက ညီမလေးအတွက် ဝယ်လာတာပါ၊ ဒါပေမယ့် ညီမလေးကို ပေးစရာ မလိုတော့တာနဲ့ ကျွန်တော်အပေးချင်ဆုံး ချမ်းမြကို ပေးတာပါ"

"ရှင်…ကိုမိုး…ဘယ်လိုပြောလိုက်တာလဲဟင်…"

သူ့ကို မိုးဆွေက ဆွဲကြိုးကလေးကိစ္စကို ရှည်လျားစွာ ရှင်းပြကာနေ၏။ သူများမယူမှ ကိုယ်ရတယ်ဆိုတာ မိန်းကလေးတစ်ယောက်ဘဝမှာ ဘယ်လောက် ကြီးမားသော စော်ကားမှုမျိုးလဲဆိုတာကို ချစ်သူမသိဘူးလား။ သို့သော် သူ့ကို လေသံမှန်မှန်ဖြင့် ရှင်းပြနေသော မိုးဆွေမျက်နှာမှာ စော်ကားလိုသည့် အရိပ်အမြွက်ကိုလည်း မတွေ့ရပါ။

"ကိုမိုးညီမလေးကသာ ယူမယ်ဆိုရင် ချမ်းမြ မရတော့ဘူးပေါ့…ဟုတ်လား"

"ကျွန်တော့်စိတ်ကူးက ဒီလို ချမ်းမြရဲ့ အခုရတဲ့ဆုကြေးနဲ့ ညီမလေး

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲကြိုးကလေး လုပ်ပေးမယ်၊ နောက်လခထဲက စုတာနဲ့ ဆုကြေးထပ်ရရင် ချမ်းမြကို ဆွဲကြိုးကလေး လက်ဆောင်ပေးမယ်လို့ စိတ်ကူးထားတာ၊ အခု ညီမလေးအတွက် မလိုတော့…ချမ်းမြအတွက် ဖြစ်သွားတာ…"

ရိုးသားပွင့်လင်းခြင်းသည် တစ်ခါတစ်ရံတော့လည်း ရိုးသားပွင့်လင်း ခံရသူအတွက် မသက်သာပါကလားဟု ချမ်းမြတွေးနေမိသည်။

"အဲဒါဆိုရင်လည်း လိမ်လိုက်ပါတော့လား…ကိုမိုးရယ်၊ ချမ်းမြ အတွက် ဝယ်ပေးတာလို့ပဲ လိမ်ပြောလိုက်ပါတော့လား"

"ဟာ…အဲဒါတော့ ဘယ်ဖြစ်မလဲ၊ အထူးသဖြင့် ချမ်းမြကို ဘယ်တော့မှ ကျွန်တော်မညာချင်ဘူး၊ ကျွန်တော် တစ်ဘဝလုံးအတွက် ရည်မှန်းထားတဲ့လူ တွေကို ကျွန်တော်လုံးဝမညာချင်ဘူး၊ ကျွန်တော်ညာရင် ချမ်းမြ သိတောင် သိမှာမဟုတ်ဘူး၊ ဒါပေမယ့် မညာချင်ဘူး"

ကဲ…ဘယ်လောက် လက်ပေါက်ကပ်တဲ့ ချစ်သူတဲ့လဲ၊ အေးလေ… ဒီလို မှန်တယ်ထင်တာကို စွတ်လုပ်လို့လဲ ချမ်းမြနှင့်သူ တွေ့ခဲ့တာမဟုတ်လား။ ပြဿနာတွေ တက်ခဲ့တာ မဟုတ်လား။ တက်ခဲ့သည့် ပြဿနာတိုင်းမှာလည်း သူကပဲ မှားခဲ့တာ မဟုတ်လား။

ချမ်းမြ စိတ်ကို လျှော့လိုက်သည်။

ဒီလူကို ချစ်မိမှတော့ ဒီလူရဲ့အကျင့်စရိုက်ဗီဇကိုလည်း နားလည် အောင် ကြိုးစားရတော့မည်။

"နောက်တစ်ခုရှိသေးတယ် ချမ်းမြရယ်…ကျွန်တော် အခုပေးထားတဲ့ ဆွဲကြိုးကလေးက အင်္ဂါမစုံသေးပါဘူး၊ ဆွဲပြားကလေး ကျန်ပါသေးတယ်၊ အဲဒီ ဆွဲပြားကလေးကို ကျွန်တော်ကိုယ်တိုင်ပဲ ပေးပါမယ်၊ ချမ်းမြကို လက်ထပ်တဲ့ နေ့မှာ ကျွန်တော်ကိုယ်တိုင် ဒီနေရာလေးမှာ ဆွဲပေးမှာပါ၊ အဲ့ဒါကတော့ ချမ်းမြ တစ်ယောက်တည်းအတွက် လုံးဝ ဦးစားပေးပါ၊ ကျွန်တော့်ကို ယုံပါ"

ဒီစကားတစ်ခွန်းနှင့်ပင် ချမ်းမြရင်ထဲမှာ ရှုပ်ထွေးနေတာတွေ လုံးဝ ကွယ်ပျောက်သွားကာ ကြည်နူးသွားရ၏။

"ချမ်းမြ ယုံပါတယ်၊ သူမပေးမချင်း ဟောဒီဆွဲကြိုးကလေးမှာ ဘာ ဆွဲပြားမှ မရှိစေရဘူး…သိလား"





ထို့နောက် ချမ်းမြနှင့် မိုးဆွေတို့ ဆုံနေကျ ထိုင်နေကျ နေရာလေးမှာ အတူထိုင်ကြသည်။ ပန်းခြံလေးထဲ လာလည်ကြသော မိသားစုကလေးတွေ ကို ကြည့်ကာ အနာဂတ်ကို စိတ်ကူးယဉ်ကြသည်။ ပုဏ္ဏရိက်ရွက်နကလေး တွေကို ခူးကာ ချမ်းမြက လက်သီးကလေး ဆုပ်ပြီး လက်ဝါးနှင့် ရိုက်ကာ ဖောက်ကြသည်။ ဖောက်ကနဲ အသံမြည်သွားလျှင် ဘာရယ်မဟုတ် နှစ် ယောက်သား အားရပါးရ ရယ်ကြသည်။

မှောင်ရိပ်ပျိုးတော့မှ သူတို့ဆုံနေကျ ခုံကလေးမှ ထသည်။ ပုဏ္ဏရိက် တန်းကို ရောက်တော့ ချမ်းမြက လုပ်နေကျ အကျင့်ဖြစ်သော ပုဏ္ဏရိက်တန်း ကလေးကို လက်ဝါးလေးနှင့် ထိကာ လျှောက်ခဲ့၏။ ပုဏ္ဏရိက်ရွက်ကလေးတွေ လုပ်ကာ ကျန်ခဲ့သည်။ မိုးဆွေက အတူလျှောက်လာရင်း အဖအေးသံပူးအလွတ် တစ်ခုကို ငုံကောက်ကာ အမှိုက်ပုံးထဲသို့ ထည့်သည်။ မိုးဆွေသည် တစ်ခါ တစ်ရံ ထိုသို့ တာဝန်ကျေတတ်သူ ဖြစ်ပါ သည်။

ကျေနပ်ပျော်ရွှင်စိတ်သည် အိမ်ရှေ့မှာ ရပ်ထားသော ဦးသန့်ဇင်ကို ၏ကားကို တွေ့လိုက်ရတော့ နည်းနည်းပျောက်ကာ သွား၏။

"အခုမှ ပြန်လာတာလား…မချမ်းမြ၊ ကျွန်တော်ပြန်ခါနီးကတောင် ကြည့်ပါသေးတယ်၊ လမ်းကြုံတာနဲ့…"

"ဖြူလေးမေမေ နေမကောင်းဘူးဆိုလို့ ဝင်ကြည့်နေတာ"

"မောင်သန့်ဇင်ကို သမီးဖေဖေနဲ့ စကားကောင်းနေတာ သမီးရဲ့"

ချမ်းမြ တစ်ချက်ပြုံးကာ အကျီလဲဖို့ အခန်းထဲ ဝင်ခဲ့သည်။ ဖေဖေက သူ့အလုပ်လုပ်နေစဉ်တုန်းက အတွေ့အကြုံတွေကို ပြောကာနေ၏။ ဒီလိုကိစ္စ မျိုး ပြောရမည်ဆိုလျှင် ဖေဖေသည် တစ်ညလုံး ထိုင်ပြောနိုင်သူ ဖြစ်သည်။

ချမ်းမြ ရေချိုးနေတုန်းမှာ ဦးသန့်ဇင်ကို၏နှုတ်ဆက်သံကို ကြားရ၏။ ထမင်းစားပြီးကြတော့ ဧည့်ခန်းမှာ ဆွယ်တာအကျီ ထိုးနေသော ချမ်းမြကို မေမေက စကားစလေသည်။

"မောင်သန့်ဇင်ကိုကတော့ အမေတို့ကို တရားဝင် ပြောသွားပြီ သမီး ရေ"

"သမီး…သူနဲ့ ပတ်သက်လို့ စဉ်းစားနေတုန်းပါ မေမေ"



www.burmeseclassic.com

"မောင်သန့်ဇင်ကိုဟာ ငြင်းစရာ မလိုတဲ့ အိမ်ထောင်ဖက် တစ်ယောက်ဆိုတာကိုတော့ သမီးသိမှာပါ၊ အိမ်ထောင်ရေးဆိုတာ အင်မတန်ပြဿနာများတဲ့ကိစ္စပါ သမီးရယ်၊ ခရီးရှည် တစ်ဘဝလုံး ရင်ဆိုင်ရတဲ့ကိစ္စကြီးပါ၊ ငွေကြေးပြည့်စုံထားတော့ ရင်ဆိုင်ရတဲ့ ပြဿနာ နည်းတာပေါ့၊ မေမေကတော့ မေမေ့အတွေ့အကြုံအရ မောင်သန့်ဇင်ကိုနဲ့သမီးကို လုံးဝနစ်သက်တယ် သမီး..."

သိပ်အံ့ဩစရာ မဟုတ်သော်လည်း ချမ်းမြ စိတ်ကျဉ်းကျပ်သွားတာတော့ အမှန်ပင်ဖြစ်ပါသည်၊ သူ့အတွက် အရေးကြီးသောအချိန်သည် ရောက်လာလေပြီဖြစ်၏။

"ဟုတ်ပါတယ် မေမေ...တစ်ဘဝလုံး ရင်ဆိုင်ရမယ့်ကိစ္စမို့ သမီးကို အေးအေးဆေးဆေး ဆုံးဖြတ်ခွင့်တော့ ပေးပါ မေမေရာ...နော်"

မေမေက ပြုံးကာ ခေါင်းညိတ်လေသည်။

၅ ၅ ၅ ၅

"နှင်းစဉ်းစားနေတာ ကိုကို့အတွက်ပါ၊ နှင်း ဒီလိုလုပ်လိုက်ရင် ကိုကို့အပေါ်မှာ တရားမှ တရားပါ့မလားလို့၊ ကိုကို နှင်းဖြူအပေါ် ဘယ်လောက်ချစ်သလဲဆိုတာ နှင်းဖြူသိတယ်၊ မင်းခန့်နဲ့ လက်ထပ်ပြီးရင် မင်းခန့်က ဘယ်နည်း





နဲ့မှ နှင်းတို့အိမ်မှာ လိုက်နေမှာမဟုတ်ဘူး၊ နှင်းက သူတို့အိမ်ကို လိုက်ရမှာ... အဲဒီကျရင် ကိုကိုတစ်ယောက်တည်း"

နှင်းဖြူအသံ တိမ်ဝင်ကာသွား၏။ ရှေ့ဆက် စကားမပြောနိုင်တော့၊ အေးနှင့်မိဇင်လည်း တိတ်ကာသွားကြသည်။ ထူးသီဟက အခြေအနေကို ဝင်ကာထိန်းသည်။

"နှင်းဖြူရယ်...နှင်းဖြူအစ်ကိုလည်း ပညာတတ်တစ်ယောက်ပဲဟာ၊ ဒီကိစ္စတွေဟာ လူ့သဘာဝဆိုတာကို သူနားလည်မှာပါ၊ ပြီးတော့ မင်းခန့်နဲ့ဆိုရင် နှင်းဖြူအတွက် စိတ်အေးရတယ်ဆိုတာလည်း သူသိမှာပါ၊ နေဖို့ထိုင်ဖို့ကိစ္စတွေကတော့ ညှိကြတာပေါ့နော်..."

"မင်းခန့်နဲ့ မင်းကိစ္စကို မင်းကိုကို သိပြီးပြီဆို"

"အင်း...မင်းတို့ ရုပ်ရှင်ကြည့်ဖို့ လာခေါ်တုန်းက မင်းခန့် လိုက်ချော့တာကို ကိုကို့သူငယ်ချင်းတွေ မြင်သွားတယ်၊ ကိုကို့ကို ဘယ်နည်းနဲ့မဆို ပြန်ပြောကြမှာပဲ၊ နောက်တစ်ခါကတော့ ကိုကိုကိုယ်တိုင် မြို့ထဲမှာ မင်းခန့်နဲ့ လက်တွဲလာတာကို မြင်တာ"

"အင်း...သက်စုအမြင်အရဆိုရင်တော့ နှင်းဖြူကိုကိုက သိနေပါပြီ၊ သိနေလျက်နဲ့ နှင်းဖြူကို ဘာမှမပြောဘူးဆိုတာ နှင်းဖြူအပေါ်မှာ တစ်ခုခုနားလည်ပေးထားလို့ နေမှာပါ"

သက်စုစကားကို နှင်းဖြူမငြင်းရဲပါ။ ကိုကိုသည် သူ့ကို မင်းခန့်ကိစ္စနှင့်ပတ်သက်၍ ဘာတစ်ခွန်းမှ မပြောခဲ့၊ တိတ်တိတ်နေခြင်းသည် ဝန်ခံခြင်းဟုဆိုလျှင် ကိုကိုသည် မင်းခန့်နှင့်သူ့ကို သဘောတူသည်ဟူသော အဓိပ္ပါယ်ကို ရနိုင်ပါသည်။

"မင်းခန့်က ဘယ်တော့လောက်လို့ ပြောလဲ နှင်းဖြူ"

"စာမေးပွဲပြီး နောက်တစ်နေ့တဲ့"

"ဟင်...မစောလွန်းဘူးလား နှင်းဖြူရဲ့"

"အဲဒါက ဒီလို မိဇင်ရာ...ဒီကောင်က စာမေးပွဲပြီး တစ်လလောက်နေတာနဲ့ ဩစတြေးလျမှာ ရှိတဲ့ သူ့ဦးလေးဆီမှာ အလုပ်သွားလုပ်ရမှာ၊ အဲဒါ... နှင်းဖြူကို စေ့စပ်သွားတဲ့သဘောပေါ့ဟာ၊ လက်ထပ်မှာကတော့ အဲဒီက ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာမှ၊ ဒီကောင် ဟိုမှာ တစ်နှစ်ခွဲလောက်တော့ ကြာမှာ၊ ဒီကောင့်မိဘတွေက လည်း ဒီကောင့်ကို စိတ်အေးလက်အေး အလုပ်သွားလုပ်စေချင်ဟန် တူပါတယ်"

နှင်းဖြူ ဒီအကြောင်းကို သိပြီးပါပြီ။ မင်းခန့်ကလည်း သူ့ကို သေသချာချာ ရှင်းပြပြီးပြီဖြစ်သည်။ မင်းခန့် မိဘနှစ်ပါးသည် နှင်းဖြူကို သမီးကလေး တစ်ယောက်လို ချစ်ခင်ယုံကြည်သည်ဆိုတာ သံသယဖြစ်စရာ မရှိပါ။ ငယ်စဉ်ကတည်းက မိဘငတ်ခဲ့သော နှင်းဖြူအတွက် မိဘအစားရသည်ဟုပင် နှင်းဖြူ ယူဆပါသည်၊ မင်းခန့်မေမေက…

"အန်တီမှာ သမီးမရခဲ့ဘူး နှင်းဖြူရဲ့ သားမွေးပြီးကတည်းက သားအိမ် ထုတ်လိုက်ရတာ၊ သမီး သိပ်လိုချင်ခဲ့တာ၊ သူ့ဖေဖေကတော့ ပြောပါတယ်၊ သားရှိတယ်ဆိုရင် အချိန်တန်တော့ သမီးက ရလာမှာပေါ့ကွာတဲ့၊ ဟုတ်ပါတယ်…နှင်းဖြူဟာ မေမေ လိုချင်နေတဲ့ သမီးလေးပါပဲ"…တဲ့။

နောက်ဆုံးတော့ နှင်းဖြူထံမှာ တစ်ခုသာ ကျန်တော့သည်။ ထိုအစက်အခဲက ကိုကို့ကို ဘယ်လိုပြောရမလဲ ဆိုတာပဲ ဖြစ်၏။ စာမေးပွဲဖြေဖို့က တစ်လသာ လိုပါတော့သည်။ တစ်လဆိုသောအချိန်သည် မလိုအပ်လျှင် အလျင်အမြန် ရောက်လာတတ်သည် မဟုတ်လား…။

ꩤ ꩤ ꩤ ꩤ





"ဖြစ်နိုင်ရင်တော့ အချိန်ဆွဲတာ အကောင်းဆုံးပဲ ချမ်းမြ့ရယ်၊ ညီမလေး စာမေးပွဲ မပြီးမချင်းပေါ့၊ နောက်ဆုံးနှစ် စာမေးပွဲဖြေရမယ့် ညီမလေးကို ကျွန်တော် စိတ်အနှောင့်အယှက် မဖြစ်စေချင်တာ တကယ်ပဲ၊ ညီမလေးက ကျွန်တော့်ကို သိပ်အားကိုးတာ၊ ချစ်လည်း အရမ်းချစ်တာ၊ ကျွန်တော် အခုလို ရုတ်တရက်ကြီး အိမ်ထောင်ပြုလိမ့်မယ်လို့ သူထင်မှာမဟုတ်ဘူး"

"ချမ်းမြနဲ့ကိစ္စကို ပြောမထားဘူးလား"

"ဟုတ်တယ်…ကျွန်တော်ပြောမထွက်လို့ မပြောရသေးဘူး"

အင်း…ဒီမောင်နှမသံယောဇဉ်ကိုတော့ တော်တော်နားလည်အောင် ကြိုးစားရဦးမည်ဟု ချမ်းမြ တွက်လိုက်ပါသည်။

"မိဘတွေ မရှိဘဲ လောကကြီးကို နှစ်ဦးတည်း ဖြတ်သန်းခဲ့ရတဲ့ ကိုမိုးတို့မောင်နှမကို ချမ်းမြ နားလည်ပေးလို့ရပါတယ်၊ ဒါပေမယ့် အချိန်ဆွဲတယ် ဆိုတာကတော့ အတိုင်းအတာတစ်ခုထိ ရှိတယ် ကိုမိုး၊ ချမ်းမြက ဘယ်လောက်ထိ အချိန်ဆွဲထားရမှာလဲ၊ ဦးသန့်ဇင်ကိုဟာ လူဆိုးတစ်ယောက် မဟုတ်ပေမယ့်…သတိလက်လွှတ် ထားရမယ့် လူတစ်ယောက်လည်း မဟုတ်ဘူး ကိုမိုး၊ ဒါကိုတော့ သတိထားပါ"

မိုးဆွေ တစ်ချက်တွေကာ စဉ်းစားနေသည်ကို မြင်ရ၏။ ချမ်းမြ တော်တော် အသည်းယားကာ သွားသည်။ ဒီလိုကိစ္စမျိုးဆိုတာ မိုးဆွေတသာ အသည်းအသန် ဖြစ်သင့်တာ မဟုတ်လား။ မိုးဆွေ တော်တော်နှင့်စကားသံ



www.burmeseclassic.com

www.burmeseclassic.com



မထွက်လေလေ ချမ်းမြ အသည်းပိုယားလေလေ ဖြစ်၏။

"ဒီလိုလုပ် ချမ်းမြရယ်၊ ညီမလေး စာမေးပွဲဖြေပြီး…နောက်တစ်နေ့ပေ့ါ၊ အင်း…ညီမလေးက စက်တင်ဘာ သုံးဆယ်ရက်နေ့ စာမေးပွဲပြီးမယ်၊ နိုဝင်ဘာ တစ်ရက်နေ့ပေ့ါနော်…"

"နိုဝင်ဘာ တစ်ရက်နေ့ပေ့ါနော်…ကောင်းပြီလေ…ရက်က သိပ်မှမလိုတော့တာ၊ တစ်လနီးပါးပဲ ရှိတာပဲ"

"ချမ်းမြရယ်…ကျွန်တော် ချမ်းမြကို ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ပါဘူး၊ ချမ်းမြဟာ အခက်အခဲပေါင်းများစွာ အမှားအယွင်းပေါင်းများစွာနဲ့ ကျွန်တော်ရထားတဲ့ ရည်းစားဦးပါ၊ ရည်းစားဦးကို လက်ထပ်ခွင့်ရတယ်ဆိုတာ တော်တော်ခက်ခဲတဲ့ကိစ္စပါ၊ အဲဒီနေ့မှာ ကျွန်တော်က ဘယ်လိုလာတောင်းရမှာလဲဟင်"

ချမ်းမြ တော်တော်အံ့ဩသွား၏။ ဒီလောက် အခြေအနေပေါင်းစုံ အကြောင်းအရာအစုံကို ပြောထားပါလျက်နဲ့ သူက လာတောင်းဖို့ကိစ္စကို ပြောနေရသေးသည်။ မိုးဆွေဆိုသည့်လူသည် တုံးသည့်နေရာမှာ ရိုးရိုးကြီးပဲ၊ တွေးသည့်နေရာမှာ တော်တော်အံ့ဩဖို့ကောင်းသည့် လူတစ်ယောက်ဖြစ်သည်၊ အဲဒီနေ့မှာ ကျွန်မကို ခိုးပြေးပါဟု ကိုယ်တိုင်က ပြောရမှာလား၊ သို့သော် တစ်ဖက်က တွေးလျှင်တော့ သူကိုယ်တိုင်က မိသားဖသားပီပီ တောင်းချင်တဲ့စိတ်၊ သူမအပေါ် တန်ဖိုးထားချင်စိတ် ရှိနေသည်ဟုလည်း တွေးရှုရနိုင်ပါသည်၊

"ဒီအခြေအနေနဲ့ ဘယ်လိုလုပ် လာတောင်းလို့ရမှာတဲ့လဲ"

"ဟား…ဒါဆိုရင်"

ချမ်းမြ ဘာမှမပြောတော့ဘဲ ခေါင်းကို ငုံ့ချပစ်လိုက်၏။ ချမ်းမြစိတ်ထဲမှာ ရှက်သည်။ ဒေါသထွက်သည်။ ပြီးတော့ ရယ်လည်း ရယ်ချင်နေ သည်။ ဒါတောင်မှ ကိုယ်တော်မြတ်က စဉ်းစားကာ နေသေး၏။ ပြီးတော့မှ အဖြေရသွားသော ကလေးတစ်ယောက်လို ဝမ်းသာအားရ အော်သည်၊

"ဒါ…ဒါဆိုရင် ခိုးရမှာပေ့ါ…ဟုတ်လား၊ ဟင်…ချမ်းမြ ခိုးရမှာလား"

"သဘောပဲ"

"ခိုးမယ်…ခိုးမှ ရမယ်ဆိုရင် ခိုးရမှာပေ့ါ၊ တစ်ရက်နေ့ညကို ကျွန်တော်





ဘယ်အချိန် လာရမှာလဲဟင်…"

"ဟာ…ခိုးတယ်ဆိုတာ သူခိုး ခိုးသလို ညကြီးလာရမှာမှ မဟုတ်ဘဲ၊ တစ်ရက်နေ့ ကိုးနာရီကို ဗဟိုတရားရုံးက စောင့်မယ်၊ သိရဲ့လား တရားရုံးကို… Company အတွက် စာချုပ်တွေဘာတွေ ချုပ်တဲ့ တရားရုံး"

"သိတယ်…သိတယ်၊ ကျွန်တော် သုံးလေးခါ ရောက်ဖူးတာပဲ၊ စိတ်ချ အဲဒီနေ့ သက်သေလုပ်မယ့် ကျွန်တော့်သူငယ်ချင်းနှစ်ယောက်ကိုပါ ခေါ်ခဲ့မယ်"

ဒီလောက်ဆိုရင်တော့ ချမ်းမြ စိတ်ချသွားပါပြီ၊ ဒါပေမယ့် ထပ်မှာရသေး၏။

"သက်သေက အရေးမကြီးဘူး၊ ဟိုမှာ သက်သေလုပ်ဖို့ လူရှိတယ်၊ သူတို့ မလာလို့ စောင့်နေတာတွေဘာတွေ မလုပ်နဲ့နော်၊ ကိုးနာရီ ရောက်အောင်လာခဲ့၊ ပြီးတော့ Company မှာလည်း ဘယ်သူ့ကိုမှ မတိုင်ပင်ပါနဲ့၊ သတင်းလုံးဝပေါက်လို့မရဘူး၊ ချမ်းမြက အိမ်ကို စွန့်ပြီး ထွက်ခဲ့ရမှာ"

မိုးဆွေက ချမ်းမြလက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ ကတိပေးရှာပါသည်၊

"စိတ်ချပါ ချမ်းမြရယ်…ချမ်းမြ ဘယ်လောက် စွန့်စားရမယ်ဆိုတာ ကျွန်တော်သိပါတယ်၊ အဲဒီနေ့မှာ ချမ်းမြရဲ့ဆွဲကြိုးကလေးမှာ ကျွန်တော် ဆွဲပြားကလေး ဆွဲပေးမယ်…ဟုတ်ပြီလား၊ ပြီးမှ လက်မှတ်ထိုးကြတာပေ့ါ"

ဒီတစ်ခါတော့ ချစ်သူရဲ့ကတိစကားမှာ ချမ်းမြမြကြိုင် ယုံကြည်သက်ဝင်စွာ မိန်းမောသွားခဲ့ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

ငွေတိုးပေးစားသူတစ်ယောက်အတွက် အချိန်တစ်လသည် ကြာသည်ဟု ထင်ရသော်လည်း မိုးဆွေအတွက်တော့ အချိန်တစ်လသည် မြန်လွန်းနေသည်။

ထိုတစ်လအတွင်း ဆုံနေကျနေရာကလေးမှာ ဆုံကာ မိုးဆွေနှင့် ချမ်းမြ ညှိစရာရှိသည်တို့ကို ညှိရပါသည်။ ကြိုတင်စီစဉ်သင့်တာတွေကို စီစဉ်ရသည်၊ ညှိစရာက တခြားမဟုတ်၊ ညီမလေးအတွက်သာဖြစ်၏။ သူက လက်ထပ်သွားပြီး ညီမလေး၊ကို တစ်ယောက်တည်း ထားခဲ့ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ထို့ကြောင့် ညီမလေးနှင့်အတူ အခုလက်ရှိအိမ်မှာပဲ နေဖို့ ချမ်းမြကို တောင်းပန်ရသည်၊

တော်တော်စဉ်းစားပြီးမှ ချမ်းမြကလည်း သူ့ကို ငဲ့ကာ သဘောတူရှာ





ပါသည်။ နောက်တစ်ခုကတော့ ဆွဲပြားကလေးကိစ္စပင် ဖြစ်၏။ ချမ်းမြကတော့ မေ့နေလို့ပဲလား၊ အရေးမကြီးဟု သဘောထားချဲ့ပဲလားမသိ၊ ထိုကိစ္စကို တစ်ခွန်းမှ မပြောသော်လည်း သူ့ဘက်ကတော့ ကြိုးစားရပါသည်။ ဒီတစ်ခါတော့ ချစ်သူအတွက်ပင် တမင်ရည်ရွယ်ခြင်းဖြစ်၏။

Company က တစ်နေ့ကို ငါးရာနှင့် ချိတီစုကြသောအဖွဲ့ထဲကို မိုးဆွေ ဝင်လိုက်သည်။ မဲနှိုက်ကြတော့ သူ့စီနီယာက နံပါတ်သုံးနေရာ ဖြစ်သော်လည်း နံပါတ်တစ်ရသူကို နည်းမျိုးစုံနှင့် တောင်းပန်ကာ သူ ပထမဦးဆုံး ယူလိုက်သည်။ ဒါတွေကို ချမ်းမြကတော့ လုံးဝမသိ။ ညနေတွေမှာ ချမ်းမြက ဦးသန့်ဇင်ကို ကားနှင့် ပါသွားတတ်သော်လည်း မိုးဆွေက တုန်လှုပ်ဟန် လုံးဝမပြ။

သူ့ချစ်သူကို သူယုံပါသည်၊ ချမ်းမြသည် နိဝင်ဘာ တစ်ရက်နေ့အတွက် ဦးသန့်ဇင်ကို့ကို စည်းရုံးနေခြင်းသာ ဖြစ်ရမည်။ ဦးသန့်ဇင်ကို၏ကားပေါ်ကို တက်ခါနီး ချမ်းမြ၏အကြည့်များတွင်လည်း "စိတ်ချပါနော်" ဆိုသောစကားသံကို မိုးဆွေကြားနေရ၏။

စက်တင်ဘာလ လခထုတ်ပြီးပြီးချင်း မိုးဆွေလခနှင့် ချိတီဗိုး ပေါင်းကာ ဆွဲပြားကလေးကို သွားဝယ်ရ၏။ ရွှေဈေးက တက်သွားသဖြင့် နှစ်ခုပေါင်းမှ ငွေက မီရုံသာ ရှိသည်။ နောက်ဆုံး ရင်းစရာ ညီမကလေးသာ ကျန်ပါတော့သည်၊

ရုံးကအပြန် လမ်းထိပ်မှာ တွေ့သော သိန်းမြင့်နှင့် ခင်ဌေးကို မနက်သူ့ထံသို့ တိုက်ပုံအကျႌ သို့မဟုတ် ကော်လံလည်ကတုံး ဝတ်ကာ ကိုးနာရီလောက် လာဖို့ ချိန်းရသည်၊ ခင်ဌေးနှင့် သိန်းမြင့်က ကြောင်ကာနေသည်၊

"တိုက်ပုံအကျႌ ဝတ်ခဲ့ရမယ်…ဟုတ်လား၊ ဘာကိစ္စရှိလို့တုန်း"

"မနက်ကျတော့ ငါပြောပါ့မယ်ကွာ…အရေးကြီးလို့ပါ၊ ငါ့ဆီကို ကိုးနာရီမထိုးခင် ရောက်အောင်လာခဲ့…သိလား၊ ကဲ…ရှစ်နာရီကွာ"

"မင်းဟာက တစ်ခုခုတော့ ပြောဦးမှပေါ့မိုးဆွေရာ…ငါတို့က ဘာမှန်းမသိ ညာမှန်းမသိနဲ့"

"ကိစ္စက မင်္ဂလာကိစ္စကွာ၊ ကဲ…ရပြီလား၊ မင်းတို့ မှတ်ပုံတင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ထည့်ခဲ့ကြ၊ ဒါပဲ...”

ချမ်းမြ မှာထားသော ဘယ်သူ့ကိုမှ မသိစေနဲ့ ဆိုသောစကားကို သူ မလွန်ဆန်ရဲပါ။ ဒီကောင်တွေက အရင်းနှီးဆုံး သူငယ်ချင်းဆိုပေမယ့် ရုပ်ကွက်ချင်းက ကပ်နေသဖြင့် သူ သတိထားရပါသည်၊ ဒီကောင်တွေ ပဟေဠိဖြစ်ကာ ကျန်ခဲ့သော်လည်း မနက်ကို ကျွန်းသေ လာမည်ဆိုတာကိုတော့ သူယုံကြည်ပါသည်။

အားလုံး စီစဉ်ပြီးမှ အိမ်သို့ သူပြန်ခဲ့သည်၊

မိုးဆွေ အိမ်ကို ရောက်တော့ ညီမလေးက မရောက်သေး၊ စာမေးပွဲ နောက်ဆုံးနေ့ နည်းနည်းနောက်ကျမယ် ကိုကိုဟု ပြောထားသော ညီမလေးသည် ပြောထားတာထက် ပို၍နောက်ကျကာ နေ၏။ ကျောင်းကြီးနဲ့ သူငယ်ချင်းတွေကို ခွဲရတဲ့နောက်ဆုံးနေ့မှာ ဒီလိုဖြစ်တတ်တာ အဆန်းတော့မဟုတ်ဆိုတာ မိုးဆွေသိပါသည်။ ညီမလေးက ရှစ်နာရီလောက်မှ ပြန်ရောက်လာ၏။ ပြန်ရောက်ရောက်ချင်း ညီမလေးကို သူမျက်နှာချင်းမဆိုင်ရဲသေး။ ညီမလေးကလည်း သူ့ကို ရှောင်နေသည်ဟု မိုးဆွေထင်သည်၊ ဒါ သူ့စိတ်က သက်သက်ထင်တာပဲ ဖြစ်ရမည်၊ မရိုးသားသူက သူ မဟုတ်လား။

ညီမလေးကို ဘယ်လို စကားစရပါ့မလဲ၊

စကားစပြောဖို့ စကားလုံးနှစ်ရာလောက် နှင်းဖြူခေါင်းထဲမှာ ပေါ်လာသော်လည်း ဘယ်စကားလုံးနှင့်မှ ကိုကို့ကို ဂကားစမပြောရဲခဲ့ပါ။ မျက်နှာချင်း မဆိုင်မိအောင် သူမ ရှောင်နေမှန်းကိုလည်း ကိုကိုသိပါလိမ့်မည်၊ ရေမိုးချိုးပြီးသည့်တိုင် လက်ဖျားခြေဖျားမှာ ချွေးတွေ ပျံကာနေ၏၊ ကိုကို့ကို မပြောရက်သော စကားသည် နှင်းဖြူနှလုံးသားတွင် တဆွေ့တစ်ကောင်လို ခုန်ပေါက်နေခဲ့သည်၊

ကြံရာမရဖြစ်ကာ အိပ်ရာကို ပြင်နေတုန်း “ညီမလေး...” ဆိုသော ကိုကို၏ခေါ်သံကို ကြားလိုက်ရသည့်အခါ နှင်းဖြူတစ်ကိုယ်လုံး တုန်ကာသွား၏။

“ညီမလေးကို ကိုကို ပြောစရာရှိတယ် ညီမလေး”

“ဟုတ်...ဟုတ်ကဲ့...ကိုကို”





ကိုကိုသည် စကားတစ်ခွန်းမှ မပြောသေးဘဲ သက်ပြင်းကိုသာ မကြာခဏ ချကာ အဝေးကို ငေးကာငေးကာ နေသည်၊ နှင်းဖြူကတော့ ကြောက်လှပြီ။ ပြီးမှ ကိုကိုက တစ်ခွန်းချင်းပြောသည်။

“ညီမလေး...စာမေးပွဲ ဖြေနိုင်ရဲ့လား”

“ဟုတ်...ဟုတ်ကဲ့ ကိုကို၊ ဖြေနိုင်ပါတယ်”

“ဘွဲ့ရပြီပေါ့ ...ဟုတ်လား”

“ဟုတ်ကဲ့...ကိုကို”

ကိုကိုက ကျေနပ်စွာ ပြုံးရင်း...အဝေးသို့ ငေးသည်။ ပြီးမှ နှင်းဖြူ့ခေါင်းကလေးကို လှမ်းဖွကာ ညင်သာစွာ ပြော၏။

“အင်း...မိဘမရှိ၊ ဆွေမျိုးတွေ မလာဘဲ တို့မောင်နှမ ဘဝကို ဖြတ်သန်းရတာ တော်တော်ပင်ပန်းပါတယ်၊ ဒါပေမယ့် ကိုကိုတို့ နိုင်ခဲ့တယ်... ညီမလေး၊ အခုဆို မကြာခင် ညီမလေးလည်း ဘွဲ့ရတော့မယ်”

“ဒါပေါ့ ကိုကိုရာ...ညီမလေးလည်း ဒါကြောင့် ကြိုးစားတာပေါ့”

“ဟုတ်တယ်...ကိုကို ဒီနေ့ည ပြောတဲ့စကားတွေက ထူးဆန်းကောင်းထူးဆန်းနေလိမ့်မယ်၊ လူ့လောကဆိုတာ မထင်မှတ်တာတွေလည်း ဖြစ်တတ်ပါတယ် ညီမလေးရယ်၊ ညီမလေးလည်း အရွယ်ရောက်လာပြီဆိုတာ ကိုကို သိပါတယ်”

“ဟာ...ကိုကိုကလည်း ဘာတွေပြောနေတာလဲ”

နှင်းဖြူ ရှက်သွားသည်။ လန့်လည်း လန့်ကာသွား၏။ ကိုကို ကြိုသိနေသလားဟု သူ့စိတ်ထဲမှာ မလုံမလဲဖြစ်ကာ ပြောမိခြင်းဖြစ်ပါသည်၊

“ညီမလေးရယ်...ဒါ ရှက်စရာမှ မဟုတ်ဘဲ၊ ကိုကိုတို့ မြန်မာလူမျိုးတွေဟာ ဒီကိစ္စကို ပြောရင် ရှက်တတ်ကြတယ်၊ သိက္ခာမဲ့တယ်လို့ ထင်တယ်၊ အပျိုကလေးတွေကို မေးကြည့်လိုက်ရင် ရည်းစားရှိလားဆို စိတ်မဝင်စားဘူး၊ မူးလို့တောင် ရှုစရာ မရှိဘူးဆိုတဲ့အဖြေပဲ ဖြေတတ်ကြတယ်၊ အမှန်တော့ ဘယ်ဟုတ်ရမှာလဲ”

ကိုကိုက စကားဆက်မပြော၊ နှင်းဖြူကလည်း ဘာမှဆက်ပြောစရာ မရှိပါ၊ ပြောလည်း မပြောဝံ့ပါ။ ကိုကိုသိပြီးသားလို့ သိသွားကတည်းက နှင်းဖြူ



www.burmeseclassic.com

www.burmeseclassic.com



အသိတရားထဲမှာ ဘာစကားမှ မရှိတော့ဘူး။

"ညီမလေး ရှင်ဦးမှာ မဟုတ်ဘူး၊ ဒီလိုကွ...လူမှာ အချစ်နဲ့ ပတ်သက်လို့ အဆင့်ငါးဆင့်ရှိတယ်၊ အမိဝမ်းထဲက ကျွတ်ပြီး မွေးကင်းစ ကလေးဟာ သူ့ကို နို့ချိုတိုက်ကျွေးတဲ့၊ နွေးထွေးလုံခြုံအောင်ထားတဲ့ အမေကိုပဲ ချစ်တာတဲ့၊ အမေကို နှစ်နှစ်အထိ ချစ်တယ်လို့ သုတေသနပညာရှင်တွေက ဆိုတယ်"

"ဟုတ်ကဲ့...ကိုကို"

"အေး...နှစ်နှစ်ကျော်တော့ အမေဟာ အဖေကို ဂရုစိုက် ဦးစားပေးတတ်မှန်း ကလေးက သိလာတယ်၊ အဖေပြန်လာချိန်ကို အမေက မျှော်နေတယ်၊ အဖေက ပြန်လာရင်လည်း အားလုံးအတွက် စားစရာဖြစ်ဖြစ် သူ့အတွက် ကစားစရာဖြစ်ဖြစ် ဝယ်လာတတ်မှန်း သိလာတယ်၊ အမေက သူ့ကို ဆူရင်ပူရင် အဖေက တာဝန်ယူတတ်မှန်း သိလာတယ်၊ နှစ်နှစ်ကနေ ငါးနှစ်အထိမှာ ကလေးက အဖေကို ချစ်တယ်တဲ့"

နှင်းဖြူ ငြိမ်နေလိုက်ပါသည်။ ကိုကိုသည် သူ့ကို ဒီလိုစကားမျိုး တစ်ခါမှ မပြောခဲ့ဖူးပါ။

"အဲဒီအဖေကို ချစ်သက်က ငါးနှစ်အထိ ရှိတယ်၊ ငါးနှစ်ကျော်တော့ ကလေးက သူငယ်ချင်းကို ချစ်တယ်တဲ့၊ အဖေပြောလည်းမရ၊ အမေပြောလည်းမရ၊ သူငယ်ချင်းမှ သူငယ်ချင်းပဲ၊ ဒါပေမယ့် ပျိုဖော်ဝင်ချိန်ကျတော့ သူ့စိတ်က အချစ်ပြောင်းသွားတယ်၊ ပျိုဖော်ဝင်ချိန်ကနေပြီး တစ်သက်လုံး အဲဒီကလေး၊ အဲဒီလူရဲ့ချစ်စိတ်ဟာ ဆန့်ကျင်ဘက်လိင်မှာပဲ ရှိတယ်တဲ့၊ ဒါဟာ သဘာဝတစ်ခုပဲ၊ ဘယ်သူမှ မဆန့်ကျင်နိုင်တဲ့ အမှန်တရားတစ်ခုပဲ၊ ကိုကိုပြောတာကို ညီမလေး လက်ခံရဲ့လား"

နှင်းဖြူ တော်တော်ဝမ်းသာသွားပါသည်။ ကိုကိုဟာ ဘယ်ခလောက် ချစ်ဖို့ကောင်းတဲ့ ကိုကိုတဲ့လဲ။ ဒါပေမယ့် ကိုကိုပြောတဲ့ထဲမှာ မကျေနပ်စရာ တစ်ခုတော့ ပါနေ၏။

"အင်း...သီအိုရီအရတော့ ဟုတ်မှာပေါ့နော်၊ ဒါပေမယ့် ဆန့်ကျင်ဘက်လိင်ဆိုပေမယ့် ကိုယ့်မိဘ ကိုယ့်အစ်ကို့ကိုလည်း ချစ်တာပါပဲ"

"ဟုတ်ပါတယ်...ညီမလေးရဲ့ ကိုကိုက ဖောချင်း မတူဘူးလို့ ပြောချင်





တာပါ၊ တို့မောင်နှမလည်း ဘယ်လောက်ချစ်ကြချစ်ကြ၊ တစ်နေ့ကျ အိမ်ထောင်ပြုရမှာပဲ၊ တို့က အဖေအမေ မရှိလေတော့ မျိုးဆက်အတွက် ပိုတောင်လိုသေးတယ်၊ ဒါကို ညီမလေး လက်ခံတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ...ကိုကို"

ကိုကိုက နှင်းဖြူခေါင်းကလေးကို ချစ်စနိုး လှမ်းကာဖွပြန်၏။ အင်မတန် ကြီးလေးစက်ခဲသောကိစ္စကြီး အဆင်ပြေသွားသဖြင့် နှင်းဖြူရင်ထဲ ပေါ့ကာ သွားသည်။ ထိုစကားများသည် မနက်ဖြန်တွင် လာတောင်းတော့မည့် မင်းခန့်နှင့်သူ့ကို ကိုကိုက သဘောတူပါသည်ဟု ပြောသောစကားအပြင် ဘာမှမရှိနိုင်။ ကိုကို ဘယ်လိုသိသွားပါလိမ့်ဟု နှင်းဖြူတွေးသည်။ သို့သော် မေးတော့ မမေးရဲပါ။

"ကဲ...ကဲ...ကိုကိုပြောတာကို လက်ခံတယ်၊ နားလည်တယ်ဆိုရင် ညီမလေး သွားအိပ်တော့၊ ဟုတ်ပြီလား..."

ထိုညသည် ကောင်းကင်မှာ လမင်းကြီးက သာကာ ချစ်ခင်နှစ်လိုဖွယ် အိပ်စက်နိုင်သောည ဖြစ်ပါသည်။ သို့သော်လည်း...မိုးဆွေတို့ အိမ်ကလေးထဲမှာတော့ မောင်နှမနှစ်ယောက်သည် ကိုယ့်ပီတိနှင့် ကိုယ့်ရင်ခုန်သံနှင့် ကိုယ် အိပ်၍မရသောညလည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

**ချမ်း**မြမြကြိုင် အားလုံးပြင်ဆင်ပြီးသည့်အချိန်တွင် အပေါ်ထပ်မှ မေမေ့၏ဘုရားရှိခိုးဝတ်ပြုသံကို ကြားရလေသည်။ ချမ်းမြ ရင်ဆို့ကာ သွား၏။ မေမေသည် ဘုရားသောက်တော်ရေကို လဲ၊ ဆီမီးကို ထွန်း၊ ထမင်းဦးပေါင်းကို ဆွမ်းကပ်ကာ ငြိမ်းချမ်းစွာ ဘုရားရှိခိုးဝတ်ပြုနေခြင်းပဲ ဖြစ်ရမည်။ မကြာမီ ကြုံရတော့မည့် စိတ်ပူပန်ဆင်းရဲမှုကို မေမေ မသိသေး။ ထိုပူပန်ဆင်းရဲမှုကို ပေးမည့်သူကလည်း သူမကိုယ်တိုင် ဖြစ်ကာနေသည်။ ဖေဖေကလည်း အခုချိန်ဆို တုတ်ကောက်တစ်ချောင်းနှင့် အပူအပင်မဲ့စွာ လမ်းလျှောက်ထွက်နေရော့မည်။

ချမ်းမြရင်ထဲ ဆို့နင့်လာကာ အဖေနှင့်အမေကို ခုတင်ကလေးပေါ်မှာ ပင် ဒူးတုပ်ကာ ရှိခိုးဝတ်ပြုရင်း ခွင့်လွှတ်ဖို့ တောင်းပန်မိသည်။ ပြီးတော့ သူရေးထားသောစာကို ချသည်။

ပြီးတော့ သူ့အခန်းကလေးကို ဝေ့ကာကြည့်မိ၏။ နှစ်ဆယ့်နှစ်နှစ်





စလုံး သူ သုံးခဲ့သော အသုံးအဆောင်တွေက ငြိမ်သက်စွာ သူ့ကို ပြန်ငေးရင်း နှုတ်ဆက်နေသည်ဟု ခံစားရသည်။ သူ့ခေါင်းအုံးကလေး၊ မွေ့ရာခင်းကလေး၊ စားပွဲတင်နာရီကလေး၊ Sony ကက်ဆက်ကလေး၊ ဖက်ခေါင်းအုံးကလေး၊ ပန်ကာကလေး အားလုံးကို အရှူးတစ်ယောက်လို ချမ်းမြ လျှောက်ပြီး အာဗွား ပေးနေမိ၏။

သတိရတော့ ချမ်းမြ မျက်ရည်တွေ ဝဲနေပြီ။

စိတ်ကို တင်းကာ ချမ်းမြ မတ်တတ်ရပ်ပစ်လိုက်သည်။ ထိုအရာအားလုံးထက် ပို၍ချစ်သော၊ ပို၍နွေးထွေးသော၊ ပို၍ ယုံကြည်ရသော ချစ်သူ့ဆီကို သူသွားရတော့မည်။ ဒီအခန်းကလေးနဲ့သူ ဘယ်လောက်ဝေးရမည်ဆိုတာ ဘုရားမှပဲ သိတော့မည်။ ဒီအခန်းထဲမှာ ကြာကြာနေလျှင် ချမ်းမြ ရူးသွားလိမ့်မည်။ မျက်စိကို စုံမှိတ်ကာ သံယောဇဉ်ကို ဖြတ်ရ၏။ သံယောဇဉ်ဆိုသည်မှာ အကြီးနဲ့အသေး ဆုံလာလျှင် အသေးကို ဖြတ်ရစမြဲ မဟုတ်လား၊ သူ့လက်ကောက်ဝတ်က နာရီသေးသေးကလေးကို ကြည့်တော့ ရှစ်နာရီဆယ်မိနစ်ဖြစ်၏။ ကိုးနာရီအရောက် ဗဟိုတရားရုံးကို သွားဖို့ လုံလောက်သောအချိန် ဖြစ်ပါသည်။

အိမ်ရှေ့တံခါးမကို အသာစေ့လိုက်တော့ မေမေ့ဘုရားရှိခိုးသံကို မကြားရတော့။ မေမေ ငြိမ်းချမ်းစွာ နေပါစေလေ။ သူ့ကို အခန်းထဲမှာ မတွေ့လျှင်လည်း မေမေသည် သူ့ကို ထုံးစံအတိုင်း Company ကို သွားလိမ့်မည်ဟုပဲ ထင်ပါလိမ့်မည်။ ပြီးတော့ မေမေသည် ချက်ရေးပြုတ်ရေးအတွက် ဈေးသွား၊ ချက်ပြုတ်ရင်း ဆယ့်တစ်နာရီခွဲလောက်မှာ သူမအခန်းထဲကို ဝင်ရှင်းလိမ့်မည်။ ထိုအချိန်မှာ သူရေးထားခဲ့သောစာကို မွေ့ရာပေါ်မှာ မေမေ တွေ့လိမ့်မည်ဖြစ်၏။

"သမီးကို ခွင့်လွှတ်ပါ မေမေရယ်...ဒါဟာ ပထမဦးဆုံးနဲ့ နောက်ဆုံးအကြိမ် မေမေတို့ကို စော်ကားမိတာပါ"

နှုတ်က တိုးတိုးရွတ်ပြီး အံကို ကြိတ်ကာ ချမ်းမြ လှည့်ထွက်ခဲ့သည်။

ရေမိုးချိုးပြီးသည့်နောက် မိုးဆွေ ကော်လံ လည်ကတုံးအကျီကို စတင်ဝတ်သည်။ တိုက်ပုံအကျီကို အပေါ်က ထပ်ဝတ်ရင်း အကွေးတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကာသွား၏။ လည်ကတုံးအင်္ကျီက သိပ်ကိစ္စမရှိ၊ တိုက်ပုံအင်္ကျီနှင့်ဘာနှင့် အိမ်က ထွက်လျှင် ညီမလေးက မသင်္ကာဖြစ်ဦးမည်။ ညက ပြောပြီးသား ဆိုသော်လည်း ညီမလေးက သိပ်ကျေနပ်ဟန်မတူ၊ ချမ်းမြနှင့် တွေ့တော့မှပဲ တိုက်ပုံအင်္ကျီကို ဝတ်တော့ ပိုကောင်းမည်။ ထိုအတွေးက မဆုံးသေးခင်မှာ ဆွဲပြားကလေးကို သွားသတိရ၏။

တိုက်ပုံအင်္ကျီကို ချွတ်လက်စနှင့် အံဆွဲကို ဖွင့်ကာ ဆွဲပြားကလေးကို ထုတ်ကာကြည့်မိသည်။ လက်မှတ်မထိုးခင်တော့ ထိုဆွဲပြားကလေးကို ချမ်းမြ ဆွဲကြိုးကလေးမှာ အရင်ဝတ်ပေးရမည်။

ထိုစဉ်မှာပင်...

"ဟယ်...ကိုကိုက အားလုံး ပြင်ဆင်ပြီးနေပြီလား၊ ကိုကို ရေချိုး ကတည်းက ညီမလေးက နိုးနေတာ၊ အံမယ်...ဆွဲပြားကလေးပါလား၊ ဒါ ညီမ လေးအတွက် မဟုတ်လား၊ ကြိုက်တယ် ကိုကို...အရမ်းလှတာပဲ၊ ဝမ်းသာလိုက် တာ ကိုကိုရယ်...ကိုကိုက အရမ်းအလိုက်သိတာပဲ၊ ကြည့်စမ်း...တိုက်ပုံတွေ ဘာတွေနဲ့၊ ညကတည်းက ပြောလိုက်ရင် ပြီးတဲ့ဟာကို၊ အလကား...ညီမလေး ရှက်အောင် လျှောက်ပြောနေတယ်၊ တိုက်ပုံအင်္ကျီက ကြယ်သီးစုံအောင် တပ် ဦး၊ တော်ကြာ ဧည့်သည်တွေက လာတော့မှာ...ညီမလေး အဆင်ပြေအောင် နည်းနည်းသွားပြင်လိုက်ဦးမယ်နော်"

"ဟာ...ညီမလေး...မဟုတ်ဘူး...မဟုတ်ဘူး...ညီမလေး..."

လှစ်ခနဲ ထွက်ပြေးသွားသော ညီမလေးကို တားချိန်မရလိုက်၊ မိုးဆွေ ကြောင်ကာ ငေးငိုင်နေမိသည်။ ဘာတွေဖြစ်သွားမှန်း သူမသိ။ ညီမလေး ပြော သွားသောစကားတွေကိုလည်း သူ နားမလည်။

"ညီမလေး...ဘာပြောသွားတာလဲ၊ ဘယ်လိုလုပ်သွားတာလဲ၊ ဒုက္ခပါ ပဲကွာ...ညကလည်း ပြောထားလျက်သားနဲ့...ဒါ ငါ့ကို တမင်စနေတာလား... မဟုတ်သေးပါဘူးကွာ...ညီမလေး ဘာလုပ်တာလဲ"

မိုးဆွေ အခန်းထဲမှာ တစ်ယောက်တည်းပြောရင်း လမ်းလျှောက်ကာ နေမိ၏။ သူ့အကြံကို သိသွားသည့်အတွက် ညီမလေးက စသည်ဟုပင် သူထင် နေသည်။





"အေးပေါ့လေ...နောက်ဆုံး ဆိုးခြင်းပေါ့၊ ကိစ္စမရှိပါဘူး...ညီမလေး ကျေနပ်အောင် ကိုကို ပြောရတော့မှာပဲ"

မိုးဆွေ အခန်းထဲက ထွက်ကာ ညီမလေး ရှိရာအခန်း၏ခန်းဆီးစကို မ.တော့ ညီမလေးကို ထဘီရင်လျားနှင့် တွေ့လိုက်ရသဖြင့် လိုက်ကာခန်းဆီး ကို ပြန်ချနေတုန်း အိမ်ရှေ့မှာ ကားသုံးလေးစီး ရပ်သံ၊ "နှင်းဖြူ...မနှင်းဖြူရေ" ဆိုသော အော်သံတွေကို ကြားရသည်။

"ကိုကိုရေ...တံခါးသွားဖွင့်ပြီး ခဏဧည့်ခံထားလိုက်ပါ၊ ဧည့်ခန်းကို ညီမလေး ပြင်ပြီးသား၊ ခဏကြာရင် ညီမလေး ထွက်လာမယ်လို့...အင်္ကျီလဲနေ တယ်လို့ ပြောပေးပါ"

မိုးဆွေ ကြောင်ကာနေသည်။ ညီမလေး၏အရေးတကြီး အော်သံ၊ အိမ်ရှေ့က ခေါ်သံတွေကြောင့် မိုးဆွေ ဘာမှန်းမသိဘဲ အိမ်ရှေ့တံခါးကို ပြေး ကာဖွင့်မိသည်။ ဝတ်ကောင်းစားလှတွေ ဝတ်ထားသော လူတွေက သူ့ကို ပြုံးပြ ကာ ခေါင်းဆတ်ပြရင်း အိမ်ထဲသို့ ဝင်လာကြလေသည်၊ ထိုလူတွေကို မိုးဆွေ ကြောင်ငေးကာ ကြည့်နေမိ၏။

ကိုးနာရီ မထိုးခင် ဆယ်မိနစ်အလိုမှာ ချမ်းမြ ဗဟိုတရားရုံးသို့ ရောက် ပါသည်။ အခုမှ လက်နှိပ်စက်ကို ထုတ်ကာ ပြင်ဆင်ရင်း အမွေးတိုင် ထွန်းနေ သော ကောင်မလေးရှေ့မှာ ချမ်းမြ အသာကလေး ရပ်နေလိုက်ပါသည်။

"လက်ထပ်စာချုပ် လိုချင်လို့ပါ"

ကောင်မလေးထံမှ အံ့ဩသောအကြည့်ကို ပြန်ရ၏။

"ရိုးရိုးလား...ရှယ်လား အစ်မ၊ ငွေမင်နဲ့ ကတ်ထူရှိတယ်...ရိုးရိုး လက်ထပ်တံဆိပ်ခေါင်းနဲ့လည်း ရှိတယ်"

ချမ်းမြ တစ်ချက်စဉ်းစားသည်။ ရိုးရိုးသားသားလူနဲ့ လက်ထပ်မှာ ဆိုတော့ ရိုးရိုးပဲကောင်းပါတယ်။

"ရိုးရိုးပဲပေး ညီမ"

"နာမည်တွေဘာတွေ တစ်ခါတည်း လက်နှိပ်စက်နဲ့ ရိုက်သွားမလား ဟင် အစ်မ"

"အင်း...ကောင်းသားပဲ၊ အဆင်သင့် ဖြစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးဆွေ၏မှတ်ပုံတင်နံပါတ်ကို အလွတ်ရထားသဖြင့် စာချုပ်နှစ်စောင်က အလွယ်တကူ ပြီးစီးသွားသည်။

"သက်သေတွေအတွက်တော့ ချန်ထားလိုက်မယ်နော် မမ၊ အပေါ်မှာ ကူညီမယ့်လူတွေ ရှိပါတယ်"

"အေးကွာ...အဆင်ပြေသလိုသာ လုပ်ပါ"

စာချုပ်ကလေးနှစ်စောင်ကို ကိုင်ကာ ချမ်းမြစောင့်နေချိန်တွင် ကိုးနာရီနှင့်ဆယ့်ငါးမိနစ်ရှိပြီဖြစ်၏။ တရားရုံးဝန်ထမ်းများလည်း အခုမှ တဖွဲဖွဲရောက်လာကာ ဗဟိုတရားရုံးသည် တော်တော်စည်ကားစပြုလာပြီဖြစ်သည်။ ကာကတစ်စီး ရပ်တိုင်း ကြည့်လိုက်ရတာ အမော။ သို့သော် မိုးဆွေက ပါမလာသေး။ ချမ်းမြ တော်တော်ရင်ခုန်နေပြီဖြစ်ပါသည်။

မိုးဆွေ တော်တော်ရင်ခုန်နေပြီဖြစ်ပါသည်။ တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြသည့်စကားများကို သူတစ်ခုမှ နားမလည်။ ဘာတွေဖြစ်နေတာလဲဆိုတာကိုလည်း သူ မသိ။ သို့သော် ဟိုတစ်ဖက်က သူ့ကို သိနေကြ၏။

"အစကတော့ စေ့စပ်ထားဖို့လောက်ပါပဲ မောင်မိုးဆွေရယ်...နောက်ဩစတြေးလျက သူ့ဦးလေးက သိသွားပြီး လက်ထပ်ပြီးမှလာဆိုတာနဲ့ အချိန်ကို တိုးလိုက်ရတာ၊ အခုတော့ စေ့စပ်တာပဲပေါ့နော်၊ တစ်ပတ်ကြာမှ လက်ထပ်မှာ...မောင်မိုးဆွေက လက်ထပ်ပွဲကို ဘယ်မှာလုပ်ချင်တာလဲ၊ ကဲ...ကဲ...မောင်မိုးဆွေရယ်၊ ကြယ်သီးတွေဘာတွေလည်း တပ်ပါဦး"

"လက်ထပ်မှာ...လက်ထပ်မှာ တရားရုံးမှာ ခင်ဗျ"

မိုးဆွေ ယောင်ယမ်းကာ တိုက်ပုံအကျႌကြယ်သီးတွေကို တပ်ရင်းပြောသည်။

"ဩော်...မောင်မိုးဆွေရယ်၊ လက်မှတ်ထိုးတာက တစ်နေ့၊ လက်ထပ်တာက တစ်နေ့လုပ်ရမှာပေါ့၊ တရားရုံးကို သွားနေစရာ မလိုပါဘူး"

"တရားရုံးတော့ မသွားလို့ မဖြစ်ဘူးခင်ဗျ၊ တရားရုံးကို သွားရမှာ"

ထိုစဉ် နှင်းဖြူ ထွက်ကာလာ၏။ အားလုံးက ရုတ်ရုတ်သဲသဲ ဖြစ်ကာသွားသည်။ လှကြောင်း၊ ကျက်သရေရှိကြောင်းကိုလည်း ဝိုင်းချီးမွမ်းကြ၏။ ဟုတ်သည်...ထိုနေ့က ညီမလေး တော်တော်လှနေပါသည်။





"ကဲ...နှင်းဖြူရေ...မိတ်ဆက်ပေးဦး၊ အန်တီကတော့ ပြဿနာမရှိဘူးပေါ့၊ နှင်းဖြူကိုကိုက ဘာမှသိပုံမရဘူး"

"ဟုတ်ကဲ့ အန်တီ၊ ကိုကို...ဒါ...ဦးဘမင်းပါ၊ အန်တီက ဒေါ်စိုးစိုးခန့်တဲ့၊ ဟို...သူကတော့ မင်းခန့်"

"ဟုတ်ကဲ့ ကိုကို...တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် မင်းခန့်ပါ"

မိုးဆွေ ကြောင်တောင်တောင်နှင့် လက်ဆွဲနှုတ်ဆက်လိုက်ရ၏။ ရင်ထဲမှာ နားမလည်တာတွေက တော်တော်များနေပြီဖြစ်သဖြင့် ဂုန်းခနဲ ထရပ်ပစ်လိုက်သည်။

"ညီမလေး...အခု ဘာလုပ်တာလဲ...ဒါ ဘာလဲ"

"ဟာ...ကိုကို၊ ညီမလေးရဲ့စေ့စပ်ပွဲလေ၊ ကိုကို ဘယ်လိုလုပ်လိုက်တာလဲ၊ ကိုကိုလည်း သိလျက်သားနဲ့"

မိုးဆွေ တစ်ခုခု အားယူကာ ပြောရန် ပြင်ဆင်နေချိန်မှာပင် သိန်းမြင့်နှင့် ခင်ဌေးတို့ တိုက်ပုံအကျႌကိုယ်စီနှင့် ဝင်ကာ လာကြ၏။

"ဩော်...ရပ်မိရပ်ဖတွေ ထင်တယ်၊ ကြွပါခင်ဗျာ...ကြွပါ..."

အိမ်ကို ရောက်လာသော ဧည့်သည်တစ်ယောက်ကပင် ယဉ်ကျေးစွာ သိန်းမြင့်နှင့် ခင်ဌေးကို ဖိတ်ကြ၏။ ဒီကောင်တွေလည်း အံ့ဩနေပုံရသည်။

"မိုးဆွေရာ...ဒီကိစ္စကိုများ ရှက်ပြီးတော့ မပြောဘဲ နေရတယ်လို့၊ ငါတို့မှာ တိုက်ပုံအကျႌဝတ်ပြီး လာပါဆိုတော့ ဘာများလဲလို့...ဒီကောင်က ကျွန်တော်တို့ကို ကြိုပြောထားတာ မဟုတ်ဘူးခင်ဗျ"

"ဩော်...ဒါတော့ကွယ်၊ မောင်နှမနှစ်ယောက်တည်းကိုး၊ အန်တီကလည်း သဘောပေါက်ပါတယ်၊ ဒီလိုပဲပေါ့၊ ကဲ...အခုလည်း လူကြီးစုံရာ ရောက်ပြီဆိုတော့ အထမြောက်သွားပါပြီ၊ စေ့စပ်ပွဲအဖြစ် ကျွေးစရာရှိတာသာ ကျွေးပါတော့...ကဲ...နှင်းဖြူရေ"

ညီမလေး ရောက်ကာလာ၏။ ဘယ်တုန်းက ပြင်ဆင်ထားမှန်းမသိ။ လက်ဖက်ရည်တွေ၊ ကိတ်မုန့်တွေကို ညီမလေး သူငယ်ချင်း အေးနှင့်မိဖင်တို့က ချကာပေးသည်။ ဘာဆိုတာကို မိုးဆွေ သဘောပေါက်သွားပါပြီ။ မိုးဆွေ့ရင်ထဲမှာ ခံစားချက်တွေ ပေါင်းစုံကာ နေ၏။ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းခြင်း၊ ထိုခံစားမှုများထက်ပိုသော ခံစားမှုတစ်ခု ရှိပါသေးသည်။ စိတ်ပူခြင်းသာဖြစ်၏။ ထိုအချိန်တွင် ဆယ်နာရီနှင့် မိနစ်ငါးဆယ် ရှိပါပြီ။

"ကဲ…အားလုံးအဆင်ပြေကြပြီဆိုရင် ဒီက ရပ်မိရပ်ဖကြီးတွေရော၊ ဧည့်သည်တွေရောကို စေ့စပ်ပွဲ အထမြောက်တဲ့အနေနဲ့ ထမင်းစားပွဲကလေး တစ်ခု အိမ်မှာ စီစဉ်ထားပါတယ်၊ အားလုံး သုံးဆောင်ဖို့ လိုက်ခဲ့ပါရှင့်"

"ဟုတ်ကဲ့…ကျွန်တော် မလိုက်တော့ပါဘူးဗျာ၊ ကျွန်တော့်မှာ အရေးတကြီးကိစ္စ ရှိလို့ပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

မိုးဆွေစကားဆုံးတော့ ညီမလေးက မျက်စိမျက်နှာပျက်ဖြင့် သူ့အနားကို ရောက်လာကာ မိုးဆွေ၏လက်မောင်းကို ဆွဲကာကိုင်သည်။

"ကိုကိုရယ်…ဘယ်လိုပြောလိုက်တာလဲ၊ ညီမလေးရဲ့ဒီလိုပွဲမျိုးမှာ ကိုကိုမပါပဲ ညီမလေးက တစ်ယောက်တည်း သွားရမှာလား၊ ကိုကို စဉ်းစားကြည့်ပါဦး"

"မဟုတ်သေးဘူး ညီမလေး၊ ကိုကို့မှာ…ကိုကို့မှာ…အရေးအရမ်းကြီးနေလို့ပါ ညီမလေးရာ၊ ကိုကိုလေ…"

"ကိုကိုရယ်…အခုအချိန်မျိုးမှာ ညီမလေးထက် အရေးကြီးတာများ ရှိနေသေးလို့လား ကိုကိုရယ်"

ညီမလေးက မျက်ရည်ဝဲကာ လာ၏။ သူမျက်နှာပျက်နေတာ ဂဏှာမငြိမ်ဖြစ်နေတာကို လူတွေအားလုံး သိကြပါသည်။

"မိုးဆွေ…မင်း ဘာဖြစ်နေတာလဲကွာ…စိတ်ကို ထိန်းစမ်းပါ၊ အစ်ကိုကြီး အဖအရာတဲ့ကွ၊ မင်းမရှိလို့ ဘယ်ဖြစ်ပါ့မလဲ သူငယ်ချင်းရာ"

"အဟမ်း…ဒီလိုပါခင်ဗျာ၊ ကျွန်တော်တို့အိမ်မှာ စားကြသောက်ကြရင်းနဲ့ မင်္ဂလာနေ့ရက် စတာတွေကို ဆွေးနွေးကြမှာပါ၊ မောင်မိုးဆွေကို ဦးနားလည်ပါတယ်၊ ဒါပေမယ့် နှင်းဖြူရဲ့အုပ်ထိန်းသူအနေနဲ့ လိုက်ခဲ့ပါလို့ ဦးက တောင်းပန်ပါတယ်"

မိုးဆွေ ဘာမှပြောလို့မရတော့။ ပြောစရာလမ်း မရှိတော့ချေ။

၅ ၅ ၅ ၅





ဆယ့်တစ်နာရီနှင့်ဆယ့်ငါး ဖြစ်သွားပြီ။

ဗဟိုတရားရုံးအဝင်ဝမှာ ရပ်နေတာဖြစ်သဖြင့် လွဲတော့ မလွဲနိုင်ပါ။ စိတ်ပူခြင်း၊ ဒေါသဖြစ်ခြင်း၊ စိတ်လှုပ်ရှားခြင်းတို့ဖြင့် ချမ်းမြ မျက်နှာတော်တော်ပျက်နေပြီဖြစ်သည်။ ဟိုဟိုဒီဒီကြည့်တိုင်း စာချုပ်ဝယ်သည့်ဆိုင်က ကောင်မလေးနှင့် မျက်ဝန်းချင်း ဆုံသည့်အခါ ထိုကောင်မလေးက သူ့ကို အားပေးပြုံးပြုံးပြတတ်သည်။

တရားရုံးပေါ်သို့ အတက်အဆင်းလုပ်နေကြသူတွေကလည်း သူ့ကို လှည့်ကာလှည့်ကာ ငေးသွားတတ်ကြ၏။ ချမ်းမြ မျက်ရည်တွေ ဝဲကာလာသည်။ အကြိမ်ကြိမ်ပြောထား၊ ကတိစကား ထားထားပါလျက်နှင့် အခု ဘာကြောင့် မိုးဆွေ ရောက်မလာရသနည်း။ မိုးဆွေ တစ်ခုခု လွဲချော်နေတာ ဖြစ်ရမည်၊ ဒါမှမဟုတ်ရင်တော့ သူ့ကို…

ချမ်းမြ ဆက်မတွေးတော့ပဲ မိုးဆွေနှင့် ပတ်သက်၍ ဘာများ အပြစ်ကျူးလွန်ခဲ့မိသလဲဟု ပြန်ကာ စဉ်းစားရ၏။ ဘာမှမရှိခဲ့ပါ။ သာမန် ပုထုဇဉ် မိန်းကလေးတစ်ယောက် စွန့်နိုင်ခဲသော ကိုယ့်အိမ်ကိုယ့်ယာ၊ ကိုယ့်မိဘ၊ ပြီးတော့…ကိုယ့်ရဲ့အပျိုစင်ဘဝ အားလုံးကို စွန့်ခဲ့သော ချမ်းမြကို သူဒီလောက် ရက်စက်လိမ့်မည် မထင်ပါ။ ပြီးတော့ သူ့ထက် အဆပေါင်းများစွာ သာသော ယောက်ျားတစ်ယောက်ကိုပါ စွန့်ပြီးပြေးခဲ့တဲ့ မိန်းကလေးတစ်ယောက်…။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြ ခေါင်းကို ခါယမ်းပစ်လိုက်သည်၊ ဆယ့်နှစ်နာရီထိုးသည့်အထိတော့ စောင့်ပေးသင့်သည်၊

ထိုအချိန်သည် သူမ၏သည်းခံမှု နောက်ဆုံးအချိန် ဖြစ်သလို ကြောက်မက်ဖွယ်ရာကောင်းသော မာနတစ်ခုလည်း ဖြစ်ပါသည်၊

ချမ်းမြ မည်သူ့ကိုမျှ မကြည့်တော့၊ ကြည့်လျှင်လည်း မသက်သာသော မျက်လုံးနှင့် အားပေးသောအပြုံးတွေကိုသာ မြင်ရဦးမည်။ လက်ထပ်စာချုပ်ကို ကိုင်ကာ မတ်တတ်ရပ်ရင်း စောင့်နေရတဲ့မိန်းကလေးတစ်ယောက် တကယ့်ကို တရားရုံးအောက်မှာ ရှိနေခဲ့ပါသည်။ ချမ်းမြ အံကို ကြိတ်လိုက်မိသည်၊ လက်ထပ်စာချုပ်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိ၏။

......

......

မျက်ရည်ဝဲနေသော ချမ်းမြ၏မျက်ဝန်းထဲတွင် ချမ်းမြ လက်ကောက်ဝတ်မှ နာရီသေးသေးကလေးသည် ဆယ့်နှစ်နာရီ ဆိုသောဂဏန်းကို ညွှန်ပြကာနေ၏။ ချမ်းမြလက်ထဲက စက္ကူတွေ ဖွေးခနဲ လွင့်တက်ကာ သွားသည်၊ ကိုယ့်ကိစ္စနှင့်ကိုယ် သွားနေသောလူတွေက တအံ့တသြ ရပ်ကာ ငေးကြည့်ကြသည်၊ စာချုပ်ရောင်းသော ကောင်မလေးကလည်း နားမလည်နိုင်စွာ ပါးစပ်အဟောင်းသားဖြင့် ငေးကာကြည့်နေ၏၊

ပြီးပြီ...။

ချမ်းမြသည် ပထမဦးဆုံး သူ့ဘဝကို သူ စွန့်ခဲ့ခြင်းသာ ဖြစ်ပါသည်၊ သို့သော် နောက်ကို လုံးဝပြန်လှည့်မကြည့်။ သာမန် ပုထုဇဉ်တွေအတွက်တော့ အမှန်တရားဆိုသည်မှာ သည်းခံခြင်း အတိုင်းအတာ ကျော်လာလျှင် နိုင်နိုင်မာမာကြီး ပေါ်ထွက်လာတတ်သော ဆုံးဖြတ်ချက်တစ်ခုသာ ဖြစ်ပါသည်။

ချမ်းမြသည်လည်း သာမန်ပုထုဇဉ်မို့ နာစရာရှိတာကို နာတတ်ပါသည်၊ သူ မိုးဆွေကို မုန်းသည်၊ မုန်းသည်မှ အခုအချိန်တွင် နှလုံးကွဲမတတ် မုန်းသည်ဟု ပြောလျှင် ပို၍မှန်ကန်နိုင်ပါသည်၊

ကောင်းပြီ...မိုးဆွေကို မုန်းပြီးလျှင် သူဘာလုပ်မလဲ။

ဘာလုပ်ရမှန်း မသိဘဲ ဆူးလေလမ်းမကြီးတလျှောက်မှာ ချမ်းမြ





လျှောက်နေမိ၏။ နောက်ဆုံး ချမ်းမြ စိတ်ကို ဒုံးဒုံးချလိုက်ပါသည်၊ အရာရာ အရှုံးပေးပြီးသည့် လူတစ်ယောက်အတွက် ကိုယ်မနိုင်ခဲ့တာကို ထပ်ရှုံးရလျှင်လည်း မဆန်းတော့ ဆိုတာပဲ ဖြစ်သည်။

ထိုအတွေးကို ရပြီးနောက် ပထမဦးဆုံး သတိရသည်မှာ အမေနှင့် အဖေသာဖြစ်၏၊ ချမ်းမြ မျက်ရည်ဝေ့တက်လာသည်၊ အရွယ်ရောက်ပြီးသား မိန်းကလေးတစ်ယောက် ဆူးလေလမ်းမကြီးမှာ မျက်ရည်ဝဲပြီး လမ်းလျှောက်နေတာကို မည်သူကမှ သတိမထားမိကြပါ။

ထိုအချိန်တွင် တရားရုံးရှေ့သို့ ကားတစ်စီး ထိုးရပ်ကာ မိုးဆွေ ပြေးဆင်းလာခဲ့သည်၊ ဟိုဟိုဒီဒီကြည့်သည်...မတွေ့၊ ချမ်းမြ ဗိုက်ဆာလို့များ တစ်ခုခု သွားစားနေသလား၊ ဈေးဆိုင်တန်းဘက်သို့ ပြေးကာ ကြည့်တော့လည်း မတွေ့၊ မျက်ကလူးဆန်ပြာနှင့် ဟိုဒီလျှောက်ပြေးနေသော မိုးဆွေကို လူတွေက အထူးအဆန်းလို ငိုင်းငေးနေကြသည်၊

"အစ်ကို...မမတစ်ယောက်ကို လာရှာတာလား"

"ခင်ဗျာ...ဟုတ်ပါတယ်...ဟုတ်တယ်၊ ညီမ သိလို့လားဟင်၊ သူ ဘာပြောသွားလဲ"

"နာမည်က မချမ်းမြမြကြိုင် မဟုတ်လား"

"ဟာ...ဟုတ်တယ် ညီမ...ဟုတ်ပါတယ်၊ သူ ဘာမှာထားလဲဟင်၊ ဘယ်မှာ ရှိမယ်တဲ့လဲ"

"မဟုတ်ဘူး အစ်ကို၊ အဲဒီအစ်မက ကျွန်မဆီမှာ လက်ထပ်စာချုပ်ဝယ်တယ်၊ ပြီးတော့ ဟိုနားမှာ တစ်ချိန်လုံး ရပ်စောင့်တယ်၊ ခုနကမှ မျက်ရည်တွေကျ...စာချုပ်ကို ဖြဲပြီးထွက်သွားတာပဲ"

"ဗျာ...သူ ဘယ်...ဘယ်ဘက်ကို ပြေးထွက်သွားလဲဟင်"

"မပြေးဘူး အစ်ကို၊ သူ အေးအေးဆေးဆေး လျှောက်သွားတာပဲ၊ ဒီဘက်ကို..."

စကားဆုံးသည်နှင့် မိုးဆွေ ပြေးကာ ထွက်ခဲ့ပါသည်၊

ကားတွေ လူတွေနှင့် ရန်ကုန်မြို့သည် ရှုပ်ယှက်ခတ်ကာ နေ၏၊ အဝါ အပြာ၊ လိမ္မော်၊ ခရမ်း၊ အနက်၊ အနီ၊ အဖြူ၊ အစိမ်း အရောင်တွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



စုံသည်။ ချမ်းမြ ဘယ်ဘက်ကို လျှောက်ကာ ထွက်သွားသနည်း။

သို့သော် ဘာကိုမှ ဆုံးဖြတ်၍မရတော့။ ရှေ့က လူအုပ်ထဲသို့ မိုးဆွေ ပြေးဝင်ကာ ထိန်းမထားနိုင်ပြီဖြစ်သော ရင်ထဲက အသံကို ဟစ်ကာအော်လိုက်သည်။

"ချမ်းမြ…ချမ်းမြ…ချမ်းမြ"

အိမ်တံခါးဝတွင် ချမ်းမြရပ်လိုက်သောအခါ အမေသည် ချမ်းမြကို ပြေးဖက်ကာ ငိုလေသည်။ "သမီးမိုက်" "သမီးမိုက်" ဆိုတာကလွဲ၍ မေမေ သည် ဘာကိုမှ မပြောနိုင်။ ဖေဖေကတော့ သက်ပြင်းချကာ ဆေးတံကို မီးညှိ ရင်း ချမ်းမြကို တစ်ခါမှ မမြင်ဖူးသလို ငေးလေသည်။ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သော ဦးသန့်ဇင်ကို၏မျက်နှာကို တွေ့လိုက်ရသောအချိန်တွင် သူ့ ဘာစကားပြောရမလဲဆိုတာ ချမ်းမြ ကောင်းကောင်းနားလည်ပြီးသား ဖြစ်ပါ သည်။ ဦးသန့်ဇင်ကိုက အနားကို ရောက်လာရင်း…

"တော်သေးတာပေါ့ ချမ်းမြရယ်၊ အန်တီတို့က ချမ်းမြ ရေးသွားတဲ့စာ ကို တွေ့ပြီး စိတ်တွေ အရမ်းပူလို့ ကျွန်တော့်ဆီ လှမ်းဖုန်းဆက်တာ၊ ကျွန်တော် လည်း ရုတ်တရက် ဘာလုပ်ရမှန်း မသိဘူး၊ ချမ်းမြရယ်…အဲဒီလို မိဘတွေကို မနောက်ရဘူး…သိလား"

ဦးသန့်ဇင်ကိုက သူ့ကို တံခါးတစ်ချပ် ဖွင့်ပေးလိုက်မှန်း ချမ်းမြသိပါ သည်။ သို့သော် ချမ်းမြ ထိုတံခါးထဲကို မဝင်ပါ။

"ကျွန်မ နောက်ပြီး ရေးခဲ့တာ မဟုတ်ဘူး ဦးသန့်ဇင်ကို…ကျွန်မ မိုးဆွေနောက်ကို နိုးရာလိုက်ဖို့ ကြိုးစားခဲ့တာ တကယ်ပါ။ အခု သူက ချိန်းထား တဲ့နေရာကို မရောက်လို့ ကျွန်မပြန်လာခဲ့တာပါ"

"သမီး တိတ်စမ်း…အခုတိတ်၊ ဘာတွေပြောနေတာလဲ၊ သမီးပြန်လာ ပြီဆိုရင် အားလုံးပြီးပြီ၊ သမီးဘာမှမပြောနဲ့တော့"

မေမေသည် ငိုရင်း ပြေးဝင်လာကာ သူမရင်ခွင်ထဲမှာ အရုပ်ကြိုးပြတ် ပုံလဲကာ ကျသွား၏။ ချမ်းမြ မေမေ့ကို မှေးကာ ဖက်ထားရင်း ဦးသန့်ဇင်ကို၏ မျက်နှာကို ရဲဝံ့စွာ ရင်ဆိုင်လိုက်ပါသည်။

"ချမ်းမြရယ်…ပြီးတာတွေ ထားလိုက်ပါတော့ဗျာ၊ အခု ကျွန်တော်





ချမ်းမြအတွက် ဘာလုပ်ပေးရမလဲ၊ အကောင်းဆုံး ကျွန်တော် ဘာလုပ်ပေးနိုင် သလဲဆိုတာကို ပြောပါ"

"ဟုတ်တယ်…ဦးသန့်ဇင်ကို ကျွန်မအတွက် အကောင်းဆုံး လုပ်ပေး နိုင်ဖို့ တစ်ခုကို တောင်းဆိုပါရစေ၊ အဲဒါ ကျွန်မ ဦးသန့်ဇင်ကိုရဲ့ Company က ထွက်ချင်တယ်…အဲဒါပါပဲ"

ဖေဖေက တစ်ခွန်းမှ ဝင်မပြောပဲ ချမ်းမြကို ငေးကာ ကြည့်နေ၏။ ပြီးတော့ တစ်ချက်ပြုံးကာ ထိုနေရာမှ ထပြီး အခန်းထဲ ဝင်ကာသွားသည်။ ဖေဖေ့အပြုံးသည် ဘာအဓိပ္ပါယ်ဆိုတာ ချမ်းမြသိပါသည်။ ဦးသန့်ဇင်ကိုက ခေါင်းကို ခါယမ်းကာ…

"မဟုတ်သေးဘူး…ကျွန်တော် ပြောပါရစေဦး"

"ကျွန်မ နောက်ဆုံးစကားကို ပြောပြီးပြီ…ဦးသန့်ဇင်ကို၊ ကျွန်မ အဲဒီ လူနဲ့ လုံးဝမျက်နှာချင်း မဆိုင်ချင်ဘူး၊ အဲဒါ ကျွန်မရဲ့ ဆန္ဒပါပဲ"

ꩤ ꩤ ꩤ ꩤ

သိန်းမြင့်နှင့် ခင်ဌေး ငြိမ်ကာ သွားကြ၏။

ခံစားနေရတာကို ပြောပြလိုက်လျှင် ရင်ထဲ ပေါ့သွားသည်ဟု တချို့က ပြောကြသည်။ ရင်ထဲမှာ ရှိနေတာ အကုန်လုံး ဖွင့်ပြောပြီးမှ မိုးဆွေကတော့ ပို၍ လေးလံကာ ဆို့နင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုးဆွေရာ…အဲဒီကတည်းက တစ်ခါတည်း ဖွင့်ပြောလိုက်ရောပေါ့၊ မင်း ငါတို့ကို ခေါ်တာ မင်းညီမလေးအတွက် မဟုတ်ဘူး၊ မင်းအတွက်ဆိုတာ ပြောရောပေါ့၊ မင်း မသွားနိုင်ရင်တောင်မှ ငါ ပြေးပြီး သွားပြောပြထားလို့ ရတာပဲ"

"အားလုံးပြီးသွားရင်တော့ အကောင်းဆုံး ဘာလုပ်သင့်တယ်ဆိုတာ ဒီလိုပဲ သိကြရစမြဲပါကွာ၊ ဖြစ်နေတဲ့အချိန်မှာတော့ အခြေအနေအားလုံးက ငါ့ဘက်ကို တစ်ချက်မှ မျက်နှာသာမပေးတာ အမှန်ပဲ"

"အခု ချမ်းမြကေ မင်းကို ဘာပြောလဲ"

"အတွေ့မခံဘူး…Company ကိုလည်း မလာဘူး၊ သူ့သူငယ်ချင်းတွေကလည်း တစ်ယောက်မှ ငါ့ကို စကားဆုံးအောင် ပြောခွင့်မပေးကြဘူးကွာ…"

သူငယ်ချင်းနှစ်ယောက် ဘာမှ မပြောကြတော့။ မိုးဆွေလည်း အဝေးကို ငေးရီကာ နေမိသည်၊ အခုအချိန်မှာတော့ မြွေပါလည်းဆုံး သားလည်းဆုံး ဆိုတာ အမှန်ဆုံး စကားလုံး ဖြစ်ကာနေ၏။ ချစ်သူက ရှင်းပြခွင့်ကို မပေး။ ညီမလေးက သူ့ထံမှ ခွဲကာထွက်သွားသည်၊ ဒီအိမ်ကလေးမှာ မိုးဆွေတစ်ယောက်တည်း ကျန်နေခဲ့သည်၊

ထိုစဉ်မှာပင် အိမ်ရှေ့သို့ ကားတစ်စီး ထိုးရပ်သံ ကြားရ၏။ ပြီးတော့ ညီမလေးနှင့် မင်းခန့်တို့ ဆင်းလာကြ၏။ ညီမလေးက အလှဆုံး ဝတ်စားထားသည်။ ရွှေငွေ၊ အဝတ်အစား၊ သူ့ဆီမှာ နေစဉ်ကထက် လုံးဝခြားနားကာ သွားပြီဖြစ်၏။ မိုးဆွေသည် နတ်သမီးကလေးတစ်ပါးလို လှပတင့်တယ်နေသော ညီမလေးကို ပီတိနှင့် ငေးကာ ကြည့်နေမိသည်၊ သို့သော် ညီမလေး၏ မျက်နှာမှာ ပျော်ရွှင်ချမ်းမြေ့နေသည့်ပုံစံ မရှိ။ ညီမလေးက လက်ထဲမှာ ပါလာသည့်ပစ္စည်းတွေ ခုံပေါ် တင်ကာ "ကိုကို" ခေါ်ရင်း ပြေးဝင်ဖက်ကာ ငိုသည်၊ မိုးဆွေ ရုတ်တရက် ကြောင်ကာသွား၏။

"ညီမလေး…ဘာဖြစ်တာလဲ ညီမလေး၊ ဟော်…ဘာလို့ ငိုရတာတုန်း ညီမလေးရဲ့ ခက်တာပဲ…"

ညီမလေးက ဘာမှမပြော၊ မိုးဆွေပခုံးပေါ်မှာ ခေါင်းကို ခါယမ်းရင်း





အတင်းကို ငိုကာနေသည်၊ မိုးဆွေက အရင်ချော့နေကျအတိုင်းပင် ခေါင်းကလေးကို အသာပုတ်ကာပေးရင်း…

"ညီမလေး…အဲဒီလို မလုပ်ရဘူးနော်၊ ကဲ…ကဲ…ဘာဖြစ်တာလဲ၊ ကိုကို့ကို ပြော…ဟုတ်လား"

ညီမလေးက ဒါလည်း ပြောမရဘဲ သူ့ကို ဖက်တွယ်ကာ ထားရင်း ငိုတုန်းပင်ဖြစ်၏။ မင်းခန့်က စိတ်မကောင်းသည့်မျက်နှာနှင့် ပြောပြသည်။

"ဒီလိုပါ အစ်ကိုရာ…ဩစတြေးလျမှာ ရှိတဲ့ ကျွန်တော့်ဦးလေးက ကျွန်တော်နဲ့နှင်းဖြူ နှစ်ယောက်စလုံးကို လှမ်းခေါ်တယ်၊ ဟိုမှာ အနေအထိုင်၊ အလုပ်အကိုင် အဆင်ပြေတယ်တဲ့၊ မေမေတို့ကလည်း ခွင့်ပြုပါတယ်၊ ကျွန်တော်လည်း အားလုံးစီစဉ်ပြီးနေပြီ၊ ဒါပေမယ့်…မနှင်းဖြူက မလိုက်ဘူးတဲ့"

"ဟာ…ဘာဖြစ်လို့တုန်း ညီမလေးရဲ့ ဒါ…လိုက်သင့်တဲ့ကိစ္စပဲ၊ ဘာဖြစ်လို့ ညီမလေးက မလိုက်တာလဲ"

"အင့်ဟင်း…မလိုက်ဘူး၊ ကိုကိုနဲ့ မခွဲနိုင်ဘူး…ညီမလေး လုံးဝမလိုက်ဘူး"

စကားဆုံးတော့ မိုးဆွေ အားရပါးရ ထကာ ရယ်သည်။ အားလုံး ကြောင်ငေးကာ မိုးဆွေကို ကြည့်နေမိ၏။ ညီမလေးပင် ရင်ခွင်ထဲက လန့်ဖျပ်ပြီး ထွက်ကာ မိုးဆွေကို ကြည့်သည်။ မိုးဆွေ တဟားဟားနှင့် အားရပါးရ ရယ်ပြီးမှ လန့်ဖျပ်ကြောင်ငေးကာ ကြည့်နေသော ညီမလေးနဖူးကို အသာထုရင်း…

"ချွေးမလေး…တုံးလေး၊ ဘာမခွဲနိုင်တာလဲ၊ ယောကျ်ားတောင်ယူပြီးနေမှ၊ ဒါ လိုက်သင့်တယ်၊ သျှောင်နောက် ဆံထုံးပါတဲ့၊ ဒီမှာကြည့်စမ်း ညီမလေး…ကိုကို ဘယ်လိုမှ မပို့နိုင်တဲ့နေရာကို ညီမလေး သွားရမှာ၊ ညီမလေးအတွက် ကိုကို ဝမ်းသာပါတယ်၊ လိုက်သွားရမယ် ညီမလေး"

"ကျွန်တော်တို့လည်း အပြီးသွားမှာ မဟုတ်ပါဘူး အစ်ကိုရယ်၊ ပထမတော့ ကျွန်တော်တစ်ယောက်တည်း သွားဖို့ပါ၊ ဒါပေမယ့် သူ့ကိုလည်း ခွဲမထားခဲ့ချင်ဘူး၊ ဦးလေးကလည်း အဆင်ပြေတယ်…လာခဲ့ဆိုတာနဲ့"

"ဒါပေါ့…မှန်တယ်၊ လိုက်သွားသင့်တယ် ညီမလေး၊ တို့မောင်နှမတွေ ဘယ်လောက် လူ့လောကမှာ အနှိမ်ခံခဲ့ရသလဲ၊ ဒုက္ခရောက်ခဲ့သလဲ၊ ငါ့ညီမ



www.burmeseclassic.com

www.burmeseclassic.com



လေးက နိုင်ငံခြားမှာကွ…ဆိုတဲ့ စကားတစ်ခွန်းတော့ ကိုကို့ကို ပြောခွင့်ပေးစမ်းပါကွာ…ဟုတ်ပြီလား၊ ကဲ…ကိုကို့စကားကို ညီမလေး နားထောင်မယ် ဟုတ်လား"

"ဟုတ်ကဲ့ပါ ကိုကို…ညီမလေး နားထောင်ပါ့မယ်၊ ကိုကို့ကို ညီမလေး ကန်တော့ပါရစေ…နော်"

မင်းခန့်နှင့် နှင်းဖြူတို့ ထိုင်ကာ ကန်တော့ကြသည်၊ ဒီတော့မှ မိုးဆွေ မျက်ရည် ဝဲခနဲ တစ်ချက်တက်ကာလာ၏၊ သို့သော် နှုတ်ခမ်းတွေကတော့ ကျေနပ်စွာ ပြုံးနေပါသည်။

၅ ၅ ၅ ၅

ချမ်းမြသည် သက်စုနှင့် ဖြူလေးကိုပင် မစောင့်တော့ပဲ အခန်းထဲက ထွက်ပြီးကတည်းက အိမ်တန်းပြန်ဖို့ ဆုံးဖြတ်လိုက်သည်၊ အမှန်ဆိုလျှင် သူ Company မှ ထွက်သောကိစ္စသည် ဦးသန့်ဇင်ကိုတစ်ယောက်တည်းနှင့် ပြီးရမည့်ကိစ္စဖြစ်ပါသည်။ သို့သော်…ဒေါ်မွေးမွေးနှင့် ဦးကျော်မျိုးဝင်းတို့က သူကိုယ်တိုင် တရားဝင် လက်မှတ်ထိုးကာ စာရင်းဇယားအတိအကျ လွှဲရမည်ဟု ရစ်လာသဖြင့် ချမ်းမြ မလာချင်သောနေရာကို နောက်ဆုံးအခေါက် ရောက်လာရခြင်းဖြစ်၏။





Company သည် သူရှိတုန်းကလိုပဲ ဝန်ထမ်းတွေ တဖွဲဖွဲ ရောက်လာကာနေ၏၊ သူ့ကို ကြည့်သော စူးစမ်းသည့်အကြည့်တွေကို သူမမြင်ချင်၊ တိတ်တဆိတ် ခပ်ယဲ့ယဲ့ ပြုံးပြကြသော အပြုံးတွေကိုလည်း ပြန်မပြုံးပြချင်၊ ပြီးတော့…မိုးဆွေ၊ ဒီလူနှင့် သူလုံးဝ မဆုံချင်ပါ၊ Company ရှေ့တံခါးကို တွန်းဖွင့်ပြီး လှေကားထစ်တွေကို ဆင်းသည့်အချိန်ကျမှ နောက်က ခေါ်သံကို ကြားရသည်။

"ချမ်းမြ…ခဏလေး…ခဏ…"

မိုးဆွေက လှေကားထစ်တွေကို အလောတကြီး ပြေးဆင်းရင်း သူ့ရှေ့မှ ပိတ်ကာရပ်၏။

"ကျွန်မ ရှင်နဲ့ စကားပြောစရာအကြောင်း ဘာမှမရှိဘူး"

"ကျွန်တော် ရှင်းပြရပါရစေဦး ချမ်းမြရယ်…အဲဒီနေ့ကလေ…ညီမလေးက…"

"ဘာ…ညီမလေးက ဟုတ်လား၊ ညီမလေး…ညီမလေး…ညီမလေး… ရှင်ပြောမှာ ဒါပဲမဟုတ်လား၊ ဒီမှာ ရှင့်အတွက် ဘဝရော၊ သိက္ခာရော၊ မာနရော၊ အရှက်ရော စွန့်လာတဲ့ မိန်းမတစ်ယောက်ထက် ရှင့်ညီမလေးက ပိုအရေးကြီးနေတယ်ဆိုရင် ရှင်ဘာလို့ ကျွန်မကို ချစ်သူလုပ်နေသေးလဲ၊ မကြားချင်ဘူး၊ ရှင့်ဆီက အဲဒီ ညီမလေးက ဆိုတဲ့ ဖြေရှင်းချက်စကားကို ပိုပြီးမကြားချင်ဘူး၊ အဲဒီညီမလေးဆိုတဲ့အသံကို ကြားရတာ ကျွန်မရဲ့ဆုံးရှုံးမှု၊ စွန့်လွှတ်မှု၊ ဝမ်းနည်းမှုတွေကို ထပ်အစော်ကားခံလိုက်ရသလိုပဲ…ရှင်ထွက်သွားပါ"

ချမ်းမြ အော်ဟစ်သံကြောင့် Company က လူတွေ ထွက်ကာလာကြ၏၊ လှေကားရင်းမှာ ပြဿနာတက်နေကြသော မိုးဆွေတို့ကို ငေးကြသည်။

"ချမ်းမြရယ်…ကျွန်တော့်ကို ဖြေရှင်းခွင့်ကလေးတော့ ပေးပါ၊ အဲဒီနေ့က ညီမလေးက…"

ချမ်းမြ၏လက်တစ်ဖက် လွှင့်ခနဲ မြောက်တက်ကာ သွား၏။

အရင်တုန်းက ချစ်ခြင်းမေတ္တာအပြည့်နှင့် မိုးဆွေ၏လက်ကလေးထဲကို တိုးဝင်ခဲ့ဖူးသော ချမ်းမြ၏လက်သည် အခုတော့ မုန်းတီးခြင်းသီးစွာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မိုးဆွေပါးပေါ်သို့ ရောက်သွားခဲ့သည်။

မိုးဆွေ ဘာမှမပြောတော့ဘဲ လေကားမှ လှည့်ထွက်ကာ သွားသော ချမ်းမြကို ငေးနေမိသည်။ ဒီတစ်ခါတော့ Company ထဲက လူတွေက ပြေးထွက်လာပြီး မိုးဆွေကို မထိုးကြတော့ပါ။ အားလုံး ငေးသာ ကြည့်နေကြ၏။

သူ ချမ်းမြကို ဒီနေရာမှာပင် မပြေလည်မှုနှင့် စတင်တွေ့ရှိကာ ဒီနေရာမှာပင် မပြေလည်မှုနှင့် အဆုံးသတ်ခဲ့ရသည်။ ဘယ်လိုတိုက်ဆိုင်မှုမျိုးပါလိမ့်။ သို့သော်...ထိုနှစ်ကြိမ်စလုံးအတွက် မိုးဆွေက သူ့ဘက်က မှန်သည်ဟုပင် ထင်မြဲထင်လျက် ရှိပါသည်။

မိုးဆွေက သူ့ကို ငေးကြည့်နေသော ဝန်ထမ်းမိတ်ဆွေများကို ယဲ့ယဲ့ကလေး ပြုံးပြလိုက်လေသည်။

"ဦးလှနိုင်...ကျွန်တော် အလုပ်ထွက်မယ်ဆိုရင် ဦးလှနိုင်ဆီကိုပဲ တန်းပြီး စာတင်ရမှာလား"

"မိုးဆွေ...မင်းကလည်းကွာ...မင်းက ဘာဖြစ်လို့ အလုပ်ထပ်ထွက်ဦးမှာလဲ"

"ကျွန်တော်က စိတ်နတယ် ဦးလှနိုင်၊ သူမရှိတော့တဲ့နေရာ ကျွန်တော်က ရှိနေရတဲ့ဒုက္ခကို ကျွန်တော်မခံနိုင်လို့ပါ"

ပြီးတော့ မိုးဆွေတစ်ယောက်တည်း လျှောက်လာကာ သူနှင့်ချမ်းမြ ဆုံနေကျနေရာကလေးမှာ လာထိုင်သည်။ ပုဏ္ဏရိက်တန်းတွေက ငြိမ်သက်လျက်၊ ငှက်ကလေးတွေက အော်လျက်၊ ပန်းပွင့်ကလေးတွေက ယိမ်းနွဲ့ကာ လေပြည်ညင်းထဲမှာ မျှောလျက်နှင့်...။

နံဘေးခုံတန်းက ကွက်လပ်ကလေးသည် နွေးထွေးနေသည်ဟု မိုးဆွေ ထင်သည်။ ချစ်သူသည် အခုပင် ထိုင်ကာ ထသွားသည်ဟု မိုးဆွေထင်သည်။ ယခင်...ဒီခုံတန်းကလေးမှာ နွေးထွေးခဲ့၊ ပျော်ရွှင်ခဲ့ရသမျှသည် အခုကလေးတင်ပဲ ဖြစ်သွားသည်ဟု မိုးဆွေထင်သည်။ အိမ်ကို ပြန်ရောက်လျှင် ညီမလေး ရှိနေသေးသည်ဟူ၍ပင် မိုးဆွေထင်ချင်သည်။

အခုတော့ မိုးဆွေဆီမှာ ဘာမှမရှိတော့ပါ။

ကံတရားသည် ပထမ အဖေနှင့်အမေကို ပြန်ယူသွားပြီး သူ့ကို ညီမလေးကို ပေးထားခဲ့၏။ ပြီးတော့ သိပ်လှသော ချစ်သူတစ်ယောက်ကို ပေးခဲ့ပြန်သည်။ အခုတော့...ကံတရားသည် ညီမလေးကိုရော သူ့ချစ်သူကိုပါ ပြန်ယူသွားပြန်ပြီဖြစ်၏။ ဒီလို ပေးလိုက်ယူလိုက်နှင့်ပင် ကံတရားက သူ့ကို ကစားနေခဲ့သည်။





အခု သူ ကံတရားဆီက ပြန်ယူစရာတစ်ခုရှိပါသည်။

ထိုအရာသည်...လက်ထပ်သည့်နေ့ကျလျှင် ပေးမည်ဟု ချစ်သူကို ကတိပေးထားခဲ့သော ဆွဲပြားကလေးသာ ဖြစ်ပါသည်။ သူ မည်သည့်ကံတွင်ပဲ ရှိနေပါစေ...။ ထိုဆွဲပြားကလေးကိုတော့ ရအောင်ယူရမည်ဖြစ်သည်။

၅ ၅ ၅ ၅

မိန်းကလေးများသည် ကိုစွတစ်ခု နင့်နင့်သီးသီး ဖြစ်ပြီးသွားကြလျှင် ထိုကိစ္စကို သူတို့ခေါင်းထဲက ထုတ်ထားနိုင်ရန်အတွက် အခြေအနေသစ်တစ်ခုကို ရုတ်ချင်းပြောင်းလဲရယူတတ်ကြသည်ဟု ဇော်မြင့်က ဆိုသည်။ ထို့ကြောင့် အခုအချိန်သည် ချမ်းမြမြကြိုင်ကို လက်ထပ်ခွင့်တောင်းရန်အတွက် အကောင်းဆုံးအချိန်ဟု ဇော်မြင့်က သဝ်မှတ်ပေးသည်။

ဇော်မြင့် ပြောတာလည်း မှန်နိုင်သည်။ အခုအချိန်မှာ ချမ်းမြမြကြိုင်သည် အရင်တုန်းကလို သွက်လက်သော၊ ဖျတ်လတ်သော၊ အရာရာကို ဆတ်ဆတ်ထိမခံသော ချမ်းမြမြကြိုင် မဟုတ်တော့။ ချမ်းမြကို ကြည့်ရသော အားရ



www.burmeseclassic.com

www.burmeseclassic.com



ပါးရ မိုးရွာပြီးစ သစ်ပင်ကြီးတစ်ပင်လို လေးလေးလံလံနှင့် ငြိမ်သက်နေသည်ဟု သန့်ဇင်ကို ထင်သည်။ ဒီလိုအခြေအနေကို ချမ်းမြ ပြောင်းလဲချင်နေတယ် ဆိုတာ တကယ်ပဲလား။

သူရောက်သွားတော့ ချမ်းမြသည် တက်တင်းထိုးလျက်ရှိ၏။ ဒါသည် ပင်လျှင် လက်ရှိအခြေအနေကို ရှောင်လွှဲခြင်းတစ်မျိုးဟု သန့်ဇင်ကို တွေးလိုက်မိသည်။

"ဆွယ်တာထိုးနေတာလား ချမ်းမြ..."

"မဟုတ်ဘူး...ဖေဖေ့စားပွဲအတွက် စားပွဲခင်းပါ"

သန့်ဇင်ကို ချမ်းမြကို စိုက်ကာ ငေးနေလိုက်သည်။ ဒီကောင်မလေးကို သူဘာကြောင့် ဒီလောက်ချစ်ရတာလဲဆိုတာကို သူမစဉ်းစားတတ်။ ချစ်တာတော့ တော်တော့်ကို ချစ်ပါသည်။

"ချမ်းမြရယ်...အရင်တုန်းကလိုပဲ ပျော်ပျော်ရွှင်ရွှင် နေပါလား"

"ပြောင်းလဲချိန်တန်ရင် ပြောင်းလဲရတာ သဘာဝပဲ မဟုတ်လား ဦးသန့်ဇင်ကို"

"မဟုတ်ဘူး ချမ်းမြ၊ ချမ်းမြကသာ ပြောင်းလဲတဲ့ အခြေအနေလို့ တွေးနေတာ၊ ကျွန်တော်က ချမ်းမြအပေါ် ဘာမှမပြောင်းလဲဘူး။ အရင်တုန်းကလို တန်ဖိုးထားတုန်း၊ မြတ်နိုးတုန်းပဲ၊ ကျွန်တော့်အတွက် ဒီဖြစ်ရပ်ကြောင့် ချမ်းမြက ဘာမှ ဖြစ်မသွားဘူး၊ အဲဒါကို ယုံပါ"

ချမ်းမြက သူ့ကို တစ်ချက်မော့ကာ ကြည့်သည်။ သန့်ဇင်ကို ဘယ်လောက် စိတ်အားထက်သန်စွာ ပြောနေသည်ဆိုတာ အသံမှာ အရုပ်သိသာပေါ်လွင်နေပါသည်။

"တခါတလေ ပတ်ဝန်းကျင်က သတ်မှတ်တာနဲ့ ကိုယ်ဖြစ်နေတာက တစ်ထပ်တည်းတော့ မကျဘူးပေါ့ ဦးသန့်ဇင်ကိုရယ်...ကျွန်မကြုံလိုက်ရတဲ့ အဖြစ်အတွက် ကျွန်မ တော်တော် နောင်တရတယ်၊ ဝမ်းနည်းတယ်၊ ပြီးတော့ ရင်နာတယ်၊ ကျွန်မ သူ့ကို မုန်းတယ် ဦးသန့်ဇင်ကို"

"Company ရှေ့မှာ ဖြစ်သွားကြတာ ကျွန်တော်ကြားပြီးပါပြီ၊ အခု ကိုမိုးဆွေကလည်း အလုပ်ထွက်သွားပါတယ်၊ ကျွန်တော် တားပါသေးတယ်၊





ဒါပေမယ့် မရဘူး"

ချမ်းမြ တစ်ချက်ငေးငိုင်ကာ သွားသည်။ "သူ မရှိတဲ့နေရာမှာ ကျွန်တော်လည်း ဆက်မနေချင်တော့လို့ပါ" ဟု မိုးဆွေကိုယ်တိုင် ပြောသွားသော စကားကိုတော့ သန့်ဇင်ကို ချမ်းမြကို ပြောမပြပါ။ ဒါကို မရိုးသားဘူးဟု ထင်ချင်ရင်လည်း မတတ်နိုင်ပါ။ အတ္တဆိုတာ ကိုယ့်ဘက်က မြင်သောအရာကို ခေါ်တာ မဟုတ်လား။

"ကျွန်မ သူ့ကို မုန်းတယ် ဦးသန့်ဇင်ကို...ဒါပေမယ့် အဲဒီအမုန်းက ကျွန်မ သူ့ကို ချစ်ခဲ့တာတွေကို ဖျက်ပြီး မုန်းတဲ့အမုန်းမျိုး မဟုတ်ပါဘူး၊ ချစ်ခဲ့တာက ချစ်ခဲ့တာ သတ်သတ်ပါ၊ အမုန်းက အမုန်းသတ်သတ်ပါ၊ ဆီနဲ့ရေ မရောသလိုပဲ၊ ကျွန်မ စိတ်ထဲမှာလည်း သူ့ကို ချစ်တာနဲ့ မုန်းတာက မရောပါဘူး"

"မေ့သင့်မေ့ထိုက်တာကို မေ့လိုက်တာဟာ အကောင်းဆုံးပဲ မဟုတ်လား ချမ်းမြရယ်၊ ချမ်းမြ ဘဝတစ်ခုကို အသစ်ပြန်စကြရအောင်ပါ၊ လောကကို ကျွန်တော်တို့ ရင်ဆိုင်ကြရအောင်ပါ၊ ကျွန်တော် ချမ်းမြကို လက်ထပ်ပါရစေ"

သူ့စကားဆုံးတော့ ချမ်းမြက လေးနက်တည်ကြည်စွာ ငြိမ်သက်သွားသည်။ ပြီးတော့မှ...

"ကျွန်မရင်ထဲမှာ သူနဲ့ ပတ်သက်လို့ အချစ်ပဲဖြစ်ဖြစ် အမုန်းပဲဖြစ်ဖြစ် မရှိတော့တဲ့အချိန်ကို စောင့်ပေးပါလား ဦးသန့်ဇင်ကို"

ဒီစကားက ကြောက်ဖို့ကောင်းတယ်ဆိုတာ သန့်ဇင်ကို သိပါသည်။

"ကျွန်တော် ဘယ်လောက်အထိ စောင့်ရမှာလဲ ချမ်းမြရယ်..."

"အဲဒါတော့ ကျွန်မ မပြောတတ်ဘူး ဦးသန့်ဇင်ကို...ကျွန်မကိုယ်တိုင်လည်း ကျွန်မကိုယ်ကျွန်မ အဲဒီမေးခွန်းကို မေးနေတာပါပဲ"

"ကောင်းပြီလေ...တိတ်တိတ်ကလေး စောင့်တယ်ဆိုတာကလည်း အလုပ်တစ်ခုကို လုပ်တာပါပဲ၊ စိတ်ချပါ ချမ်းမြရယ်၊ အဲဒီအလုပ်ကို ကျွန်တော် တာဝန်ကျေအောင် လုပ်ပါ့မယ်လို့ ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

နှစ်လဆိုသောအချိန်အတွင်းမှာ မိုးဆွေ အလုပ်တော်တော်များများကို လုပ်ခဲ့ပါသည်။

သိန်းမြင့် စပ်ပေးသည့် ညဘက် ကားစပါယ်ယာလည်း လုပ်သည်။ ကားဝပ်ရှော့တစ်ခုမှာ အကူအဖြစ်လည်း လုပ်သည်၊ စည်ပင်သာယာရုံးမှာ ညဘက် သန့်ရှင်းရေး အလုပ်သမားအဖြစ်လည်း နေ့စားလုပ်သည်၊ ဘယ်အလုပ်ကိုမဆို မိုးဆွေ ပျော်ရွှင်တက်ကြွစွာ လုပ်ပါသည်၊

ညီမလေးထံမှလည်း စာတွေ မှန်မှန်လာသည်၊ ငွေနှင့် လက်ဆောင်ပစ္စည်းတွေ လာသည်၊ ဓါတ်ပုံတွေ လာသည်၊ အခုဆိုလျှင် ညီမလေးမှာ ကိုယ်ဝန်တောင် ရှိနေပြီတဲ့…၊ ညီမလေး ပို့သောငွေကို မိုးဆွေက သူ့ကိုယ်ရေးကိုယ်တာအတွက်သာ သုံးပါသည်၊ သူ အလုပ်လုပ်၍ရသောငွေကိုတော့ စုကာ





ထားရ၏၊ ကံတရားဆီက သူ ဆွဲပြားကလေးတစ်ခုပြန်ယူရဦးမည် မဟုတ်လား၊

ဖွဲလုံ့လ ရှိသူအတွက် မျှော်လင့်ထားသောနေ့ကို ဘယ်ပြက္ခဒိန်ကမှ ကွယ်ဝှက်ထားနိုင်ခြင်း မရှိပါ။ ထိုနေ့သည် မိုးဆွေထံသို့ ရောက်လာလေသည်။

မိုးဆွေ…ဆွဲပြားကလေးတစ်ပြားကို သွားကာ ဝယ်သည်၊

ရွှေဆွဲပြားလေး ထည့်ထားသော ဘူးကလေးကို မိုးဆွေ ကျစ်ကျစ်ပါအောင် ဆုပ်ကာထားမိသည်၊ ဒီတစ်ခါတော့ သူ့ဆွဲပြားကလေးကို မည်သူတစ်ဦးတစ်ယောက်ကမှ မနှောင့်ယှက်စေရ။ ဆွဲပြားကလေးကို ရပြီးတော့ ချမ်းမြကို ဆွဲကြိုးကလေး ပေးခဲ့သောနေရာကို အမှတ်ရသည်၊ ထိုအချိန်ကို ပြန်လည်တမ်းတမိသည်။ လက်ထပ်တဲ့နေ့မှာ ဆွဲပြားကလေး ပေးမည်ဟု သူ ကတိပြုကာ ယုံကြည်စွာ ပြောထားခဲ့သည် မဟုတ်လား။

ချမ်းမြ ခုံတန်းလေးမှာ တိတ်ဆိတ်စွာ တစ်ဦးတည်း ထိုင်နေပါသည်။ ငြိမ်းချမ်းစွာ ထိုင်နေခြင်း မဟုတ်သည့်တိုင် အိမ်မှာ နေရတာလောက် ပူလောင်ခြင်းလည်းမရှိ၊ သူနှင့် မိုးဆွေ ဆုံနေကျ၊ ထိုင်နေကျ၊ ဒီနေရာလေးကို ရောက်တော့ ရင်ထဲမှာ နွေးထွေးသွားလေ့ရှိပါသည်၊

ရုံးဖွင့်ရက်မို့ထင်ပါသည်၊ ဒီနေ့ ပန်းခြံထဲမှာ လူသိပ်မရှိ။ မိသားစုတွေ၊ ပြေးလွှားဆော့နေကြသော ကလေးတွေလည်း မရှိ။ ဒါပေမယ့် ပန်းပွင့်ကလေးတွေကတော့ ငြိမ်သက်စွာ ပွင့်ပေးနေကြသည်သာ ဖြစ်သည်၊

အချစ်ဆိုသောအရာသည် အတော်အံ့ဩဖို့ကောင်းသည်။ အကျိုးအကြောင်း မရှိဘဲ၊ အချက်အလက်မရှိဘဲ သူ့ရင်ထဲသို့ ဝင်ရောက်လာခဲ့သည်၊ အခု အကျိုးအကြောင်း အချက်အလက် ပြည့်ပြည့်စုံစုံ ရှိနေပါလျက်နဲ့ သူ့ရင်ကပြန်လည်မောင်းထုတ်တော့လည်း ထွက်မသွား၊ သူ့အသိစိတ်ထဲမှာ တွယ်ကပ်ကာ နေ၏၊ ဘာအကြောင်းပြချက်တစ်ခုမှ မရှိဘဲ ရှိနေခြင်းဖြစ်သည်၊ မီးအပြင်းဆုံး ပေးထားသဖြင့် နီရဲနေသော သံတုံးတစ်တုံးလိုပင် သူ့ရင်ထဲမှာ ရှိနေခဲ့သည်၊

ချမ်းမြ ဘာမှမတတ်နိုင်၊ ပူပြင်းနီရဲနေသော အခြေအနေမှ တစ်စစတိုးဖျော့အေးခဲကာသွားအောင် ထိုင်စောင့်နေရုံပဲ တတ်နိုင်ပါသည်၊ နောက်ထပ် မီးအပူထပ်မထည့်ပေးဖို့ဘဲ လိုသည်၊ ဒါမှမဟုတ်ရင်လည်း ဒီထက်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



သည့် မီးအပြင်းဆုံး တိုက်ကာ အရည်ပျော်သွားအောင် လုပ်ဖို့သာရှိ၏။ အရည်ပျော်သွား ရင်တော့ ကြိုက်သလို ပုံသွင်းလို့ရပြီ။

ဒါကြောင့် ရည်းစားချစ်သူတစ်ယောက် ကွဲပြီးသွားသော မိန်းကလေး တစ်ယောက်သည် အချစ်ကို ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ကစားတတ်သူတွေ ဖြစ်သွားတတ်ကြသည်။ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ကစားမှာပေါ့။ သူတို့ရင်ထဲမှာ အရည်ပျော်ပြီးမှ အေးခဲသွားသော အချစ်၏ပုံစံတွေ အမျိုးမျိုးရှိနေကြတာကိုး။

ချမ်းမြ စဉ်းစားရင်း သက်ပြင်းကို ချမိသည်၊ ပြီးတော့ ရင်ဘတ်က ဆွဲကြိုးကလေးကို စမ်းမိသည်၊ ဟုတ်တယ်...၊ သူ့ဆီမှာ ဒီလို အပူအပင်နှင့် ပတ်သက်သော သူ့ခံစားချက်ကို လောင်စာထပ်ထည့်ပေးနိုင်သော ပစ္စည်း အကြောင်းအရာတွေမရှိမှ ကောင်းမည်၊ ဒါမှ သူ့ရင်ထဲမှာ လောင်ကျွမ်းနေတဲ့မီးက မြန်မြန်ငြိမ်းမှာ...။

အတွေးနဲ့ စဉ်းစားရင်း ချမ်းမြ ဆွဲကြိုးကလေးကို ဖြုတ်လိုက်သည်။

ပြီးတော့...လက်ထဲ ချိန်ဆရင်း ရေပြင်ကျယ်ထဲကို လွှင့်ပစ်လိုက်ဖို့ ဆုံးဖြတ်သည်။ သို့သော်...ချမ်းမြ တွေးမရ၊ ပြောမရသော အင်အားတစ်ခုက သူ့ကိုအားအင်အပြည့်ဖြင့် ဆွဲကာ ထားသည်။ လက်ကို လွှဲလို့မရ...။ သူ့ရင်ထဲက ညှို့တောက်မိထားသော နှလုံးသားက သူ့ကို တအားဆွဲကာ ထားသည်။

ချမ်းမြ မျက်ဝန်းတွေကို မှိတ်ချပစ်လိုက်သည်။

မှိတ်လိုက်သော မျက်ဝန်းထဲမှာ ဆွဲကြိုးဝတ်ပေးတဲ့နေ့က မိုးဆွေ၏ပုံကိုပြန်မြင်သည်။ ရင်သည် လှိုက်ဆူကာ ပူတက်လာပြန်သည်၊ မဖြစ်ဘူး...၊ သူမ ဒီနေရာက အမြန်ထမှကို ဖြစ်တော့မည်။

ထိုအချိန်တွင် မိုးဆွေက ထိုပန်းခြံကလေးထဲသို့ ဝင်လာခဲ့သည်။ သူ့လက်ထဲမှာ ဆွဲပြားဗူးကလေးကို ဆုပ်ကာ ကိုင်ထား၏၊ ဆွဲပြားကလေး ဝယ်ပြီးကတည်းက သူ့ဘဝ၏ အတ္တက သူ့ကို ဒီနေရာကို တွန်းပို့ကာ နေသည်၊ သူ မငြင်းဆန်နိုင်ပါ၊ ရှန်းထွက်ခွင့်လည်း မရပါ။ သူ့ခုံတန်းကလေးမှာ ထိုင်ချင်ပါသည်။

ပန်းခြံထဲကို ဝင်လာသော မိုးဆွေသည် သူနှင့်ချမ်းမြ အတူလျှောက်ဝင်နေကျ ပုဏ္ဏရိက်တန်းကလေးထဲကို လျှောက်ကာ ဝင်လာသောအချိန်တွင်





ထိုင်ခုံကလေးမှ ပြန်ထလာသော ချမ်းမြကလည်း ပုဏ္ဏရိက်အထွက်လမ်းကလေးကို လျှောက်ဝင်လာခဲ့သည်၊

ဟိုးယခင်ကလိုပင် ချမ်းမြက ပုဏ္ဏရိက်ရွက်ကလေးတွေကို လက်ဖြင့်ပွတ်ကာ တို့ထိကာ လျှောက်လာခဲ့သည်။ ပန်းခြံထဲကို ရောက်ပြီး သူတို့ခုံတန်းကလေးကို လှမ်းတွေ့တော့ မိုးဆွေရင်ထဲ ဆို့ကာ သွား၏။

"ဩော်...ပန်းခြံကလည်း တိတ်လို့ပါလား...ငါတို့သာ ပြောင်းလဲသွားပေမယ့် ပန်းကလေးတွေကတော့ ပွင့်နေတာပဲနော်၊ ခုံတန်းကလေးရယ်...မင်းဆီကို ငါလာပါပြီ၊ အရင်တုန်းက ငါ့ချစ်သူ မလာခင် ငါနဲ့အတူစောင့်ပေးသလို အခုလည်း ငါ့ကို စောင့်ပေးဦးနော်"

စကားပြောကာ လျှောက်လာနေသော မိုးဆွေနှင့် ပုဏ္ဏရိက်ရွက်ကလေးတွေကိုလက်ကလေးဖြင့် ကစားလာသော ချမ်းမြတို့လမ်းတစ်ဘက်ဆီက လျှောက်လာနေကြသည်၊ နှစ်ဦးဆုံခါနီးတွင် မိုးဆွေက ပြောလက်စ စကားကို ရပ်ကာ သူလျှောက်လာသည့် လမ်းလေးတွင် တွေ့ရသော ရေသန့်ဗူးခွံတစ်ခုကို သူ့အကျင့်အတိုင်း ကုန်းကောက်ကာ လွှင့်ပစ်လိုက်၏။ ချမ်းမြက ပုဏ္ဏရိက် ရွက်နုကလေးတစ်ခုကို လှမ်းခူးကာ လက်သီးဆုပ်ကလေးပေါ် တင်သည်။

မိုးဆွေက ရေသန့်ဗူးကို လွှင့်ပစ်ပြီး ဆက်လျှောက်သွားသည်။ ချမ်းမြက ပုဏ္ဏရိက်ရွက်နုကလေးကို လက်သီးဆုပ်ကလေးပေါ် တင်ပြီး ဖောက်ရင်း ဆက်လျှောက်ကာသွား၏၊ ချမ်းမြ လက်ဝါးကလေးနှင့် ရိုက်ကာ ဖောက်သော ပုဏ္ဏရိက်ရွက်ကလေးက ဖောက်ခနဲ မမြည်ဘဲ ဆုတ်ပြဲကာသွားသည်၊

မိုးဆွေ ခုံတန်းကလေးမှာ ဝင်ထိုင်ကာ သူ့လက်ထဲက ဗူးကလေးကို ထုတ်ကာကြည့်သည်၊ ဒီဆွဲပြားလေးနဲ့ ချမ်းမြ လိုက်မှာ သူယုံကြည်ပါသည်၊

သို့သော်...ချမ်းမြဆီမှာက သူပေးထားသည့် ဆွဲကြိုးကလေးရော ရှိသေးရဲ့လား၊

မိုးဆွေက ဟိုးအဝေးကို မျှော်ငေးကာနေသည်။ ငြိမ်သက်နေသော ပန်းခြံကလေးထဲမှာ ပန်းပွင့်တွေကလည်း ငြိမ်သက်စွာ ပွင့်နေကြပါသည်၊ ခုံတန်းကလေး စကားပြောတတ်ရင်လည်း ကောင်းမည်၊ ဒါမှမဟုတ် ပန်းပွင့်ကလေးတွေက သတင်းပေးတတ်ရင်လည်း ကောင်းမည်၊



www.burmeseclassic.com

www.burmeseclassic.com



အခုတော့…ခုနကမှ ထိုင်သွားသူ ချစ်သူနှင့် အခုမှ ရောက်လာသော ချစ်သူတို့အကြားမှာ ဘာမှ အဆက်အသွယ်မရှိ။

လမ်းကလေးတစ်လမ်းမှာ အသွားနှင့်အပြန် သူတို့လွဲသွားကြပါသည်။

သို့သော်…ချစ်ခြင်းမေတ္တာရှိပြီး ရိုးသားသူတွေအတွက်ပြန်ဆုံနိုင်စရာ လမ်းတွေ အများကြီးရှိပါသည်။

တစ်နေ့ ချမ်းမြမြကျိုင်း၏ဆွဲကြိုးကလေးမှာ မိုးဆွေရဲ့ဆွဲပြားကလေး ရှိမနေဘူးဟု မည်သူ ပြောနိုင်မည်နည်း။



BURMESE CLASSIC .com

www.burmeseclassic.com